ဒီသတ္တုဗေဒ

(ဒုတိယတွဲ)

ooo

3

အမှတ် ၃၂

မန္တလေးမြို့

သာသနာပိုင် အရာတော်ဘုရားကြီး၏

ကုမဘဏ္ဍရဇ ဝိနယာဓိရ သာသနာပြုဂဏဝါစက,စာချစမ္မကထိက

ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်နှင့်

သာသနာတော်နေမြင့်နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပဌမပြန်စာမေးပွဲကြီး၏

ဓာတိုဝါဒီသက်သေခံရ သဒ္ဓမ္မဇဝ ပိဋကတ္တယဆေက

သုဓမ္မာ ပရိယတ္တိ ဓမ္မာစရိယ

ဟူသော ဂုဏ်ကျေးဆောင် ဘွဲ့တံဆိပ်တော်ရှင်

သာသနာတော်မြို့ "ဒီဝေါ့ကြောခရဲ" အရာတော်

ပဟာ ပဌမကျော်

"အရှင်ဇေတာဝန်"

ဦးရဲ့ဝ ဘုရားသခင်တော် မဟာပဏ္ဍိတ

ဝိသေသဂုဏ်ရှင်

သဒ္ဒါ-သင်္ဂဟ အမေး-အဖြေကျမ်း

(၁သမ-သကြီမ)

" မှုဝိုင် "

COPYRIGHT RESERVED.

- ဘာသာရေး ဆိုင်ရာ စာမူ ပုံနှိပ် ထုတ်ဝေခွင့် လက်မှတ်
  အမှတ် (၄၂၅၄)
- ထုတ်ဝေသူ – ဦးတင်အောင် (မြ-၀၇၂၆)
  တင်အောင် စာပေ ဖြန့်ချိရေး၊
  အမှတ်-၆၊ တဂေါင်းလမ်း။
  ကြည့်မြင်တိုင်။
- ရိုက်နှိပ်သူ – ဦးကြီးမောင် (မြ-၀၂၄၀)
  ခေတ်စာပုံနှိပ်လုပ်ငန်း၊
  အမှတ်-၉၁၊ ကွမ်းရွဲတန်း၊
  ကြည့်မြင်တိုင်။
- ချုပ်လုပ်သူ – မောင်မြင့်နှင့် လုပ်သားများ
  စာအုပ်ချုပ်လုပ်ငန်း၊
  အမှတ်-၁၅၉၊ ၃၄-လမ်း၊
  ရန်ကုန်မြို့။
- စာအုပ်ရေ-၃၀၀၀။ (၁၉၇၀-ခု၊အောက်တိုဘာလ
- ဈေး နှုန်း – တအုပ် (၂-ကျပ်)

၁၂၉၈-ခု၊ တပို့တွဲလတွင် ကျင်းပပြုလုပ်ခဲ့သော
ညောင်တုန်းမြို့-နယ်လုံးဆိုင်ရာ
သုဓမ္မာပရိယတ္တိ ပဌမပြန် စာမေးပွဲကြီးတွင်
မဟာအကျော်-စာချတန်းဌ
အောင်ပန်းဂုဏ်ထူးကို ဆွတ်ခူးရရှိတော်မူပြီးလျှင်

ညောင်တုန်းမြို့ နိုဗြောဓာရုံကျောင်းတိုက်၌
ဂဏာဝါစက စာချဆရာတော်အဖြစ် သီတင်းသုံးတော်မူသော
ကောဝိဒါဘိလင်္ကာရ သဒ္ဓမ္မဇေ ပိဋကတ္တယဆေက
သုဓမ္မာပရိယတ္တိ ဓမ္မာစရိယဟူသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်ရ

သင်္ဂဟဆိုင်ရာ မာတိကာ

★

ဒုံးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ပါဠိပဏာမ	၃
၃။	ဝဏ္ဏနိဿိတ မြန်မာဂါထာ	၄
၄။	စိတ်ပိုင်း အမေး-အဖြေ ၁၉-ပုဒ်	၅
၅။	စေတသိက်ပိုင်း အမေး-အဖြေ ၂၂-ပုဒ်	၁၁
၆။	ပကိဏ္ဏပိုင်း အမေး-အဖြေ ၃၈-ပုဒ်	၂၁
၇။	ဝိထိပိုင်း အမေးအဖြေ ၁၉-ပုဒ်	၃၅
၈။	ဝိထိမုတ္တသင်္ဂဟပိုင်း အမေး-အဖြေ ၅၇-ပုဒ်	၅၆
၉။	ရူပ်ပိုင်း အမေး-အဖြေ ၆၉-ပုဒ်	၇၄
၁၀။	သမ္ပဋ္ဌာန်းပိုင်း အမေး-အဖြေ ၃၂-ပုဒ်	၉၉
၁၁။	ပစ္စည်းပိုင်း အမေး-အဖြေ ၃၁-ပုဒ်	၁၁၁
၁၂။	ကမ္မဋ္ဌာန်းပိုင်း အမေး-အဖြေ ၄၂-ပုဒ်	၁၂၁
၁၃။	ဘုတောင်းဂါထာ	၁၃၉
	သဒ္ဒါဘက်ဆိုင်ရာ မာတိကာ	
၁။	သန္ဓိ အမေး-အဖြေ ၂၄-ပုဒ်	၁၄၃
၂။	နာမ် အမေး-အဖြေ ၃၀-ပုဒ်	၁၅၁
၃။	ကာရက အမေး-အဖြေ ၄၁-ပုဒ်	၁၆၀
၄။	သမာသ် အမေး-အဖြေ ၂၆-ပုဒ်	၁၇၂
၅။	တဒ္ဓိတ် အမေး-အဖြေ ၁၈-ပုဒ်	၁၈၂
၆။	အာချာတ် အမေး-အဖြေ ၂၂-ပုဒ်	၁၈၈
၇။	ကိတ်နှဲ့ဥကာရ် အမေး-အဖြေ ၃၈-ပုဒ်	၁၉၇
၈။	ဘုတောင်းဂါထာ	၂၁၂
၉။	တောင်းပန်စာ	၂၁၂

ဗုဒ္ဓသာသနာ - စီရုံတိဋ္ဌတ

၁–ပါရာဇိကဏ် အဋ္ဌကထာ။

၂–သုတ်သီလက္ခန် အဋ္ဌကထာ။

၃–အဋ္ဌသာလိနီ အဋ္ဌကထာ။

ကျမ်းကြီးသုံးကျမ်းကို အောင်မြင်တော်မူသဖြင့်
သုဓမ္မာပရိယတ္တိ ပဋ္ဌမပြုန် စာမေးပွဲကြီးမှ
ချီးမြှင့်တော်မူသော်တံဆိပ်မတော်။

●

ဝိသဇ္ဇနာဝဝရဇိန်ကျမ်းအတွက်

အမြင်ကြီးပေးပို့တော်မူကြသော

ဆရာတော် ဘုရား များ၏

ထင်မြင်ချက် – ထုတိမင်္ဂလာ

စကားတော်များကို

အနည်းငယ် ဘော်ပြလိုက်ရပါကြောင်း။

(၈) ဝိသဇ္ဇနာ-ဝရဇိန်ထောက်ခံချက်

မေတ္တာစကား ပြန်ကြား သိစေအပ်သည် မဟာအကျော်မမ္မကထိက ဂဏဝါစက ဂုဏ်ထူးရသော ဦးကောဝိဒ—

"အဖြေဝရဇိန်စာအုပ်"ကို အာဒိအန္တ လုံးဝမကျန် အဖန်ဖန်ကြည့်ရှုလိုက်သော်၊ အသိဝက်, အမြင်ခက်၍ နက်နဲ သိမ်မွေ့သော ပုစ္ဆာနှင့် အဖြေများကို တွေ့မြင်ရသဖြင့်၊ ကျေးဇူးတင်၍ နှစ်သက်ရှင်လန်း ဝမ်းမြောက်သည့်အပြင် အမျိုးမျိုးသော စာမေးပွဲတို့၌ ဝင်နဲ့ဖြေဆိုကြသောပုဂ္ဂိုလ်တိုင်းမှာပင် စ, ဆုံး, အလယ် နှစ်သက်ဖွယ်ကောင်းသော "အဖြေ-ဝရဇိန်စာအုပ်"ကို လက်ကိုင် တအုပ်စီ ထားဘို့ သင့်လျော်၏ဟု ထင်မြင်ပေကြောင်း။ ။

ဆရာတော
မဟာဝိသုတာရုမတို့ကသစ်
ညောင်တုန်းမြို့။

★

ဝိသဇ္ဇနာဝရဇိန် ကို ကြည့်ရှုရာ၊ သဒ္ဒါသင်္ကေတပါသော ခက်ဆစ်များကို၊ ဆိုင်ရာအဖွင့် သံဝဏ္ဏနာများကို မကြည့်ရှုနိုင်သော စာသင်သားတို့ကား အလွယ်တကူ စုဆောင်းပြီးသားကို ကြည့်ရှုရာ၌ကြည့်အတွက်၊အခါန်မကုန်ဘဲ မိမိတို့အလိုရှိသောအဓိပ္ပါယ်များကို အလွယ်တကူ မှတ်ယူနိုင်လိမ့်မည်ဟုဘဘောရ၏။

ညောင်တုန်းမြို့၊
ရှေဟသ်ောတောရတိုက်၊
စံကျောင်းဆရာတော်၊
(အဂ္ဂမဟာပဏ္ဍိတ)

၁၃၀၀-ပြည့်နှစ်၊တော်သလင်းလဆန်း(၁၀)ရက်။

(၈) ဝိသဇ္ဇနာ-ဝရဇိန်ထောက်ခံချက်

ဝိသဇ္ဇနာဝရဇိန် ကို ဉာဏ်ဖြင့် ချိန်၍ အကြိမ်ကြိမ် သုံးသပ်သဖြင့် ဆုံးဖြတ်ချက်ဖြစ်ပေါ်လာသည်မှာ....

(၁) အစိအစဉ်သန့်ရှင်းခြင်း။

(၂) စာမေးပွဲဝင်အရှင်များအတွက်, လက်မလွှတ်နိုင်သော အချက်များစွာပါရှိခြင်း။

(၃) အရေးအသား ခေတ်ဆန်၍ ကြည့်ရှုသူတို့၏စိတ်ဓာတ် ကို ရစ်ပတ်ဆွဲဆောင်နိုင်ခြင်း။

(၄) မေး-ဖြေရေးဆိုင်ရာ၌ ဉာဏ်ပညာတိုးပွား စေနိုင်ခြင်း စသော အချက်အလက်တို့နှင့် ပြည့်စုံ၍၊ စာသင်သား များသာမက-စာချအရှင်များပင် ခရီးတွင်တွင်ချိုနိုင်ရန် အမှန် အသုံးပြုထိုက်သော စာအုပ် ဖြစ်ပေသည်ဟု ဆုံးဖြတ်ချက် ပေါ်ထွက်လာပါကြောင်း။

"ပဌမကျော်"
ဦးသောဘိတသာရ။
မဟာဝိသုတာရာမတိုက်သစ်။
ညောင်တုန်းမြို့။

★

မဟာပဌမကျော်-အသျှင်ကောဝိဒ စိရင် ရေးသား အပ်သော (ဝိသဇ္ဇနာဝရဇိန်)ခေါ် - သဒ္ဒါ,သင်္ဂဟ,အမေးအဖြေကျမ်းသည် ပဌမပြန်စာမေးပွဲဝင်-မဝင် ပုဂ္ဂိုလ်အများအား လွန်စွာကျေးဇူး များ၍၊ သောတုဇန ယုဝပုဂ္ဂိုလ် စာသင်ပျိုတို့၏ ပညာတည်းဟူ သော မျက်စေ၊ ပညာတည်းဟူသော အသညာဏတို့ကို ကေန ဘွဲ့ ပေးသော ကျမ်းထူး, ကျမ်းမြတ် ဖြစ်သဖြင့်၊ သောတုဇန ယုဝ ပုဂ္ဂိုလ် စာသင်ပျို ဟူသမျှတိုင်းပင်၊ တပါး-တအုပ်စီ လက်ကိုင် ဆောင် ထား သင့် သော ကြောင့် (သောတုဇန လက် ဆောင် "ဝိသဇ္ဇနာဝရဇိန်"ကျမ်းဟု) အမည်ထပ်ဆင့်၍ တပ်သင့်ကြောင်း (ဆရာတော်က) ထောက်ခံစာရေးလိုက်ပါကြောင်း။

(ပုံ) ဦးဝိစိတ္တ

တိုက်ကျောင်းဆရာတော်။

ပဌမဥက္ကဋ္ဌ-ဂဏာစရိယ-ဂဏပါမောက္ခ

သပ္ပုရိသပါမောဇ္ဇဒီပနီအာဒိကောဒသဂ်န္ဓ'ကာရက။

ကြိုပင်ကောက်မြို့။

သာ ယာ ဝ တီ ဒိ စ တြိတ်။

၂၇-၆-၃၀၀။

★

(ည) ဝိသဇ္ဇနာ-၀ရဇိန် ထောက်ခံချက်

ညောင်တုန်းမြို့၊
နိုင်ငြောခရုံဆရာတော်
မဟာအကျော်-ဦးကောဝိဒ၏-

ပေးပို့လွှဒါန်းလိုက်သော (၁) သိမ်မွေ့ခက်ခဲသော အဓိပ္ပါယ်များ ပါရှိခြင်း၊ (၂) ရေးသားပုံမှာလည်း ခေတ်မှီ၍ စာသွားစာလာကောင်းမွန်သန့်ရှင်းခြင်း၊ (၃) တိုတိုတုတ်တုတ်နှင့်လိုရင်း အဓိပ္ပါယ် ပါအောင် ရေးသား ထားခြင်း၊ (၄) လွတ်ကူစွာ ကျက်မှတ်နိုင်ရန် ခဲခက်ရှာ၍ ကဗျာလင်္ကာများ ပါရှိခြင်း စသော အချက်အလက်ကောင်းများ များစွာပါရှိခြင်းကြောင့် စာသင်သားတိုင်း ၎င်းကျမ်းကို တကိုယ်လျှင် တအုပ်ကျ ဆောင်ထားကြည့်ရှုကြပါက၊ စာမေးပွဲဟူသမျှ၌ အထက်တန်းကျကျ အောင်ပန်းရနိုင်ခြင်း၊ကျမ်းရင်းအဓိပ္ပါယ်များလည်းကွက်ကွက်ကွင်းကွင်း ဉာဏ်ဝယ်လင်းလာခြင်း စသော အကျိုးများ မုချကေန် ဖြစ်ပေါ်လာကြလိမ့်မည်ဟု ထင်မြင် သဘော ရရှိပါကြောင်း၊ ထို့ပြင်တဝ စာချအရှင်များပင် အသင့်ဆောင်ထားက လွယ်ကူစွာ ကြည့်ရှုချပို့နိုင်မည် ဖြစ်ပါကြောင်းဘုရား။

ဦးပဏ္ဍိတ-မဟာ အကျော်၊
ပဿနဝတီ တိုက် ကျောင်း၊
မဟာ ဝိ သု တာ ရာ မ တိုက် သစ်၊
ညောင်တုန်းမြို့။
၁၃၀၀-၇-၆-၅-နေ့စွဲ။

★

ဤ (ဝိသဇ္ဇနာဝရဇိန်ကျမ်း) သည် ကျဉ်းကျဉ်းနှင့် ရှင်းရှင်း ပြထားခြင်း၊ ဆောင်လွယ်, သိလွယ်, မှတ်လွယ်ခြင်း စသည်တို့ ကြောင့်၊စာသင်နှုပ်ကို ထိုထိုသောတုအခြေပြုတို့နှင့်ရှေ့ရှုဆိုက်ဆိုက် တိုက်ရိုက် တည့်တည့် လျှော်လှသည့်ပြင်၊ ပဌမပြန်ပဲ့ ဟူသမျှဌ် အောင်ပန်းကိုခဲကာ ဝင်နဲ့ကြသော ခပ်သိမ်းသူတို့ပင် ပုစ္ဆာမြင်သော် အာဘော် မိလျက် သွက်လက် ဖျပ်လပ် ဝိသဇ္ဇနာဉာဏ် ပါးနပ်လိမ္မာခြင်းလည်း ဖြစ်နိုင်ပေကြောင်း။

ဦးပဏ္ဍိစ္စ၊
ဂဏာဝ ါစက,စာချဆရာတော်၊
ချမ်းသာကြီးတိုက်၊
ရေဦးမြို့။

(၄) ဝိသဇ္ဇနာ-ဝရဇိန်ထောက်ခံချက်

ဆရာတော် ပြန်ကြား အမိန့်ရှိလိုက်ပေသည် ကျမ်းပြုဆရာ-ဦးကောဝိဒ—

ဤ ဝိသဇ္ဇနာ ဝရဇိန်ကျမ်းသည် ခက်ခဲ နက်နဲသောအဓိပ္ပါယ်တို့ကို ရှင်းလင်းစွာ အမေး-အဖြေပြုလုပ်ထားသဖြင့် စာမေးပွဲဝင်စာသင်သား တို့နှင့် အထူး သင့်လျော် ၏ ဟု ဆရာတော် ထင်ပေသည်။

သုဓမ္မာပရိယတ္တိ-ပဌမပြန်စာမေးပွဲကြီး၏
နာယကဆရာတော်
ပပါးတိုက်
ညောင်တုန်းမြို့။

နိဒါန်း

ဗုဒ္ဓ သာသနာ စိုရံ တိဋ္ဌတု။

ကေဒါယာတိ - မဂ္ဂေန - ကုမ္မဂ္ဂေနာပိ ကေဒါ ဟူသော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာနှင့်အညီ၊ မြန်မာနိုင်ငံတော် အတွင်း သီတင်းသုံးလျက်ရှိကြကုန်သော စာသင်သားအပေါင်း တို့မှာ နှစ်စဉ်ကျင်းပလျက်ရှိသော အစိုးရစာမေးပွဲ၊ အရာမက, မျှားပြားလှသော အမျိုးသား စာမေးပွဲ တည်းဟူသော မြေပြင် ခရီးမှာ၊ ခြေလျင်ကြီး ကြွလျက်ရှိကြရာ၊ တရုံတခါ နှိုက်ကား သာယာပျံ့ပျံ့ သော လမ်းကောင်းသဘွယ် လွယ်ကူသောပုဏ္ဏာနှင့် တွေ့ခြင်း ကြောင့်၊ ကလောင် ထက်မြက် ဉာဏ်သွား ထက်၍၊ လက်သွက်ခါ ခရီးပေါက်ကြခြား သော်လည်း တရုံတခါ ဌာ်မှုကား၊ ကုမ္မဂ္ဂဟုဆိုအပ်သော လမ်းဆိုး, လမ်းကြမ်းမှာ တခဲနက် ခက်မာ သော ကျောက်တောင်ကြီးဘို့ ပိတ်ဆီး ကာကွယ်လျက် ရှိနေခဲ့ သော် ရှေးအခါက လွန်စွာ ထက်မြက်၍ သွက်လက် ခဲ့သော မင်းကလောင်မှာ အူးကြောင်ကြောင်ဖြစ်ခါ တစုံတရာမျှ ကာယကံ ရှိ၏ဉာဏ်အား ဥပဒေကသတ္တိဖြင့်၊ မထောက်ပံ့နိုင်သည်ဖြစ်၍၊ ကာယကံရှင်အား ကြီးစွာသောအခက်အခဲနှင့်ကြုံရာ ဝရဏီန်, လက်နက် သိုက်ကြား စက်ဟု ဆိုသည့် အတိုင်း၊ သိုက်ကြား ဖင်း၏ လက်နက် ကဲ့သို့ ထက်မြက် လှ စွာသော ဣ - ဝိသင္ဌနာ ဝရဏီန် ကျမ်းကို၊ မကြိုးပမ်း မလေ့လာမိသူဘို့မှာ ဘက်ခဲသောပုဏ္ဏာတည်း

ဟူသော ကျောက်တောင်ကြီး ပိတ်ဆီးကာကွယ်သဖြင့်၊ ဇယပုဖွ ဟူဆိုအပ်သော အောင်ပန်းကို၊ မဆုတ်လှမ်းနိုင်ဘဲ လက်မှိုင်ချခါ နေရပါလိမ့်မည်။ ထိုသို့သော အခက်အခဲနှင့် တွေ့ကြုံသောအခါ ဝရဇိန် လက်နက်နှင့် ခွဲဖျက်လိုက်ရပါမူကား ကျောက်တောင် ကျောက်တုံးတို့သည် တပြုံးပြုံးပြိုကွဲ၍ ဖရိုဖရဲဖြစ်ခါ လိုရာခရီး ပေါက်လျက် ပြီးမြောက် အောင်မြင် ကြပါစေ ဟူသော မနောပဏိဓိ နှလုံးတော်ရှိသဖြင့် ဤ–ဝိသုဒ္ဓနာ “ ဝရဇိန် ” ကျမ်းကို ကြိုးပမ်းအားထုတ်လိုက်ရပေသတည်း။

ပဏာမ

သဒေဝကဿ လောကဿ သုဒ္ဒဿံ သုနိပုဏံ ဂမ္ဘီရံ အဏုပဒ္ဓံ ဝဇိရဝုဓ သဒိသေန သဗ္ဗညုတ ညာဏေန ဘိန္ဒိတ္မာ၊ ဝိသဇ္ဇေတုံ သမတ္ထံ ဗုဒ္ဓဥ,တေနဘာသိတံ၊ အတ္တာနံ ဓာရေန္တေ စတူသု အပါယေသု စ ဝဋ္ဋဒုက္ခေသု စအပတမာနေကတ္မာ! တိဗ္ဗမသုခံ၊ဓာရေန္တိ၊ သပရိယတ္တိ ဒသဝိဓံ ဝမ္မဥ, ဓမ္မာနု ဓမ္မပဋိပတ္တိယာ သုပ္ပဋိပန္နတာဒိ ဂုဏဝန္တံ ဂဏ္ဘတ္တမံ အဋ္ဌအရိယ ပုဂ္ဂလ သမူဟံ သံဃဥ, ကာယဝစီ မနောဒ္ဒါရေဟိ ဝန္ဒါမိ။ ဝန္ဒိတ္မာ စတ္တာရိကိရ အာဝုဓာနိ လောကေ သေဋ္ဌာနိ သက္ကဿ ဝဇိရာဝုဓံ, ဝေဿဝဏဿ ဂဒါဝုဓံ, ယမဿ နယနာဝုဓ,အာဋ္ဌာဝဂဿ ဒုဿာဝုဓန္တိ။ ယဒိဟ သက္ကော ဒုဋ္ဌော ဝဇိရာဝုဓံ, သိနေရုမတ္ထကေ ပဟာရေယ္ယ၊ အဋ္ဌသင္ဋိ သဟဿာခ်ိက ယောဇနသတ သဟဿံ ဝိနိဝိဇ္ဈိတ္မာ ဟေဋ္ဌတော ဂစ္ဆေယ္ယာတိ သံယုတ္တ ဋ္ဌကထာယံ ဝုတ္တတ္တာ သက္ကာဝုဓသဒိသံ ဣမံ *ဝိသဇ္ဇနာ ဝဇိရဂန္ဌံ* မြမ္မရဋ္ဌန္တရေ သောတုနမတ္ထာယ သုဒ္ဒဿသုနိပုဏ ဂမ္ဘီရပဋ္ဌာ သခ်ိတံ ဃနံ မဟာသေလပဗ္ဗတံ ပဒါလနတ္ထာယ သုနိဗ္ဗရံ ပဝက္ခာမိ။ တံ ဂန္ထံ ပယိတာ ဘိက္ခုသာမဏေရာ ဇယပုဗ္ဗံ ပိဋ္ဌန္တိ။ ။

နိဗ္ဗြောဓာရုမ ဝိဟာရ
မဟာအကျော် ဘဒ္ဒန္တ ကောဝိဒ
ညောင်တုန်း နဂရ။

၁၃၀၀-ပြည့်နှစ်၊ ကဆုန်လဆုတ် (၆)ရက်။

ဝရဇိန်-၏ ထုတိမင်္ဂလာ

ဂါထာများ

★

★ သိကြားမင်းစက်-လက်နက်ကိုချိန်၊
ဇရပ်,တန်ဆောင်း-ဂူ,ကျောင်းနှင့်,သိမ်။
ကျောက်တောင်တွေလဲ-ပြိုကွဲမတြိမ်၊
ထိုတူဘဲ-ဖျက်ခဲ့ ဝရဇိန်။ ။

★ တောင်းကိုမဖေါက်-ကျောက်တောင်ကိုချိန်၊
ဖရို,ဖရဲ-ပြိုကွဲတဲ့ စိန်။
ပုစ္ဆာနက်နဲ-ခက်ခဲ တွေ့ကြုံမ်၊
ခဏခြင်း-ဖြိုခွင်း ဝရဇိန်။ ။

★ အသျင်တို့အား-တိုးပွားဂုဏ်သိရ်၊
အောင်ပန်း, ဂုဏ်ထူး-ဆွတ်ခူးရှယ်ချိန်။
ကမ္ဘာတဝှမ်း-မေးခွန်း,တွေ့ကြုံမ်၊
ဖြိုကာခဲ့-လက်စဲ့, ဝရဇိန်။ ။



ဝိသဇ္ဇနာ-"ဝရဇိန်"

(ပထမတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိတ်ပိုင်း-အမေးအဖြေ

● သမ္မာသမ္ဗုဒ္ဓ-မကုသိုလ် ဟူသောပါဠိ၌၊ သမ္မာ, သဒ္ဓါ- သံ, သဒ္ဓါ။ အဘယ်ကို နှစ်စေအပ်ပါသနည်း။?

(၁) သမ္မာ, သဒ္ဓါတို့ ပစ္စေကဗုဒ္ဓါကို နှစ်စေသည်။ သံ, သဒ္ဓါတို့ သာဝကကို နှစ်စေသည်။

★

● သောမနဿ သဟဂတံ၌၊ဝေဒနာသာယှဉ်သည်မဟုတ်၊ ဿ စသည်တို့လည်း ယှဉ်သောကြောင့်၊ ဖဿသဟဂတံ ဿ ကဲ့သို့ ကောက်ယူနိုင်ကြောင့်၊ သောမနဿ သဟဂတံ ဟု ဆိုပါသနည်း။?

(၂) ဿ, စသည်တို့သည် ကုသိုလ်လည်း စိတ်ကိုအထူးပြု၍ မရှိမီးနိုင်၊ ဝေဒနာသာ စိတ်ကိုအထူးပြုခြင်းကြောင့် စွမ်းနိုင်သောကြောင့် သောမနဿသဟဂတဟု, ဟု ဆိုသည်။

★

● ဒိဋ္ဌဂတသမ္မယုတ္တံ၌၊မိစ္ဆာဒိဋ္ဌိ-သမ္မာဒိဋ္ဌိ၊ ၂-မျိုးနှင့်ဆက်ဆံသောကြောင့် သာမညဖြစ်လျက် အဘယ့်ကြောင့်၊ မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သောဟု-ဝိသေသအနက်ပေးနိုင်သနည်း။ ?

(၃) အကုသိုလ်ဟူသော သဒ္ဒန္တရ သန္နိဋ္ဌာန်အားဖြင့် မိစ္ဆာဒိဋ္ဌိဟူသောအနက်ထူးကို သိရပါသည်။

★

● ဣမာနိ-အဋ္ဌပိ-ဒ္ဝေပိတို့၌၊ ပိသဒ္ဒါ-ဘယ်အနက်ရှိသနည်း။?

(၄) ကမ္မပထအာရုံ, အဓိပတိ-စသည်တို့၏ အပြားအားဖြင့်ရင်း။ ကာလ,ဘေဒ,သဏ္ဌာန်, စသည်တို့၏ အပြားအားဖြင့်ရင်း။ မျှားသော အပြားရှိသော လောဘမူ,ဒေါသမူ,မောဟမူ,စိတ်တို့ကို ပေါင်းခြင်း သမ္မိဿနအနက် ရှိသည်။

★

● အကုသလဝိပါက်စိတ်နိုဂုံးဌ၌အဟေတုက,သဒ္ဒါကို၊ကာမာဝစရ ကုသိုလ်စိတ် နိုဂုံးဌ သဟေတုက,သဒ္ဒါကို၊ အဘယ့်ကြောင့်-မဆိုသနည်း အကြောင်းပြု၍ ဖြေပါ။ ?

(၅) အဟေတုက,သဟေတုကဟူသော ဝိသေသနပုဒ်တို့ကို သမ္ဘဝ,ဗျဘိစာရဖြစ်၍ ဆိုကျိုးရှိရာ၌သာလျှင် ဆိုရသည်။ ဤ၌ ဆိုရခြင်းအကျိုးမရှိ၍ မဆိုပါ။

အကြောင်းကား

အကုသလဝိပါက်စိတ်ဆိုလျှင် အဟိတ်စိတ်သာတည်း၊အဟိတ်လော,သဟိတ်လောဟု ယုံမှားဘွယ်မရှိ၊ ကာမာဝစရ,ကုသိုတ်စိတ်ဆိုလျှင်၊ သဟိတ်သာတည်း။ အဟိတ်လော, သဟိတ်လော ဟု ယုံမှားဘွယ်မရှိသောကြောင့်ဟူလို။

★

● ဆင်တို့သေဝပါကာနိဋ္ဌ၊ဝေသဒ္ဒါသည် အဘယ်ဌာ ယှဉ်၍ အနက်ယောဇနာသင့်သည်ကို အကြောင်းပြ၍ဖြေပါ။ ?

(၆) ဒ္ဒါဒသဝေ၊ ဝိသတိဝေ ဟု ဒ္ဒါဒသ, ဝိသတိပုဒ်တို့နှင့် ယှဉ်၍၊အနက်ယောဇနာရပါသည်။(အကြောင်းကား)အကုသိုလ်ကား ဤ(၁၂)ပါးအပြင်မရှိ။ ကြိယာလည်း ဤ(၂၀)အပြင်မရှိသောကြောင့်တည်း။ ။ကုသိုလ်,ဝ်ပါက်တို့ကား၊အကျယ်အားဖြင့်(၃၇-၅၂)ဖြစ်ကောင်းသောကြောင့် ဝေသဒ္ဒါမယှဉ်ရ။

★

● စျာန်အင်္ဂါ-စျာန်-စျာန်စိတ်၊ ၃-ပါးအထူးရေးပါ။ ?

(၇) ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ ဤစျာန်(၅)ပါးအစိတ်အစိတ်, တခုတခုကို၊ **စျာန်အင်္ဂါ** (စျာနင်)ခေါ်သည်။ ငါးခုအပေါင်းကို **စျာန်** ခေါ်သည်။ စျာန်နှင့်ယှဉ်သောစိတ်ကို **စျာန်စိတ်** ခေါ်သည်။

★

● မဂ္ဂင်-မဂ်-မဂ်စိတ်၊ ၃-ပါး အထူးကိုရေးပါ။ ?

(၈) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပစသော မဂ္ဂင်(၈)ပါး အစိတ်အစိတ်,တခုတခုကို **မဂ္ဂင်** ခေါ်သည်။ရှစ်ခုအပေါင်းကို **မဂ်** ခေါ်သည်။ မဂ်နှင့်ယှဉ်သောစိတ်ကို **မဂ်စိတ်** ခေါ်သည်။

★

● ပါဒက-သမ္မသိတ-ပုဂ္ဂလဗျာသယ၊ ၃-ပါး အထူးကို ပြောပါ။ ?

(၉) လောကီစျာန်(၉)ပါးလုံးကိုရပြီးသောသူသည် မဂ်ကို အလိုရှိ၍စီးပြန်းသောကာလ၌ မိမိရပြီးသောစျာန်ကို ဝင်စား၏။ ထိုဝင်စားသောစျာန်သည် **ပါဒကစျာန်** မည်၏။ အကြင်သို့သော

ဈာန်ကို လက္ခဏာရေးတင်၍ သုံးသတ်၏။ ထိုသို့သောဈာန်သည် သမ္မသိတဈာန် မည်၏။ ပုဂ္ဂိုလ်၏ အလိုဆန္ဒသည် ပုဂ္ဂလဗျာသယ မည်၏။

● ပဌမာဒိက မိရိတံ၌၊ အာဒီအရကိုရေး၍ "အန္ဓေတု တေဝိ သတိဝိမံ" ၌ တေဝိသတိသင်္ချာအရ ကောက်ပြပါ။ ?

(၁၀) အာဒီအရကား၊ ဒုတိယဈာန်-တတိယဈာန်-စတုတ္ထ ဈာန်တို့ကိုယူရပါသည်။ တေဝိသတိအရကား ရူပ ပဋ္ဌမဈာန်-၃၊ အရူပ ပဋ္ဌမဈာန်-၁၂၊ လောကုတ္တရာ ပဋ္ဌမ ဈာန်-၆ ပေါင်း (၂၃)ပါးတည်း။

● ပုထုဇနပုဂ္ဂိုလ်တို့၌၊ ကြိယာစိတ် ရ-မရကိုဖြေပါ။ ?

(၁၁) အာဝဇ္ဇန်းဒွေ ဟူသော အဟိတ်ကြိယာ (၂) ပါးကို ပုထုဇနများမှာရပါသည်။ [ကြိယာဇော (၁၈)ပါးကိုသာ မရ အပ်သည်။]

● ဈာနဘေဒစိတ်၊ အာလမ္မဏဘေဒစိတ်၊ မဂ္ဂဘေဒစိတ်များ ကိုဘော်ပြပါ။ ?

(၁၂) ဈာနဘေဒစိတ်ကား-ရူပစိတ် ၁၅-ပါး။
အာလမ္မဏဘေဒစိတ်ကား-အရူပစိတ် ၁၂-ပါး။
မဂ္ဂဘေဒစိတ်ကား-လောကုတ္တရာစိတ် ၈-ပါး။

● အာလမ္မဏပ္ပဘေဒေနဒ္ဒ၊ အာလမ္မဏအရကို ဘော်ပြပါ။?

(၁၃) အာလမ္ဗဏ, အရကား - ကောင်းကင် ပညတ် အာရုံ, ပဌမာရူပဝိညာဏ်အာရုံ, နတ္ထိဘော ပညတ်အာရုံ, တတိယာရူပ ဝိညာဏ်အာရုံ ဤလေးပါးဖြစ်ပါသည်။

★

● အာလမ္ဗဏပွဘေဒေန၊ အာလမ္ဗဏသင်္ဂဟေတို့၌၊ အာလမ္ဗ ဏ ၂-ခု အထူးကိုရေးပါ။ ?

(၁၄) အာလမ္ဗဏသင်္ဂဟ၌၊ အာလမ္ဗဏ, အရကား—အာရုံ (၆)ပါးလုံး။ ။အာလမ္ဗဏပွဘေဒေန၌၊ အာလမ္ဗဏ,အရကား= ဓမ္မာရုံသာဘည်း။ ။တနည်း၊ အာလမ္ဗဏသင်္ဂဟ၌၊ အာလမ္ဗဏ အရကား-ကာမမဟဂ္ဂုတ် လောကုတ်ပညတ်,အာရုံ ၄-ပါးတည်း။

အာလမ္ဗဏပွဘေဒေန၌၊ အာလမ္ဗဏ,အရကား--မဟဂ္ဂုတ်နှင့် ပညတ် ၂-ခု သာဘည်း။ (ဤကားအထူး)

★

● ဒွိဒသာကုသလာနေဝံ-ဟူသော ပဌမဂ ါထာ၊ စတုပညာ သဓာကာမေ - ဟူသော ဒုတိယ ဂ ါထာတို့ဖြင့် အဘယ်ကို ပြသနည်း။ ?

(၁၅) ပဌမဂ ါထာဖြင့် ဇာတိဘေဒနည်းကိုပြသည်။
ဒုတိယ ဂ ါထာဖြင့်-ဘူမိဘေဒနည်းကိုပြသည်။

★

● သဗ္ဗာတိ သဝိဓံပုညံ ဂ ါထာ၌-အဘယ့်ကြောင့် အကုသိုလ် နှင့် ကြီယာစိတ်တို့ကို ထပ်၍ မဆိုတော့သနည်း။ ?

(၁၆) ကုသိုလ်, ဝိပ ါက် တို့ကဲ့သို့ အကျယ်မရကောင်းသော ကြောင့် မဆိုပါ။

★

● စျာန်စိတ်ကို (၆၇)ပါးမျှသာ ရှိသည်ဟု ဆိုရမည်လော၊ ထိုထက်အလွန်ရှိသေးပါက-အကြောင်းပြု၍ ဖြေပါ။ ?

(၁၇) ဒွေပဋ္ဌာန်ဝိညာဏ်(၁၀)မှ တပါးသော စိတ် (၇၉) ပါး အကျယ် (၁၁၁)ပါးသော စိတ်သည်၊ စျာန်စိတ်ချည်း ဖြစ်ပါသည်။ အကြောင်းကား အထက်သမ္ပုစ္ဆည်းပိုင်း၌ ပဋ္ဌာန်ဝိညာဏသုစျာနဂ်ါနိ-ဟု ဒွေပဋ္ဌာန်ဝိညာဏ်သာ-စျာနင်မရှိကြောင်းကိုဆိုသည်၊ ကြွင်းသောစိတ်တို့ကို-စျာနင်ရှိသည်ဟု ဆိုသောကြောင့်တည်း။

★

● ဒေါမနဿနှင့် ပဋိဃ အထူးကို ဘော်ပြပါ။ ?

(၁၈) ဒေါမနဿ,ကား-အနိဋ္ဌာရုံခံစားခြင်းလက္ခဏာရှိသော ဝေဒနကွန္ဓာ၌-အကြုံးဝင်သော တခုသောတရားကို **ဒေါမနဿ** ခေါ်ပါသည်။

ပဋိဃ်ကား-ကြမ်းတန်းသော သဘောရှိသော သင်္ခါရကွန္ဓာ၌ အကြုံးဝင်သော တခုသောတရားကို **ပဋိဃ** ခေါ်ပါသည်။

★

● မတင့်တယ်သော အသောဘဏ စိတ်တို့တွင်၊ အဟိတ်စိတ် အမျိုးဆုံးရသောပုဂ္ဂိုလ်ကို ဘော်ပြပါ။ ?

(၁၉) ကာမဘုံက-ဘုရားနှင့်,ရဟန္တာတို့သည် အဟိတ်စိတ်ကို (၁၈)ပါးလုံးရပါသည်။

★

စေတသိုက်ပိုင်း-အမေးအဖြေ

● ကေနိရောဓ ကောလမ္ဗာ သဒ္ဒါတို့ဖြင့် နစ်စေအပ်သော အနက်ကိုဘော်ပြ၍ကေဝတ္ထုကသဒ္ဒါကို အဘယ်နည်းဖြင့် ဆိုသည်ဟုညွှန်ပြပါ။ ?

(၂၀) ၁-ကေနိရောဓ၊ သဒ္ဒါက၊ စိတ္တဇ,ကမ္မဇနစ်။
၂-ကောလမ္ဗာ၊ သဒ္ဒါရဖြင့်၊ ဒုယဝိညာဏ်၊ သတ္တရသမ၊ ရူပ်ရူပ၊ ရှစ်ဝအဝိနိဗ္ဘာနစ်။
၃-ရှေကသုံးခု၊ ပြည့်စုံမှု၊ ဝတ္ထု ၏ကန်ဖြစ်။

ကေနိရောဓ,သဒ္ဒါဖြင့် သဟဇာတ်ဖြစ်သော ကမ္မဇရူပ်,စိတ္တဇ ရူပ်တို့ကို နစ်စေသည်။ ကောလမ္ဗာ, သဒ္ဒါဖြင့် ဝိညာဏ်ဒွေနှင့် စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော,အဝိနိဗ္ဘောဂရူပ်ကို နစ်စေသည်။

ကေဝတ္ထုက,သဒ္ဒါကိုရှေလက္ခဏာသုံးပါးပြည့်စုံက ကေဝတ္ထုက လက္ခဏာ ပြည့်စုံသည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် ကေဝတ္ထုက လက္ခဏာကို အလွန်ဆိုအပ်သည်ဖြစ်၍ ဥက္ကဋ္ဌပရိစ္ဆေဒ နည်းအား ဖြင့်ဆိုသည်။

★

● အရူပဘုံ၌ ရသော သမ္ပယောဂလက္ခဏာများကို ဘော်ပြပါ။ ?

(၂၁) အရူပဘုံ၌ ကေပွါဒ၊ ကေနိရောဓ၊ ကောလမ္ဗာ ၃-ပါးကိုသာရသည်၊ ကေဝတ္ထုကကိုမရပါ။
(အကြောင်းကား-အရူပဘုံ၌ဝတ္ထုရူပ်မရှိခြင်းကြောင့်တည်း။)

★

● သာဝကရဏ အမည်ဖြင့်၊ မှည့်ခေါ်ရသော စေတသိက်စု ကို သင်္ချာနှင့်တကွ ဖော်ပြပါ။ ?

★

(၂၂) [၁] သဗ္ဗစိတ္တသာဝကရဏ ၇။
[၂] သောဘဏသာဝကရဏ ၁၉။
[၃] အကုသလသာဝကရဏ ၄။
[၄] သဗ္ဗာကုသလသာဝကရဏ ၁၄။

● စိတ္တာဝိယုတ္တာဟူသောပုဒ်ကို ဝစနတ္ထပြု၍ အရကောက်ပါ။ ?

(၂၃) စိတ္တေန သဟ အဝိယုတ္တာ-စိတ္တာဝိယုတ္တာဟုပြုရသည်၊ စေတသိက်ကိုရသည်။

★

● စိတ္တုပ္ပါဒေသုပစ္စေကံနှင့် စိတ္တုပ္ပါဒဝသေနေဝ-ဟူသော ပါဠိတို့၌၊ စိတ္တုပ္ပါဒပုဒ်တို့ကို ဝစနတ္ထ ပြု၍ အသီးသီး ကောက်ပြပါ။ ?

(၂၄) စိတ္တုပ္ပါဒေသုပစ္စေကံ၌ စိတ္တုပ္ပါဒသဒ္ဒါကို စိတ္တမေဝ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ (စိတ်ကိုရသည်။)

စိတ္တုပ္ပါဒ ဝသေနေဝ၌-စိတ္တုပ္ပါဒသဒ္ဒါကို ဥပ္ပဇ္ဇတိ စိတ္တံဧတေ နာတိဥပ္ပါဒေါ၊ စိတ္တဉ္စ ဥပ္ပါဒေါစ စိတ္တုပ္ပါဒေါ၊ (စိတ် စေတသိက်ကိုရသည်။)

★

● ပါရိသေသ နည်းဟူသည် အဘယ် နည်းမျိုးကို ခေါ်ပါသနည်း။ ?

(၂၅) ဆသင်္ဂြိုဟ်,စသောဂါထာသည် စုဏ္ဏိယ၌ မဆိုသေးသည်ကို ပေါင်းသောကြောင့် (ပါရိသေသ) နည်းခေါ်သည်။

★

● လောဘောအဌသု လောဘသဟဂတစိတ္တော်သော်၌ ဝေ, သဒ္ဒါကို၊ဘယ်အကျိုးငှါဆိုပါသနည်း။ ?

(၂၆) စုဒ္ဓသာ ကုသလေ သော်ဝ ဟူသောစကားကို ဆိုခဲ့ရာ၊ လောဘသည်လည်း အကုသိုလ် (၁၂)ပါးလုံးမှာ ယှဉ်သည်ဟူသော အဓိပ္ပါယ်ကျရောက်နေသဖြင့်၊ ထိုစကားလွန်ကို နှုတ်ခြင်း အကျိုးငှါ ဝေသဒ္ဒါကို ဆိုသည်။

★

● ဝိရတိယောပန ဟူသော ဝါကျနှင့် လောကိယသုပန ဟူသောဝါကျ(၂)ခုအထူးကို ရေးပါ။?

(၂၇) ဝိရတိယောပန—စသောဝါကျကား—နိယတ ယောဂီ၊ လောကိယသုပန စသောဝါကျကား အနိယတယောဂီ။

★

● ဝိရတိယောပန စသောဝါကျ၌၊ သဗ္ဗတာပိ၌သဗ္ဗသဒ္ဒါ၏ သကလတ္ထ, ထာ ပစ္စည်း၏ အားကာရတ္ထ မျှားကို ၎င်း၊ ကေဒတာ, ပုဒ်ဖြင့် ပြအပ်သော အနက်ကိုရင်း၊ နိယတာ, ဟူသောပုဒ်ဖြင့် နစ်စေအပ်သော အနက်ကိုရင်း၊ ဘော်ပြပါ။?

(၂၈) သဗ္ဗသဒ္ဒါ၏ သကလတ္ထကား အလုံးစုံသော ထိုဆိုဒုစရိုက်ဒုရာဇီဝကိုရသည်၊ ထာ, ပစ္စည်း၏ အားကာရတ္ထကား၊ ထိုဆိုဒုစရိုက်ဒုရာဇီဝတို့ကိုပယ်သော အခြင်းအရာကိုရသည်၊ ကေဒတာပြင့် ထိုထိုဒုစရိုက် ဒုရာဇီဝတို့ကို၊ ထိုဆိုသော မဂ်ဖြင့် အချို့ကို အလုံးစုံ၊ အချို့ကို အပါယ်သို့ ကျစေတတ်သော အခိုက်အတန့်ကို တပြိုင်တည်း(၃)ပါးသောဝိရတိတို့ ပယ်သည်၏အဖြစ်ကိုပြသည်၊ နိယတာ ပါဠိဖြင့်၊လောကိကာမာဝစရ စိတ်တို့ကဲ့သို့ တရံတခါမျှ ဝိရတိတို့၏ ဖြစ်ခြင်းကို မြစ်သည်။

★

● အပ္ပမညာယောပန-စသော ဝါကျနှင့်၊ ဥပေက္ခာ သဟဂတေသု စသော ဝါကျ(၂)ခု အထူးကိုရေးပါ။?

(၂၉) အပ္ပမညာယောပနစသော ဝါကျကား သမာနဝါဒ ကိုပြသည်။ ဥပေက္ခာသဟဂတေသု စသော ဝါကျကား ကေစိ ဝါဒ ကိုပြသည်။

★

● ဥပေက္ခာသဟဂတေသု စသော ဝါဒကို သျှင် အနုရုဒ္ဓါ ဆရာသည် အဘယ်ကြောင့် ကေစိဝါဒ, ဟု ဆိုနိုင်သနည်း။ ?

(၃၀) ဘာဝနာပွားသောကာလ၌ အပ္ပနာဝီထိ၏ ရှေးအဘို့ ဖြစ်သော ပရိကံအရာ၌-ကြိမ်ဘန်မျှားစွာ ဘာဝနာကို လေ့လာခြင်း၏အစွမ်းဖြင့် ဥပေက္ခာ စိတ်ဘို့ဖြင့်လည်း စီးဖြန်း နိုင်သောကြောင့် ထိုဝါဒကို ကေစိဝါဒ,ဟု ဆိုသည်။

★

● အနိယတယောဂိ စေတသိက်တို့၏ အနိယတယောဂိဖြစ်ပုံ အထူးကို ယှဉ်ရာစိတ်နှင့်တကွ ညွှန်ပြပါ။ ?

(၃၁) ဣဿာ .... နာနာ... ကဒါစိ .... ဒေါသမူဒ္ဓ။

မစ္ဆရိယ	॥	॥	॥
ကုက္ကုစ္စ	॥	॥	॥
သမ္မာဝါစာ	॥	॥	မဟာကုသိုလ် (၈)ခု။
သမ္မာကမ္မန္တ	॥	॥	॥
သမ္မာအာဇီဝ	॥	॥	॥
ကာရုဏာ	॥	॥	ရူပသောမနဿ, မဟာကုသိုလ်, မဟာကြီ။

မုဒိတာ	နာနာ	ကဒါစိ	ရူပသောမနုဿ,မဟာဂုဏ်ကြီး။
မာန	ကဒါစိ		ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု။
ထိန	သဟ	ကဒါစိ	သသင်္ခါရိက ၅-ခု။
မိဒ္ဓ	″	″	″

★

● သင်ဟာနည်းကို ပြဆိုရာ စိတ်ပိုင်းမှာကဲ့သို့၊ အကုသိုလ်စိတ် ကစ၍မပြဘဲ အဘယ်ကြောင့် လောဂုတ္တရာ, မဟဂ္ဂုတ်, ကာမာဝစရ,အကုသိုလ်,အဟိတ်,ဟူသော အစဉ်အားဖြင့် ပြသနည်း။ ?

(၃၂) (၁) အလွန်အလွန် မြတ်သောစိတ်။
(၂) အလွန်မြတ်သော စိတ်။
(၃) မြတ်သော စိတ်-

တို့ကိုပြလို၍ – လောဂုတ္တရာ, မဟဂ္ဂုတ်, ကာမာဝစရသောဘဏ္ဍ စိတ်တို့ကို စဉ်၍ပြ သည်။ အကုသိုလ်စိတ်ကိုကား-သဟိတ်စိတ်ချင်း တူ၍ ကာမာဝစရ သောဘဏ္ဍ နောက်၌ပြသည်။ ထို့နောင်မှ ဟာတ်မရှိသော အဟိတ်စိတ်ကို နောက်ဆုံးထား၍ပြသည်။

★

● [က] အပွမညာသော ယှဉ်၍ ဝိုရတီ မယှဉ်သော သောဘဏ္ဍစိတ်။
[ခ] ဝိရတီသော ယှဉ်၍ အပွမညာ မယှဉ်သော သောဘဏ္ဍစိတ်။
[ဂ] ၂-ပါးစုံယှဉ်သော သောဘဏ္ဍစိတ်။
[ဃ] ၂ ပါးစုံမယှဉ်သော သောဘဏ္ဍစိတ်။
တို့ကိုဘော်ပြပါ။ ?

အစဉ်အတိုင်း

(၃၃) [က] မဟာကြိုယာ ၈
မဟာဂျုတ်သောမနဿ ၁၂ } ပေါင်း ၂၀
[ခ] လောကုတ္တရာစိတ် ၈
[ဂ] မဟာကုသိုလ်စိတ် ၈
[ဃ] မဟာဝိပါက်စိတ် မဟာဂျုတ်ပဋ္ဌမစျာန် ၂၃
ပေါင်း–သောဘဏစိတ်....၅၉

(သာဓကပါဠိပါမေးလျှင် နဝိဇ္ဇနေ့တွင်ထဝါကိုထုတ်၊)

★

● ဝိသေသကစေတသိက် {၁၀}ခုတို့ကို ထုတ်ပြပါ။ ?

(၃၄) တက်,စာ,ပီ,သု-လေးခုစျာနံ၊
အပ္ပမညာဒ္ဒေ-မှတ်ရေးတတန်။
ဝိရတီသုံး-ဟလုံးဘဏံ၊
ဝိသေသ-မှတ်ကြ,ဤဆယ်တန်။ ။

★

● အဘယ်သို့ပြုသည်ကို အထူးပြုသည်ဟုဆိုသနည်း ?

(၃၅) အခ္ခါစိတ်မှားယှဉ်၍ အခ္ခါစိတ်မှာမယှဉ်သည်ကို အထူးပြုသည်ဆိုသည်။

★

● လောကုတ္တရာစိတ်မှာ အဘယ်တရား အထူး ပြုသည်ကို သာဓကပြ၍ဖြေပါ။ ?

(၃၆) တက်, စာ, ပီ, သု၊ စျာန်လေးခု၊ ထူးပြု လောကုတ်မှာ၊ (အနုတ္တရေ ဈာနဝမှာ)

★

● မဟာဂ္ဂုတ်စိတ်မှာ အဘယ်တရားအထူးပြုသည်ကို သာဓကပြ၍ဖြေပါ။ ?

(၃၇) ထိုစျာန်လေးဝ၊ ပမဉ်ဒ္ဓ၊ ပြုထမဟာဂ်မှာ။
ဘက်,စာ,ပီ,သု စျာန် ၄-ပါးနှင့် အပွမညာဒ္ဓေအထူးပြုသည်။
(အပွမညာစ မဏ္ဍိမေ)

အပွမညာစ,ဌ် စ,သဒ္ဒါဖြင့် နောက်က စျာန်၄-ပါးကို ၀င်ပါ။ ?

★

● ကာမာ၀စရသောဘဏ-ဌ် အဘယ်တရား အထူးပြုသည်ကို သာဓကပြ၍ဖြေပါ။

(၃၈) ဘဏ, ပီတိ, ဝိရတိ, ပမဉ်၊ ခုနစ်အင်၊ ပြုချင်, ကာမမှာ၊
(ဝိရတိဘဏ ပီတိစ ပရိတ္တေသု ဝိသေသကာ)

ပီတိစ,ဌ် စ,သဒ္ဒါဖြင့် နောက်ကအပွမညာဒ္ဓေကိုင်ပါ။

ဤအဖြေမျှားသည်ငါတို့ရေးသော အဘိဓမ္မာနေရောင်ကျမ်းကြီးမှာ လွန်စွာထင်ရှားလှသည်။

★

● [က] အနိယတယောဂီသ ဖြစ်၍ ဝိသေသကမပြုပ်သော စေတသိက်။

[ခ] ဝိသေသကသာဖြစ်၍ အနိယတယောဂီမဖြစ်သော စေတသိက်။

[ဂ] ၂-ပါးစုံဖြစ်သော စေတသိက်၊

[ဃ] ၂-ပါးစုံ မဖြစ်သော စေတသိက် .. တို့ကို ဘော်ပြပါ ? ။

အစဉ်အတိုင်း

(၃၉) ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,မာန,ထိန,မိဒ္ဓ .... ၆-ခု။
ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,ပညာ .... ၅-ခု။
ဝ,ရတ,အပ္ပမညာ .... ၅-ခု။
ကျန် စေတသိက် .... ၃၆-ခု။
ပေါင်း .... ၅၂-ခု။

★

● သာဓာရဏာစ,စတ္တာရော-ဂါထာကို အနက်ပေးရာ "အပ ရေ၊ ဆန္ဒ,ပီတိ,အဓိမောက္ခမ္မ တပါးကုန်သော" ဟု အနက် ရှု၍ အဘယ်ကြောင့် ဆန္ဒ,ပီတိ, အဓိမောက္ခ တို့ကို ကြည် သနည်း ? ။

(၄၀) ဆန္ဒသည်-မောဟမူဒ္ဓမှာ မယှဉ်သောကြောင့်၊ ပီတိ သည်-ဥပေက္ခာနှင့်ဒေါသမူစိတ်တို့ကို မယှဉ်သောကြောင့်။ ။ အဓိမောက္ခသည် - ဝိစိကိစ္ဆာကို မယှဉ်သောကြောင့် ကြည်ရလေ သည်။

★

● သမ္မယောဂနည်းနှင့် - သင်္ဂဟနည်း အထူးကိုရေး၍၊ သမ္မ ယောဂနည်း ၁၆-နည်းနှင့် သင်္ဂဟနည်း ၃၃-နည်းကို လည်း ရေတွက်ပြပါ ? ။

(၄၁) စေတသိက်ကို မူလထား၍ စိတ်ကို, မူလိသွင်း၍ ပြဆို အပ်သော နည်းသည် "သမ္မယောဂ" နည်း မည်သည်။

စိတ်ကိုမူလထား၍-စေတသိက်ကို မူလိသွင်း၍ ,ပြဆိုအပ်သော နည်းသည် "သင်္ဂဟ" နည်း မည်သည်။

သမ္မယောဂနည်း (၁၆)ပါး

အညသမာန-သတ္တာနယာ၊
အကုသလ-ပဉ္စမ္ပတ်ပါ။
သောဘဏက-လေးဝယ္ယပ ။
သမ္မဒယာ-နယော, ဆဲ့ခြောက်ဖြာ။ ။

သင်္ဂဟနည်း (၃၃)နည်း

လောကုတ်,မဟဂ္ဂုတ်-သရုပ် ၅-စီ၊
ကာမာဝစရ-ဒ္ဒါဒသ,တည်။
သတ္တာ - အဟေတ - လေးလီ၊
သင်္ဂဟ - နယ,ဘေတ္တံ သီ။ ။

ပကိဏ်းပိုင်း-အမေးအဖြေ

❽ ပကိဏ်းပိုင်းသင်္ဂဟ ၆-ပါးတွင်၊ စိတ္တုပ္ပါဒ်အကုန်ရေတွက်ရသော သင်္ဂဟ၊ ရေတွက်၍မရသော သင်္ဂဟမျှားကိုဘော်ပြ၍၊ မရေဘွက်ရသော သင်္ဂဟမျှား၌ မရေတွက်ရကြောင်းကိုလည်း ရေးပါ ? ။

(၄၂) စိတ္တုပ္ပါဒ် အကုန်ရေတွက်ရသော သင်္ဂဟမျှားကား- ဝေဒနာ သင်္ဂဟ, ကိစ္စသင်္ဂဟ, အာရမ္မဏသင်္ဂဟမျှား ဖြစ်သည်။

စိတ္တုပ္ပါဒ် အကုန် မရေဘွက်ရသော သင်္ဂဟမျှားကား-ဟေတု သင်္ဂဟ, ဒ္ဒါရသင်္ဂဟ, ဝတ္ထုသင်္ဂဟမျှားဖြစ်သည်။

အကြောင်းကား

ဟေတုသင်္ဂဟ, မှာ-အဟိတ်စိတ်(၁၈)ပါးကြွင်းသောကြောင့်၊ ဒ္ဒါရသင်္ဂဟ, မှာ မဟုဂ္ဂုတ်ဝိပါက်(၉)ပါး ကြွင်းသောကြောင့်၊ ဝတ္ထုသင်္ဂဟ, မှာ-အရူပဝိပါက် (၄)ပါး ကြွင်း သော ကြောင့် တည်း။

★

❾ အဘယ်ကြောင့်ဟိတ်ခေါ်သနည်း။ဟိတ် ၆-ပါး သဟိတ်စိတ်၊ အဟိတ်စိတ်တို့သည် အဘယ်အရာနှင့် ဥပမာတူသည်ဟု ရေးပါ ? ။

(၄၃) သမ္မယုတ်တရားတို့၏ ကောင်းစွာတည်ရာ၏ အဖြစ်ကို ပြီးပြတတ်သောကြောင့် "ဟိတ်"ခေါ်သည်။ ။

ဟိတ်(၆)ပါးသည်- ရေသောက်မြစ်နှင့်တူသည်၊ သဟိတ်စိတ်တို့သည် ကြီးပွားပြီးသော အမြစ်ရှိကုန်သော သစ်ပင်ကြီးမျှားနှင့်တူသည်။

အဟိတ်စိတ်တို့သည် ရေအပြင်မှာ,ပေါ်မျှောနေသော မှော်ပင်နှင့်တူသည်။

★

● အဟေတုကာဌာရသေက ဟေတုကာဒ္ဒေ-စသောဂါထာ ၌"အဌာရသ ဒ္ဒ ဒ္ဓါဝိသတိ သတ္တစတ္တာလီသ"ဟူသော သရုပ်တို့၏ သင်္ချေယျများကို ဘော်ပြပါ။

(၄၄) အဟိတ်စိတ္တ-ဌာရသသာ၊ (အဌာရသ)
မေ:ဟမူဒ္ဒေး-မှတ်ရေးတဖြာ။ (ဒ္ဒ)
ဝိပွယုတ်, ဆဲ့နှစ်-လေဘုရစ်ဒေါ ဒ္ဓါ၊ (ဒ္ဓါဝိသတိ)
ဉာဏ်သံထွက်မဟာ၏,လောကုတ်သာ။ (သတ္တစတ္တာလီသ)
(ဉာဏ်သံ-ဟူသည် ဉာဏသမ္ပယုတ် ၁၂-ပါးဟူလို။)

★

● အာဝဇ္ဇန်းဖြစ်လျက် ဇောအရာတည်သောစိတ်, ဇောဖြစ်လျက် အာဝဇ္ဇန်းအရာတည်သော စိတ်တို့ကား အဘယ်နည်း ? ။

(၄၅) အာဝဇ္ဇန်းဖြစ်လျက် ဇောအရာတည်သော စိတ်ကား-မနောဒ္ဓါရာဝဇ္ဇန်းတည်း။ (ဇဝနဌာနေ ဌတ္ဌာ) အဌကထာ။

ဇောဖြစ်လျက် အာဝဇ္ဇန်းအရာ၌ တည်သော စိတ်ကား-"ဂေါတြဘူ" စိတ်တည်း။ (အာဝဇ္ဇနဌာနေ ဌတ္ဌာ)အဌကထာ။

★

● စက္ခုဒ္ဓါရနှင့်-စက္ခုဝတ္ထု ၂-ခုတို့သည် တူသလော၊ ထူးသလော အကြောင်းပြ၍ ဖြေပါ။ ? ။

(၄၆) တူပုံမှာ တရားကိုယ် စက္ခုပသာဒချည်းပင် ဖြစ်၍ တူပါသည်။ မတူပုံမှာ-စက္ခုဒ္ဓါရိကစိတ် (၄၆)ပါး တို့၏ ဖြစ်

ကြောင်းဖြစ်သောကြောင့် "စက္ခုဒ္ဒါရ" မည်သည်၊ စက္ခုဝိညာဏ် ဒွေ၏သာလျှင် မှီရာ၏အဖြစ်ကို ပြီးစေသည်ကား "စက္ခုဝတ္ထု" မည်သည် ဤသို့ထူးပါသည်။

★

● တတ္ထစက္ခုမေဝ စက္ခုဒ္ဒါရံ၌ "ဧဝ"သဒ္ဒါဖြင့် အဘယ်ကို ကန့်သည်ဟု အကြောင်းနှင့်တကွဘော်ပြပါ ? ။

(၄၇) ပသာဒစက္ခုမေဝ, ဟု - ဋီကာဘက်မှ ခြင်းကြောင့် "ဧဝ" သဒ္ဒါဖြင့် "သမ္ဘာရစက္ခုကို ကန့်သည်။" (အကြောင်းကား) သမ္ဘာရစက္ခု၏ စက္ခုဒ္ဒါရဝိထိစိတ်တို့၏ ဖြစ်ကြောင်း မဟုတ်သော ကြောင့်တည်း။

★

● မနောဒ္ဒါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ၌၊ ဘဝင်အရ ကောက် ပြပါ ? ။

(၄၈) အနန္တရာဒိ-ပစ္စည်းတပ်သော ဘဝင်ုပစ္ဆေဒ ၁၉-ခုကို ယူရပါသည်။ (ဎင်းကို-မနောဒ္ဒါရခေါ်သည်ဟု ဆိုလိုသည်။)

★

● အနန္တရာဒိ-ပစ္စည်း၌၊ အာဒိအရ ပစ္စည်းမျှားကို ဘော်ပြ ပါ ? ။

(၄၉) အနန္တရ,သမနန္တရ,အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ ဤ ၅-ပစ္စည်းကို ယူရပါသည်။

★

● တတ္ထပဋ္ဌာနဒ္ဒါရာဝဇ္ဇန — ဆစ္ဆာလီသစိတ္တာနိ စက္ခုဒ္ဒါရေ (ယဿာရဟံ) ဥပ္ပဇ္ဇန္တိ၌ "ယထာရဟံ"ပါဌ်၏ အဓိပ္ပါယ်ကို ကျနစ္စာ ဘော်ပြပါ။

(၅၀) ပဋ္ဌာန်ညာဏ်, သမ္မာဒိဋ္ဌိစိုင်း, သန္ဓိရဏ, တဒါရုံ-ဟူသော ဝိပါက်စိတ်တို့မှာ၊ဣဋ္ဌ-အနိဋ္ဌ-အတိဣဋ္ဌ ဟူသောအာရုံအားလျော်စွာ ဖြစ်ကြသည်။ကာမဇော (၂၉) ပါးမှာ ယောနိသော မနသိကာရ - အယောနိသော မနသိကာရ - နိရာနုသယ သဏ္ဌာန်အားလျော်စွာ ဖြစ်ကြသည်။ အလုံးစုံတပြိုင်တည်း (၄၆) ပါးလုံးဖြစ်သည် မဟုတ်ဟု ဆိုလိုသည် (ဤကား-ယထ ရဟံ, အဓိပ္ပါယ်တည်း။)

★

● (၅) တေသုပန ပဋ္ဌာဏာနိစေဝ-ယထာရဟ မေက-ဒ္ဒါရိက ဒ္ဒါ"ယထာရဟံ"ပါ၌၏ အဓိပ္ပါယ်ကို ရှင်းလင်းပါ ? ။

(၅၁) ပဋ္ဌာန်ညာဏ် (၁၀) တို့သည် အသီးသီး မိမိတို့တဒ္ဒါရုမှာဖြစ်သည်။အပ္ပနာဇော ဆဋ္ဌိသသည် မနောဒ္ဒါရ တဒ္ဒါရမှာသာ ဖြစ်သည်။ ၃ ၆-ခုလုံး တဒ္ဒါရတည်းမှာစု၍ ဖြစ်သည်မဟုတ်၊အသီးအသီးကိုယ်ဒ္ဒါရမှာ ဖြစ်ကြသည်ဟု ဆိုလိုသည်၊ ဤကား(ယထာရဟံ)အဓိပ္ပါယ်။

★

● (၅၂) ဥပေက္ခာသဟဂတ သန္ဓိရဏမဟာဝိပါကာနိဆဒ္ဒါရိကာနိ စေဝ ဒ္ဒါရဝိမုတ္တာနိစ-ဒ္ဒ အဘယ်အခါ ဆဒ္ဒါရိက ဖြစ်၍ အဘယ်အခါ ဒ္ဒါရဝိမုတ္တဖြစ်သနည်း၊ဆဒ္ဒါရိက ဖြစ်သော အခါ ၎င်းတို့၏ကိစ္စကိုလည်း ညွှန်ပြပါ။ ?

(၅၂) ပဋိသန္ဓေ ဘဝင်စုတိ ကိစ္စတပ်သောအခါ ဒ္ဒါရဝိမုတ္တ ဖြစ်၍၊ မတပ်သောအခါ ဆဒ္ဒါရိကဖြစ်ပါသည်။

ဆဒ္ဒါရိက,ဖြစ်သောအခါ ၎င်းတို့၏ကိစ္စကား ဥပေက္ခာ-သန္ဓိ**ရဏ ၅-ခုကား** သန္ဓိရဏကိစ္စ-တဒါရုံကိစ္စနှင့် ဖြစ်သည်။ **မဟာ ဝိပါက်ရှစ်ခုကား** တဒါရုံကိစ္စတခုနှင့်သာဖြစ်သည်။

● မဟာဂုတဝိပါကာနိ-ဒုဒါရုဝိမုတ္တာနေဝါတိ၌ "ဧဝ"သဒ္ဒါ ဖြင့် အဘယ်ကိုကန့်သည်ကို အကြောင်းနှင့် တကွဘော်ပြ ပါ။ ?

(၅၃) ဆဒ္ဒါရိုကကို ကန့်သည်၊ (အကြောင်းကား၊)

မဟာဂုတ်ဝိပါက်တို့သည် ပဋိသန္ဓေ,ဘဝင်,စုတိ ၃-ကိုစွမ္ဘာပါး ဒေသာကိစ္စ မတပ်နိုင်၍၊အခြင်းခပ်သိမ်း ဒုဒါရမှလွတ်သောကြောင့် တည်း။

★

● ဆတ္တိံသတိ, တထာတီဏိ စဒေသ ဂါထာ၌ ဆတ္တိံသတိ, တီဏိ, ဧကတိံသ,ဒသဓာ,နဝမာ ဟူသော သင်္ချာတို့၏ သင်္ခေါ်ယူကို ထုတ်ပြပါ။?

(၅၄) ပဋ္ဌဝိဉ်ဆယ်ရပ်-ဇော,အပ္ပနာ၊ (ဆတ္တိံသတိ)
မနောဓာတ်သုံးခု-မှတ်ရှုတဖြာ။ (တီဏိ)
သော,တီ,ဝုဋ္ဌာ-ကာမဇောသဗ္ဗာ၊ (ဧကတိံသ)
သန္တီနှစ်-ဝိရှစ် ဒသဓာ။ (ဒသဓာ)
ဟေဂ်ဝိ-မှတ်ဘီ နဝဓာ။ (နဝဓာ)

★

● အာရမ္မဏသင်္ဂဟဟူ၍၎င်း၊ အာလမ္ဗဏသင်္ဂဟဟူ၍၎င်း ဆိုကြရာ အဓိပ္ပါယ်ထူးလော၊တူမည်လော ၎င်းပြင် ထိုပုဒ်တို့၏ ယုဇ်ပြီးပုံကိုလည်း ဘော်ပြပါ။?

(၅၅) "အာရမ္မဏဟု"ဆိုရာ၌-

စိတ္တစေတသိကာနံ အာဂန္ဒာ ဇတ္ထ ရမန္တိတိ အာရမ္မဏံ။ဤသို့ ဝိဂြိုဟ်ပြုအပ်သောကြောင့် စိတ်စေတသိက် တရားတို့သည် လာရောက်၍ ဤဈရပ်၌ မွေ့လျော်ပျော်ပါးတတ်ကုန်၏။ ထိုသို့ မွေ့လျော်ရာဖြစ်၍"အာရမ္မဏ"ခေါ်သည်။

"အာလမ္ဗဏ"ဆိုရာ၌

ဒုဗ္ဗလပုဂ္ဂိုလ်သေန ဒဏ္ဍာဒီဝိယ စိတ္တစေတသိကေဟာ အာလမ္ဗိယ တိတိ အလမ္ဗဏံ။ ။ဤသို့ဝိဂြိုဟ်ပြုအပ်သောကြောင့် အားနည်းသောသူသည် တုတ်, လုံ, ကန်စသည်ကို ဆွဲကိုင် မှီတွယ်ရသကဲ့သို့ စိတ်စေတသိက်တရားတို့၏ ဆွဲကိုင်ရာ-မှီတွယ်ရာဖြစ်၍ 'အာလမ္ဗဏ' ဆိုသည်။

ယူဂ်ပြီးပုံမှာ-

ပဌမဝိဂြိုဟ်အလို အာ ရှေးရှိသော "ရမု" ဓာတ်၊ ယုပစ္စည်း၊ အနပြု၊နှ,ငယ်ကို ဏ,ကြီးပြု၍ မ-ဒ္ဒေဘော်ဆင့်သဖြင့် "အာရမ္ဗဏ" ယူဂ်ပြီးသည်။

ဒုတိယဝိဂြိုဟ်အလို အာ ရှေးရှိသောလမ္ဗိဓာတ်၊ ယုပစ္စည်း၊ အနပြု၍၊ နှ,ငယ်ကို ဏ,ကြီးပြု၍ "အာလမ္ဗဏ"ဟု ယူဂ်ပြီးသည်။

★

● တေကာလိက တရား၊ ကာလ ဝိမုတ် တ ရား မျှား ကို ကောက် ပြပါ။ ?

(၅၆) စိတ်,စေတသိက်,ရုပ် ၃-ပါးသည် တေကာလိကတရား မည်၏။ နိဗ္ဗာန်,ပညတ်သည် ကာလဝိမုတ်တရား မည်၏။

★

● အဘယ့်ကြောင့် တေကာလိက၊ အဘယ့်ကြောင့် ကာလ ဝိမုတ်မည်သနည်း။ ?

(၅၇) တိကာလေ နိယုတ္တာတိ တေကာလိကာ။

ကာလ(၃)ပါး၌ ယှဉ်တတ်သောကြောင့် "တေကာလိက" ခေါ်သည်။

ကာလတောဝိမုတ္တာ-ကာလဝိမုတ္တာ

ကာလ(၃)ပါးတို့မှ လွတ်သောကြောင့် "ကာလဝိမုတ်" မည်သည်။

● အဘယ့်ကြောင့် ကာလမှ လွတ်သနည်း။ ?

(၅၇) ဥပါဒ်, ဌီ, ဘင်အစွမ်းဖြင့် ဖြစ်ခြင်းမရှိသောကြောင့် လွတ်သည်။

★

● မနောဒ္ဓါရိုက စိတ္တာနုပန ...ယထာရဟမာလမ္ဘဏံ ဟောတိ ဌ ယထာရဟံပါဠိ၏ အဓိပ္ပါယ်ကို ရှင်းလင်းပါ။?

(၅၉) ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော (၂၈)ပါးတို့သည် တေကာလိက-ကာလဝိမုတ် ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုသည်။ ၊ ဟသိတုပ္ပါဒ်ဇောသည် တေကာလိက ဖြစ်သော အာရုံ ၆-ပါးကိုသာ အာရုံပြုသည်။ ဣဒ္ဓိဝိဓအဘိညာဏ်ဇော သည်လည်း တေကာလိကဖြစ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

ဒိဗ္ဗသောတ အဘိညာဏ်ဇောသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။ ပရစိတ္တဝိဇာနန အဘိညာဏ်ဇောသည် တေကာလိက စိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုသည်။ ပုဗ္ဗေနိဝါသ အဘိညာဏ်ဇောသည် အတိတ်ကာလ ဝိမုတ် ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုသည်။ ဒိဗ္ဗစက္ခုအဘိညာဏ်ဇောသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုသည်။ အဘိညာဏ် ဇောတို့မှ ကြွင်းသော မဟဂ္ဂုတ်ဇောတို့မှာ ကာလဝိမုတ် - အတိတ်ဖြစ်သော ဓမ္မာရုံကို အာရုံပြုသည်။

★

● ဒ္ဒါရဝိမုက္ခာနဉ္စ....ယထာသမ္ဘဝံ ဌ ယထာသမ္ဘဝံ အဓိပ္ပါယ်ကို ရေးပြီး"ယေဘုယ္ယေန"ဟု ဝိသေသန"မ"ရကြောင်းကို ရေးပါ။ ?

(၆၀) ကာမာဝစရ ပဋိသန္ဓေဘဝင်စုတိဟု ဆိုအပ်သော ဒ္ဒါရ ဝိမုတ်စိတ်တို့မှာ ဆဒ္ဒါရဂ္ဂဟိတ, ပစ္စုပ္ပန်, အတိတ်ဖြစ်သော ကံ ကမ္ပ

နိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော ကာမဝစရသာလျှင် ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုသည်။

ရူပါစဝရ ပဋိသန္ဓေ ဘဝင်စုတိစိတ်တို့သည် မနောဒ္ဒါရဂုဟိဘ ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုသည်။

အရူပါဝစရ ပဋိသန္ဓေ ဘဝင်စုတိစိတ်တို့မှာ မနော ဒ္ဒါရဂုဟိတ ပညတ် အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုဒ်အပ်သော ဓမ္မာရုံကို အာရုံပြုသည်။

"ယေဘုယျေန" ဟု ဝိသေသန "မ" ရခြင်းကား အသည္ဓသတ်ဘုံမှ စုတိကုန်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်၏ အာရုံသည် အခြားမဲ့ လွန်လေပြီးသော အသည္ဓသတ်ဘဝ၌ မရဏာသန္နအခါတစုံတခုသော ဒ္ဒါရဖြင့် ယူအပ်သော နိမိတ်၏ မရှိခြင်းကြောင့် "ယေဘုယျေန" ဟု ဝိသေသန "မ" ရလေသည်။

★

● အသည္ဓသတ်ဘုံမှ စုတေ၍ ကာမသုဂတိဘုံမှာ ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့၏ပဋိသန္ဓေစိတ်သည် အဘယ်ကို အာရုံပြုသည်ကို ထင်ရှားအောင် ဘော်ပြပါ။ ?

(၆၁) အသည္ဓသတ်ဘုံသို့ မရောက်ခင် လွန်ခဲ့သော ကမ္ဘာ(၅၀၀)ထက်က ပြုလုပ်ခဲ့သော ဥပစာရ ဘာဝနာကံ၏ အစွမ်းကြောင့်ထင်သော ကမ္မနိမိတ် အာရုံကိုပင်လျှင် အာရုံပြုသည်။

★

● ကံစသောနိမိတ် ၃-ပါးတို့၏ ဒ္ဒါရ၊ ကာလ အာရုံများကို ဘော်ပြပါ။ ?

(၆၂) (ကံ)မနောဒ္ဒါရ အတိတ်ကာလ ဓမ္မအာရုံသာ။

(ကမ္မနိမိတ်) ဆဒ္ဒါရနှင့် အတီတ ပစ္စုပ္ပန် ပညတ္တံ မှတ်ရန် ၆-အာရုံ။

(ဂတိနိမိတ်) မနောဒ္ဒါရံ ပစ္စုပ္ပန် မှတ်ရန် ရူပါရုံ။

● သေသာနိ ကာမာဝစရ ဝိပါကာနိ-၌ သေသ အရ၊သေသ အပါဒါန်အရမျှားကို ဘော်ပြပါ။ ?

(၆၃) သေသ အရကား သန္ဓိရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု ဖြစ်သည်။

သေသ-အပါဒါန်အရကား ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်းဒွေတို့ ဖြစ်သည်။

★

● သဗ္ဗထာပိ ကာမာဝစရာ လမ္ဘဏာနေဝ၌ "ဧဝ" သဒ္ဒါဖြင့် အဘယ်ကို ကန့်သနည်း၊ သဗ္ဗထာပိ ဖြင့် အဘယ်ကို ပြသနည်း။?

(၆၄) ပဉ္စဝိညာဏ် မနောဓာတ်တို့ကဲ့သို့ ဧကဒေသ ကာမအာရုံကို ကန့်သည်။

သဗ္ဗထာပိဖြင့် ကာမစိတ်(၅၄)ပါး၊ စေတသိက်(၅၂)ပါး၊ ရူပ်(၂၈)ပါးဟူသော အလုံးစုံ ကာမအာရုံကို ပြသည်။

★

● ပဉ္စဝိသပရိတ္တမ့ို စသော (၂)၈ါထာ၌ ပဉ္စဝိသ, ဆ,ဧကဝိသတိ, အဋ္ဌ, ဝီသ, ပဉ္စ,ဆ-ဟူသော သင်္ချာတို့၏ သင်္ချယျမျှားကို ဘော်ပြပါ။ ?

(၆၅) ၁-ပဉ္စဝိဉ်ဆယ်ရပ်-မနောဓာတ်သုံးတန်၊
တဒါရုံဟသိ-ပေါင်းဘိတဘန်။ (ပဉ္စဝိသ)
ဝိညာဏဋ္ဌ-နေဝသည်၊
စိတ်ခြောက်ချက်-မဟာဂ်ကန့်။ ။ (ဆ)

၂-အာဘိညာဏ်ကြဉ်ထ-ရူပသမ့ဏ်၊
ဃာဏာဝဇာနဉ်း-အာကိဉ္စည်။

နှစ်ဆဲ့တရပ်-ပညတ်ကေန်၊ (ကေဝိသ)
လောကုတ်ရှစ်-မှတ်လစ် နိဗ္ဗာနံ။ ။ (အဋ္ဌ)

၃-ကုဝိပ်-ကြိုဝိပ်-အကုစိတ်ကုန်။
လောကုတ်တရား-ပယ်ရှားသုံးစုံ။ (ဝိသ)
ကုသိုလ်ဉာဏ-ကုသလဘိညာဏ်။
ထက်မဂ်ဖိုလ်-ပယ်လိုကျန်သဗ္ဗံ။ ။ (ပဋ္ဌ)

၄-ကြိယာဉာဏ-ကြိယာဘိညာဏ်။
ဝုဋ္ဌေဘစိတ္တ-ခြောက်ဝအမှန်။
ကြဉ်ရန်မရှိ-ပြုဘိသဗ္ဗံ။ (ဆ)
အာရုံပိုင်း-မေးတိုင်းအောင်ပွဲခံ။ ။

● တာနိကာမလောကေ သဗ္ဗာနိပိ-ဌ"ပိ"သဒ္ဒါဖြင့် အဘယ်ကို ပြသည်ဟု ရေးပါ။ ?

(၆၆) အနုဗဒိရ စသော ပုဂ္ဂိုလ်တို့၏အစုမ်းဖြင့် အခ္ခါသော ပုဂ္ဂိုလ်မှာ အပြည့်အစုံ မရှိသည်၏ အဖြစ်ကို ပြသည်။

● တေစတ္တာလီသနိဿာယ-စသောဂါထာ၌ တေစတ္တာလီသ ဒ္ဒေစတ္တာလီသ-အရ သင်္ခေါ်ယျမျှားကိုထုတ်ပြပါ။ ?

(၆၇) ပဋ္ဌဝိဉ်ဆယ်ရပ်-မနောဓာတ်သုံးတန်၊
တဒါရုံဒေါမန-ပဌမ,မဂ္ဂံ။
ဟသိတုပ္ပါဒ-ရူပသဗ္ဗံ၊
တေစတ္တာ-မှတ်ပါမြဲမှီရန်။ ။

လောဘမူ,မော-ဝုဒ္ဓောတဘန်၊
မဟာဂု,ကြီ-ဂုကြီ,အရှုပ်။
လောကုတ္တရ-သတ္တယူရန်၊
ဒွေစတ္တာ-ဟ,မှာမမြဲပြန်။ ။

★

● ဝတ္ထုရုပ်ကိုမှီသော စိတ်ပေါင်းကိုဘော်ပြပါ။ ?

(၆၈) အရှုပဝိပါက် ၄-ခုကြည့်၍၊ ကျန်သောစိတ် [၈၅]ပါး သည် ဝတ္ထုရုပ်ကိုမှီပါသည်။

★

● ဟဒယဝတ္ထုရုပ်ကိုမှီသော စိတ်ပေါင်းကိုဘော်ပြပါ။ ?

(၆၉) ၃၀-သော မနောဝိညာဏဓာတ်၊ (၄၂) ပါးသော မနောဝိညာဏဓာတ်နှင့် မနောဓာတ်(၃)ပါး၊ဤ(၇၅)ပါးသော စိတ်သည် ဟဒယဝတ္ထုကိုမှီပါသည်။

★

● ဟဒယဝတ္ထုကိုအမြဲမှီသောစိတ်ကို ဘော်ပြပါ။ ?

(၇၀) မနောဓာတ် ၃-ပါး၊ မနောဝိညာဏဓာတ်(၃၀) ဤ (၃၃)ပါးသည် "ဟဒယဝတ္ထု" အမြဲမှီပါသည်။

★

● စေတသိက် [၅၂]ပါးကို ဝေဒနာအားဖြင့်ဝေဘန်ပါ။?

(၇၁) ပီတိ, စိကိစ်, ဒေါ, ဣဿာ, မစ်, ကု,၊ ဤ ၆-ခု၊ တခု ဝေဒနာ။

လော,ဒိ,,မာန၊ သောဘဏ၊ နှစ်ဝ,ဝေဒနာ။
ကျန်ပဏ်ဏ်းငါး၊ ၆-ပါးအကု၊ ၁၁-ခု၊ သုံးခုဝေဒနာ။
ဝေဒနာကြည့်ထ၊ ကျန်သဗ္ဗ၊ ပဉ္စဝေဒနာ။
ဝေဒနာ,ဝေချင်း၊ အချင်းချင်း၊ ယှဉ်ခြင်းမပြစ်ရာ။

"ဝေဒနာကြဉ်ထ၊ ကျန်သဗ္ဗ" ဟူသည်ကား - ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ-စေတသိက်(၆)ခုမှတ်လေ။

★

● ကေဟိတ် စေတသိက်, ဒ္ဒိဟိတ် စေတသိက်, တိဟိတ်စေတသိက်, ပဋ္ဌဟိတ်စေတသိက်, ဆဟိတ်စေတသိက်, အဟိတ်စေတသိက်တို့ကို သရုပ်နှင့်တကွ ထုတ်ဖော်ပြပါ။ ?

ဆောင်ပုဒ်လက်ဝ

(၇၂) လော,ဒေါ,ကိစ္စာ၊ ဟိတ်မှာတခု။

ဣသ်,မစ်,ကု,မော၊ ဒိဋ္ဌိ,မာနောနှင့်၊ အလော,အဒေါ,အမော ၉-ဖြာ၊ ဒ္ဒိဟိတ်,သာဟော။

ဟီ,နော,ဥဒ္ဓစ္စ၊ ထိန, မိဒ္ဓံ ကျန်သောဘဏ, ဒ္ဒါဝိသမ္မာ, သုံးဖြာ ဟိတ်ရှိ။

ပိတိ·ငါးဟိတ်။

ဆဟိတ်ဒ္ဒါရသ၊ ပီကြဉ်ထ၊ အညသမာနာ။

မေးဟမ္မုဒ္ဒေ၌ မေးဟစေတသိက် (၂)ခု၊ အဟိတ် (၁၀)ခု၌ ရှိသော ဆန္ဒကြဉ်သော အညသမာန်း စေတသိက် (၁၂)ခုသည် ဒ္ဒိဟိတ်စေတသိက်မည်၏။

★

● တကိစ္စတပ်သောစေတသိက်၊ ၄-ကိစ္စ၊ ၅-ကိစ္စ၊ ၆-ကိစ္စ၊ ၇-ကိစ္စ၊ ၉-ကိစ္စ၊ ၁၄-ကိစ္စတပ်သော စေတသိက်တို့ကို သရုပ်နှင့်ဖြေပါ။ ?

ဆောင်ပုဒ်လင်္ကာ

(၇၇) အကူ,ဝိရတိ-တကိစ်စီတည်း၊ ၁၇
လေးလီပမည်ာ၊ ၂
ပညာသောဘဏ-ဆန္ဒငါးကိစ်- ၂၁
ခြောက်ကိစ် ပီတိ- ၁
ဝိရိ,ခွန်သာ- ၁
တက်,စာ,မိ,ကိုး- ၉
ဆဲ့လေးမျိုးခွန်- ၇
ပေါင်းလိုက်ပြန်-မှတ်ရန်ငါးဆဲ့နှစ်- ၅၂

★

● ဒုါရဝိမုတ် စေတသိက်-ဆဒ္ဒါရိုက စေတသိက်မျှားကို ရေတွက်ပြပါ။

ဆောင်ပုဒ်လင်္ကာ

(၇၈) မဟာဂ်ိတွင် ပဋ္ဌတိ်ကား ဝိမုတ်ထားလော၊
ကြွင်း-၅၂ ဒ-ဒ္ဒါဖြစ်၊ မှတ်လစ်သေအချ။

★

● ဆေတသိက်(၅၂)ပါးကို အာရုံအားဖြင့်ဝေဘန်ပါ။ ?

ဆောင်ပုဒ်လင်္ကာ

(၇၉) ဂကုသိုလ်မှာ၊ လောကီသာတည်း။
ဣဿာမှာကား၊တခြားပြင်ပ ဗဟိဒ္ဓဃ။
မစ္ဆေ,ရဆို၊ မိမိကိုယ်ဟု၊ အစ္စတ်ပြု၏။
သုံးခုဝိရတီ၊ ဝိရမီတဗ္ဗ၊ ဝတ္ထုကနှင့် ကာမနှာမ်ရှုပ်၊
ပစ္စုပ်နှာဂတ် ပြုအပ်သည်သာ။
ပမည်ာဝယ်၊ ကာလာဝိမုတ်၊ ပညတ်ဆုတ်လော။
ကြွင်းဟုတ်မှန်လှ၊ တေတ္တိ်သသည်၊ သဗ္ဗအာရုံ ပြုမြဲတည်း။

★

● ဝတ္ထုရုပ်(၆)ပါးဖြင့် စေတသိက်ကိုဝေဘန်ပါ။ ?

ဆောင်ပုဒ်လက်ဝ

(၇၆) သဗ္ဗစိတ္တေ-ခုနစ်ထွေမှု၊ ကာမေမိုဆ-ရူပသုံးထွေ၊ အရူ ပေနတ္ထိ, ဒေါ, ဣ, မစ်, ကု၊ မိုမှ ဟ-မြဲ၊အကျန်ခဲ့ပါ။ လေးတစ်မှာ၊ ရုံခါဟ-မှာမို။

သဗ္ဗစိတ္တာသာဓာရဏ စေတသိက် (၇)ခုတို့သည် ကာမဘုံမှာ ဝတ္ထုရုပ်(၆)ပါးကိုမှီသည်။ ရူပဘုံမှာ(၃)ပါးကိုမှီသည်။ အရူပ ဘုံမှာမမှီ။ဒေါ,ဣ,မစ်,ကု စေတသိက်(၄)ခုမှာ ဟဒယဝတ္ထုအမြဲ မှီသည်။ ကျန်(၄၁)ပါးသော စေတသိက်တို့မှာ ဟဒယဝတ္ထုကို ရုံခါမှီသည်။

★

● ကေန် အာရုံပြုသော စိတ်၊ အနေကန် အာရုံပြုသော စိတ် တို့ကို သင်္ချာမျှဘော်ပြပါ။ ?

(၇၇) ကေန်-၆၀၊ နေကန်ဝယ်၊ မှတ်ဘွယ် သုံးဆဲ့တစ်။

★

● ဓမ္မာရုံကို ကေန် အာရုံပြုသောစိတ်၊ အနေကန် အာရုံပြု သောစိတ်တို့ကို သင်္ချာမျှဘော်ပြပါ။ ?

(၇၈) ဓမ္မာရုံမှန်, ကေန်သုံးဆဲ့ငါး၊ နေကန်ကား၊ မှတ်သား (၄၃) ခုတည်း။

★

● ဓမ္မာရုံကို ကေန် အာရုံပြုသောစိတ်၊ အနေကန် အာရုံပြု သောစိတ်တို့ကို သရုပ်နှင့်တကွ ဘော်ပြပါ။ ?

(၇၉) မဟာဂုတ်နှင့် လောကုတ် ပေါင်းငြား၊ သုံးဆဲ့ငါး၊ မှတ်သား ကေန်တည်း။

သန္ဓီ, မဟာဝိ, ဟသိ, တသ္ဒယ် ၂၀-နှင့်-၅၊ ၆-ပါးသုံးတန် ပေါင်းလိုက်ပြန်၊ နေကန်(၄၃)ပါးတည်း။

၀ိထိဝိုင်း-အမေးအဖြေ

● ကေစိတ္တကွဏာတီဘာနိ၀၊ ဗဟုစိတ္တကွဏာတီတာနိ၀ ပါဠိတို့ဖြင့် အဘယ်ကိုပြသည်ကို ဘော်ပြ၍ "ဗဟု" အရ အဘယ်ကစ၍ အဘယ်အထိ ယူရမည်ကိုပြပါ။?

(၈၀) "ကေ စိတ္တကွဏာ တီတာ နိ၀"ါ ပါဠိဖြင့် "အတိ မဟန္တာရုံ၀ိထိ" ကိုပြသည်၊ "ဗဟု စိတ္တကွဏာ တီတာနိ၀"ါ ဖြင့် မဟန္တာရုံ,ပရိတ္တာရုံ,အတိပရိတ္တာရုံ ၀ိထိများကိုပြသည်။

"ဗဟု" သဒ္ဒါဖြင့် အတိတဘ၀င် ၂-ချက်ကစ၍၊ ၁၅-ချက်တိုင် အောင် ယူရမည်။

★

● ဒ္ဒ ါရ၀ိသယပ၀ တို့ ၄-ခု၌ အတိတဘ၀င် လွန်ပုံ၊ မနော ဒ္ဒ ါရ၀ိသယပ၀ တို့ ၂-ခု၌ အတိတဘ၀င် လွန်ပုံ များကို ဘော်ပြပါ။?

(၈၁) အတိမဟန်-တချက်လွန်တည် ၊
မဟန်-ခုစ်,သုံး။
ကလေးလုံးကစ နာ၀ပရိတ်၊
တိပရိတ်၀ယ် တဆယ်အစ ဆဲ၀ါးကျ။
အတိတလွန်ပုံ-မှတ်တမ်းတည်း။
တမ်းတ, ၊ မှတ်၊ ပိ,ကူ,ဘတ်၊ ဆ သတ်,အ၀ိဘူ။
ဤလက်ဝဲ ၂)ချက်ဖြင့် အတိုချုပ်ဆောင်၍ အကျယ်ခြေလေ။

★

● ဘုံ,ဗြဟ္မာနေ၀ဒ္ဓ ကွယ်၏ ဦးလော,နားမ်၏ ဦးလော, အဘယ် ကြောင့် ပြောသ ဆင်ခြင်းသို့ ရောက်သနည်း၊ "ဧ၀" ဟု ဖြင့်ကား အဘယ်ကို နှစ်စေသနည်း။?

(၈၂) ☞ ရုပ်၏ ဌိ ကိုဆိုသည်။

ရူပံဥပ္ပါဒကွဏေဒုဗ္ဗလံ,ဗလဝန္တိဌိတိကွဏေ-ဟုဆိုခြင်းကြောင့်၊ ရုပ်တရားတို့သည် ဥပါဒ်ခဏ၌အားမရှိသေး၊ ဌိခဏကျမှအားရှိ၍ ဌိအခိုက်မှာသာ ထင်ခြင်းသို့ရောက်သည်။

"ဧဝ"သဒ္ဒါဖြင့် ဥပ္ပါဒကွဏ၌ ရုပ်တရားတို့ အတူဖြစ်ကြ၍၊ ဥပါဒ်ခဏမှာပင် ထင်ခဲ့ကြသည်ဟု ယူသော မိစ္ဆာဝါဒကို ကန့်သည်။

★

● တသ္မာယဒိကေစိတ္တကွဏာတီတကံ, တတော ပရံ ဘဝင်ပါတော"ဟူသောပါဠိဖြင့် အဘယ်ကို ပြသနည်း။?

(၈၃) စက္ခုဒ္ဒါရ အတိမဟန္တာရုံဝိထိပုံစံ တခုကိုပြသည်။

★

● "တသ္မာ ယဒိ ကေစိတ္တကွဏာတီတကံ .... မာဂစ္ဆတိ" ဟူသောပါဠိဖြင့် အဘယ်ကိုပြပါသနည်း။ ?

(၈၄) ရူပါရုံသည် အတီတဘဝ်၏ ဥပါဒ်ခဏနှင့်ပြိုင်၍ စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သည်ကို ပြသည်။

★

● "တတောပရံ ဒ္ဝိက္ခတ္တုံဘဝင်္ဂစလိတော"ဟူသောပါဠိဖြင့် အဘယ်ကိုပြသနည်း။ ?

(၈၅) အတီတဘဝင်ချုပ်ပြီးနောက်၊ ဘဝင် (၂)ကြိမ် လှုပ်ခြင်းကြောင့်၊ ထိုဘဝင် (၂)ခုကို ပဌမဘဝင်စလန၊ ဒုတိယ ဘဝင်စလန-ဟု အမည်ပေးရမည်၏အဖြစ်ကို ပြသည်။

★

● "ဘဝင်သောတံဝေါစ္ဆိန္နိတ္တာ"ပါဠိဖြင့်-အဘယ်ကို ပြပါသနည်း။ ?

(၈၆) ဒုတိယဘဝဂ်စလနသည် ဘဝင်လှုပ်ရုံမျှ မဟုတ်သေး၊ ဘဝင်၏ အယာဉ်ကို ဖြတ်ခြင်းကြောင့်၊ "ဘဝဂုံပစ္ဆေဒ" ဟု တပ်၍ ခေါ်ရမည်၏ အဖြစ်ကို ပြသည်။

★

● 'တမေဝရူပါရမ္ဘကံအာဝဇ္ဇန်ပဋ္ဌဒ္ဒါရာဝဇ္ဇန စိတ္တံ,နိရုဇ္ဈတိ' ပါဠိတို့ဖြင့် အဘယ်ကို ပြသနည်း။ ?

(၈၇) "အာဝဇ္ဇန်" ပါဠိဖြင့် အာဝဇ္ဇန်း ကိစ္စတပ်ကြောင်း၊ "ပဿန်" ပါဠိဖြင့် "ဒဿန" ကိစ္စတပ်ကြောင်း၊ "သမ္ပဋိစ္ဆန်" ပါဠိဖြင့် သမ္ပဋိစ္ဆန ကိစ္စတပ်ကြောင်း၊ "သန္တီရယမာနံ" ပါဠိဖြင့် သန္တီရဏ ကိစ္စတပ်ကြောင်း၊ "ဝေါဋ္ဌပေန်" ပါဠိဖြင့် ဝုဋ္ဌော ကိစ္စတပ်ကြောင်းကို ပြတော်မူသည်။

★

● "တတော ပရံ ဇဝနတိ" သ....ဇဝတိ" ၌ ယံကိဉ္စိ ပါဠိဖြင့် အဘယ်ကိုပြသည်၊ လဒ္ဓပစ္စယံ၌ အဘယ်ပစ္စည်းကို ယူရမည်ဟု ထင်ရှားအောင် ဘော်ပြ၍ "ယေဘုယ္ယေန" ဟု ဝိသေသန "မ" ရခြင်းကို ဘော်ပြပါ။ ?

(၈၈) "ယံကိဉ္စိ" ပါဠိဖြင့် (၂၉)ပါးသော ကာမဇောတို့သည် ဤနေရာ၌ ဖြစ်ခွင့်ရှိသော်လည်း (၂၉)ပါးလုံး တပြိုင်တည်းဖြစ်သည်မဟုတ်၊ တပါးတပါးသာ ဖြစ်သည်ဟု ပြသည်။

"လဒ္ဓပစ္စယံ၌ ပစ္စယ အရကား"

၁–ယောနိသော မနသိကာရ။
၂–အယောနိသော မနသိကာရ။
၃–နိဗ္ဗာနုသယ သဏ္ဌာန်။
ဤ(၃)ပါးသော အကြောင်းကို ယူရပါသည်။

"ယေဘုယျန" ဟု ဝိသေသန "မ" ရခြင်းကား- မုဠာ ကာလ၌ (၆)ကြိမ်၊ မရဏာသန္နကာလ၌ (၅)ကြိမ် စောသေး သောကြောင့် "ယေဘုယျန"ဟု ဝိသေသန "မ" ရသည်။

★

● "လဒ္ဓပစ္စယံ"၌ အဘယ်ပစ္စယကြောင့်၊ အဘယ်ဇောကျ သည်ကို ညွှန်ပြပါ။

(၈၉) ၁–ယောနိသော မနသိကာရကြောင့် ကုသိုလ်ဇော (၈) ပါး။

၂–အယောနိသော မနသိကာရကြောင့် အကုသိုလ် ဇော(၁၂)ပါး။

၃–နိရာနုသယ သဏ္ဌာန်၌ ဖြစ်သောကြောင့် ကြိယာ ဇော (၉)ပါး။ ။ပေါင်း ၂၉-ပါး။

★

● ဇဝနာ နုဗန္ဓာနိစ ဒေ့ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန်တိ၌၊ "ဇဝနာနုဗန္ဓာနိ"ဟူသော ပါဠိဖြင့် အဘယ် ကိုပြသည်၊ "ဒေ့" ဟူသော စကားဖြင့် အဘယ်ကို နှစ် စေ အပ်သည်ကို ဘော်ပြ၍ "ယထာရဟံ" ပါဠိ၏ အဓိပ္ပါယ်ကို ရှင်းလင်းပါ။ ?

(၉၀) "ဇဝနာနုဗန္ဓာနိ"ဟူသော ပါဠိဖြင့် အထက် မြစ်ညာ သို့ ဆန်တက်၍ လှော်သွားသော လှေကလေး၏ ပဲ့နောက်၌ ရေ မျှားသည် မိမိစီးနေကျ အောက်အကျေသို့ ရုတ်တရက် မစီး သေးဘဲ လှေ၏ပဲ့နောက်သို့ (၂) ပတ်လောက်ဝှေ့၍ လိုက်ပြီးမှ တဘန် စီးနေကျ အောက်အကျေသို့ စီးသွားသကဲ့သို့ တဒါရုံသည် လည်း မိမိအာရုံ ယူနေကျဖြစ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ်-ဟူ

သောအာရုံကို မယူသေးဘဲ ဇောဓိအရှိန်အဟုန် ကောင်းခြင်းကြောင့် ဇောယူသော ပစ္စုပ္ပန် ပဉ္စာရုံကို ယူကာ ဇောသို့ အစဉ်လိုက်၍ ဖြစ်သည်ကို ပြသည်။

"ဒ္ဒေ"ဟူသော ပါဠိဖြင့် တဒါရုံသည် တကြိမ်လည်း ကျနိုင်သည်ဟု အယူဝါဒရှိသော မဏ္ဍိမနိကာယ်ဆောင်တို့၏ အယူဝါဒကို နစ်စေအပ်သည်။

"ယထာရဟံ"ပါဠိဖြင့် ကာမဇော,ကာမသတ္တဝါ,ကာမအာရုံ ဤအင်္ဂါသုံးပါးပြည့်စုံမှသာလျှင်၊ တဒါရုံကျသည်ဟု ဆိုလိုပါသည်။

★

● "ယာဝတဒါလမ္မဏုပ္ပါဒါပနအပ္ပဟောန္တာ"၌ အဘယ့်ကြောင့် တဒါရုံမဖြစ်လောက်သနည်း။ ?

(၉၁) တဒါရုံ (၂)ကြိမ် မဖြစ်လောက်၍ မလောက်ဟုဆိုသည်။ (မဏ္ဍိမနိကာယ်ဆောင်တို့အလို တကြိမ်ကား လောက်သည်။)

★

● "ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာ"၌ အဘယ့်ကြောင့် ဇောမဖြစ်လောက်သနည်း။ ?

(၉၂) ဇောသည် (၇)ကြိမ် ဖြစ်ခွင့်ရှိသော်သာလျှင် ဖြစ်လောက်သည်၊ (၇)ကြိမ် မဖြစ်လောက်၍ မလောက်ဟုဆိုသည်။

★

● "ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါစ ပန အပ္ပဟောန္တာ"၌ အဘယ့်ကြောင့် ဝုဋ္ဌော မဖြစ်လောက်သနည်း။ ?

(၉၃) ဝုဋ္ဌော၏သဘောသည် မိမိနောက်၌ ဇောဖြစ်သော်သာ တကြိမ်ဖြစ်သည်၊ ဇောမဖြစ်သော် (၂)ကြိမ်၊ (၃)ကြိမ်

ဖြစ်ရမှုဖြစ်လောက်သည်။ဤအတိပရိတ္တာရုံဝိထိ-၌ကား (၂)ကြိမ် (၃)ကြိမ် မဖြစ်လောက်၍ မလောက်ဟုဆိုသည်။

★

● "ဝိသယပ္ပဝတ္တိ"၄-ပါးကို ဝါရ ၄-ပါးနှင့် အစဉ်အတိုင်း ဟပ်ပြု၍ အဘယ့်ကြောင့် "မောဃဝါရ" ခေါ်သည်ကို ရေးပါ။ ?

(၉၄) ၁–အတိမဟန္တာရုံ (၁) တဒါလမ္ဗဏဝါရ၊
၂–မဟန္တာရုံ (၂) ဇဝနဝါရ။
၃–ပရိတ္တာရုံ (၃) ဘဝင်္ဂဇ္ဇဏဝါရ၊
၄–အတိပရိတ္တာရုံ (၄) မောဃဝါရ။

ဝိထိစိတ်မဘက် အချည်းနှီး ဘဝင် သက်သက်မျှဖြစ်သော ကြောင့် "မောဃဝါရ"ခေါ်သည်။

★

● "မဟန္တာရုံပရိတ္တာရုံ"တို့ကိုလည်း တဒါရုံဇောတို့မှ ဆိတ်ခြင်းကြောင့် "မောဃဝါရ" မခေါ်သင့် ခေါ်သင့်ကို ရေးပါ။ ?

(၉၅) မဟန္တာရုံမှာ တဒါရုံဆိတ်ခြင်းကြောင့် ပရိတ္တာရုံမှာ ဇောဆိတ်ခြင်းကြောင့် "မောဃဝါရ" ခေါ်သင့်သည်ဟု (အဋ္ဌသာလိနီ)ကျမ်းမှာဆိုသည်၊ သင်ဟာအလို မဆိုသင့်။

★

● ဝိထိစိတ်မဖြစ်၍ "အတိပရိတ္တာဝိထိ"ကို "မောဃဝါရ" ဆိုလျှင် ဝိထိစိတ်မဖြစ်ဘဲလျက် အဘယ့်ကြောင့် "ဝိထိ" ဟု ခေါ်ရသနည်း။ ?

(၉၆) ဝိထိစိတ် မဖြစ်သော်လည်း ဘဝင် လှုပ်ခြင်းကို စွဲ၍ ဝိထိ-ဟု ခေါ်သည်။

★

● "ဝိထိစိတ္တာနိ သတ္တော၀" စသော ဂါထာသည် အဘယ်ဝိထိကိုရည်၍ ဆိုသည်ကိုဘော်ပြ၍ သတ္တ, စတုဒ္ဒသ, စတုပညာသ-အရမျှားကို ကောက်ပြပါ။ ?

(၉၇) အတိမဟန္တာရုံဝိထိကို ရည်ဆိုသည်။
ပ,စ,သံ,ဏ-ဝုဋ္ဌ ဇ,တဒါ၊
သာမဉ်သတ္တ-မှတ်ကြားလေပါ။ (သတ္တအရ)
ပ,စ,သံ,ဏ-ဝုဋ္ဌ,ဇ,သတ္တာ၊
နှစ်တဒါ-ဖြစ်လာစုဒ္ဒသာ။ ။ (စတုဒ္ဒသ)
စတုပညာသ-ကာမစိတ်ကုန်၊
အကျယ်အား-ဖြင့်-မှတ်သားပါကုန်။ (စတုပညာသ)
အကျဉ်းလောက်မျှ-ဘော်ပြခဲ့တုံ၊
အကျယ်အား-ဉာဏ်သွားထက်ကြကုန်။ ။

★

● 'မဟန္တာရုံ ပရိတ္တာရုံဝိထိ' တို့၌ သာမည, စိတ္တုပ္ပါဒ် ဝိတ္ထာရ အားဖြင့် အဘယ်ကဲ့သို့မှတ်ရမည်နည်း။ ?

(၉၈) ဝိထိစိတ္တာနိ ဆဌေ၀၊ စိတ္တုပ္ပါဒါ တု ဒ္ဒါဒသ၊
ဆစတ္တလီသဝိတ္ထာရာ၊ မဟန္တေ ပဋ္ဌဒ္ဒါရိကေ။ ။
ဝိထိစိတ္တာနိ ပဌေ၀၊ စိတ္တုပ္ပါဒါသတ္တမတာ၊
သတ္တရသဝိတ္ထာရေန၊ ပရိတ္တေ ပဋ္ဌဒ္ဒါရိကေ။ ။
(ဤ ၂-ဂါထာဖြင့် နည်းမှီ၍ သိရမည်။)

မဟန္တာရုံဝိထိ၌ တဒါရုံ မဖြစ်ခြင်းကြောင့်၊ သာမည-အားဖြင့် (၆)ပါး၊ စိတ္တုပ္ပါဒ်-အားဖြင့် တဒါရုံ (၂)ကြိမ် လျှော့၍ ၁၂-ပါး၊ ဝိတ္ထာရ-အားဖြင့် တဒါရုံ မဟာဝိပါက် ဂ-ပါးလျှော့၍ ၄၆-ပါးဖြစ်၏။

ပရိတ္တာရုံဝိထိ၌ ဇောမဖြစ်ခြင်းကြောင့် "ဇော"ကိုလျှော့၍ သာမညအားဖြင့် (၅)ချက် စိတ္တုပ္ပါဒ်အားဖြင့် ဇော (၇)ကြိမ်ကိုလျှော့၍ ဝုဋ္ဌောကို (၃)ကြိမ်ချ၍ ၇-ချက်၊ ဝိတ္ထာရ-အားဖြင့် ကာမဇော-တခု ယုတ် (၃၀)ကိုလျှော့၍ ၁၇-ပါးမျှသာ ဖြစ်သည်။

★

● "ကာမဇော၀ါရ အပ္ပနာဇော၀ါရဝိထိ"တို့၌ ဝိထိစိတ်မည်မျှဖြစ်သည်ကို ဘော်ပြပါ။?

(၉၉) မနောဒ္ဓါရာ၀ဇ္ဇန်း ကာမဇောတခု ယုတ်(၃၀)တဒါရုံ ဇောဒသ-ဟူ၍ ကာမဇော၀ါရ၌ (၄၁)ပါးဖြစ်သည်။

မနောဒ္ဓါရာ၀ဇ္ဇန်း ကာမာ၀စရကုသိုလ်၊ ကြိယာဉာဏသမ္ပယုတ်ဇော ၈-ခု၊ အပ္ပနာဇော ၂၆-ခု ဤသို့အားဖြင့် အပ္ပနာဇော ၀ါရမှာ ၃၅-ပါး ဖြစ်သည်။

★

● "ဝိထိစိတ္တာနိတိဏော၀"စသောဂါထာသည် အဘယ်ဝိထိကို ရည်၍ ဆိုသည်ကို ဘော်ပြ၍ တိဏ, ဒသ, ဇောစတ္တာလီသ-ဟူသော သင်္ချာများ၏ သင်္ချေယျကို ရေးပါ။?

(၁၀၀) ဝိဘူတာရုံ ဝိထိကိုရည်၍ ဆိုသည်။

တဏ,ဒသ, ဇောစတ္တာလီသအရကား-
မနော, ဇော-ဟု- တခု, တဒါ။ (တိဏ)
မနောဇောတ်-ဇောသတ်, နှစ်တဒါ။ (ဒသ)
မနောဇောဟော-ကာမဇောသဗ္ဗာ၊
တဆဲ့တစ်-မှတ်လစ်, ရုံတဒါ။ ။(ဇောစတ္တာလီသ)

★

● "အဝိဘူတာရုံဝိထိ"၌ သာမညစိတ္တုပ္ပါဒ်, ဝိတ္ထာရ-အား ဖြင့် အဘယ်သို့ မှတ်ရမည်နည်း။ ?

(၁၀၁) ဝိထိစိတ္တာနိ ဒ္ဝေယေဝ၊
စိတ္တုပ္ပါဒါ အဒ္ဌမတာ။
ဝိတ္ထာရေန ပနေတ္ထေဝ၊
တိံသဠေတိ ဝိဘာဝယေ။ ။

ဒွေ, အဋ္ဌ, တိံသ - တို့၏အရကို တဒါရုံကို လျှော့ခြင်းဖြင့် သိလောက်ပါပြီ။

★

● "အပ္ပနာဇဝနဝါရေပန"စသောပါဠိ၌ ဝိဘူတ, အဝိဘူတ-အဘယ်ခြောင့် မရှိသနည်း၊ ၎င်းပြင် အပ္ပနာဝါရ-၌ တဒါရုံ မဖြစ်ခြင်းအကြောင်းကို ဘော်ပြပါ။?

(၁၀၂) အပ္ပနာဇောဝါရ-၌ ဖြစ်သော ကသိုဏ်းပညတ်စသော အာရုံ, မဟဂ္ဂုတ်အာရုံ, တေဘူမက သင်္ခါရအာရုံတို့၏ ထင်သော အခါ၌သာလျှင် အပ္ပနာဇော ကျပါသည်။ သို့ဖြစ်ပါ၍ ဝိဘူတ, အဝိဘူတ-ဟူ၍ အပြားမရှိပါ၊ ဝိဘူတသာဖြစ်သည်။အပ္ပနာဝါရ-၌ တဒါရုံ မဖြစ်ခြင်းကား- ကာမဇောနှင့် ကာမအာရုံ-ဟူသော အင်္ဂါ ၂-ပါးပျက်ခြင်းကြောင့်။ (တဒါရုံမကျပါ)။

★

● "တတ္ထဟိညာဏသမ္ပယုတ္တ....မောတရတိ" ဟူသောပါဠိ၌ စတုက္ခတ္တုတိကွတ္တုမေဝ၀ါ, စတုတ္ထံ ပဉ္စမံ၀ါ - ပုဒ်တို့ကို အဘယ်သို့ ပဒသမ္ဗန္ဓ-ပြုရမည်ကို ဘော်ပြ၍ "ယထာရဟံ" ဟူသော ပါဠိ၏အဓိပ္ပါယ်ကို ရှင်းလင်းပါ။ ?

(၁၀၃) "စတုက္ခတ္တုံ"ပုဒ်ကို"ပဉ္စမံ၀ါ"နှင့်စပ်ရမည်။ တိက္ခတ္တုမေဝ၀ါ"ပုဒ်ကို"စတုတ္ထံ၀ါ"နှင့်စပ်ရမည်။

"ယဿာရဟံ"ပါဠိ အဓိပ္ပါယ်မှာ၊ ဒန္ဓာဘိညဝုဋ္ဌိလ်မှာ-ကာမဇော(၄)ကြိမ်ကျ၍ အပ္ပနာဇော(၅)ကြိမ်မြောက်မှာကျသည်။ ခိပ္ပါဘိညဝုဋ္ဌိလ်မှာ ကာမဇော (၃) ကြိမ်ကျ၍ အပ္ပနာဇော (၄)ကြိမ်မြောက်မှာ ကျသည်ဟုဆိုလိုသည်။

● "တတောပရံအပ္ပနာ၀သာနေဘ၀င်ပါတော၀ဟောတိ" ၌ "တတောပရံဘင်ပါတော" ဟူ၍သာမဆိုဘဲ အဘယ့်ကြောင့် "အပ္ပနာ၀သာနေ"သဒ္ဒါ"ဧ၀"သဒ္ဒါတို့ကို ဆိုရပြန်သနည်း။ ?

(၁၀၄) တတောပရံ ဘ၀င်ပါတော၀-ဟူသော စကားမျှသာ ဆိုခဲ့သော်(၄)ကြိမ်မြောက်၊(၅)ကြိမ်မြောက်သက်သော အပ္ပနာမှနောက်၌ ဘ၀င်ကျသည်သာလျှင်ဖြစ်၏။ မင်စိတ်၏ အခြားမဲ့၌ ဖိုလ်စိတ်မဖြစ်တော့ပြီ။ သမာပတ္တိ၀ိထိ၌လည်း စျာန်စိတ်တို့သည် အဘန် တလဲ့လဲ့ မဖြစ်တော့ပြီဟူ၍ ယူကုန်ရာ သော ကြောင့်၊ ထိုသို့သော အယူကို နစ်စေခြင်းငှါ "အပ္ပနာ၀သာနေ"ဟူသော စကားကို မိန့်တော်မူသည်။

နိကာယ်တပါးကို ဆောင်ကုန်သော ပုဂ္ဂိုလ်တို့သည် လောကီ အပ္ပနာတို့၌ အာဒိကမ္မိကဝိထိ၀ယ် ဇော (၇)ကြိမ်ပြည့်စေခြင်းငှါ အပ္ပနာ၏နောက်၌ (၂)ကြိမ် (၃)ကြိမ် ကာမဇောဖြစ်သည်ဟု ဘွဲ့ဆိုကြသည်ဖြစ်၍ ထိုပုဂ္ဂိုလ်တို့၏ အယူ၀ါဒကိုနစ်စေခြင်းငှါ အ၀ဓာရဏ-အနက်ရှိသော"ဧ၀"သဒ္ဒါဖြင့် တင်းတင်း ကျပ်ကျပ် မြစ်တော်မူသည်။

● 'တတ္ထသောမနဿသဟဂတ.... တတ္ထာပိ ကုသလဇ၀နာ' စသော(၂)၀ါကျဖြင့် အဘယ်ကိုပြပါသနည်း။ ?

(၁၀၅) "တတ္ထသောမနသဿသဟဂတ"စသော ဝါကျဖြင့်ကာမ ဇောနှင့် အပ္ပနာဇော-တို့သည် ဝေဒနာဘေဒ-အားဖြင့် အနန္တရ ပစ္စည်းဆက်ပုံကိုပြသည်။

တတ္ထာပိကုသလဇဝနာနန္တရံ-စသော ဝါကျဖြင့် ကာမဇော နှင့် အပ္ပနာဇော-တို့သည် ဇာတိဘေဒ-အားဖြင့် အနန္တရပစ္စည်း ဆက်ပုံကိုပြသည်။

★

● "ဒ္ဒတ္တိ ဿသုခပုညမ္မာ"စသောဂါထာ၌ ဒ္ဒတ္တိ ဿ, ဒ္ဒါဒဿ, အဌ,ဆ-ဟူသော သရ၏ သခ်ေါ်ယျများကို ရေတွက်ပြပါ။ ?

(၁၀၆) မဂ်သော ၁၆-အောက် ဖိုလ်သောမှာ ဒ္ဒါဒသာနှင့် ရူပါကုသော ၄-ခုရောရ၍ "ကုသော" နောက်မှာ ဒ္ဒတ္တိ ဿ ပနာစောဂ်လေး။

ရူ,ကု,ဥ,ဇ, ရူ,ကု,လေး-နှင့် မဂ်လေးပက္ခာ အောက်မှာသုံးခု အောက်ဖိုလ်ဥ-နှင့် "ကုဥ"နောက်မှာ ဒ္ဒါဒသာ ပနာစောဂ်လေး။

ရဟတ်ဖိုလ်သော, ရူကြီသော"ကြီသော" နောင်ရှစ်ပါး။

ရူပ,ကြီဥ,အရူကြီ - ဆို အထက်ဖိုလ်ဥ, ဤ ၆-ခု၊ "ကြီဥ"နောင်မှတ်သား။ (ဤလက်ဘအတိုင်းမှတ်ပါ။)

"ရူ, ကု-လေး"နှင့် ဆိုရာ၌ အရူပကုသိုလ် ၄-ခုဟု မှတ်ပါ။

★

● "ပုထုဇနာနသေက္ခာနံ"ဂါထာ၌ ပုထုဇန-အရ သေက္ခ-အရများကို ကောက်ပြ၍၊ ဌင်း ပုထုဇန် သေက္ခ-တို့၏ ကာမကုသိုလ်နောင် ကျသော အပ္ပနာ၊ ရဟန္တာတို့၏ ကြိယာဇော နောင် ကျသော အပ္ပနာ များကို ရေတွက်ပြပါ။ ?

(၁၀၇) ပုထုဇ္ဇန-အရ တိဟိတ် ပုထုဇန် တယောက်ကိုသာယူ၍ ၏၊ သေက္ခ-အရ သေက္ခပုဂ္ဂိုလ်(၇)ယောက်ကိုပင်ယူရပါသည်။

ပုထုဇန်သေက္ခတို့၏ကာမကုသိုလ်လေးခုနှောင် ၃၂+၁၂-ပါး ပေါင်း ၄၄-ပါးဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်၏ကာမကြိယာ ၄-ခုနှောင် ၈+၆-ပါးပေါင်း ၁၄-ပါးဖြစ်သည်။

● ကာမဇောတခု ယုတ်(၃၀) နှောင်တဒါရုံ ဘယ်မျှကျန်ခဲ့ သည်ကို အသီးအသီး ကျန်စွာ ခွဲဝေပြပါ။ ?

(၁၀၈) မဟာကုသိုလ်ဇော ၈-ခု၊ လောဘမူ, မောဟမူဇော (၁၀) ဤ ၁၈-ပါးသော ဇောနှောင် တဒါရုံ ၁၁-ပါးလုံး ကျန်ခဲ့သည်။ ဒေါသမူဇော နှောင် ဥပေက္ခာတဒါရုံ ၆-ခုသာ ကျန်ခဲ့သည်။ သောမနဿကြိယာဇော ၅-ခုနှောင် သောမနဿ တဒါရုံ ၅-ခုသာကျန်ခဲ့သည်။ ဥပေက္ခာကြိယာဇော ၄-ခုနှောင် ဥပေက္ခာတဒါရုံ ၆-ခုသာကျန်ခဲ့သည်။

● "တထာဂတာမာဝစရ ဇဝနာဝသာနေ" စသော ပါဠိ၌ ကာမာဝစရ ဇဝနာ ဝသာနေ, ကာမာဝစရ သတ္တာနံ, ကာမာဝစရ ဓမ္မေသ္ဝ အာရမ္မဏဘူတေသု - ဟူသော ပါဠိ ၃-ခုတို့ဖြင့် နစ်စေအပ်သော ဇော, သတ္တဝါ, အာရုံ တို့ကိုဘော်ပြပါ။ ?

(၁၀၉) "**ကာမာဝစရဇဝနာဝသာနေ**" ဟူသော ပါဠိဖြင့် အပ္ပနာဇောကို နစ်စေသည်၊ "**ကာမာဝစရသတ္တာနံ**" ပါဠိဖြင့် ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ကိုနစ်စေသည်၊ "**ကာမဝစရဓမ္မေသ္ဝေ**

အာရမ္မဏ ဘူတေသု" ပါဌ်ဖြင့် မဟာဂ္ဂုတ်, လောကုတ်, ပညတ်· အာရုံတို့ကို နစ်စေသည်။

★

● "ကာမေဇဝနသတ္တာလမ္ဗဏာနံ"စသော ဂါထာ၏ ပုဗ္ဗဘုဖြင့် အဘယ်ကိုပြသည်၊ အပရဘုဖြင့် အဘယ်ကိုပြသည်ဟု ဘော်ပြပါ။ ?

(၁၁၀) "ကာမေဇဝနသတ္တာ လမ္ဗဏာနံ နိယမေသတိ"ဟူသော ဂါထာ၏ ရှေထက်ဝက်ဖြင့် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါ ၃-ပါးပြည့်စုံမှ တဒါရုံကျနိုင်သည်ဟု တဒါရုံ၏ အင်္ဂါကို ပြ၏သည်။

ဝိဘူတေတိ မဟန္တေစ တဒါလမ္ဗဏမိရိတံ - ဟူသော ဂါထာ၏ နောက်ထက်ဝက်ဖြင့် ထိုတဒါရုံသည် အင်္ဂါပြည့်စုံ၍ကျသော်လည်း မနောဒ္ဒါရ ဝိဘူတာရုံဝီထိ၊ ပဉ္စဒ္ဒါရ အတ် မဟန္တာရုံဝီထိ မျှားဌ်သာ ကျသည်ဟု တဒါရုံကျရာ ဝိသယပွဝတ္တိကိုပြသည်။

★

● "ဇဝနေသုစ"စသောပါဌ်ဌ် "သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝ ဝါ"ဟူသော စကားတို့သည် အဘယ်အခါကို ဘိုပါသနည်း။ ?

(၁၁၁) ပကတိအခါကို ရည်၍ "သတ္တက္ခတ္တုံ"ဟု ဆိုသည်။

ပုဗ္ဗဏ္ဏကာလ,ပဗုဒ္ဓကာလ,ဝိသညီကာလ-တို့ကိုရည်၍ "ဆက္ခတ္တုမေဝ ဝါ"ဟုဆိုသည်။

★

● "မန္ဒပွဝတ္တိယံပန မရဏကာလာဒိသု ပဋ္ဌဝါရမေဝ"ဌ် အာဒိအရ အဘယ်ကို ယူရမည် ဘော်ပြပါ။ ?

(၁၁၂) မရဏာသန္နကာလနှင့်တူသော မုဇ္ဈာကလကို ယူရပါသည်။

★

● "ဘဂဝတောပန" စသောပါဠိ၌ ယမကပါဠိဟာရိယကာလာဒီသုဒ္ဓ အာဒိ-အရကိုဘော်ပြပြီးလျှင် "စတ္တာရိဝါ ပဌဝါ" ဟူသောစကားမှာ အဘယ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဖြစ်သည်ကိုရေး၍ ပစ္စဝေက္ခဏစိတ္တာနိ-၌ အဘယ်စိတ်ကို ကောက်ယူရမည်ဟု ညွှန်ပြပါ။ ?

(၁၁၃) အာဒိသဒ္ဒါဖြင့် ယမကပါဠိ ဟာရိယကာလနှင့်အလားတူသော အဆောတလျင် ရှောင်တခင်ပြုအပ်သော ကာလကို ယူရမည်။

စတ္တာရိဝါ-ဟူသောစကားကို၊ တိကွိန္ဒြိယ ပုဂ္ဂိုလ်၏အစွမ်းဖြင့် ပဌဝါ-ဟူသောစကားကို မုဒိန္ဒြိယပုဂ္ဂိုလ်၏အစွမ်းပြင့် ဆိုသည်။

ပစ္စဝေက္ခဏစိတ္တာနိ - အရကို၊ မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် ဇော ၈-ခုကို ယူရမည်။

★

● "စတ္တာရောပန မဟာဂ္ဂုပ္ပါဒါ ဇကေစိတ္တာကွဏိကာ" ၌ မဂ်စိတ်တို့သည် အဘယ့်ကြောင့် အကြိမ်ကြိမ် မ ဖြစ်သနည်း။ ?

(၁၁၄) ကာမကုသိုလ်,မဟာဂ္ဂုတ်ကုသိုလ် တို့ကဲ့သို့ ကိလေသာကိုအကြိမ်ကြိမ်ပယ်သတ်ဘုယ်မရှိ၊ သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာကို တကြိမ်တည်းဖြင့်ပင် ပယ်သတ်ခြင်းငှါ စွမ်းနိုင်သောကြောင့် အကြိမ်ကြိမ် မဖြစ်ပါ။

★

● တတော ပရံ ဒေ့တိကိ ဖလစိတ္တာနိ ယထာရဟံ,ဥပ္ပဇ္ဇန္တိ-ဌ် "ယထာရဟံ"ပါဌ်၏ အဓိပ္ပါယ်ကို ရေးပါ။ ?

(၁၁၅) ဒန္ဓာဘိညပုဂ္ဂိုလ်မှာ ဖိုလ် ၂-ကြိမ်။
ခိပ္ပါဘိညပုဂ္ဂိုလ်မှာ ဖိုလ် ၃-ကြိမ်၊
ဟုဆိုလိုသည်။

★

● "နိရောဓ သမာပတ္တိ ကာလေ ဒ္ဝိက္ခတ္တုံ စတုတ္ထာရုပ္ပ ဇာနံ ဇာတိ"ဌ် နိရောဓသမာပတ္တိကာလေ - ဟူသောစကားသည် မုချ စကားဖြစ်မည်လော ဥပစာ စကားဖြစ်မည်လော ထင်ရှားအောင် ဘော်ပြပါ။ ?

(၁၁၆) နိရောဓသမာပတ် ဝင်စားသော အခိုက်မှာ "စတုတ္ထာရုပ္ပဇာ"မစောနိုင်ပါ။ သို့ဖြစ်၍ မုချစကားမဟုတ်ပါ။

နိရောဓသမာပတ်မဝင်စားမီ ရှေးအဘို့ နိရောဓသမာပတ်၏ အနီးဌ် စတုတ္ထာရုပ္ပဇာ ကျခြင်းကြောင့် "သမီပူပစာ"အားဖြင့် ဆိုရပါသည်။

★

● ဤပါဌ်မှာ "ယထာရဟံ" ဟူသော စကားကို လိုက်သင့်, မလိုက်သင့် အကြောင်းပြခြေပါ။ ?

(၁၁၇) အနာဂါမ်မှာ စတုတ္ထာရုပ္ပ ကုသိုလ်ဇောသာ၊ရဟန္တာ ပုဂ္ဂိုလ်မှာ စတုတ္ထာရုပ္ပကြိယာဇောသာ ကျသင့်သောကြောင့် "ယထာရဟံ"ပ ဌ်လိုက်သင့်ပါသည်။

★

● နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်, ဝင်စားနိုင်သောဘုံ, ချုပ်သောရုပ်, ကြွင်းသောရုပ်တို့တို့ စုံလင်စွာ ဘော်ပြပါ။ ?

(၁၁၈) ဝင်းစားနိုင်သောပုဂ္ဂိုလ် အနာဂါမ်ရဟန္တာ။
ဝင်စားနိုင်သော ဘုံကား ကာမဘုံ, ရူပဘုံ။
ချုပ်သောရုပ်ကား စိတ္တဇရုပ်။
ကြင်းသောရုပ်ကား ကံ, ဥတု, အာဟာရရုပ်မျှား။

★

● စိတ္တဇရုပ်သည် "နေဝသညာ နာသညာယတန ဒုတိယ ဇော"နှင့် အတူချုပ်မည်-မချုပ်မည်ကို ထင်ရှားအောင် အကြောင်းပြု၍ ဖြေပါ။ ?

(၁၁၉) နေဝသညာ နာသညာယတန ဒုတိယ ဇော ကြောင့် ဖြစ်သော စိတ္တဇရုပ်မှာ ဒုတိယဇောချုပ်ပြီးသော်လည်း ရုပ်တရား ဖြစ်၍ မချုပ်နိုင်သေးသောကြောင့် စိတ္တက္ခဏ ၁၆-ချက်ခန့်ကြာ မှ ချုပ်လေသည်။ အတူမချုပ်နိုင်ပါ။

★

● ကာမဘုံမှာ ဝင်စားရခြင်းနှင့် ရူပဘုံမှာ ဝင်စားရခြင်း အဘယ်သို့ ထူးသနည်း။ ?

(၁၂၀) ကာမဘုံမှာ - ကဗဠိကာရ မှီဝဲမှု နေနိုင်သောကြောင့် ၇-ရက်သာ ဝင်စားနိုင်သည်၊ ရူပဘုံမှာ ကဗဠိကာရ မမှီဝဲရသော ကြောင့် အဓိဋ္ဌာန်အတိုင်းဝင်စားနိုင်သည်။

★

● "ဝုဋ္ဌာနကာလေစ....ဟောတိ"၌ "ယထာရဟံ" ပါ၌၏ အဓိပ္ပါယ်ကိုရေး၍"နိရုဒ္ဓေ" ပါ၌ကိုထောက်သော် အနာဂါမိ ဖလဝါ-အရဟတ္တဖလဝါဟု ဆိုသင့်လျက် မဆိုခြင်းအကြောင်းကို ရေးပါ။

(၁၂၁) အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်ဇော...ရဟန္တာ ပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇောကျပါသည်။ ဤကား"ယထာရဟံ" အဓိပ္ပါယ်။

"နိရုဒ္ဓေ" ဟူသော လက္ခဏပုဒ်ကို ထောက်၍၊ လက္ခဏဝန္ဓ ဖြစ်သော ကတ္တားပုဒ်တို့မှာလည်း အနာဂ ါမိဖလေ၀ါ, အရဟတ္တ ဖလေ၀ါ-ဟုဆိုသင့်သော်လည်း ဝိဘတ္တိဝိပွလ္လာသ နည်းအားဖြင့် "ပဋမာဝိဘတ်" သက်၍ဆိုပါသည်။

★

● "သဗ္ဗတ္ထာပိ-သမာပတ္တိဝိထိယံဘ၀င်္ဂသောတောဝိယ" ၌ သမာပတ္တိဝိထိ-အပြားကို ဘော်ပြ၍ "ဘ၀င်္ဂသောတော ဝိယ" ဟု ဥပမာပြုရာ၌၊ အဘယ်ကဲ့သို့သော သမာပတ္တိ ဝိထိကိုသာ လိုအပ်သည်ဟု ရေးပါ။ ?

(၁၂၂) သမာပတ္တိဝိထိအပြားကား-

(၁) ဈာနသမာပတ္တိဝိထိ။

(၂) ဖလသမာပတ္တိဝိထိ-ဟူ၍ ၂-ပါး ရှိသည်။

"ဘ၀င်္ဂသောတောဝိယ" ဟူ၍ ဥပမာပြုရာ၌၊ ၀သီဘော် ၅-ပါးတို့ဖြင့် လေ့လာပြီးသော သမာပတ္တိဝိထိ ကိုသာ လိုအပ်သည်။ မလေ့လာရသေးသော သမာပတ္တိဝိထိမျိုးမှာ ဘ၀င် အယာင်ကဲ့သို့မကျနိုင်သေး၍ ထိုဥပမာဖြင့် မလိုအပ်ချေ။

★

● "သတ္တက္ခတ္တုံပ္ပရိတ္တာနိ" ဟူသော စကားကို အဘယ်နည်းဖြင့် ဆိုအပ်ပါသနည်း။ ?

(၁၂၃) ဥက္ကဋ္ဌသကောဋ္ဌိနည်းဖြင့် ဆိုအပ်သည် } အတူတူ။
ဥက္ကဋ္ဌပရိစ္ဆေဒနည်းဖြင့် ဆိုအပ်သည်

★

● "ဟေဋ္ဌိမကောဋ္ဌ" နည်းဖြင့် ယူလျှင် ကာမဇော ဘယ်မျှ စောနိုင်သနည်း။ ?

(၁၂၄) (၆)ကြိမ်, (၅)ကြိမ်, (၄)ကြိမ်လည်း စောနိုင်သေးသည်။

● "အာဒိကမ္မိကဿ" စသောပါဠိဖြင့် ကြွင်းသော မဟာဂျုတ်ဇော တို့လည်း တကြိမ်စောလျက်၊ အဘယ့်ကြောင့် "မဂ္ဂါ ဘိညာ သကိံ မတာ" ဟု ဆိုအပ်သနည်း။?

(၁၂၅) မဂ်ဇော, အဘိညာဏ် ဇော တို့သည် နိစ္စ-အားဖြင့် တကြိမ် စော၍ ဆိုသည်။ ကြွင်းသော မဟာဂျုတ်ဇော တို့ကား အာဒိကမ္မိကဝိထိ၌ တကြိမ်စောသော်လည်း သမာပတ္တိဝိထိ-၌ တကြိမ် မကကုန်၊ ထို့ကြောင့် အနိစ္စဖြစ်၍ မဆိုပါ။

★

● "အဝသေသာနိလဗ္ဘန္တိ ဇဝနာနိဗဟူနိပိ" ၌ ကြွင်းသော မဟာဂျုတ်, လောကုတ္တရာဇော တို့သည် အဘယ့်ကြောင့် အကြိမ်များစွာကျန်ခဲ့သနည်း။?

(၁၂၆) "သမာပတ္တိဝိထိ" ၌ တနေ့တည်လုံးသော်လည်း ဖြစ်နိုင်သောကြောင့် "များစွာဖြစ်သည်" ဟု ဆိုသည်။

★

● "ဗဟူနိပိ" ၌ ပိသဒ္ဒါဖြင့် အဘယ်ကိုပေါင်းသနည်း။

(၁၂၇) လောကီအပွနာဇော-တို့၏ အာဒိကမ္မိကဝိထိ-၌တကြိမ် ကျခြင်းကိုဝင်း၊ အထက်ဖိုလ် ၂-ပါး တို့၏ နိရောဓသမာပတ်မှ ထသောအခါ တကြိမ်ကျခြင်းကိုဝင်း၊ မဂ္ဂါနုဗန္ဓရဖိုလ် ၄-ခုတို့၏ (၂)ကြိမ်, (၃)ကြိမ်ကျခြင်းကိုဝင်း ပေါင်းခြင်းအနက်ရှိ၏။

★

● "အသေက္ခာနံစတုစတ္တာလီသ" ၌ "စတုစတ္တာလီသ" အရ များ ကောက်ပြပါ။?

(၁၂၈) ကာမဝိပါက်-နှစ်ဆဲ့သုံးဖြာ၊
ကြိယာဝိသ-ဖလတဖြာ။
လေးဆဲ့လေးခု-စတုစတ္တာ၊
စျာန်ကိုရ-ကာမ,ရဟန္တာ။ ။

● "သေက္ခာနမုဒ္ဒိသေ ဆပညာသ" ၌ ဆပညာသအရကို သရုပ်ကောက်ပြပါ။ ?

(၁၂၉) ဒိဋ္ဌ, သံ,ဝိစိ-ဟသိပယ်ပြန်၊
အသောဘဏ-ကျန်ထသဗ္ဗံ။
မဟာဝရ္ဂစ-နှစ်ဆုံတစ်ကုသလ၊
ဖိုလ်မှာသုံး-ပေါင်းရုံး ဆပညံ။

★

● "အဝသေသာနံ စတုပညာသ" ၌ "စတုပညာသ" အရ ကောက်ပြပါ။ ?

(၁၃၀) ကြိယာဇောမျိုး-ကိုးခုပယ်ပါ၊
လေးဆဲ့ငါးဝ-ကာမစိတ်မှာ။
ကုသိုလ်မဟာ-ပေါင်းစုက်လေပါ၊
လေးပုထု-စတုပညာသာ။ ။

★

● "ကာမာဝစရဘူမိယံ" စသောဝါကျ၌ အဘယ့်ကြောင့် ကာမဘုံမှာ အလုံးစုံသော ဝိထိစိတ်ဖြစ်ကြောင်းကိုဘော်ပြ၍ "ယထာရဟံ" ပါဠိ၏ အဓိပ္ပါယ်ရေးပါ။?

(၁၃၁) ၆-ပါးသောဒ္ဒါရ အလုံးစုံသောပုဂ္ဂိုလ်တို့ကို ထိုကာမဘုံ၌ ရသင့်သောကြောင့်၊ အလုံးစုံသောဝိထိစိတ် ရသင့်သည်။

"ယထာရဟံ" ပါဠိ၏ အဓိပ္ပါယ်ကား၊ ဝိထိစိတ် ၇၀-ကို ရသည်ဆိုသော်လည်း တဦးတဦးမှာ ရသည်မဟုတ်၊ ထိုထိုသော ဘဝအားလျော်စွာ၊ ထိုထိုသော ပုဂ္ဂိုလ်အားလျော်စွာ ရသည်ဟု ဆိုလိုသည်။

★

● "ရူပါဝစရဘူမိယံ"စသောဝါကျ"အရူပါဝစရဘူမိယံ" စသော ဝါကျတို့၌ ရူပဘုံ, အရူပဘုံ၌ မရသောစိတ်တို့သည်,ဤမျှမကဘဲလျက် ရှင်အနုရုဒ္ဓါဆရာ ဘယ်ကြောင့် မဆိုသနည်း။?

(၁၃၂) ထိုကြွင်းသော စိတ်တို့ကို သိမ်းမြဲဆိုခြင်းငှါ သင့်ထွာပိ စတံတံပသာဒရဟိတာနံ-စသောစကားကို ဆိုလတ္တံ့ဖြစ်၍ ချန်၍ ဆိုပါသည်။

★

● အရူပါဝစရဘူမိယံ ပဌမမဂ္ဂ ဆိုရာ၌အဘယ်ကြောင့် ပဌမ မဂ်ကို မရသနည်း။ ?

(၁၃၃) [ပရတောဃောသ ဩအဘာဝေ]"ပရတောဃောသ" ဟုဆိုအပ်သော သူတပါးထံမှ ကြားနာရခြင်းဟူသောအကြောင်း ကင်းသောကြောင့် သောတာပတ္တိမဂ်ကိုမရနိုင်ပါ။

★

● အဘယ်ပုဂ္ဂိုလ်မျှားသည်"ပရတောဃောသ" ကင်း၍ မဂ် ဖိုလ်ကို ရနိုင်ပါသနည်း။ ?

(၁၃၄) ဘုရားနှင့် ပစ္စေကဗုဒ္ဓါ။ (မဏိ၀ဠ္ဠ)

★

● ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သည်၊ ထိုအရူပဘုံမှာ မဖြစ်ကောင်းသလော, ဖြစ်ကောင်းသလော အကယ်၍ ဖြစ်ကောင်းလျှင် သောတာပတ္တိမဂ်ကို အရူပဘုံမှာ ရသည်ဟု ဆိုရမည်မဟုတ်ပါလော။ ?

(၁၃၅) ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သည် လူ့ဘုံ မင္ဂျီမဒေသမှ တပါး၊ တခြားဘုံ,တခြားဒေသ၌ မဖြစ်ကောင်းပါ။ (မဏိမဠ္ဠ)

★

● အရူပဘုံမှာ သောတာပတ္တိမဂ်ကို မရဘဲလျက် သောတာပတ္တိဖိုလ်ကို အဘယ်ကဲ့သို့ရပါသနည်း၊ ကျေဉ်ရှိရကောင်းသလော။ ?

(၁၃၆) သောတာပတ္တိဖိုလ် ရသည်ကား၊ ထို အရူပဘုံ ကျမှ ရသော သောတာပတ္တိဖိုလ်မဟုတ်၊ ကာမသုဂတိ ၇-ဘုံ သုဘကိဏ္ဏတိုင်အောင်သော ရူပ ၉-ဘုံမှသောတာပတ္တိမဂ်ဖိုလ်ကိုရပြီး၊ အရူပဘုံသို့ ရောက်သွားသော သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် ဖြစ်ပါသည်။

● ရူပစိတ် ဟသိတုပ္ပါဒ်စိတ် အောက် အရူပစိတ်တို့ကို မရကြောင်းကို ဘော်ပြပါ။ ?

(၁၃၇) ရူပဘုံသို့ပြန်ရောက်ရန် ရူပစျာန်ကို အားမထုတ်သောကြောင့် ရူပစိတ်ကိုမရ၊ အောက်ရူပဘုံမှာဆင်းရဲဖြစ်ရန် အောက်အရူပစျာန်ကို အားမထုတ်သောကြောင့် အောက် အရူပစိတ်ကို မရ၊ ရယ်ရှင်စရာ ရုပ်မရှိသောကြောင့်၊ "ဟသိတုပ္ပါဒ်" စိတ်ကို မရပါ။

● "အသီတိ ဝိထိစိတ္တာနိ" ဂါထာ၌ အသီတိ,စတုသဋ္ဌိ, ဒွေစတ္တာလီသသင်္ခ္ယာတို့၏ သင်္ချေယျကိုရေးပါ။ ?

(၁၃၈) မဟာဂ်,ဝိ,ကြဉ်ဘိ-ဝိထိရှစ်ဆယ်၊
ကာမဘုံထဲ-ရမြဲမှတ်ဘွယ်။ (အသီတိ)
ဒေါ,ဃာနုဘိ-မဟာဝိထပ်ပယ်၊
စတုသဋ္ဌိ-ရအပ် ရူပဝယ်။ ။ (စတုသဋ္ဌိ)

လောဘမ္ဟ,မောဝုဋ္ဌောတဘန်၊
မဟာကုကြိ-ကုကြိအရှုပ်။
လောကုတ္တရ-သတ္တယူရန်။
ဒ္ဒေစတ္တာ-ရပါ,အရှုပ်။ ။(ဒ္ဒေစတ္တာလိသ)

ဝိထိမုတ္တသင်္ဂဟ-အမေးအဖြေ

● ပုထုဇန်ချည့်ရသောဘုံ၊ အရိယာချည့်ရသောဘုံ၊ ပုထုဇန် အရိယာ ၂-မျိုးရသောဘုံတို့ကိုပြ၍သာဓကပါဦးရေးပါ။?

(၁၃၉) ပုထုဇန်ချည့်ရသောဘုံ အပါယ်-၄၊ အသညသတ်-၁။ အရိယာချည့်ရသောဘုံ"သုဒ္ဓါဝါသ"၅-ဘုံ။ ပုထုဇန်,အရိယာ ၂-မျိုးရသောဘုံ ကြွင်း ၂၁-ဘုံ။ (သာဓကကား ပုထုဇနာနလဗ္ဘန်တို့ "လ" အရိယာအနရိယာ ပိစ။)

★

● "ပုထုဇနာနလဗ္ဘန်"စသော ၂-ဂါထာတို့၌"သဗ္ဗထာ"၌ သကလပကာရတွ-အရကို ဘော်ပြ၍ အနရိယာ-၌လိုအပ်သော အနရိယပုဂ္ဂိုလ်ကိုရေးပါ။ ?

(၁၄၀) သဗ္ဗထာ-၌ သကလပကာရတွကား၊ ဗုဒ္ဓုပ္ပါဒနှင့် ဗုဒ္ဓါနုပ္ပါဒ ၂-ပါးတည်း။ ။အနရိယ-၌ လိုအပ်သော ပုဂ္ဂိုလ်ကား သုဂတိ,ဒွိဟိတ်,တိဟိတ်ပုဂ္ဂိုလ် ၃-ယောက်ကိုလိုအပ်သည်။

★

● "သကဒါဂါဒိနောစာပိ" ၌ စ,အပိ သဒ္ဒါတို့ဖြင့် အဘယ်ကို ဆည်းပါသနည်း။ ?

(၁၄၁) အနာဂါမိမဂ်ပုဂ္ဂိုလ်ကို ဆည်းသည်။

★

● "သြက္ကန္တိ"သဒ္ဒါကို ဝစနတ္ထပြု၍ "ပဋိသန္ဓိဂ္ဂဏှ" မဆို ဘဲ "သြက္ကန္တိဂ္ဂဏှ"ဟုဆိုရကြောင်းကိုရေးပါ။ ?

(၁၄၂) သြက္ကမတိ ပရလောကတော အာဂန္တွာ ဣမလောကေ ဟိသန္တိ၊ဝိယ ဟောတိတိ"သြက္ကန္တိ"ဟု ပြုရသည်။

"သြက္ကန္တိ"သဒ္ဒါသည် "ပဋိသန္ဓိ"သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေခြင်းငှ၊ "ပဋိသန္ဓိကွဏေ" ဟု မဆိုဘဲ "သြက္ကန္တိကွဏေ"ဟု ဆိုပါသည်။

★

● "ဇစ္စန္ဓာဒိနံ"၌ "ဇစ္စန္ဓ"အရ အဘယ်ကို ယူရမည်နည်း။?

(၁၄၃) စက္ခုဖြစ်ချိန် ကာလသို့ရောက်လျက်၊ စက္ခုမပေါ်ခြင်းကိုသာ "ဇစ္စန္ဓ"ခေါ်သည်။ အသျှင်ဗုဒ္ဓပိယမထေရ်၏အလိုအားဖြင့် အမိဝမ်းမှ ကာဏ်းလာသောသူမှန်သမျှကို "ဇစ္စန္ဓ"ဟု ဆိုသည်။

★

● "ဇစ္စန္ဓာဒိနံ"၌ "အာဒိသဒ္ဒါ"အရ အဘယ်ကို ယူရမည်နည်း။?

(၁၄၄) ဇစ္စဗဓိရ-ဇစ္စမူဂ၊
ဇစ္စဋ္ဌ-ဇစ္စုမ္မတ္တာ။
ပဏ္ဍကောနှင့်-ဥဘတောဗျဉ္ဇ၊
နပုံသက-မမ္မအာဒိနံ။ ။

★

● "ပဋိသန္ဓိဘဝင်္ဂ"စသောပါဠိ၌ ကေမဝ၌ ကေသဒ္ဒါ၏ သမာနတ္ထများကိုဘော်ပြ၍ ကေဇာတိယံ၌ ဇာတိသဒ္ဒါ ပဋိသန္ဓေအခိုက်ကိုသာ ယူရပါသလော။?

(၁၄၅) ကေသဒ္ဒါ၏ သမာနတ္ထကား၊ ဘူမိ, ဇာတိ, သမ္ဘယုတ္တ, သင်္ခါရ တူရခြင်းတည်း။ ။ဇာတိသဒ္ဒါဖြင့် ပဋိသန္ဓေအခိုက်သာ ယူရသည်မဟုတ် "တဘဝလုံး"ကို ယူရပါသည်။

★

● ပဋိသန္ဓေ ဘဝင် စုတိ စိတ်တို့သည် ဘူမိ,ဇာတိ,သမ္ဘယုတ္တ, သင်္ခါရအာရုံအားဖြင့် တူပုံကို ပုံစံတခုထုတ်ပြပါ။?

(၁၄၆) အကုသလဝိပါက်, ဥပေက္ခာသန္ဓိရဏ ပဋိသန္ဓေစိတ်သည်ဘုံအားဖြင့်အပါယ်ဘုံမှာဖြစ်ခြင်းကြောင့်ဘုံစုတိကျသောအခါလည်း အပါယ်ဘုံမှာပင်ကျသည်။ (ဘုံတူပုံ)။ ၎င်းပဋိသန္ဓေစိတ်သည် ဝိပါက်ဇာတ်ဖြစ်ခြင်းကြောင့် ဘဝင်စုတိလည်း ဝိပါက်ဇာတ်ပင်ဖြစ်သည် (ဇာတ်တူပုံ)။ ၎င်းပဋိသန္ဓေစိတ်သည် ဆန္ဒ, ပီတိ, ဝီရိယကြည်သော အည သမာန်းစေတသိက် (၁၀) ယှဉ်ခြင်းကြောင့်၊ ဘဝင်စုတိတို့လည်း(၁၁)ပင်ယှဉ်သည်။(သမ္မယုတ္တတူပုံ)။ ၎င်းပဋိသန္ဓေသည် အသင်္ခါရိကဖြစ်ခြင်းကြောင့်၊ ဘဝင်စုတိတို့လည်း၊ အသင်္ခါရိကပင်ဖြစ်သည် (သင်္ခါရတူပုံ)။ ၎င်းပဋိသန္ဓေစိတ်သည်၊ကံ,နိမိတ်ကိုအာရုံပြုလျှင် ၎င်းဘဝင်စုတိတို့လည်း ကံ,နိမိတ်ကိုပင်အာရုံပြုကြသည်။ (အာရုံတူပုံ)။

ဤနည်းကိုမှီး၍ ကျန် ပဋိသန္ဓေ ၁၈-ပါးကိုလည်း ကြံပါ။

★

● "ပဋိသန္ဓေဘဝင်္ဂ"စသောစကားသည် မုချစကားပင်ဖြစ်မည်လော၊ ယေဘုယျစကားပင်ဖြစ်မည်လော၊ ထင်ရှားအောင် အကြောင်းပြဖြေပါ။?

(၁၄၇) အာဂန္တုက ဘဝင်စိတ်သည် မူလပဋိသန္ဓေစိတ်နှင့် ဘူမိဇာတိသမ္မယုတ္တသင်္ခါရအာရုံအားဖြင့် မတူဘဲ ဖြစ်ကောင်းသောကြောင့်၊ ထိုစကားကို ယေဘုယျစကားဟု မှတ်ရပါသည်။ (တံ ယေဘုယျတောတိ ဒဋ္ဌဗ္ဗံ) ဋီကာကျော် (၁၁၆)။

★

● အပါယ်ဘုံသား၊ မနုဿဘုံသားတို့၏ အသက်တန်းမပြုထုံ ပုံသက်သေတခုစီထုတ်ပြပါ။?

(၁၄၈) အပါယိက မနုဿာယု ပရိစ္ဆေဒေါ နဝိဇ္ဇတိ။ တသာ ဟိ ကာဠော မနုဿတာ၊ ယက္ခာ ကေစိ, စိရာယုနော။

ကာဌနဂါးမင်း, မန္ဒတ်မင်း, အခ္ခါသောနတ်ဘီလူးတို့ လွန်စ္ဓာ အသက်ရှည်ကြပါသည်၊ အခ္ခါမှာလည်း လွန်စ္ဓာအသက်တိုကြပါသည်၊ ကမ္ဘာဦးကလူများ အသက်ရှည်၍ ကမ္ဘာ့နောက်ပိုင်းလူများ အသက်တိုကြပါသည်။

● "စတုဂ္ဂုဏ်" အရ အဘယ်သို့ ယူရမည်နည်း။?

(၁၄၉) ဒီဝသ, သံဝစ္ဆရ, ဒီဂုဏဝေသန စတုဂ္ဂုဏ်၊ ရက်ကား ၂-ဆ၊ နှစ် ၂-ဆ၊ ၄-ဆ တက်သည်မှတ်။

● နတ် ၆-ဘုံ၏ အသက်ကိုအစဉ်အတိုင်း လူသက်နှင့်တွက်သော် မည်မျှစီရှိကြောင်းကို ဘော်ပြပါ။?

(၁၅၀) ၉-မှာ စတု, ၃-၆-ခုတာ။
၁,၄,၄ ဟု-ဖြစ်မှုယာမာ။
၅,၇,၆-ရှိ-တုသိတာ မှာ၊
ခြောက်လုံးစီ-တိုးပြီ, သုညမှာ။ ။
၂,၃,သုည-၄,က နိမ္မာ။
၉,၂,၁,၆-ဖြစ်မြောက် ပရာ။
သုည, ၆-ခုံ-တိုးပြုလေပါ။
နတ်ဘုံသက်-လူသက်, ချင့်နှိုင်းစာ။ ။

● "အသညသတ္တာနုံပန ရူပမေဝ" ၌ ရူပမေဝ ပုဒ် ဝယ် အဘယ်ရုပ်ကို ယူရမည်နသည်။ ?

(၁၅၁) အဌကထာ'အလို ဇီဝိတနဝက ရုပ်ကလာပ်ကို၊ မူလဋီကာအလို ဇီဝိတဆက္ကရုပ်ကလာပ်ကို ယူရပါသည်။

● "မဟာဗြဟ္မာနံကောကပ္ပေါ ပရိတ္တာဘာနံ ဒ္ဒကပ္ပါနိ" တို့၌ ကပ္ပအပြားကိုဘော်ပြ၍ ဤ၌လိုအပ်သော ကပ္ပအရ ရေးပါ။ ?

(၁၅၂) ၁–အာယုကပ်။ ၂–အန္တရကပ်။ ၃–အသင်္ချေယျကပ်။ ၄–မဟာကပ်ယူ၍ ကပ်လေးမျိုးရှိပါသည်။

"မဟာဗြဟ္မာနံကောကပ္ပေါ"၌ [illegible] အသင်္ချေယျကပ်ကို.....

"ပရိတ္တာဘာနံဒ္ဒကပ္ပါနိ" ၌ [illegible] မဟာကပ် ကို.... လိုအပ်သည်။

★

● "ဇနကကံနှင့် ဥပစ္ဆေဒကကံ"အထူးကိုရေးပါ။ ?

(၁၅၃) ကံ,တပါးအကျိုး-မချိုးမပယ်၊
ဇနကမျိုး -အကျိုးပေးတယ်။
ကံ,တပါးအကျိုး-ပယ်ချိုး၍ကွယ်၊
ကျိုးပေးလစ်-ဥပစ္ဆေဒ ကွယ်။

★

● "ဥပပီဠကကံနှင့် ဥပစ္ဆေဒကကံ"အထူးကိုရေးပါ။ ?

(၁၅၄) ဗဟုဗာဓ-အစထွေ့ဖြာ၊
ကြိုးကြား,ကြိုးကြား- မြစ်ငြား, ပိဋ္ဌကာ။
ကံ,တပါးကျိုးမြတ်-ပယ်ဖြတ်၍သာ၊
ကံ,တခု-ခွင့်ပြု,ပစ္ဆေဒါ။ ။

★

● ကိစ္စအပြား ကံ,လေးပါးတို့ကို "သဘာဂ ဝိသဘာဂ" အားဖြင့် ဝေဘန်ပါ။ ?

(၁၅၅) ဥပတ္ထမ္ဘက ကံ-သည် ကုသိုလ်က ကုသိုလ်ကံ ကိုပင် ထောက်ပံ့သည်၊ အကုသိုလ်ကံက အကုသိုလ်ကံကိုပင် ထောက်ပံ့သည်ဖြစ်၍ **သဘာဝ** ဖြစ်သည်။ ဥပပီဠကနှင့် ဥပဃာတက ကံတို့မှာ ကုသိုလ်ကံက အကုသိုလ်ကံကို နှိပ်စက်သည် ဖြတ်သည်၊ အကုသိုလ်ကံက ကုသိုလ်ကံကို နှိပ်စက်သည် ဖြက်သည် ဖြစ်၍၊ **ဝိသဘာဝ** ဖြစ်သည်။

ဥပတ္ထမ္ဘက, သဘာဝ - နောက် ဒွ, ဝိသဘာ။

★

● "ပါကဒါန ပရိယာယ" အားဖြင့် ကံ ၄-ပါးအဓိပ္ပါယ်ကို ကျနစ္စာရေးပါ။ ?

(၁၅၆) ၁—မဟာသာဝဇ္ဇ - ပဋ္ဌာန်း၊
မဟာနုဘာဝ - မဟာဂုကံ။
ကံတပါးတို့ - မတားနိုင်ပြန်၊
ကြိုးလေးမှု - ဂရုခေါ်တဲ့ကံ။ ။

၂—ရှေးကပြုပြီး - အသီးသီးကံတွေ၊
သေခါနီးတွေ - အောက်မေ့ ထွေထွေ။
သေခါနီးမှ - ပြုရကံပေ၊
အာသန္န - ကမ္မခေါ်ကြလေ။ ။

၃—နေ့ညဉ့်မပြတ် - ပြုအပ်ဘန်ဘန်၊
ထိုကံကိုပ - ခေါ်ရစိတ္ကွံ။
တကြိမ်ပြုလဲ - အမြဲနိစ္စံ၊
ဘန်တလဲ - မ့ေဝဲ **အာဘိတ္ကွံ**။ ။

၄—ဂရုကာသန္န - စိတ္ကွာသုံးတန်၊
ထိုကံမျိုးလောက် - မမြောက်သည့်ကံ။
ပြုခါမတ္တ - ကမ္မခေါ်ပြန်၊
ကဋတ္တာ - မှတ်ပါ, နောက်ဆုံးကံ။ ။

● ဒိဋ္ဌမမ္မ ဝေဒနိယ စသော ကံ ၄-ပါး တို့၏ အကျိုးပေး ရာကာလနှင့် တရားကိုယ်ကိုကောက်ပြပါ။ ?

(၁၅၇) ဒိဋ္ဌမမ္မဝေဒနိယ, ယခုပစ္စုပ္ပန် ပဌမဇောစေတနာ၊ ဥပ ပဇ္ဇဝေဒနိယ, ဒုတိယဘဝ သတ္တမဇောစေတနာ၊ အပရာပရိယ ဝေဒနိယ, တတိယဘဝမှနိဗ္ဗာန် အလယ်ဇော ၅-ချက်၊ အဟော သိကံ အကျိုးပေးချက်မရှိ ဇော ၇-ချက်။

★

● ဇော (၇) ကြိမ် တို့သည် အာရုံဘမျိုးတည်းမှာဖြစ်ပါ လျက် အဘယ့်ကြောင့် ပဌမဇောက ဒိဋ္ဌမမ္မ၊ သတ္တမ ဇောက ဒုတိယဘဝ၊အလယ်ဇော ၅-ချက်က တတိယဘဝ မှ နိဗ္ဗာန်တိုင်အောင် အကျိုးပေးသနည်း။ ?

(၁၅၈) ပဌမဇောမှာ အာသေဝန ပစ္စည်းသာထိုက်၍၊အာသေ ဝနပစ္စယုပ္ပန်မထိုက်သောကြောင့် ပစ္စုပ္ပန်ဘဝမှာပင် အကျိုးပေး သည်၊ သတ္တမဇောမှာ အာသေဝနပစ္စယုပ္ပန်သာထိုက်၍ အာသေ ဝနပစ္စည်း မထိုက်သောကြောင့် ဒုတိယဘဝမှာသာ အကျိုးပေး နိုင်သည်၊ အလယ်ဇော ၅-ချက်မှာ အာသေဝနပစ္စည်းပစ္စယုပ္ပန် ၂-မျိုးထိုက်ခြင်းကြောင့် တတိယဘဝကစ၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သည်။

★

● ပဋိဏ်းပိုင်း ကာယဒ္ဒါရ နှင့် ကာယဝိညတ္တိသင်္ခါရတ ကာယဒ္ဒါရေ၌ ကာယဒ္ဒါရ ၂-ခု အထူးကိုရေးပါ။ ?

(၁၅၉) ပဋိဏ်း၌ "ကာယဒ္ဒါရ"ကား၊ ကာယဒ္ဒါရိကဝိထိစိတ် တို့၏ဖြစ်ကြောင်း (ဥပပတ္တိဒ္ဒါရဘည်း)။ ကာယဝိညတ္တိသင်္ခါရတ ကာယဒ္ဒါရေ၌ "ကာယဒ္ဒါရ"ကား ပါဏာတိပါတ ဒါနစသောကံ တို့၏ ဖြစ်ကြောင်း "ကမ္မဒ္ဒါရ"တည်း။ (ဤကားအထူး)

★

● ကာယဒ္ဒါရေ"ဗာဟုလ္လဝုတ္တိတော"၌"ဗာဟုလ္လဝုတ္တိတော" ဟု ဝိသေသန"မ"ရခြင်းအကြောင်းကို ရေးပါ။ ?

(၁၆၀) "ပါဏာတိပါတ" စသည်ကို နှုတ်ဖြင့် စေခိုင်းသူအား ကာယကံသည် ဝစီဒ္ဒါရ၌ဖြစ်သောကြောင့်၊ ဒ္ဒါရဖြင့် ကံ,ကိုမှတ်ခြင်းသည် မဖြစ်၊ ထိုအတူ"မုသာဝါဒ"စသည်ကို လက်ရိပ်ပြခြင်းစသည်ဖြင့် ပြုသောသူအား ဝစီကံသည် ကာယဒ္ဒါရ ၌လည်းဖြစ်သောကြောင့် ကံ·ဖြင့် ဒ္ဒါရကိုမှတ်ခြင်းသည် မဖြစ်ရာ၊ ဤသို့စောဒနာ ဘွယ်ရှိ၍ မျှားစွာဖြစ် ခြင်းဖြင့် မှတ်ခြင်းကို ပြခြင်းငှါ "ဗာဟုလ္လဝုတ္တိတော"ဟူသော"ဝိသေသန"ကို "မ"တော်မူသည်။

"ဝစီဒ္ဒါရေ ဗာဟုလ္လဝုတ္တိတော" ၌လည်း ဤနည်းကို မှီး၍ကြံပါ။

● ဒ္ဒါရသင်္ဂဟ ၌ မနောဒ္ဒါရ နှင့် မနောဒ္ဒါရေ ပဝတ္တံ၌ မနောဒ္ဒါရ ၂-ခု အထူးကို ရေးပါ။ ?

(၁၆၁) ဒ္ဒါရသင်္ဂဟ-၌ မနောဒ္ဒါရကား ၆၇-ပါးသော မနောဒ္ဒါရိကစိတ်တို့ ဖြစ်ကြောင်း ဖြစ်သော ဘဝင်္ဂုပဇ္ဇေဒစိတ်(၁၉)ခုကိုဆိုသည်။ ။မနောဒ္ဒါရေပဝတ္တံ-၌ မနောဒ္ဒါရကား၊ မနောကံ၏ ဖြစ်ကြောင်း တောဘူမက-ကုသိုလ်,အကုသိုလ်စိတ် ကို မနောဒ္ဒါရ ဆိုသည်။

(အလုံးစုံ စိတ်တခုယုတ် ၉၀-ကိုပင် "မနောဒ္ဒါရ"ဟု ဆိုသည်။) [အဋ္ဌသာလိနီ-၁၀၅]။

● ပုညကြိယာတရား ဆယ်ပါးကို ဒါန, သီလ, ဘာဝနာ ၃-ပါးထဲသို့ သွင်းပြပါ။ ?

(၁၆၂) ပတ္တာ,ပတ္တိ - သွင်းဘိ ဒါနာ၊
ပစာ,ဝေယျ - သွင်းထ သီလာ။
ဓမ္မ,နုစ်ခု - ဒိဋ္ဌေမှာ၊
ဤသုံးပါး - သွင်းငြား ဘာဝနာ။

★

● "မနောကမ္မမေဝ တဋ္ဌဘာဝနာမယံ"ပါဠိတို့၌ ဝေ,ဘာဝနာမယသဒ္ဒါတို့ဖြင့် နစ်စေအပ်သော အနက်ကို ဘော်ပြပါ။ ?

(၁၆၃) "ဝေ"သဒ္ဒါဖြင့် ကာယကံ,ဝစီကံကို နစ်စေသည်။ "ဘာဝနာမယံ" ပါဠိဖြင့် ဒါနမယ, သီလမယကို နစ်စေသည်။

★

● ဘွောကုသလကမ္မမုဒ္ဓစ္စ .... ယထာရဟံ ဝိပစ္စတိ-၌ ဥဒ္ဓစ္စစေတနာ၏ ပဋိသန္ဓေ မဖြစ်စေနိုင်ကြောင်းကို ဘော်ပြ၍ "ယထာရဟံ"ပါဠိ၏ အဓိပ္ပါယ်ကိုရှင်းလင်းပါ။ ?

(၁၆၄) ဥဒ္ဓစ္စစေတနာသည် ဒဿနနုပဟာတဗ္ဗ 'တရားတို့၌ မလာသောကြောင့် ပဋိသန္ဓေမဖြစ်စေနိုင်ပါ၊ "ယထာရဟံ"ပါဠိ၏ အဓိပ္ပါယ်ကား ကာမဘုံမှာ,အကုသလဝိပါက် ၇-ပါးလုံးဖြစ်သည်။ ရူပဘုံမှာ စက္ခု,သောတ,ဝိညာဏ် ၂-ပါးနှင့် သမ္ပဋိစ္ဆိုင်းသန္ဓိရဏ ဤ ၄-ပါးသာဖြစ်သည်ဟု ဆိုလိုသည်။

★

● ကာမာဝစရကုသလမှ....ယထာရဟံဝိပစ္စတိ-၌ "ယထာရဟံ"ပါဠိ၏ အဓိပ္ပါယ်ကိုရေးပါ။ ?

(၁၆၅) ကာမဘုံမှာ မဟာဝိပါက် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။ ရူပဘုံမှာ စက္ခု

ဝိညာဏ်, သောတဝိညာဏ်, သမ္ဘဝဋ္ဌိဆိုင်း, သန္ဓိရဏ ၂-ခုအားဖြင့် ပေါင်း ၅-ခုသာဖြစ်သည်ဟု ဆိုလိုသည်။

★

- တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ-စသော ၃-ဝါကျနှင့် အသင်္ခါရံ, သသင်္ခါရ-စသော ဝါကျသည် ဝါဒခြင်းတူမည် မတူမည်ကို ထင်ရှားအောင်ဘော်ပြပါ။ ?

(၁၆၆) တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ-စသောဝါဒကား၊ မဟာဝိဟာရဝါသီ၌ သီတင်းသုံးကုန်သော တိပိဋကစူဠနာဂ-စသော မထေရ်တို့၏ သမာနဝါဒဖြစ်သည်။ အသင်္ခါရံ သသင်္ခါရ-စသော ဝါဒကား မောရဝါပိအရပ်၌ သီတင်းသုံးသော သျှင်မဟာဓမ္မရက္ခိတမထေရ်၏ ကေစိဝါဒ ဖြစ်၍ ဝါဒခြင်းမတူပါ။

★

- တေသံဒ္ဒါဒသ-စသော ကေစိဆရာ၏စကား၌ ဒ္ဒါဒသ, ဒသ, အဋ္ဌ-ဟူသော သင်္ချာတို့၏ သရေ်ယျကို ဘော်ပြပါ။ ?

(၁၆၇) အဟိတ်ဝိပါက်-ရှစ်ချက်မူတည်၊ ၈၊
အသင်မဟာဝိ-ထည့်ဘိတလီ။ ၄-(ဒ္ဒါဒသ)
သသင်္ခါရိ-ထည့်ဘိတလီ၊ ၄-(ဒ္ဒါဒသ)
၁၂-ခု-ဖြစ်မူ ၂-ခါညီ။ ။
ဝိပွယုတ်ဝိပါက်-၂-ချက်အသင်၊ (ဒသ)
သသင်မှာလည်း-ထိုနည်းထည့်ချင်။ (ဒသ)
အဟိတ်ဝိပါက်-ရှစ်ချက်ပင်လျှင်၊
မှတ်လိုက်ကြ-"အဋ္ဌ"အရပင်။

★

● ယထာသမ္ဘဝမုဒ္ဒိသေ-၌ "ယထာသမ္ဘဝံ"ပါ၌၏အဓိပ္ပါယ်ကို ရေးပါ။?

(၁၆၈) ဤမေးခွန်းမှာ ယခုဖြေခဲ့သော ဒွါဒသ,ဒသ,အင္ဂ-အရတို့ကိုဖြေခြင်းအားဖြင့် ပြေသည်၊ အတူတူမှတ်ပါ။

★

● ပဋ္ဌမစျာနံ ပရိတ္တံဘာဝေတွာ-၌ လိုအပ်သော ပဋ္ဌမစျာန်ကို ရေးပါ။ ?

(၁၆၉) အဘိညာဘာဝံ အသမ္ဘတ္တံ ပဋ္ဌမစျာနံ ဟု ဋီကာကျော်ဆိုသောကြောင့်၊ အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ပဋ္ဌမစျာန်ကို လိုအပ်သည်။

★

● အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ပဋ္ဌမစျာန်တွင် ဟိန, မဇ္ဈိမ, ပဏီတ-ဟု သုံးပါးပြားပြန်ရာ အဘယ်ကို လိုအပ်သနည်း။?

(၁၇၀) "တိဝိဓမ္ပိ ဘာဝေတွာ" (ဋီကာကျော်) ဆိုခြင်းကြောင့် ၃-ပါးလုံးကို ၎င်း လိုအပ်သည်။

★

● အဘိညာဏ်အဖြစ်သို့ရောက်သော ပဋ္ဌမစျာန်ကို အဘယ့်ကြောင့် မလိုအပ်ပါသနည်း၊ အကြောင်းပြ၍ဖြေပါ။?

(၁၇၁) အဘိညာဏ် အဖြစ်သို့ ရောက် သော ပဋ္ဌမ စျာန်မှာ အာသေဝန မရ၍ အကျိုးမပေးနိုင်သောကြောင့် မလိုအပ်ပါ။

★

● တဒေဝသညာဝိရာဂ်ဘာဝေတွာ-၌ အဘယ်သို့ ပွားသည်ကို သညာဝိရာဂဘာဝနာဟုသနည်း။ ?

(၁၇၂) သညာရောဂေါ သညာဂန္ဓော-စသည်ဖြင့်ရင်း၊ ဓိစိတ္တံ, ဓိစိတ္တံ-စသည်ဖြင့်ရင်း ပွားခြင်းကို "သညာဝိရာဂဘာဝနာ" ဆိုသည်။ ဋီကာကျော် (၁၄၀)။

★

● အဘယ် ကသိုဏ်းကိုပွား၍ ပဌမစျာန်ကို ဖြစ်စေသနည်း။

(၁၇၃) ဝါယောကသိုဏ်းကိုပွား၍ ဖြစ်စေသည်။ (ကေစိအလို ပရိစ္ဆိန္နာကာသ-ကသိုဏ်းကိုပွား၍ဖြစ်စေသည်။)

ဋီကာကျော် (၁၄၀)။

★

● အဘယ်သို့သောပုဂ္ဂိုလ်မျှားသည် အသညသတ်ဘုံရောက်ရန် ဤသို့အားထုတ်ပါသနည်း။?

(၁၇၄) ကမ္မဋ္ဌာန်ယာဝါဒီဖြစ်သော တိတ္ထိပုဂ္ဂိုလ်တို့သာ အားထုတ်ပါသည်။ ဋီကာကျော် (၁၄၀)။

★

● သညာဝိရာဂ-ဌ. သညာသဒ္ဒါဖြင့် အဘယ်ကိုယူရမည်ကို ဘော်ပြ၍ အသညသတ္တာသု ဥပပဇ္ဇတိ-ဌ ဥပပဇ္ဇနာကာရကို ရေးပါ။?

(၁၇၅) သညာသဒ္ဒါဖြင့် နာမက္ခန္ဓာ ၄-ပါးလုံးကို ယူရသည်။ ဥပပဇ္ဇနာကာရကား လူဘုံမှာ ထိုင်လျက်သေလျှင် ထိုဘုံမှာ ထိုင်လျက်ဖြစ်သည်။ လျှောင်းလျက် သေလျှင် လျှောင်းလျက်ဖြစ်သည်။ ရပ်လျက်သေလျှင် ရပ်လျက်ဖြစ်သည်။

ဋီကာကျော် (၁၄၁)။

★

● အနာဂါမိနောပနသုဒ္ဓါဝါသေသုဥပပဇ္ဇန္တိ-ဌ "ပန"သဒ္ဒါ၏အနက်ကို ထင်ရှားအောင်ဘော်ပြပါ?

(၁၇၆) "ပန" သဒ္ဒါ "ဝေ"အနက်ကိုဟောသည်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သာလျှင် သုဒ္ဓါဝါသ ဘုံ၌ ဖြစ်နိုင်သည်၊ ပုထုဇန်, သောတာပန်, သကဒါဂါမ် မဖြစ်နိုင်ပါ။ ထို့ကြောင့် ပနသဒ္ဒါ ဝေတ္ထ ရှိသည်။"အနာဂါမိနောယေဝအရိယာ"(ဋီကာကျော်)။

★

● အနာဂါမိနော ပန သုဒ္ဓါဝါသေသု-ဟူသော စကားကို အနာဂါမ်သေတိုင်း သုဒ္ဓါဝါသဘုံသို့သာလျှင် ရောက်မြဲ ဓမ္မဘာဖြစ်၍ ဆိုသလော၊ ထင်ရှားအောင်ဖြေပါ။ ?

(၁၇၇) အနာဂါမ်သေတိုင်း သုဒ္ဓါဝါသဘုံသို့သာရောက်၍ဆိုသည်မဟုတ်၊ အသည်သတ်ကြဉ်သော ဗြဟ္မာ ၁၄-ဘုံသို့လည်း ရောက်နိုင်ပါသည်။ ဤစကားကိုကား ပဋ္ဌမစျာန်ရသော အနာဂါမ်ကိုရည်၍သာဆိုပါသည်။

★

● အနာဂါမ်ပုဂ္ဂိုလ်တို့၏ သုဒ္ဓါဝါသဘုံသို့ ရောက်ခြင်းသည် သာမညအားဖြင့် မှတ်ရမည်လော၊ ဝိသေသအားဖြင့် အဘယ်သို့သောမှတ်သားချက်ရှိပါသေးသနည်း။ ?

(၁၇၈) သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေ ဤ ဣန္ဒြေ ၅-ပါးလွန်သည့် အစဉ် အတိုင်း အဝိဟာအတပ္ပါသုဒဿာ သုဒဿီ အကနိဋ္ဌ-ဟူသော သုဒ္ဓါဝါသ ၅-ဘုံသို့ အစဉ်အတိုင်း ရောက်ကြပါသည်။

★

● ဘဝဆိပ်ကမ်းသုံးပါးဟုခေါ်ဆိုရသော ဘုံကြီး ၃-ဘုံကို ဖြေပါ။?

(၁၇၉) ဝေဟပ္ဖလေ အကနိဋ္ဌေ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုညတ္ထောယန္တိ သဗ္ဗေအရိယာ ပုဂ္ဂလာ။
ဗြဟ္မာလောကာ ဟေဋ္ဌာဂတာ အရိယာနော ပယဋ္ဌရေ။

ဝေဟပ္ပါလ်, အကနိဋ္ဌ, နေဝသညာ ဤ ၃ ဘုံသို့ အရိယာပုဂ္ဂိုလ်များ ရောက်လျှင် တပါးဘုံသို့ မပြောင်းဘဲ ဤဘုံကပင် နိဗ္ဗာန်ဝင်ကြသောကြောင့်၊ နိဗ္ဗာန်ဆိပ်ကမ်း, ဘဝဆိပ်ကမ်းဘုံကြီးများဟု ခေါ်သည်။

★

● တထာဝစမရန္တာနံ....ပစ္စုပ္ပန္နာတိ-ပါဠိတို့၌အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း။ ?

(၁၈၀) တထာဝစမရန္တာနံ.... ကမ္မံဝါ-ပါဠိဖြင့်၊ ကမ္မ နိမိတ်ကို ပြသည်၊ တံကမ္မကရဏာ ကမ္မနိမိတ္တံဝါ-ပါဠိဖြင့်၊ ကမ္မနိမိတ်ကို ပြသည်။ အနန္တရ ဂတိနိမိတ္တံဝါ-ဖြင့် ဂတိနိမိတ် ကိုပြသည်။ ကမ္မဗလေန ပစ္စုပ္ပန္နာတိ-ဖြင့် နိမိတ်သုံးပါးသည် ဒ္ဝါရ ၆-ပါးတို့တွင် တပါးပါးမှာ ထင်ကြောင်းကိုပြသည်။

★

● တတောပရံ....ဗာဟုလ္လေန-ပါဠိတို့၌"ပရိသုဒ္ဓံဝါ ဥပက္ကိလိဋ္ဌံဝါ"ပါဠိတို့ဖြင့် အဘယ်ကိုပြပါသနည်း။?

(၁၈၁) "ပရိသုဒ္ဓံဝါ"ဖြင့် ကုသိုလ်နိမိတ် သုံးပါးကို ပြသည်၊ "ဥပက္ကိလိဋ္ဌံဝါ"ဖြင့် အကုသိုလ်နိမိတ်သုံးပါးကို ပြသည်။

★

● "ဗာဟုလ္လေန" ဟု ဝိသေသန "မ" ရခြင်း အကြောင်းကို ထင်ရှားအောင် ဘော်ပြပါ။ ?

(၁၈၂) အဆောတလျင် ရိုက်နှက်၍ သေသော သတ္တဝါတို့၌ နိမိတ် ၃-ပါးတို့တွင် တပါးပါးသည် အကြိမ်များစွာ မဖြစ်နိုင်ခြင်းကြောင့် "ဗာဟုလ္လေန" ဟူသော ဝိသေသနကို မိန့်တော်မူသည်။

★

● ဝိထိစိတ္တာဝ၀သာနေ,ဘ၀င်္ဂယော၀ါ-ပါဠိတို့ဖြင့် အဘယ်ဝိထိကိုညွှန်ပြပါသနည်း။?

(၁၀၃) "ဝိထိစိတ္တာဝ၀သာနေ"ပါဠိဖြင့် တဒါရုံ နောင်စုတိကျသောဝိထိ၊ ဇောနောင် စုတိကျသော ဝိထိများကို ညွှန်ပြသည်။ ဘ၀င်္ဂယော၀ါဖြင့် တဒါရုံနောင်ဘုံ ဘုံနောင်စုတိကျသော ဝိထိ၊ ဇောနောင်ဘုံ ဘုံနောင် စုတိကျသောဝိထိများကိုညွှန်ပြပါသည်။

★

● "ဝိထိစိတ္တာဝ၀သာနေ"ပါဠိအရ မရဏာသန္နဝိထိ ၂-ခု ပုံချပြပါ။?

(၁၀၄) တဒါရုံနောင် စုတိကျသောဝိထိပုံ။

တီ,နှ,ဒ,ပ,စ,သံ,တီ,ဝ,ဇ,ဇ,ဇ,ဇ,ဇ,ရုံ,ရုံ,စု][ပဋ္ဌိ.....

ဇောနောင် စုတိကျသောဝိထိပုံ။

တီ,နှ,ဒ,ပ,စ,သံ,တီ,ဝ,ဇ,ဇ,ဇ,ဇ,ဇ,စု][ပဋ္ဌိ.....

မှတ်ချက်။ ဘ၀င်္ဂယော၀ါ-အရ ဝိထိပုံကို မေးလျှင် ဤပုံ အတိုင်းမှ တဒါရုံနှင့် စုတိ ဇောနှင့် စုတိအကြားမှာ ဘုံတကြိမ် ချပေးလေ။

★

● သ၀ဏ္ဍုက် အ၀ဏ္ဍုကမေ၀ါ - ဟူသော ပါဠိတို့တွင် အဘယ်ပါဠိဖြင့် အဘယ်ပဋ္ဌိသန္ဓေကိုပြပါသနည်း။ ?

(၁၀၅) သ၀ဏ္ဍုက်-ပါဠိဖြင့် ပဋ္ဌေ၀ါကာရ ပဋ္ဌိသန္ဓေပန္နရသကိုပြသည်။ အ၀ဏ္ဍုကမေ၀ါ-ဖြင့် စတုဝေါကာရ ပဋ္ဌိသန္ဓေ ၄-ခုကို ပြသည်။

★

● ပဋ္ဌိသန္ဓေနေခြင်း အကြောင်းသုံးပါးကို ဘော်ပြ၍ မည်သည့် အကြောင်းသည် မည်သည့်လက္ခဏာဖြင့် ဖြစ်စေသနည်း။?

(၁၀၆) ၁–အဝိဇ္ဇာနုသယ
၂–တဏှာနုသယ } ၌ (၃) ပါးတည်း။
၃–ကံသင်္ခါရ

(၁) အဝိဇ္ဇာနုသယသည် ရှေးဘဝပဋ္ဌိသန္ဓေ၏ အပြစ်အာဒီနဝကို ဖုံးလွှမ်းသည်။ (၂) တဏှာနုသယသည် ရှေးဘဝကို သာယာသည်။ (၃) ကံသင်္ခါရသည် ဝိပါက်နာမက္ခန္ဓာ ကဋ္ဌတ္တာရူပ်ဟူသော ဥပပတ္တိဘဝတခုကို ဖြစ်စေသည်။

★

● တထာအရူပ ပဋ္ဌိသန္ဓိယောစ....ဟောတိ-၌"ယထာရဟံ" ပါ၍၏ အဓိပ္ပါယ်ကို ရှင်းလင်းပါ။?

(၁၀၇) ဝိညာဏဥ္စ,နေဝသညာဝိပါက် ၂-ပါးသည် မဟဂ္ဂုတ်ကမ္မနိမိတ်ကို၊ အာကာသာနဉ္စ, အာကိဉ္စညာဝိပါက် ၂-ပါးသည် ပညတ်ကမ္မနိမိတ်ကို အာရုံပြုသည်ဟူလို။

★

● အာရုပ္ပစုတိယာဟောန္တိ - ဂါထာအရ အရူပစုတိ ၄-ခု နောင်ဖြစ်သင့်သော ပဋ္ဌိသန္ဓေကို ဖော်ပြပါ။?

(၁၀၈)

အာကာသာနဉ္စ စုတိနောင်	အရူပ ပဋ္ဌိသန္ဓေ } ၄	ကာမတိဟိတ် ပဋ္ဌိသန္ဓေ } ၄	

ဝိညာဏဥ္စစုတိနောင်..... ၃ .....၄
အာကိဉ္စညာစုတိနောင် ..... ၂..... .....၄
နေဝသညာ နာသညာ စုတိနောင်.... ၁ ....၄

★

● ဗြဟ္မာကြီးများ ဗြဟ္မာ့ဘုံမှ စုတေ၍ ခေး, ဝက်-စသော ဒုဂ္ဂတိပုဂ္ဂိုလ်ဖြစ်နိုင်, မဖြစ်နိုင်ကိုသင်္ဂဟပါဠိကိုးရှိပြေပါ။?

(၁၈၉) ရူပါဝစရစုတိယာ အဟေတု ရဟိတာသိယုံ - ဟူ၍ဆိုသောကြောင့် အဟိတ်ပုဂ္ဂိုလ် မဖြစ်ကောင်းပါ၊ အကျယ်သိလိုမူ ၈ါတို့ရေးသော (အဘိဓမ္မာ နေရောင်ကျမ်း) မှာ ကြည့်လေ။

★

● သဗ္ဗာကာမတိဟေတုမှာ ကာမေသ္ဌဝ ပနေတရာ-ပါဠိတို့၌ "ကာမတိဟေတုမှာ" ဖြင့် အဘယ်ပုဂ္ဂိုလ်၏ တိဟိတ်စုဘ်ကိုယူရမည်ကိုဘော်ပြ၍ ပနေတရာ-၌ "ဣတရာ" အရ ကောက်ပြပါ။?

(၁၉၀) ကာမတိဟိတ်ဈာန်မရ ဈာန်ရ သောတာပန်, သကဒါဂ၊ါမ်ဈာန်ရ, ဈာန်မရ အနာဂ၊ါမ်ပုဂ္ဂိုလ်တို့၏ ကာမတိဟိတ်စုတိ ၄-ခုကိုယူရပါသည်။ (အကျယ်နေရောင်ကျမ်းမှာကြည့်။)

"ဣတရာ" အရ ဒ္ဝိဟိတ်စုတိ ၄-ခုနှင့် အဟိတ်စုတိ ၂-ခုကိုယူရပါသည်။

★

● ပဋိသန္ဓေဒယောရထစက္ကမ်ဝ-၌ အာဒိ-အရ အဘယ်ကိုယူရမည်နည်း။ ?

(၁၉၁) ဘဝင်, ဝိထိ, စုတိ-စိတ်တို့ကို ယူရပါသည်။

★

● ပဋိသန္ဓေ ဘဝင်ဝိထိယော-စသော (၂)၊ါထောတွင် ပဌမ၊ါထောဖြင့် အဘယ်ကို၊ ဒုတိယ၊ါထောဖြင့် အဘယ်ကို ပြသနည်း။?

(၁၉၂) ပဌမ၊ါထောဖြင့် ပရမတ္ထနည်းအားဖြင့် သံသရာစက်လည်ပုံကိုပြသည်။ ဒုတိယ၊ါထောဖြင့် သံသရာစက် ပြတ်ပုံကို ပြပါသည်။

ရုပ်ပိုင်း-အမေးအဖြေ

● သပ္ပဂေဒပဝတ္တိကာ-၌ ၃-ပါးသောပရိစ္ဆေဒ၊ ၂-ပါးသော ပရိစ္ဆေဒ-ဟူသည် အဘယ်နည်း။ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့ကိုလည်း ပိုင်းခြားပြပါ။?

(၁၉၃) သုံးပါးပရိစ်-စိတ်,စေ,ကိဏ္ဏာ၊
၂-ပါးမှတ်ဘိ-ဝိထိ,ဘုံသာ။
ဥဒ္ဒေမှာစိတ်-စေ,နိဒ္ဒေသာ၊
ပကိဏ်းသိ-ပဋိနိဒ္ဒေသာ။ ။

စိတ်,စေ,ပကိဏ်း ၃-ပိုင်းကို ၃-ပါးသော ပရိစ္ဆေဒဆိုသည်။ ဝိထိပိုင်း,ဘုံပိုင်းကို ၂-ပါးသော ပရိစ္ဆေဒဆိုသည်။ စိတ်ပိုင်းကို ဥဒ္ဒေသ၊ စေတသိက်ပိုင်းကို နိဒ္ဒေသ၊ ပကိဏ်းပိုင်းကို ပဋိနိဒ္ဒေသဆိုသည်။

★

● ရူပပဝတ္တိကွမ-အရကို ဘဝ,ကာလ,သတ္တဝါ အားလျော်စွာ ရုပ်တို့၏ ဖြစ်စဉ်ဟု ဋီကာဆရာပြုဆိုရာ၊ ဘဝ-အရ ကာလ-အရ၊ သတ္တဝါအရကို ကောက်ပြပါ။ ?

(၁၉၄) ၁-ကာမ,ရူပ-တဝအသည်၊
ဘဝသုံးပါး-မှတ်သားအတည်။
ပဋိသန္ဓိ-ပဝတ္တိနှစ်လီ၊
မှတ်လိုက်ကြ-ကာလ-အရမည်။ ။
၂-သံသေဒဇ-ဩပပါတိကာ၊
ဂဗ္ဘသေယျ-မှတ်ကြသတ္တဝါ။
ဘဝကာလ-သတ္တသုံးဖြာ၊
ဋီကာညွှန်း-မိန့်ခွန်းဒေသနာ။ ။

★

● ရုပ်သည် ကုသိုလ်,အကုသိုလ်-ဟူသောအကြောင်းကြောင့် ဖြစ်လျက် အဘယ့်ကြောင့် "သဗ္ဗဥ္ဇပနေတံရူပံ အဟေတုကံ"ဟုဆိုသနည်း။?

(၁၉၅) "အဟေတုကံ"ဟုဆိုရာ၌ ကုသိုလ်,အကုသိုလ်ဟူသော ဇနကဟိတ်ကိုရည်၍ ဆိုသည်မဟုတ်ပါ။ လောဘစသော၃-ပါး သော သမ္မယောဂဟိတ် မရှိသည်ကိုရည်၍ "အဟေတုကံ" ဆိုပါသည်။

★

● "သပ္ပစ္စယံ" ဟူသောစကား သဗ္ဗဥ္ဇပနေတံရူပံ - ဟူသော စကားကိုထောက်သော် အလုံးစုံရုပ်ကိုဆိုသင့်သည်မဟုတ်ပါလော။?

(၁၉၆) လက္ခဏာရုပ် ၄-ခုကို သပ္ပစ္စယ - ဟု မဆိုသင့်ပါ၊ အကြောင်းကား ကံ,စိတ်,ဥတု,အာဟာရတို့ကြောင့် မဖြစ်သော ကြောင့်ဟူလို။

★

● သာသဝံ-၌"သ"သဒ္ဒါ၏အနက်ကိုဘော်ပြ၍ အနက်အား လျော်စွာ အဓိပ္ပါယ်ရှင်းလင်းပါ။?

(၁၉၇) သာသဝံ-၌ "သ"သဒ္ဒါ၏အနက်ကား 'သဟ"အနက် တည်း။ "သံဝိဇ္ဇမာန"အနက်မဟုတ်၊ ထို့ကြောင့်"သာသဝံ"ပါ၌ ၏အပ္ပါယ်ကား မိမိကို အာရုံပြု၍ ဖြစ်ကုန်သော အာသဝေါ တရား ၄-ပါးတို့နှင့်တကွဖြစ်တတ်သောကြောင့် "သာသဝ"မည် ၏ဟူလို။

★

● ပုထုဇန်သေက္ခတို့၏သဏ္ဌာန်၌ ရုပ်ကိုသာ လောကိယဟု ခေါ်ရမည် မဟုတ်လော၊ ရဟန္တာ သဏ္ဌာန်၌ ရုပ်ကို လောကုတ္တရာ-ဆိုရမည် မဟုတ်ပါလော။ ?

(၁၉၈) ရုပ်ဟူသမျှ ပုထုဇဉ်သေကွာ သဏ္ဌာန်၌ ဖြစ်စေ၊ ဘုရား၊ ရဟန္တာသဏ္ဌာန်၌ဖြစ်စေ၊ ဥပါဒါနက္ခန္ဓာ-ဟုဆိုအပ်သော သင်္ခါရ လောက၌ ယှဉ်တတ်သောကြောင့် "**လောကိယ**" သာမည်သည်၊ လောကုတ္တရာ မမည်ပါ။

(ရှင်ကစ္စည်း၏ရူပါရုံကိုစဲ့လမ်းသော သောရေယျသူဌေးသား ကိုထောက်လေ။ ရဟန္တာမှာဥပါဒါန်မရှိသော်လည်း သူ့တပါး၏ ဥပါဒါန်ဖြင့် စဲ့လမ်းရာဖြစ်သည်မှတ်။)

★

● ကာမဘုံသားတို့၏ ရုပ်ကိုသာ "ကာမာဝစရ" ဟုဆိုသင့်သည်၊ ရူပဘုံသားတို့၏ ရုပ်ကို "ရူပါဝစရ" ဟုမဆိုသင့်ပြီလော။?

(၁၉၉) ရူပဘုံသားတို့၏ သဏ္ဌာန်၌ ဖြစ်သော ရုပ်ကိုလည်း ကာမဘဝ၏သာလျှင် ကျင်လည်ကျက်စားရာဖြစ်သောကြောင့် ရုပ်ကို "**ကာမာဝစရ**" ဟူ၍ပင်ဆိုရပါသည်။

★

● "အနာရမ္မဏံ" အာရုံကိုမယူတတ်ဟုဆိုရာ၊ နောက်နားက အာရုံကို ယူတတ်သောကြောင့် "ဂေါစရဂ္ဂါဟိက" ဟူ သောစကားနှင့်မဆန့်ကျင်ပြီလော။ ?

(၂၀၀) အာရုံကိုမယူတတ်သောကြောင့် **အနာရမ္မဏ** ဆိုသည်ကို မုချအားဖြင့် ဆိုသည်။ ဂေါစရဂ္ဂါဟိက ဆိုသည်ကား ပဋ္ဌဝိညာဏ်တို့ အာရုံကိုယူသည်ကို ဌာနီ၏အမည်ကို ဌာနမှတင်စား ပြီး ဌာနျှုပစာအားဖြင့် ပသာဒရูပ်ကို ဂေါစရဂ္ဂါဟိကဆိုသဖြင့် မဆန့်ကျင်ပါ။

★

● "**အပ္ပဟာတဗ္ဗမေဝ**"၌ ပဟာတဗ္ဗတရား၊ ပဟာယကတရားမျှားကိုဘော်ပြပါ။?

(၂၀၁) ပဟာဝတ္ထုတရားများကား အကုသိုလ်ကိလေသာ နိုဝရဏတရား များဖြစ်သည်။ ပဟာယကတရား များကား တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒပဟာန်အစုမ်းဖြင့် ပယ်ကြသော ကာမာဝစရ ကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်များဖြစ်ကြပါ သည်။

★

● ရူပံဘိက္ခဝေ တုမ္ဟံ ပဇဟထ-ဟု ဟောတော်မူခြင်းကြောင့် ရုပ်ကိုလည်း "ပဟာဝတ္ထု" တရားဟူ၍ပင် ဆိုရမည်မဟုတ်ပါလော။?

(၂၀၂) ထိုပါဠိတော်၌ ရုပ်ကိုပယ်ရမည်ဟုဆိုလိုရင်းမဟုတ်ပါ၊ ရုပ်တရား၌တပ်မက်သော "ဆန္ဒရာဂ" ကိုပယ်ရမည်ဟူ၍သာဆိုလို ရင်းဖြစ်သဖြင့် ရုပ်သည် "ပဟာဝတ္ထု" တရားမဟုတ်ပါ။

★

● ပဌမဘဝဂ်မုပါဒါယ ဇာယန္တေ မေ-၌ "ဇေ" သဒ္ဒါဖြင့် အဘယ်ကိုနှစ်စေပါသနည်း။?

(၂၀၃) ခဏေခဏေ-ဟူသောစကားကို နှစ်စေပါသည်။

★

● တေဇောခါတု ဌိတိပ္ပတ္တာ-ဟူ၍ရင်း၊ ဌာနုပတ္တောဝ-ဟူ၍ ရင်း မိန့်ဆိုရာ၊ နာမ်၏ဌီလော၊ ရုပ်၏ဌီလော။ ?

(၂၀၄) နာမ်၏ဌီ မဟုတ် [illegible] ရုပ်၏ ဌီ ဖြစ်ပါသည်။

★

● အဘယ့်ကြောင့် စိတ္တဇရုပ်တို့သည် ဥပါဒ်မှာသာဖြစ်၍ ဥတုဇ အာဟာရဇ ရုပ်တို့သည် ဌီ ကာလမှာ စ၍ ဖြစ်သနည်း။ ?

(၂၀၅) စိတ္တံ ဌာနကွဏေစ ဘင်္ဂကွဏေစ ဒုဗ္ဗလံ၊
ဥပ္ပါဒကွဏေ ယေဝ ဗလဝံ။
ရူပံဥပ္ပါဒကွဏေစ ဘင်္ဂကွဏေစ ဒုဗ္ဗလံ၊ဌာနကွဏေ ဗလဝံ။
(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။)

စိတ်သည် ဌိခဏ, ဘင်ခဏ၌အားနည်း၏၊ ဥပါဒ်ခဏ၌သာ အားရှိ၍ ဥပါဒ်အခိုက်မှာ စိတ္တဇရူပ်ကိုဖြစ်စေသည်။

ရူပ်သည် ဥပါဒ်ခဏ, ဘင်ခဏ၌အားနည်း၏၊ ဌိခဏမှာသာ အားရှိ၍ ဌိအခိုက်မှာ ဥတုဇရူပ်,အာဟာရဇရူပ်ကို ဖြစ်စေသည်။

★

● သီတုဏှောတု သမညတာ တေဇောဓာတု-၌ အဘယ်မှာ ရှိသော တေဇောဖြစ်သနည်း။?

(၂၀၆) ကမ္မဇကလာပ်မှာပါသော တေဇောနှင့်စိတ္တဇကလာပ်၊ အာဟာရဇကလာပ်မှာပါသော တေဇောဖြစ်ပါသည်။

★

● သြဇာသင်္ခါတော အာဟာရော-ဟုဆိုရာ၌ ဗဟိဒ္ဓသြဇာ လော၊ အဇ္ဈတ္တသြဇာလော။?

(၂၀၇) ဗဟိဒ္ဓသြဇာ၏ အထောက်အပင့်ကို ခံရသော— ☞ အဇ္ဈတ္တသြဇာ ဖြစ်ပါသည်။

★

● ကမ္မဇရူပ်တို့ကို "ခဏော ခဏော" ဟု ဆို၏၊ စိတ္တဇရူပ်တို့ကို "ဇာယန္တမေဝ"ဟုဆို၏၊ဥတုဇ,အာဟာရဇတို့ကို မည်သို့ မျှ မဆိုခြင်းကြောင့် အဘယ်သို့မှတ်ရမည်နည်း။ ?

(၂၀၈) "ခဏောခဏော" ဟူသော စကားကို မဏ္ဍူကတိကနည်း အားဖြင့် လိုက်စေ၍၊ ဥတုဇရူပ်, အာဟာရဇရူပ်တို့ကိုလည်း ခဏ ခဏတိုင်းဖြစ်သည်ဟု မှတ်ရပါမည်။

★

● "အဒ္ဓတ္တဥ္ စဟိဒ္ဓါစ ယထာရဟံ"၌"ယထာရဟံ"ပါ၌၏ အဓိပ္ပါယ်ကိုရှင်းလင်းလိုက်ပါ။ ?

(၂၀၉) အဒ္ဓတ္တသဏ္ဌာန်မှာ ဥတုဇကလာပ် (၄)စည်းလုံးဖြစ်သည်။ဗဟိဒ္ဓသဏ္ဌာန်မှာ သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝကကလာပ် (၂)စည်းသာ ဖြစ်သည်ဟု ဆိုလိုပါသည်။

★

● သဒ္ဒေါစိတ္တောတုဇော-၌ အဘယ်သည် သဝိညတ္တိက၊ အဘယ်သည် အဝိညတ္တိကဖြစ်ပါသနည်း။ ?

(၂၁၀) စိတ္တဇသဒ္ဒ သည် ဝိညတ်နှင့် မ ကင်းခြင်း ကြောင့် "သဝိညတ္တိက" ဖြစ်ပါသည်။ ဥတုဇသဒ္ဒသည် ဝိညတ် ကင်းခြင်းကြောင့် "အဝိညတ္တိက"ဖြစ်ပါသည်။

★

● ဝိညတ္တိဒ္ဒယံစိတ္တဇမေဝ-၌ စိတ္တဇ-အရကို ကောက်ပြပါ။

(၂၁၁) ဝုဒ္ဓေါ ကာမဇော တခုယုတ်(၃၀) အဘိညာဏ် ဒွေ-ဤ (၃၂)ပါးသောစိတ်ကိုသာ ကောက်ရပါသည်။

★

● ကလာပဟူသောပုဒ်ကို ဝစနတ္ထပြု၍ အနက်ပေးပြီးလျှင် အဓိပ္ပါယ်ဖော်ပြပါ။ ?

(၂၁၂) ကလာပိယန္တိ သမ္မိဿိယန္တိတိ ကလာပါ။

ကလာပိယန္တိသမ္မိဿိယန္တိ၊ ပေါင်းအပ်, စည်းအပ် ကုန်၏။ ဤတို့ တသွား၊ ဆိုခြင်းကြောင့်။ ကလာပါ၊ကလာပ-မည်ကုန်၏။

ကလာပ်-ဟူသည် ထင်းစည်း, ဝါးစည်း, ကြံစည်း တို့ကဲ့သို့ ရုပ်တို့၏အပေါင်းအစုကို "ကလာပ်"ခေါ်သည်။

★

● ကလာပ်၏ အင်္ဂါမည်မျှရှိကြောင်းကို ဘော်ပြပါ။ ?

(၂၁၃) ကေုပ္ပါဒ, ကေနိရောဓ, ကေနိဿယ-ဟူ၍ ကလာပ်အင်္ဂါ ၃-ပါးရှိပါသည်။

★

● ကေုပ္ပါဒ, ကေနိရောဓ, ကေနိဿယ-ဟူသော ကလာပ် အင်္ဂါတို့ဖြင့် အဘယ်ကိုပြပါသနည်း။

(၂၁၄) ကေုပ္ပါဒ-ဟူသော ပဌမ အင်္ဂါဖြင့် ရုပ်ကလာပ်တစည်း၌ ရုပ်တရားတို့သည် မရှေး, မနှောင်း တပြိုင်တည်း ဖြစ်သည်ကို ပြသည်။ ကေနိရောဓ-ဟူသော ဒုတိယအင်္ဂါဖြင့် ထိုအတူ ရုပ်ကလာပ်တစည်း၌ ရုပ်တရားတို့သည် မရှေး, မနှောင်း တပြိုင်တည်း ချုပ်သည်ဟုပြသည်။ ကေနိဿယ - ဟူသော တတိယ အင်္ဂါဖြင့် ကလာပ်တစည်းရှိ ရုပ်တရားတို့သည် မဟာဘူတဟူသော မှုရုတူရမည်၏အဖြစ်ကိုပြသည်။

★

● သဟဝုတ္တိနော-ဟူသောပါဠိကို အဘယ်အကျိုးငှါ ဆိုပါသနည်း။ ?

(၂၁၅) သဟဝုတ္တိနော-ဟူသော ပါဠိဖြင့် ပဌမကေုပ္ပါဒအင်္ဂါ၏ အဓိပ္ပါယ်ကိုပြသည်၊ (အင်္ဂါ အသီး အခြား မဟုတ်ဟု ဆိုလိုသည်။) အဘယ်သို့ အဓိပ္ပါယ် ပြသနည်းဟူမူ ကေုပ္ပါဒ-အတူဖြစ်ရမည် ဆိုသော်လည်း၊ အသီး, အသီးသော ကလာပ်တို့, ရုပ်စုများကိုသာ အတူဖြစ်ရမည်ဟုဆိုသည်။ ကလာပ်တပါးနှင့် အတူဖြစ်ရမည်ဟု မဆိုလို၊ ထို့ကြောင့် ဋီကာကျော်ပါ၌၌....

သဟဝုတ္တိနောတိ ဝိသုံဝိသုံ ကလာပဂတရူပဝသေန သဟဝုတ္တိနော နှ သဗ္ဗကလာပါနံ အညမညံ သဟဝုတ္တိဝသေန-ဟု မိန့်တော်မူ၏။

★

● ကေပ္ပါဒအာဂ်ါကိုဆိုလျှင် ပြီးသင့်လျက် အဘယ်ကြောင့် ကေနိုရောဓ အာဂ်ါကိုထပ်၍ဆိုသနည်း။?

(၂၁၆) စိတ်စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့သည် ရုပ်တရားတို့နှင့်အတူ ဥပါဒ်ခြင်းကြောင့် ထိုနာမ်တရားတို့ကို နစ်စေခြင်းငှါ ကေနိုရောဓ အာဂ်ါကိုဆိုသည်။

(နာမ်တရားတို့နှင့် အတူဖြစ်သော်လည်း အတူ မခဲ့ပ်ဟု ဆိုလိုသည်။)

★

● ကေဝတ္ထုက-ဟူသော စေတသိက် လက္ခဏာနှင့် ဧကနိဿယ-ဟူသောကလာပ်အာဂ်ါ၌ နိဿယ,နိဿိတ အထူးခဲခြားပြပါ။?

(၂၁၇) ကေဝတ္ထုက-၌ မှီရာနိဿယကား ဝတ္ထုရုပ် ၆-ပါးတည်း။ မှီတတ်သော နိဿိတကား စိတ်စေတသိက်တရား၊တည်း။ ဧကနိဿယ၌မှီရာနိဿယကား မဟာဘုက်လေးပါ၊တည်း။မှီတတ်သော နိဿိတကား မဟာဘုတ်ဥပါဒါရုပ်တည်း။

★

● ကေဝတ္ထုက အာဂ်ါနှင့် ဧကနိဿယ အာဂ်ါ အထူး ဘော်ပြပါ။?

(၂၁၈) ကေဝတ္ထုကအာဂ်ါကား နာမ်က ရုပ်ကိုမှီသည်။ ဧကနိဿယအာဂ်ါကား ရုပ်က ရုပ်ကိုမှီသည်။

★

● ကေပ္ပါဒ-စသော ကလာပ်အာဂ်ါသုံးပါးသည် နိပ္ပန္နရုပ်၏ အာဂ်ါဖြစ်မည်လော၊ အနိပ္ပန္နရုပ်၏ အာဂ်ါ ဖြစ်မည်လော၊ သို့မဟုတ် ၂၈-ပါးလုံး၏ အာဂ်ါဖြစ်မည်လော အခြားပြု၍ ပြပါ။ ?

(၂၁၉) နိပ္ဖန္နရုပ်၏ အင်္ဂါသာမည်သည်။ အနိပ္ဖန္နရုပ်၏ အင်္ဂါ မဟုတ်၊အကယ်၍ အနိပ္ဖန္နရုပ်၏အင်္ဂါဖြစ်သည်ဟုဆိုသော်၊ ကာယ ဝိညတ္တိနဝကကလာပ်, ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်မျှားဌ်ကာယ ဝိညတ်, ဝစီဝိညတ်သည် စိတ္တာနုပရိဝတ္တိ တရားဖြစ်၍၊ စိတ္တကွဏ တချက်ခန့်မျှ ချုပ်ကြလေရာ၊ သတ္တရသာယုက မရကောင်း၍ အဘယ်မှာလျှင် ကေနိရောလေကွဏ ရနိုင်အံ့နည်း။ ထို့ကြောင့် ထိုအင်္ဂါမျှားသည် နိပ္ဖန္နရုပ်၏အင်္ဂါမျှားသာဖြစ်သည်။

★

● "ကေနိရောဓ"သဒ္ဒါကို ဆိုက ပြီးကောင်းလျက် အဘယ့်ကြောင့် "ကေနိဿယ"သဒ္ဒါကို ဆိုပြန်သနည်း။ ?

(၂၂၀) ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့သည် အတူဖြစ်, အတူချုပ်ကြသဖြင့်၊ကေဋ္ဌပါဒ ကေနိရောဓအင်္ဂါ ၂-ပါးပြည့်စုံသော်လည်း၊ကမ္မဇရုပ်ကိုဖြစ်စေတတ်သော အကြောင်းကား "ကံ"။ စိတ္တဇရုပ်ကိုဖြစ်စေတတ်သောအကြောင်းကား"စိတ်"ဤသို့ အကြောင်းကွဲပြားရကား ကလာပ်တခုတည်း ပေါင်းစည်းခြင်းငှါ မထိုက်သောကြောင့်၊ မှီရာအကြောင်း ကွဲပြားသောရုပ်တို့ကို နစ်စေခြင်းငှါ "ကေနိဿယ"သဒ္ဒါဆိုပြန်သည်။

★

● ကေဋ္ဌပါဒဆိုလျှင် ပြီးသင့်လျက် သဟဝုတ္တိနောကိုဆိုသဖြင့် အဘယ်ကိုနစ်စေပါသနည်း။?

(၂၂၁) ကလာပ်တူမှုတပါး ကလာပ်ပြားကို နစ်စေပါသည်။

အဓိပ္ပါယ်ဆိုလိုရင်းကား။ ဂဗ္ဘသေယျက ပဋိသန္ဓေအခါမှာ ကလာပ် (၃)စည်းတို့သည် ကေဋ္ဌပါဒ, ကေနိရောဓ, ကေနိဿယ အင်္ဂါ ၃-ပါးပြည့်၏။ သို့သော် ထိုရုပ်(၃၀)မှာ သဟဝုတ္တိ မဖြစ်သောကြောင့်၊ တကလာပ်တည်း "တံ သကလာပ်"ဟုမဖွဲ့ကောင်း ဟုဆိုလိုသည်။

● အဘယ့်ကြောင့် သဟဝုတ္တိ မဖြစ်သနည်း။?

(၂၂၂) ကလာပ်တူ မဟုတ်၊ ကလာပ်ပြား ဖြစ်သောကြောင့် သဟဝုတ္တိ မဖြစ်ပါ။

★

● [က] အဋ္ဌတ္တသဏ္ဌာန်၌သာရသော ကလာပ်။
[ခ] ဗဟိဒ္ဓသဏ္ဌာန်၌သာရသော ကလာပ်။
[ဂ] အဋ္ဌတ္တ,ဗဟိဒ္ဓသဏ္ဌာန် ၂-ပါး၌ရသော ကလာပ်။
[ဃ] အဋ္ဌတ္တ,ဗဟိဒ္ဓသဏ္ဌာန် ၂-ပါး၌မရသော ကလာပ် မျှားကို ကောက်ပြပါ။?

(၂၂၃) [က] ....ဘ၀....စည်း။
[ခ] ...မရှိ.....
[ဂ] .... ၂....စည်း။
[ဃ] .... မရှိ .....
} ဤကား အဖြေတည်း။

★

● အဘယ် ပဋ္ဌိသန္ဓေ မျိုးကို သံသေဒဇ ပဋ္ဌိသန္ဓေ ခေါ်ပါသနည်း။ ?

(၂၂၄) ကမ္မလကုဟရ ဂဗ္ဘမလာဒီသံသေဒဋ္ဌာနေသု ဇာတာ သံသေဒဇာ။

ဟူသော ဋီကာ ပါဠိနှင့် အညီ၊ ကြာတိုက်-ဝမ်း၏ အညစ် အကြေး,အညို အရပ်၌ဖြစ်ကုန်သော သတ္တဝါသည် "သံသေဒဇ" ပည်၏။

★

● အဘယ်ပုဂ္ဂိုလ်တို့သည် သံသေဒဇပဋ္ဌိသန္ဓေနေသနည်း။?

(၂၂၅) ဇရဲ,တက်,ကြွက်ဟူသမျှ ကြွေးသော ပုဂ္ဂိုလ်အားလုံးတို့သည် သံသေဒဇပဋ္ဌိသန္ဓေနေနိုင်သည်။

● အဘယ်ပဋ္ဌိသန္ဓေ မျိုးကို ဩပပါတိကပဋ္ဌိသန္ဓေဟု ခေါ်သနည်း။?

(၂၂၆) ဝိနာ ဧတေဟိ ကာရဏေဟိ ဥပပ္ပတိတ္ဝာ ဝိယနိဗ္ဗတ္တတိ ဩပပါတိကာ။

ဗြဟ္မာ့ကမ္ဘာ ကောင်းကင်မှ ပျံလာသကဲ့သို့ ကိုယ်ကောင်ထင်ရှား ဘုံးကနဲ ဖြစ်ပေါ်လာသော ပဋ္ဌိသန္ဓေကို ဩပပါတိက ပဋ္ဌိသန္ဓေ ခေါ်ပါသည်။

★

● အဘယ် ပုဂ္ဂိုလ် တို့သည် ဩပပါတိက ပဋ္ဌိသန္ဓေ နေကြသနည်း။?

(၂၂၇) သဗ္ဗေနေရယိကာစ၊ စတုမဟာရာဇိကတော ပဌာယ ဥပရိဒေဝါစ၊ ဩပပါတိကာယေဝ။

ငရဲဘုံသား, နတ်, ဗြဟ္မာ အားလုံး ဥပပါတ် ပဋ္ဌိသန္ဓေဖြင့် နေကြသည်။

★

● သံသေဒဇ နှင့် ဩပပါတိက အဘယ်သို့ ထူးပါသနည်း။?

(၂၂၈) သံသေဒဇာ မန္ဒာ ဒဟရာဟုတ္ဝာ နိဗ္ဗတ္တန္တိ ဩပပါတိကာ သောဋ္ဌသဝဿုဒ္ဒေသိကာဟုတ္ဝာ။

(သာရတ္ထဒီပနီဋီကာ)

သံသေဒဇပုဂ္ဂိုလ်တို့မှာ နုံ့သော သူငယ်အဖြစ်မှ တဖြည်းဖြည်း ကြီးပွားသည်။ ဥပပါတ် ပုဂ္ဂိုလ်တို့မှာ ၁၆-နှစ်အရွယ် တခါတည်းကြီးပွားသည်။

★

● ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋ္ဌိသန္ဓေအခါ ရအပ်သော ကလာပ်စည်းကိုရင်း၊ ပဝတ္တိအခါ၌ ရအပ်သော ကလာပ်

စည်းကိုရင်း ဘော်ပြ၍ ချိုကောင်းသော ကလာပ်စည်းကို လည်းပြပါ။?

(၂၂၉) ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေအခါ၌ကား၊ ကာယ,ဘာဝ,ဝတ္ထု ဤဒသက ကလာပ် (၃)စည်းဖြစ်သည်။ တရုံတခါ ဘာဝဒသကကလာပ်ချိုလျှင် (၂)စည်းသာရသည်။

ပဝတ္တိအခါ(၁၁)သတ္တာဟမြောက်၌၊ စက္ခု,သောတ,ဃာန, ဇိဝှါ ဤဒသက ကလာပ် လေးစည်း ဖြစ်သည်။ ထိုလေးစည်းတို့ တွင် တရုံတခါ စက္ခု,သောတ,ဃာန ချိုကောင်းပါသည်။

★

● စတုသမုဋ္ဌာနိကရုပ်တို့၏ စ၍ဖြစ်ရာကာလနှင့် နောက်ဆုံး ချုပ်ရာကာလများကို ဘော်ပြပါ။?

(၂၃၀) ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ စုတိ စိတ်မှပြန်ရသည်ရှိသော် ၁၆-ချက်မြောက်သော စိတ်၏ ဥပါဒ် တိုင်အောင် ခဏငယ်တိုင်းဖြစ်သည်။ စုတိစိတ်၏ဘင်နှင့် ပြိုင်ချုပ် သည်။

စိတ္တဇရုပ်တို့သည် ပဌမတွင် ဥပါဒ် ကာလကစ၍ ဥပါဒ်တိုင်း ဖြစ်သည်။ စုတိစိတ်နောက် စိတ္တက္ခဏ ၁၅-ချက်၊ ၁၆-ချက်ခန့် ကာလမှာ ချုပ်သည်။

ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလကစ၍ ခဏငယ် တိုင်းဖြစ်သည်၊ သေ၍အကောင်ပုပ် ဖြစ်သည်ဟု ဆိုအပ်သည်တိုင် အောင် အဆင့်ဆင့်ပျက်၍တည်သည်။

အာဟာရဇရုပ်တို့သည် ၂-သတ္တာဟ အလွန်၌ အမိမျိုသော အာဟာရပြန့်နှံ့သောအခါ ဌီကာလကစ၍ဖြစ်သည်၊ စိတ္တက္ခဏ (၁၅)ချက်၊ (၁၆)ချက်ခန့်ကာလမှာ ချုပ်သည်။

★

● ရူပသမုဋ္ဌာန် လေးပါးကို သဏ္ဌာန် ၂-ပါးဖြင့် ဝေဘန်ပြပါ။ ?

(၂၃၁) အဒ္ဓတ္တသဏ္ဌာန်မှာ လေးပါးလုံးရသည်၊ ဗဟိဒ္ဓသဏ္ဌာန်မှာ ဥတုသမုဋ္ဌာန် တပါးသာရသည်။

★

● ရူပသမုဋ္ဌာန်လေးပါးကို ဘုံအားဖြင့် ဝေဘန်ပါ။ ?

(၂၃၂) ကာမဘုံ၌ လေးပါးလုံးရသည်။ ရူပဘုံ၌ ကံ,စိတ်,ဥတု သုံးပါးကိုသာရသည်။ အသညသတ်ဘုံ၌ ကံ,ဥတု ၂-ပါးကိုသာ ရသည်။

ထိုအဖြေ (၂)ချက်၌ သာဓကဆောင်ပုဒ်

အဒ္ဓတ္တ ပန စတ္တာရော၊ ဗာဟိရောတုပ လဇ္ဇတာ၊
သဗ္ဗေကာမဘဝေ ရူပေ၊အာဟာရော နသမီရိတော။
(နာမရူပပရိစ္ဆေဒအဋ္ဌကထာ ၈ါထာနံပါတ်-၅၈၀)

★

● ရူပသမုဋ္ဌာန် လေးပါးကို ပဝတ္တိပဋိသန္ဓေအားဖြင့်ရင်း၊ သက်ရှိသက်မဲ့အားဖြင့်ရင်း ခွဲခြားဝေဘန်ပါ။ ?

(၂၃၃) ပဝတ္တိအခါ လေးပါးလုံးရသည်။ ပဋိသန္ဓေအခါ ကံ-တပါးကိုသာရသည်။ သက်ရှိမှာလေးပါးလုံးကိုရသည်။သက်မဲ့မှာ ဥတုတပါးကိုသာရသည်။ ။သာဓကကား.....

ပဝတ္တေ ဟောန္တိ စတ္တာရော၊ ကမ္မမေဝ ပဋိသန္ဓိယံ၊
ဇီဝမာနသ္မိ သဗ္ဗေပိ၊ မတသ္မိ သီယာ နဝ။
(နာမရူပ ပရိစ္ဆေဒ ၈ါထာနံပါတ်-၅၈၁)

★

● အဘယ် ပဋိသန္ဓေယောနိမျိုးကို အဏ္ဍဇ၊ ဇလာဗုဇ ခေါ်သနည်း။ ?

(၂၃၄) အဏ္ဍေ ဇာတာ အဏ္ဍဇာ၊
ဇလာဗုမ္ဘိ ဇာတာ ဇလာဗုဇာ။

ဤဋီကာနှင့်အညီ ဥ-ဌ် ပေါက်ပွားသော သတ္တဝါကို— "အဏ္ဍဇ" သူငယ်အိမ်ဌ် ပေါက်ပွားသော သတ္တဝါကို— "ဇလာဗုဇ"ခေါ်သည်။

★

● အဘယ့်ကြောင့် ထို ၂-ပါးကို ဂဗ္ဘသေယျက ခေါ်သနည်း။ ?

(၂၃၅) ဂဗ္ဘေမာတုကုစ္ဆိယံ သေန္တိ ပဝတ္တန္တိတိ ဂဗ္ဘသေယျကာ-ဟူသော ဝစနတ္ထနှင့်အညီ၊ အမိဝမ်းတိုက်ဌ် ကိန်းအောင်းရသော ကြောင့် "ဂဗ္ဘသေယျက"မည်သည်။

★

● ဂဗ္ဘ-ဟူသည် ဝမ်းတိုက်ကို ခေါ်သလော၊ သတ္တဝါကို ခေါ်သလော။?

(၂၃၆) ဂဗ္ဘောတိ မာတုကုစ္ဆိဝုဋ္ဌော-ဟူသော သာရတ္ထဒီပနီ ဋီကာအလို အမိဝမ်းသည် မုချအားဖြင့် "ဂဗ္ဘ"မည်၏။

ဂဗ္ဘ နိဗ္ဗတ္တနကသတ္တော ပိဟိ ဂဗ္ဘောတိ ဝုစ္စတိ။

ဤဋီကာအလို အမိဝမ်းတိုက်ဌ်ဖြစ်သော သတ္တဝါကိုလည်း ဌာနမုချပုစာအားဖြင့် "ဂဗ္ဘ"ဟုပင် ခေါ်သည်။

★

● လူတို့တွင် အဘယ်သူသည် အဏ္ဍဇပဋိသန္ဓေ နေ ဘူး ပါ

(၂၃၇) အကျွေဇာပိ ကောလ္လပုတ္တဒ္ဒေဘာတိယထေရာပိ။

သိရိဓမ္မာသောကမင်းကြီး လက်ထက်က "ကောလ္လပုတ္တ" ခေါ်သော ဘာတိယ ညီနောင်မထေရ် ၂-ပါးတို့သည် ဥ-က ပေါက်ပွားသောသူတို့တည်း။

★

● လူတို့သည် ယောဘုယျ အားဖြင့် အဘယ် ပဋိသန္ဓေ နေသနည်း။ ?

(၂၃၈) (ယောဘုယျေန ပန မနုဿာ ဇလာ ဗုဇာ ဝ)ဇလာ ဗုဇ ပဋိသန္ဓေ အနေများသည်။

★

● နိဗ္ဗာန်မတက္ကိုကပြိတ္တာ တို့သည် အ ဘယ့်ကြောင့် ဂဗ္ဘ သေယျက မနေသနည်း။ ?

(၂၃၉) ပေတေသုပိ နိဗ္ဗာန်မတက္ကိုကပေတာနံ။
နိစ္စဒုက္ခာတုရတာယ ကာမသေဝနာ နတ္ထိ။
တသ္မာ တေ ဂဗ္ဘသေယျကာ နေ ဟောန္တိ။

ပြိတ္တာတို့တွင်လည်း၊ နိဗ္ဗာန်မ တက္ကိုကပြိတ္တာတို့အား အမြဲ ဒုက္ခ ဝေဒနာ ညှဉ်းဆဲနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊ ကာမဂုဏ် ခံစားခြင်းမရှိ၊ ထို့ကြောင့် နိဗ္ဗာန်မတက္ကိုက ပြိတ္တာတို့သည်၊ ဂဗ္ဘ သေယျက မဖြစ်နိုင်။

★

● ဂဗ္ဘသေယျက ပဋိသန္ဓေ တည်ခြင်း အကြောင်းကား အဘယ်နည်း။?

(၂၄၀) [၁] မိဘနှစ်ပါးတို့ နှီးနှောသည်လည်းဖြစ်စေ။
[၂] အမိ၏ ဥတုသမယကြုံသည်ဖြစ်စေ။
[၃] သတ္တဝါ စုတိဆဲ ဖြစ်စေ။

ဤအင်္ဂါသုံးပါးပြည့်စုံမှ ဂဗ္ဘသေယျက ပဋိသန္ဓေ တည်နိုင်ပါသည်။

● ညဉ့်၏ခါဌ် ပဋိသန္ဓေနေသလော၊ နေ့အခါဌ် ပဋိသန္ဓေနေသလော ယေဘုယျအားဖြင့် အဘယ် အ ခါ မှာ ပဋိသန္ဓေ နေပါသနည်း။?

(၂၄၁) ယမေကရတ္တိ ပဌမံ ဂဗ္ဘေ သတိမာဏဝေါ၊
အဗ္ဘုဋ္ဌိတောဝ သောယာတိ၊ သဂ္ဂံ နိ ဝတ္တတိ။
(ဟူသော ဘဒ္ဒေကရတ္တသုတ်)

တဒါ ရာဇာ ဗောဓိသတ္တာသ ပဋိသန္ဓိဂ္ဂဟဏဒိဝသေ။

ပစ္စူသကာလေ ဝေရူပံသုပိနံအဒဿ ဟူသော (အယောဃရ ဇာတ် ဥမင်္ဂဇာတ်)တို့ကို ထောက်သော် ယေဘုယျအားဖြင့် ညအခါဌ် သတ္တဝါတို့ ပဋိသန္ဓေယူကြပါသည်။

● ဂဗ္ဘသေယျက သတ္တဝါတိုင်းပင် ဘခင်ကို သတ် လျှင် ပီတုဃာတကကံထိုက်သလော။ ?

(၂၄၂) ပဋိသန္ဓေ ဂ-မျိုးတွင် (၁) အဗျာဝစာရ၊ (၂) ကာယသံသဂ္ဂအစွမ်းဖြင့်ရသောသား ၂-ယောက်က၊သူ၏ဘခင်ကိုသတ်မှု "ပီတုဃာတက"ကံ ထိုက်သည်၊ ကြွင်းပဋိသန္ဓေ ၆-မျိုးဖြင့်ရသောသားက သူ၏ဘခင်ကို သတ်သော်လဲ"ပီတုဃာတက"မထိုက်ပါ။ ဤကြောင့် သာရတ္ထဒီပနီ၌-

တာဒိသံ ပိတရံ မနုဿဇာတိကံ ဇီဝိတာဝေါရောပေတိ ပိတုဃာတကောဝ ဟောတိတိ ဝဒန္တိ-ဟု မိန့်တော်မူ၏။

● ဂဗ္ဘသေယျကသတ္တဝါ၏ ပျက်စီးကြောင်းကား အဘယ်နည်း။?

(၂၄၃) ဂဗ္ဘောနုသဏ္ဌာတိ ဝါတေနဝါ ပါဏကေဟိ ဝါ ဤသို့အဋ္ဌကထာ ဆိုသောကြောင့် လေမှုတ်၍ သွေ့ခြောက် စေသောကြောင့်ရင်း၊ ပိုးကိုက်ခဲသောကြောင့်ရင်း ကိုယ်ဝန်မဝေ,ည်နိုင်ပါ။

ဝါ၊တနပါဏကေဟိ၊ကမ္မုနာတိတိဟိကာရကေဟိဝိနဿတိ-ဟူ၍ လေ,ပိုး အပြင် "ကံ"ကြောင့်လည်းပျက်သည်ဟူ၍ တနည်းသုံးပါးပြဆိုသေးသည်။

★

● ဂဗ္ဘသေယျက ပဋိသန္ဓေမယူသော "မိန်းမမြှုံ"ဟူ၍ ရှိသင့်မရှိသင့် ဘော်ပြပါ။?

(၂၄၄) "ဂဗ္ဘံအဂဏှကဏ္ဍတ္ထိနာမ နတ္ထိ"
(ပါရာဇိကဏ်အဋ္ဌကထာ)

ဤသို့ဆိုသောကြောင့် "ဂဗ္ဘသေယျက" ကိုယ်ဝန် မယူသော မိန်းမဟူ၍မရှိ၊ မရှိဘဲလျက် အဘယ့်ကြောင့် "အမြှုံ" ဟူ၍ လောကဋ္ဌရှိသနည်းဟူမူ၊ ကိုယ်ဝန်တည်သော်လည်း ဆိုခဲ့ပြီးသော လေ,ပိုး ကံဘို့ကြောင့် ပျက်သည်ဟုဆိုလိုသည်။

★

● "ဣစ္ဆေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ" ဤ ပါဠိတော်၌ ပဋိသန္ဓိ-အရ၊ ဥပါဒါယ-အရ၊ ကမ္မသမုဋ္ဌာန-အရမျှားကို ရသင့်သည့်အားလျော်စွာ ခွဲခြား ဝေဘန်ပါ။ ?

(၂၄၅) ပဋိသန္ဓိ-အရကား ပဥ္စဝေါကာရပဋိသန္ဓေစိတ် ၁၅-ခု ကို ယူရပါသည်။

ဥပါဒါယ-အရကား ပဋိသန္ဓေစိတ်၏ ဥပါဒါဒ်ကို ယူရပါသည်။ ကမ္မသမုဋ္ဌာန-အရကား ကမ္မဇရူပ် (၁၈)ပါးလုံးကိုရသည်။

(ပဋ္ဌိသန္ဓိဥပါဒါယ)ဟုဆိုရာ၌ ပဋ္ဌိသန္ဓေစိတ်မှာ ဥပါဒ်,ဌီ,ဘင်-ဟု ခဏငယ် (၃)ချက်ရှိရာ သာမညဆိုသော်လည်း "ဥပါဒ်"က စဉ်ယူရမည်။

★

● "ဒုတိယစိတ္တမုပါဒါယ စိဏ္ဏသမုဋ္ဌာနာ" ဟူသော ပါဠိ၌ ဒုတိယစိတ်ဟူသည် အဘယ်နည်း၊ ဥပါဒါယ-ဟူသည် အဘယ်ကိုအစပြု၍ယူရမည်နည်း၊ ၎င်းပြင် စိတ္တသမုဋ္ဌာန-အရ အဘယ်ကိုပြုရမည်နည်း။ ?

(၂၄၆) ပဋ္ဌိသန္ဓေစိတ်ကိုထောက်သောအားဖြင့် "ပဌမဘဝင်" စိတ်ကို ဒုတိယစိတ်-ဟု ဆိုသည်။ ထိုဒုတိယစိတ်သည် နောက်ကဘုံစိတ်ကိုထောက်သော် ဘုံတို့ဘုံ ပဌမစိတ်ဖြစ်၍ "ဒုတိယစိတ္တံ ပဌမဘဝင်ကို"ဟု အနုက်ခေါ်သည်။

ဥပါဒါယ-ဟူသည် ပဌမဘုံစိတ်၏ဥပါဒ်ကို ယူရပါသည်။

စိတ္တသမုဋ္ဌာန-အရကား စိတ္တဇရူပ် ၁၅-ပါး လုံးကို ယူပါသည်။

★

● ဌီတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ-၌ ဌီတိ-ဟူသည် အဘယ်၏ ဌီ-ဖြစ်မည်နည်း၊ ဥတုသမုဋ္ဌာန-အရကိုလည်း ကောက်ပြပါ။?

(၂၄၇) ပဋ္ဌိသန္ဓေစိတ်၏ ဌီ-ခဏနှင့် ညီမျှသောရုပ်၏ ဌီ-ကို ဆိုသည်။ ဥတုသမုဋ္ဌာန-အရကား ဥတုဇရူပ် ၁၃-ပါးတည်း။

★

● သြဇာဝဟရကမုပါဒါယ အာဟာရသမုဋ္ဌာနာ-၌ သြဇာ ဝဟရကာလ ဥပါဒါယ-အရ အဘယ်ကစ၍ယူရမည်ကို ပြပါ။?

(၂၄၈) သြဇာပြန့်နှံ့ရာ ၁-သတ္တာဟာ၊ ၂-သတ္တာဟာကျော်မြောက်သောကာလကို "သြဇာဖရဏကာလ" ဆိုသည်။

ဥပါဒါယ-အရကား အမှတ်မရှိသောရုပ်၏ ဌိ-ကို ယူရသည်။

★

● မရဏကာလေပန စုတိစိတ္တောပရိသတ္တရ သမစိတ္တာ ဌိတိ ကာလမုပါဒါယ ကမ္မဇရူပါနိ နု ဥပ္ပဇ္ဇန္တိ-ဌ် လိုအပ်သော စုတိစိတ်ကိုဘော်ပြ၍ ကမ္မဇရုပ်တို့သည် အဘယ်ကြောင့် ၁၇-ချက် မြောက်သော စိတ်၏ ဌိကာလကစ၍ မဖြစ်ကြောင်းကိုဘော်ပြပါ။ ?

(၂၄၉) စုတိစိတ်အရကား ပဋ္ဌဝေါကာရစုတိ ၁၅-ခုကိုသာ ယူရပါသည်။ ၁၇-ချက်မြောက်သောစိတ်၏ ဌိကာလကစ၍ ကမ္မဇရုပ်တို့ မဖြစ်ကြောင်းကား။ ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ မချုပ်နိုင်ဘဲ ခဏငယ်တချက်ပိုလွန်မည် ဖြစ်သောကြောင့် ဌိကစ၍ မဖြစ်ပါ။

★

● စုတိစိတ္တ-အရ ကာမစုတိ, ရူပစုတိတို့ကို အသီးသီး ယူခဲ့သော် "ကမ္မဇရူပါနိ" အရကိုကောက်ပြပါ။?

(၂၅၀) စုတိစိတ္တ-အရ ကာမစုတိ ၁၀-ခုကို ယူခဲ့သော် "ကမ္မဇရူပါနိ" အရ ဇီဝိတနဝကကလာပ် ကြဉ်သော ကမ္မဇကလာပ် (၇) စည်းကို ယူရပါသည်။ ရူပစုတိ ၅-ခုကိုယူခဲ့သော် စက္ခု, သောတ, ဃာန, ဇိဝှာ, ဇီဝိတ ဤကလာပ် လေးစည်းကို ယူရပါသည်။

★

● ပုရေတရမုပ္ပန္နာနိ....နိရုဇ္ဈန္တိ-ဌ် "ပုရေတရ" အရ သည်၊ အနန္တရစိတ္တက္ခဏလော၊ အနန္တရခဏငယ်လော အဘယ်အရာဖြစ်သင့်သည်ကို အကြောင်းပြု၍ ဖြေပါ။ ?

(၂၅၁) အနန္တရစိတ္တက္ခဏ နှင့် ဥပါဒ်သော ကမ္မဇရုပ်သည် စုတိစိတ် ဘင်နှင့် သမကာလမဖြစ်နိုင်၊ အနန္တရ ခဏငယ်နှင့်ဥပါဒ်သော ကမ္မဇရုပ်သာ စုတိစိတ် ဘင်နှင့် သမကာလ ဖြစ်သော ကြောင့် "ပုရေတရ"အရသည် "အနန္တရ ခဏငယ်"ဖြစ်ပါသည်။

★

● တတောပရံ စိတ္တဇာဟာရဇ ရူပဥ္စဝေါစ္ဆိဇ္ဇတိ-ဌ "တတောပရံ"အရသည်၊ သဝိညာဏက, အဝိညာဏ ၂-ပါးတို့တွင် အဘယ်အရာဖြစ်သင့်သည်ကို အကြောင်းနှင့်ဘက္ခ ဘော်ပြပါ။?

(၂၅၂) ကမ္မဇရုပ် ရှိသော်သာလျှင် ဣန္ဒြိယဗဒ္ဓဖြစ်၍ သဝိညာဏကဆိုရပါသည်။ ဤတတောပရံ-အရကား ကမ္မဇရုပ် ချုပ်ပြီးဖြစ်၍ အနိန္ဒြိယဗဒ္ဓဖြစ်ရကား အဝိညာဏကဖြစ်ပါသည်။

★

● "တတောပရံ"အရ အဘယ်မျှလောက် ကာလတိုင်အောင် ယူရမည်ကို ထင်ရှားစွာဘော်ပြ၍၊ စိတ္တဇာဟာရဇ-အရ အဘယ် စိတ္တဇရုပ်, အာဟာရဇရုပ်မျှားကို ယူရမည်ဟု ထင်ရှားစွာရေးပ။?

(၂၅၃) တတောပရံ-အရမှာ အဌကထာအလို စုတိစိတ်သည်ပင် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သေးသောကြောင့်၊ စုတိစိတ်နောက် ဝိဘ္ဘင်္ဂက္ခဏ ၁၆-ချက်ခန့် ကာလတိုင်အောင်ယူရပါသည်။

မူလဋီကာကျမ်းပြုဆရာ အသျင်-အာနန္ဒာ အလို အားဖြင့် ခပ်သိမ်းသော စုတိစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဟု အယူရှိခြင်းကြောင့်၊ စုတိစိတ်၏ရှေနားက စိတ်နှင့်အတူ ဥပါဒ်သော ရုပ်သည် စုတိစိတ်၏နောက် ခဏငယ် ၁၅-ချက်ခန့်ကာလတိုင်အောင် ယူရပါသည်။

"စိတ္တဇာဟာရဇ"အရကို စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်၊ အာဟာရဇသုဒ္ဓဋ္ဌက ကလာပ် မျှားကိုသာ ယူရပါသည်။ အကြောင်းကား ဤသို့ စုတေသော အခါ၌ ဝိညတ်ဝိကာရ ကင်းသောကြောင့် အခြား စိတ္တဇအာဟာရဇ ကလာပ်မျှားကို မရနိုင်သောကြောင့်တည်း။

★

● ဥတုသမုဋ္ဌာန ရူပပရမ်ပရာ ယာဝမတကဋ္ဌေဝရ သခ်ါတာ ပဝတ္တနီ-ဟူသောစကားသည်၊ အဘယ်ဘုံ,အဘယ်ပုဂ္ဂိုလ်ကိုရည်ရွယ်ဆိုသော စကားဖြစ်ပါသနည်း၊ အကြောင်းပြု၍ ဖြေပါ။?

(၂၅၄) ထိုစကားသည် ကုံအားဖြင့် "ကာမ" ဘုံကို ရည်ရွယ်ဆိုသော စကားဖြစ်သည်။

အကြောင်းကား ရူပဗြဟ္မာ, အသညသတ်ဗြဟ္မာ တို့၏ ဩပပါတိက သတ္တဝါသာလျှင် နိစ္စဖြစ်သောကြောင့်၊ ထိုဘုံ၌ဖြစ်ကုန်သော တိသမုဋ္ဌာနိကရူပ်၊ ဒ္ဝိသမုဋ္ဌာနိကရူပ် တို့သည် သေသည်နှင့် တပြိုင်နက် မီးတောက် ငြိမ်းသလို ကိုယ်ကောင် ပစ်ချရခြင်း မရှိသောကြောင့်တည်း။

ပုဂ္ဂိုလ်အားဖြင့် "ဂ ဗ္ဘသေယျက သံသေဒဇ"ပုဂ္ဂိုလ်ကိုရည်ရွယ်ဆိုသော စကားဖြစ်သည်။

အကြောင်းကား-ဩပပါတိက ပုဂ္ဂိုလ်တို့အား သေသည်နှင့် တပြိုင်နက် မီးတောက်ငြိမ်းသလို ကိုယ်ကောင် ပစ်ချရခြင်း မရှိသောကြောင့်တည်း။

★

● ဥတုသမုဋ္ဌာန ရူပ-ဟူသည် အဘယ် ဥတုဇရူပ်ကို ယူရသည်နည်း သာဓက ပါဠိကိုး၍ ဖြေပါ။?

(၂၅၅) ဥတုဇ သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ် ၂-စည်း ကိုသာယူရပါသည်။

သာဓကပါဠိကား- သုဒ္ဓဋ္ဌကံသဒ္ဒနဝကဥတိ ဒ္ဝေဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

★

● ကာမ,ရူပ,အသညသတ်ဘုံတို့၌ ရအပ်သောကလာပ်များ ကို ရေတွက်ပြပါ။ ?

(၂၅၆) ဇီဝိတြဉ်ထ - ကာမနှစ်ဆယ်၊
စက်,သော,ဟဒယ-ဇီဝ,တသွယ်။ (ပဋ္ဌိသန္ဓေအခါ)။
စိတ်,ခြောက်,ဥလေး-ဆဲ့လေးရှဝယ်၊ (ပဝတ္တိအခါ)။
ရသည်သာ-မှတ်ပါ, သောတုယ်။ ။
သဒ္ဒ,ကြဉ်ပြူ-ဥတု ၂-သွယ်၊ (ပဝတ္တိအခါ)။
ဇီဝိ,ကာလာပ-နဝ,တသွယ်၊ (ပဋ္ဌိသန္ဓေအခါ)။
သညသတ်၌-ရအပ်လေတယ်၊
ကလာပ်ရ-မှတ်ကြ,ဘုံသုံးသွယ်။

★

● ဟောနို့ တေဝီသရူပီသု သတ္တရသေဝ သညီနံတို့၌၊ တေဝီ သ သတ္တရသ သခ်ၫ်းတို့၏ သခ်ၫ်းယူရုပ်များကို ဘော်ထုတ် ပြပါ။ ?

(၂၅၇) ဃာ,ဇီ,ကာယ-ဘာဝ နှစ်လီ၊
ပယ်ကြဉ်လေကြ-ရူပတေဝီ၊
ဝိကာ,ဝိနိဗ-ပရိစ်,လက်,ဇီ၊
သညသတ်-ရအပ်လေတော့သည်။

ဝိကာရ(၃)၊ အဝိနိဗ္ဘောဂ(၈)၊ပရိစ္ဆေဒ(၁)၊လက္ခဏ(၄)၊ ဇီဝိတ(၁)၊ပေါင်း (၁၇)မှာ်ပါလေ။

★

● သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဥောပပတ္တိယံ-ဌ ဥပပတ္တိ-အရ ပဋိသန္ဓေစိတ်တခုလုံးကိုပင်ယူမည်လော၊အကြောင်းပြ၍ဖြေပါ။?

(၂၅၇ဂ) ဥပါဒ်,ခဏကိုသာယူရမည်၊ အကြောင်းကား ဌိအခိုက်ဌ"ဇရတာ"ကိုရမည်၊ ဘင်အခိုက်ဌ အနိစ္စတာကို ရမည်ဖြစ်သောကြောင့်တည်း။

★

● နိဗ္ဗာနံ ပန လောကုတ္တရ သခ်ါတံ....နိဗ္ဗာနန္တိပဝုစ္စတိ - ဌ အာဘယ်ပါဌ်ဖြင့် အာဘယ်ကိုပြသည်ဟု အသီးသီး ညွှန်ပြပါ။?

(၂၅၇ဇ) စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗံ-ပါဌ်ဖြင့် နိဗ္ဗာန်၏ ထိုထို အရိယာပုဂ္ဂိုလ်တို့အား ပစ္စက္ခသိဒ္ဓိအားဖြင့် သိမြင်နိုင်သည်ကို ပြဆိုတော်မူသည်။

မဂ္ဂဖလာန မာလမ္ဗဏာဘူတံ - ပါဌ်ဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့အား၊ အနုမာနသိဒ္ဓိအားဖြင့် မှန်းဆ၍မြင်နိုင်သည်ကို ပြတော်မူသည်။

ဝါနသခ်ါတာယ တဏှာယ နိက္ခန္တတ္တာ-ဟူသော ပါ ဌ်ဖြင့် "ဝါန" သဒ္ဒါ၏ တဏှာဟူသော အနက်ဟောသည်၏ အဖြစ်ကို ၎င်း၊ "နိ"ဟူသော ဥပသာရပုဒ်၏လည်း နိက္ခန္တအနက်ကို ဟောသည်၏ အဖြစ်ကိုဌင်း။

"ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ"

ဟု ဝိဂြိုဟ်ဆိုရမည်၏ အဖြစ်ကိုဌင်း ပြတော်မူ၏။

★

● နိဗ္ဗာန်, ကိလေသပရိနိဗ္ဗာန်, ခန္ဓပရိနိဗ္ဗာန် ဤ ၃-ပါး အထူးကို ဘော်ပြပါ။ ?

(၂၆၀) ယံ အာဂမ္မ ရာဂါဒယော ခီယန္တိ တံ နိဗ္ဗာနံ။
(ဇမ္ဗုခါဒကသံယုတ်အဋ္ဌကထာ-၁၂၇)

အကြင်အသင်္ခတတရားကို အစဲပြု၍ ရာဂစသော ကိလေသာ တို့သည် ကုန်ခန်းကုန်၏၊ ထိုကုန်ခန်းကြောင်း အသင်္ခတ တရားသည် "နိဗ္ဗာန်"မည်၏။

အရဟတ္တမဂ္ဂပညာယ သမ္မာ ဇာနိတ္မာ အနန္တရမေဝ၊ အနာသဝါဟုတ္မာ ကိလေသာ ပရိနိဗ္ဗာနေန ပရိနိဗ္ဗာယန္တိ အထဝါ သမ္မပညာယ အနာသဝါ ဟုတ္မာ အနေ့ ခန္ဓပရိနိဗ္ဗာနေန ပရိနိဗ္ဗာယန္တိ။ ။
(သံယုတ်အဋ္ဌကထာ ဒေဝဒဟဝဂ်-၄၄)

အရဟတ္တမဂ်ပညာဖြင့် ကောင်းစွာသိ၍ ဂေါတြဘူ၏အခြားမဲ့၌ ကိလေသာကုန်၍ ကိလေသာငြိမ်းခြင်းသည် "ကိလေသပရိနိဗ္ဗာန်" မည်၏။ အရဟတ္တမဂ်ပညာဖြင့် ကောင်းစွာသိပြီး၍ အဆုံး၌ ခန္ဓာကုန်ခြင်းသည် "ခန္ဓပရိနိဗ္ဗာန်"မည်၏။

ကိလေသာပရိနိဗ္ဗာန် နှင့် သဉပါဒိသေသနိဗ္ဗာန်။
ခန္ဓပရိနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်
(အတူတူ)

★

● သဘာဝတော ဒေဝဝိမ္မိ .... ကာရဏ ပရိ ယာယေန - ၌ သဘာဝ-အရကိုဘော်ပြ၍၊ ကာရဏပရိယာယေန-ဟုဆိုရကြောင်းကို ထင်ရှားအောင်ဘော်ပြပါ။ ?

(၂၆၁) နိဗ္ဗာနံ သန္ဓိလက္ခဏံ-ဟု ဆိုသောကြောင့် "သဘာဝ" ဟူသည် "သန္ဓိလက္ခဏ" ကို ဆိုသည်။ ကာရဏပရိယာယေန-ဟု ဆိုရခြင်းကား အကျိုးဖြစ်သော ပရိနိဗ္ဗာန်၏ သဉ္ဇာတိဒေသ အနုပါဒိသေသ-ဟူသောအမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ အကြောင်းဖြစ်သော နိဗ္ဗာန်ကို သဘာဝ အားဖြင့် တပါးသာရှိသော်လည်း သဉ္ဇာတိဒေသနိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်ဝေါ်ခြင်းသည် "ဖလူပစာရ" အားဖြင့် ခေါ်ဝေါ်သည်။ မုခ္ယ မဟုတ်ဟုဆိုလိုသည်။

သမုဒ္ဒရာ်ုိင်း-အမေးအဖြေ

● ဒ္ဒါသတ္တတိ ဝိဓာ ဝုတ္တာ-ဌ ဒ္ဒါသတ္တတိ-အရကို ရေတွက်ပြပါ။ ?

(၂၆၂) စိတ်ကတပါ-စေတ်ကိုးမှန်၊
နိဗ္ဗာန်တပါ-ရုပ်ကားနိုပ္ပန်။
ဒ္ဒါသတ္တတိ-ပေါင်းဘီအမှန်၊
မယူရ - ဒသ,အနိုပ္ပန်။ ။

★

● အနိုပ္ပန္နရုပ် ၁၀-ကို အဘယ့်ကြောင့် ဒ္ဒါသတ္တတိ-အရတွင် မကောက်သနည်း။ ?

(၂၆၃) ဝတ္ထုဓမ္မ-သလက္ခဏာ၊
သူမဟုတ်ရှု-ပယ်ထုတ်လိုက်ပြန်။
အခိုက်တန်မှ-ဖြစ်ကြလေပြန်၊
ရုပ်တဆယ်-ထုတ်ပယ်မြတ်ကျမ်းဂန်။ ။

★

● သလက္ခဏာ-ဌ လက္ခဏာများကို ဘော်ပြ၍၊ လက္ခဏာ၀ိဇ္ဇ တရားများနှင့် အစဉ်အတိုင်းဟပ်ပြပါ။?

(၂၆၄) လက္ခဏာကား-အာရမ္မဏ၀ိဇာနန,ဖုသန,ကဋ္ဌ,သဏ္ဌိ-တို့ဖြစ်ပါသည်။

(အစဉ်အတိုင်း ဟပ်ပြပုံ။)

စိတ်..... အာရမ္မဏ ၀ိဇာနန လက္ခဏာ။
စေတသိက်..... ....ဖုသနလက္ခဏာ စသည်။
ရုပ် ..... ကဋ္ဌလက္ခဏာ စသည်။
နိဗ္ဗာန်..... သဏ္ဌိလက္ခဏာ။

★

● ဥပါဒါန်လေးပါးကို ဘုံ,ပုဂ္ဂိုလ်တို့ဖြင့် ဝေဘန်ပါ။ ?

(၂၆၅) ကာမုပါဒါန-ကာမဘုံတွင်၊
ကြွင်းလျှင်သုံးဝ-တိ သဘုံပင်။
သော,သ,ပုထု-ကာမုရချင်၊
ဒိဋ္ဌုပါ-မှတ်ပါ,ပုထုဇဉ်။ ။

★

● အဘယ်ကြောင့် ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ၊ ထိနနှင့် မိဒ္ဓတို့သည် တရားကိုယ် အသီးအခြားဖြစ်လျက် တပ်ါးတည်း ပေါင်းသနည်း။ ?

(၂၆၆) ကိစ္စာ, ဟာရ, ပဋိပက္ခာနံ, သမာနဘာဝတော။ ကိစ္စ-အကြောင်း ဆန့်ကျင်ဘက်တူသောကြောင့် ပေါင်းသည်။

★

● အဘယ်သို့ ကိစ္စ အကြောင်း ဆန့်ကျင်ဘက် တူပါသနည်း။ ?

(၂၆၇) ထိနမိဒ္ဓ-နှစ်ဝစေမှာ၊
စိတ်စေ,ထုံထိုင်း-မှုံမှိုင်းကိစ္စာ။ (ကိစ္စတူပုံ)။
ပျင်းရိခြေလက်-ဆန့်ချက်ကြောင်းသာ (အကြောင်းတူပုံ)။
ဝီရိယ-မှတ်ကြ ဆန့်ကျင်ရာ။ ။
ဥဒ္ဓစ္စနှင့်-ကုက္ကုစ္စမှာ၊
စိတ်မငြိမ်သက်-ခေါ်ချက်ကိစ္စာ (ကိစ္စတူပုံ)။
ဆွေမျိုးပျက်ရှောင်း-ကြံကြောင်းအာဟာ(အကြောင်းတူပုံ)။
သမာဓိ,မှတ်ဘိ ဆန့်ကျင်ရာ။ (ဆန့်ကျင်ဘက်တူပုံ)။

★

● နိဝရဏာဘရား(၈)ပါးကို ဘုံ,ပုဂ္ဂိုလ်တို့ဖြင့် ဝေဘန်ပါ။?

(၂၆၈) ကာမစ္ဆန္ဒ - ဒေါသ,ကုစ္စေ၊
ရူပါ,ရူပ - ကြင့်ကြပါလေ။
ကာမဘုံမှ - ရှစ်ဝလုံးပေ၊
နိဝရဏ် - ရှစ်တန် ဘုံ,ဖြင့်ဝေ။ ။
သော,သ,ကြင့်ဘီ - ဝိစိကိစ္ဆာ၊
နာဝဂါမ်ကြင့်သ - ကာမ,ဗျာပါ။
ရဟန္တာက - သဗ္ဗကြင့်ရာ၊
ပုထုဇဉ် - ရှစ်ပင်ရသည်သာ။ ။

★

● အနုသယ(၇)ပါးကို ဘုံ,ပုဂ္ဂိုလ်တို့ဖြင့် ဝေဘန်ပါ။ ?

(၂၆၉) ကာမ,ဒေါသ - ကာမဘုံသာ၊
ကြင်းသည့်ငါးလုံး - ဘုံလုံးစုံမှာ။
ပုထုဇဉ်နှ - သတ္တနုသယာ၊
သောနှင့်သ - ပယ်ထ ဒိဋ္ဌိ ကိစ္ဆာ။ ။
နာဝဂါမ်ပယ်ဘီ - ဒိဋ္ဌိကိစ္ဆာ၊
ဒေါသ,ကာမ - လေးဝမှတ်ပါ။
ရဟန္တာက - သတ္တနုသယာ၊
အကုန်လုံး - ပယ်ဖြုန်းလိုက်သည်သာ။ ။

★

● ကိလေသာဆယ်ပါးကို ဘုံ,ပုဂ္ဂိုလ်တို့ဖြင့် ဝေဘန်ပါ။ ?

(၂၇၀) ကာမဘုံမှ - ဒသကိလေ၊
ဒေါသပယ်ထ - ရူပ,ရူပေ။
ဒေါသ,ဒိဋ္ဌိ - ဝိစိ ပယ်လေ၊
သုဒ္ဓါဝါ - သတ္တာကိလေသေ။ ။

ဒိဋ္ဌိ,ဝိစိ - ပယ်ဘိသောတာ၊
ကြမ်းသောရာဂ - ဒေါသ, မောဟာ။
သကဒါဂါမိ - ပယ်ဘိသုံးဖြာ၊
ဒေါသဆိုး-ပယ်ချိုးအနာဂါ။ ။
လောဘ,မောဟ - မာန,ထနာ၊
ဥဒ္ဓစ္စနှင့် - အဟိရိကာ။
အနောတ္တပ္ပ - သတ္တကိလေသာ၊
အကုန်နုတ် - ပယ်ဖြုတ် ရဟန္တာ။ ။

● နာမ်,ဂျွန်ရှစ်ပါး၊ ရုပ်, ဂျွန်ရှစ်ပါးကို ရေတွက်ပြပါ။ ?

(၂၇၁) ဇီဝိတနှင့် - စိတ္တ, ဝေဒနာ၊
သဒ္ဓါ,ဝီရိ - သတိ,သမာ။
ပညာအင္ဂ - ပေါင်းကြလေပါ။
နာမ်,ဂျွန်ရှိ - ရှစ်ထွေမှတ်စရာ။ ။
ပသာဒငါး - ၂-ပါးဘာဝါ၊
ဇီဝိတ,တစ် - ရုပ်ရှစ်မှတ်ပါ။
ရုပ်,ဂျွန်ရှိက - အင္ဂယူပါ၊
ပေါင်းနှစ်ရုပ် - သောင္ဆသိန္ဒြိယာ။ ။

● အဓိပတိအစိုးရပုံနှင့် ဂျာန်ဈာန်အစိုးရပုံ အထူးကိုဖြေပါ။ ?

(၂၇၂) အဓိပတိနှင်း - တိုင်းပြည်သခင်၊
ဘုရင်မင်းမျိုး - အုပ်စိုးအသွင်။
ဂျွန်ဈာန်ရောက် - လက်အောက်ပြည်တွင်၊
အမတ်မျိုး - အုပ်စိုးပုံအသွင်။ ။

● ဖဿ,ကို ၂-ခုမြောက်မှာ၊ မနောသဠေတနာ-ကို ၃-ခုမြောက်မှာ၊ ဝိညာဏ်ကို လေးခုမြောက်မှာသာ ဟောသင့်သောကြောင့် "ဖဿော ဒုတိယော မနောသဠေ တနာ တတိယာ ဝိညာဏံ စတုတ္ထံ"ဟု ဟောပါသလော။?

(၂၇၃) "ဒေသန နယော ဝေစေသ"

သံယုတ် အဋ္ဌ ကထာ - ဆိုသောကြောင့်၊ ဖဿောဒုတိယော-စသည်ဖြင့် ဟောတော်မူခြင်းကား - ဒေသနာမတ္တမျှသာ၊ဘယ်လို ဟောဟော ဟောသင့်သည်ချည့်ပင်ဖြစ်ပါသည်။

★

● အာဟာရ ၄-ပါးကို ဘုံ,ပုဂ္ဂိုလ်တို့နှင့်ဝေဘန်ပါ။ ?

(၂၇၄) ကဗဠိကာရ အာဟာရ-ကို ကာမဘုံ မှာသာ ရသည်၊ ကြွင်းသည့် နာမ်,အာဟာရ ၃-ပါးကို အလုံးစုံသော ဘုံမှာ ရပါသည်။

ပုဂ္ဂိုလ်အားဖြင့်"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"ဟုဆိုခြင်းကြောင့် အလုံးစုံသော ပုထုဇန် အရိယာတို့မှာ ရပါသည်။

★

● အသညသတ်ဘုံမှာ အာဟာရ ၄-ပါးတို့တွင် အဘယ်မျှ ရပါသနည်း။ ?

(၂၇၅) တပါးမျှ မရပါ။

★

● တပါးမျှမရသော် သဗ္ဗေသတ္တာမှ အလွတ်ဖြစ်မည်လော။?

(၂၇၆) မလွတ်ပါ၊ သဗ္ဗေသတ္တာ အတွင်း ဝင်ပါသည်။

★

● ထိုသို့ဖြစ်သော် အဘယ်အာဟာရဖြင့် မျှတပါသနည်း။?

(၂၇၇) ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်အား၊ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍ ကမ္ဘာ ၅-ရာ တည်နိုင်ရကား "ပစ္စယာဟာရ" ဟုဆိုရပါသည်။

★

● ကဗဠိကာရ အာဟာရ-ကို ဥပါဒိဏ္ဍက, အနုပါဒိဏ္ဍက-အားဖြင့် ဝေဘန်ပါ။ ?

(၂၇၈) မြေ-စသည်တို့သည် မျိုအပ်သော ဖါး- အစရှိသော သတ္တဝါကို ဥပါဒိဏ္ဍက, ကဗဠိကာရ အာဟာရ-ခေါ်သည်။

လူ-စသည်တို့သည် မျိုအပ်သော ထမင်းအစရှိသော အစာကို အနုပါဒိဏ္ဍက, ကဗဠိကာရ အာဟာရ-ခေါ်သည်။

(သံယုတ်အဋ္ဌကထာအလို။)

★

● အဘယ့်ကြောင့် အာဟာရ-ကို ၄-ပါးအောက်အယုတ်၊ ၄-ပါးထက် အလွန် မဟောသနည်း။ ?

(၂၇၉) **အဋ္ဌတ္တိကသန္ဓတိယာ ဝိသေသပစ္စယတ္တာ။**

(သံယုတ္တအဋ္ဌကထာ နိဒါနဝဂ္ဂသံယုတ် အာဟာရဝဂ်။)

အဋ္ဌတ္တိကသဏ္ဌာန်အား အထူး ကျေးဇူးမျှားသည်၏ အဖြစ်ကြောင့် ၄-ပါးသာ ဟောသည်။

★

● ဆောင်တတ်သောကြောင့် "အာဟာရ" ဟုဆိုရာ၊ အဘယ်ကို ဆောင်သနည်း အသီး,အသီး ဘော်ပြပါ။?

(၂၈၀) **ကဗဠိဆောင်ထ–သြဇဋ္ဌမကေ။**
ဖဿဆောင်ငြား–သုံးပါးသောဝေ။
သဉ္စေတနာဆောင်ငြား–သုံးပါးသန္ဓေ။
ဝိညာဏ–သဟဇ နာမ်,ရူပ် တွေ့။ ။

ကဗဠိုကာရကား - သြဇဋ္ဌမကရုပ်ကို ဆောင်သည်။ ဖဿာ ဟာရက ဝေဒနာသုံးပါးကို ဆောင်သည်။ မနောသဉ္စေတနာ ဟာရက သုံးပါးသောဘဝ၌ ပဋိသန္ဓေ ၃-ပါးကိုဆောင်သည်။ ဝိညာဏာဟာရက သဟဇာတ်ဖြစ်သော ပဋိသန္ဓေ နာမ်,ရူပ် တို့ကို ဆောင်သည်။

(သံယုတ်အဋ္ဌကထာအလို။)

● အာဟာရ ၄-ပါးတို့၏ ကိစ္စကို ဘော်ပြပါ။?

(၂၇၁) ကဗဠိုကာရ အာဟာရ၏ ကိစ္စကား ဥပတ္ထမ္ဘန ကိစ္စ၊ ဖဿာဟာရ၏ ကိစ္စကား- ဖုသနာ့ကိစ္စ။

မနောသဉ္စေတနာဟာရ၏ကိစ္စကား၊ အာယူဟမာနကိစ္စ,ဝိညာ ဏာဟာရ၏ကိစ္စကား - ဝိဇာနနာ့ကိစ္စ။

● ဒ္ဋိဟေတုက, တိဟေတုက, ဇဝနေသ့ဝ ယထာသမ္ဘဝံ အမိပတိဧကောဝ လဗ္ဘတိ-၌ ဒ္ဋိဟိတ်ဇော, တိဟိတ်ဇော မျှားကို ရေတွက်ပြပါ။ ?

(၂၇၂) လော,ဒေါ,ဆယ်ဝ - ကုသလကြိယံ၊
ညာဏဝိပ္ပယုတ် - သရုပ်ရှစ်တန်။
ပေါင်းတဆ့ဲရှစ် - မှတ်လစ်ဧကန်၊
ဒ္ဋိဟိတ်ဇော - သဘောမှတ်ကြရန်။ ။
ညာဏသမ္မယုတ် - သရုပ်ရှစ်တန်၊
အပ္ပနာဇော - သဘောအမှန်။
သုံးဆဲ့လေးပါး - ပေါင်းငြားဧကန်၊
တိဟိတ်ဇော - သဘောမှတ်ကြရန်။ ။

● ဇဝနေသော့ဝ, ကောဝ-တို့၌ ဧဝ,သဒ္ဒါဖြင့် အဘယ်ကို နစ်စေသည်ကို ဘော်ပြ၍ "ယထာသမ္ဘဝံ" အဓိပ္ပါယ်ကို ရှင်းလင်းလိုက်ပါ။ ?

(၂၇၃) ဇဝနေသော့ဝ-၌ "ဧဝ" သဒ္ဒါဖြင့် ဧကဟိတ်ဇော, အဟိတ်ဇော်တို့ကို နစ်စေသည်။ ဧကောဝ-၌ "ဧဝ"သဒ္ဒါဖြင့် တပါးသောတရား အဓိပတိတပ်ခိုက် ကျန်သုံးပါးကိုနစ်စေသည်။

"ယထာသမ္ဘဝံ"ပါ၌၏အဓိပ္ပါယ်ကား-ဒ္ဝိဟိတ်ဇောမှာ ဝိမံသာ ဓိပတိကြည်သော အဓိပတိ ၃-ပါးသာရသည်။ တိဟိတ်ဇောမှာ ၄-ပါးလုံးရသည်ဟု ဆိုလိုပါသည်။

★

● နဝါသက်ပ္ပပိတိယော-ဟူသောစကားကို "ရှင်အနုရုဒ္ဓါ" အဘယ့်ကြောင့်ဆိုသနည်း။ ?

(၂၇၄) လောကုတ္တရာ ·ဒုတိယစျာန်-စသည်၌ ဝိတက် မယှဉ်သောကြောင့်ရင်း၊ လောကုတ္တရာ စတုတ္ထစျာန်-စသည်၌ ပီတိ မယှဉ်သောကြောင့်ရင်း "နဝါသက်ပ္ပပိတိယော"ဟူသော စကားကို ရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူသည်။

★

● ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အဘယ်သို့ ထူးခြားပါသနည်း။?

(၂၇၅) သဗ္ဗသဘာဝဓမ္မတို့ကို ပေါင်း၍ ပြခြင်းငှါ သာသဝ, အနာသဝ ဖြစ်သောတရားတို့ကို သာမညဟောခြင်းသည် "ခန္ဓာ" မည်၏၊ ဝိပဿနာ၏ အာရုံဖြစ်သော တရားတို့ကို ပြ ခြင်း ငှါ သာသဝ သာလျှင် ဖြစ်သော တရားတို့ကို ဟော ခြင်းသည် "ဥပါဒါနက္ခန္ဓာ" မည်၏။

(ဋ္ဌီကာကျော်)

★

● ဝေဒနာနှင့် သညာ ၂-ပါးကို အသီးအခြားထုတ်၍ ခန္ဓာ တပါးစီ အဘယ်ကြောင့် ဟောသနည်း။?

(၂၇၆) ဝေဒနာကား-ဝဋ္ဋတရား၌ သာယာတတ်သောကြောင့်၊ သညာကား- ထိုဝေဒနာအား ကျေးဇူး ပြုတတ်သောကြောင့်၊ ၎င်း ၂-ပါးကို အသီးအခြားထုတ်၍ ခန္ဓာဖွဲ့သည်။

(နာမရူပပရိစ္ဆေဒကျမ်းအလို)

★

● မဂ္ဂယုတ္တာဖလာစေ၀ စတုသစ္စ၀ိနိဿဒ္ဓာ-ဆိုခြင်းကြောင့် မဂ်,စိတ္တုပ္ပါဒ် ဖိုလ်,စိတ္တုပ္ပါဒ်ကိုသာ သစ္စ၀ိမုတ်ဟု ဆိုရမည်လော။?

(၂၇၇) မဂ်,စိတ္တုပ္ပါဒ် ဖိုလ်,စိတ္တုပ္ပါဒ်ကိုသာ သစ္စ၀ိမုတ်ဟုဆိုရမည်မဟုတ်သေး၊ မြက်,ထင်း အစရှိသော အနိန္ဒြိယ ဗဒ္ဓရုပ်နှင့် ပညတ်လည်း သစ္စ၀ိမုတ်ဖြစ်ပါသည်။

★

● ပညက်မှာ ပရမတ်တရားမဟုတ်၍ သစ္စာမှ လွတ်တန်စေ၊ မြက်,ထင်း-စသော အနိန္ဒြိယ ဗဒ္ဓရုပ် တို့သည် ရုပ်တရားဖြစ်၍ ဒုက္ခသစ္စာ-ဟုဆိုရမည် မဟုတ်ပါလော။?

(၂၇၈) ဣတိနာဟ အာ၀ုသော ဣမာနိ စတ္တာရိ သစ္စာနိ တိဏကဋ္ဌာဒီသု ပညပေမိ၊ ဣမသ္မိံ ယေ၀ ပန စတု မဟာ ဘူတိကေ ကာယသ္မိံ ယေ၀ ပညပေမိ – သံယုတ်အဋ္ဌကထာ ဆိုသောကြောင့်၊ တိဏ, ကဋ္ဌ-စသော အနိန္ဒြိယ ဗဒ္ဓရုပ်တို့ကိုလည်း သစ္စာမမဲ့ရသဖြင့် သစ္စ၀ိမုတ်ဖြစ်ပါသည်။

★

● စတုသစ္စ၀ိနိမုတ္တာ ဓမ္မောနာမ နတ္ထိ-ဟူသော ဒေသနာ-အရ မဂ်,စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ကို ပရိယာယ်အားဖြင့်သွင်းလျှင် အဘယ်သစ္စာသို့ သွင်းမည်နည်း။ ?

(၂၇၉) ဖိုလ်ဌ်ရှိပြား-ရှစ်ပါးမဂ္ဂင်၊
မဂ္ဂသစ်ထဲ-ဝင်မြဲ အစဉ်။
ကြင်းမင်ဖိုလ်ချုပ်-စိတ္တုပ္ပါဒ်ပင်၊
ဒုက္ခထဲ-ဝင်မြဲ,မှတ်ဘို့ပင်။ ။

★

● ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာ, လောကိယသစ္စာ, လောကုတ္တရာ သစ္စာများကို ဘော်ပြပါ။?

(၂၉၀) ဒုက္ခနှင့် သမุဒယ ၂-ပါးကား - ဝဋ္ဋသစ္စာလည်းမည်၏၊ လောကိယသစ္စာလည်းမည်၏၊နိရောဓမဂ္ဂ ၂-ပါးကား-ဝိဝဋ္ဋသစ္စာ လည်းမည်၏၊ လောကုတ္တရာသစ္စာလည်းမည်၏။

[ဒွေသစ္စာနိ ဝဋ္ဋံ ဒွေဝိဝဋ္ဋံ၊ဒွေလောကိယာနိ၊ဒွေလောကုတ္တရာ နိ။] (သံယုတ်အဋ္ဌကထာ တတိယအုပ်-၆၆။)

★

● ဒုဒ္ဒသတ္တာဝဂမ္ဘီရ သစ္စာ, ဂမ္ဘီရတ္တာ ဒုဒ္ဒသ သစ္စာ - တို့ကို အဓိပ္ပါယ်နှင့် ကျကျနန ဘော်ပြပါ။ ?

(၂၉၁) ဒုက္ခသစ္စာသည် သစ်ဝုတ်, ဆူးငြောင့်, ထိုးတိုက်မိသော အခါ၌၊ ချော်– ဆင်းရဲလှချေရဲဟု ပြောဆိုလောက်အောင်ထင် ရှားမ၏။

သမุဒယသစ္စာသည်လည်း ခဲလိုသည်, စားလိုသည်-စသည်၏ အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်ထင်ရှား၏။ လက္ခဏာကို ထိုးထွင်း၍ သိရခြင်းအားဖြင့် ၂-ပါးလုံးပင် နက်နဲသောကြောင့်၊ ထိုသစ္စာ ၂-ပါးကို "ဒုဒ္ဒသတ္တာဝဂမ္ဘီရသစ္စာ" ခေါ်သည်။

နိရောဓ,မဂ္ဂသစ္စာ ၂-ပါးကို သိမြင်ခြင်းငှါ အားထုတ်ရခြင်း သည် ဘဝဂ်ဘုံကိုယူခြင်းငှါ လက်လှမ်းရသကဲ့သို့ရင်း၊ အဝိဇ္ဇာ ကိုတွေ့ထိခြင်းငှါ လက်လှမ်းရသကဲ့သို့ရင်း၊ အစိပ် တရာ ကဲ့သော

သားမြီးမျှင်အစွန်းတခုဖြင့်, အစွန်းတခုကို တိုက်ရခြင်းကဲ့သို့ဝင်းလွန်စွာ နက်နဲ၍ မြင်နိုင်ခဲသောကြောင့်၊ ထိုသစ္စာ ၂-ပါးကို "ဂမ္ဘီရတ္တာဒုဒ္ဒသသစ္စာ" ခေါ်သည်။

(သံယုတ္တအဋ္ဌကထာ တတိယအုပ်-၂၅၉။)

● သမုဒယသစ္စာနှင့် မဂ္ဂသစ္စာကို အကြောင်းသစ္စာ၊ ဒုက္ခသစ္စာနှင့်နိရောဓသစ္စာကို အကျိုးသစ္စာဟုဆိုရာ၊မည်သည့် အကြောင်း,မည်သည့်အကျိုးဖြစ်မည်နည်း။ ?

(၂၉၂) သမုဒယသစ္စာကား - ဒုက္ခသစ္စာကို ဖြစ်စေ တတ်သော "ဇနကအကြောင်း" မဂ္ဂသစ္စာကား - နိရောဓသစ္စာသို့ ရောက်စေ တတ်သော "သမ္ပာပကအကြောင်း" ဖြစ်သည်။ ဒုက္ခသစ္စာကား- "ဇနကအကျိုး" နိရောဓသစ္စာကား - "သမ္ပာပကအကျိုး" ဖြစ်သည်။

● ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ-ဟူသော အစဉ်ကို အဘယ်ကြောင့် ဟောသနည်း။?

(၂၉၃) ဘဝသုခကို သာယာခြင်းဖြင့် ပြင်းစွာ တပ်ကုန်သော သတ္တဝါဘို့အား သံဝေဂဖြစ်စေခြင်းငှါ ဒုက္ခသစ္စာကို ပဌမဟော သည်၊ ထို ဒုက္ခသစ္စာသည် အလိုလို ဖြစ်ပေါ်လာသည် မဟုတ်၊ ဣဿရနိမ္မာနတန်ခိုးရှင်တို့ ဘန်ဆင်းလို့ပေါ်လာသည် မဟုတ်ဟု ဒုက္ခသစ္စာ၏ အကြောင်းကို ပြုခြင်းငှါ သမုဒယသစ္စာကို ဒုတိယ ဟောသည်။

ထို့နောင်မှ အကြောင်းနှင့် တကွ ဖြစ်သော ဒုက္ခသစ္စာသည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ထိတ်လန့်သောစိတ်ရှိကုန်သော

ဒုက္ခမှ လွတ်မြောက်ရာကို ရှာကုန်သော သူတို့အား လွတ်မြောက်ရာကို ပြသဖြင့် သက်သာရာကို ရစေခြင်းငှါ တတိယဌာ နိရောဓသစ္စာကို ဟောသည်။ ထိုနောင်မှ နိရောဓသစ္စာသို့ ဆိုက်ရောက်တတ်သော အကြောင်း အကျင့်ကောင်းကို ပြခြင်းငှါ စတုတ္ထဌာ မဂ္ဂသစ္စာကို ဟောသည်။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာအလို)

ပစ္စည်းဝိုင်း အမေး-အဖြေ

● ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိုက် ၃-ပါးအထူးကိုဘော်ပြပါ။ ?

(၂၉၄) ကျေးဇူးပြုတတ်သော အကြောင်းတရားကို "ပစ္စည်း" ခေါ်သည်။ကျေးဇူးအပြုကိုခံရသောအကျိုးတရားကို"ပစ္စယုပ္ပန်" ခေါ်သည်။ ထို ၂-မျိုးတို့မှ လွတ်သောတရားကို "ပစ္စနိုက်"ခေါ်သည်။

★

● အဘယ်ကို "ပဋိစ္စသမုပ္ပါဒ်"ခေါ်သနည်း။ ?

(၂၉၅) "ပစ္စယာကာရ" ကို "ပဋိစ္စသမုပ္ပါဒ်"ခေါ်သည်။

★

● အဘယ့်ကြောင့် "ပစ္စယာကာရ" ကို "ပဋိစ္စသမုပ္ပါဒ်"ဟု ခေါ်သနည်း။ ?

(၂၉၆) ပစ္စယာကာရောဟိ အညမညံ ပဋိစ္စသဟိတေ ဓမ္မေ ဥပ္ပါဒေတိ၊ တသ္မာ ပဋိစ္စသမုပ္ပါဒေါတိ ဝုစ္စတိ။

(သံယုတ် အဋ္ဌကထာ)

ပစ္စယာကာရကို အချင်းချင်းကိုစဲ့၍တကွဖြစ်ကုန်သောတရားတို့ကို ဖြစ်စေတတ်သောကြောင့် "ပဋိစ္စသမုပ္ပါဒ်"ဟု ဆိုသည်။

★

● ပဋိစ္စသမုပ္ပါဒနည်း၊ ပဋ္ဌာန်းနည်းအထူးကိုရေးပါ။ ?

(၂၉၇) ပစ္စယုပ္ပန်တရား၏ ဖြစ်သော အခြင်းအရာမျှကိုစဲ့၍ ဖြစ်သည်ကား "ပဋိစ္စသမုပ္ပါဒ်"နည်း မည်၏။ ပစ္စယသတ္တိကိုစဲ့၍ ဖြစ်သည်ကား "ပဋ္ဌာန"နည်း မည်ပါသည်။

(သင်္ခေပဋ္ဌိကာအလို)

★

● ပဌာန်းပစ္စည်း၊ဆွမ်းပစ္စည်း၊ သဒ္ဒါပစ္စည်း ၃-ပါးအထူးကို ဖြေပါ။ ?

(၂၉၈) ပဌာန်းပစ္စည်း

ပဋိစ္စ ဖလံ တေ တေသွာတိ ပစ္စယော—မိမိကို စွဲ၍ အကျိုးတရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် "ပစ္စည်း"မည်ပါသည်။

ဆွမ်းပစ္စည်း

ပိတိ ကရောတိတိ ပစ္စယော .... စိတ်နှလုံး၏ နှစ်သက်ခြင်းကို ပြုတတ်သောကြောင့် "ပစ္စည်း"မည်ပါသည်။

သဒ္ဒါပစ္စည်း

ပဋိ ဝိသုံ အတ္ထေ ဝတ္တတိတိ ပစ္စယော....အသီးအခြားသော အနက်၌ ဖြစ်တတ်သောကြောင့် "ပစ္စည်း"မည်ပါသည်။

★

● ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နေ ၂-ပါးအထူးကိုရေးပါ။?

(၂၉၉) အဝိဇ္ဇာ - စသော အ ကြောင်း တရား တို့ ကို "ပဋိစ္စသမုပ္ပါဒ" ခေါ်သည်။ အကြောင်းကြောင့်ဖြစ်သော သင်္ခါရ-စသော အကျိုးတရားတို့ကို "ပဋိစ္စသမုပ္ပန္နေ"ခေါ်သည်။

(သံယုတ် အဋ္ဌကထာ ဒုတိယ-၃၇)

★

● အခြင်းအရာ ၂၀-ကို သရုပ်နှင့် ဘော်ပြပါ။ ?

(၃၀၀) ဇာ, သင်္ခါဟု-တဏှာ ပါဒါန်၊
ကမ္မဘဝလောင်း-တိတ်ကြောင်းငါးတန်။
ဝိဉ်,နာမ်,သဠာ-ဖဿ,ဝေဒနာ၊
အကျိုးငါး-မှတ်သား,ပစ္စုပ္ပန်။ ။

တဏှုပါ ဒါန-ကမ္မ,ဝိဇ္ဇံ၊
သခ်ၨါရလောင်း-ပန်ကြောင့်ငါးတန်။
ဝိဉ်,နာမ်,သဠ-ဖဿဝေဒန်၊
နာဂတ်ကျိုး-ငါးမျိုး,မှတ်ကြရန်။ ။

● အစပ်သုံးပါးကို သာမညစပ်, ဝိသေသစပ်-အားဖြင့် ရေတွက်ပြပါ။ ?

(၃၀၁) တိတ်ကြောင်း ၅-မျိုး-ပန်ကျိုး ကေန်၊
ပန်ကျိုး,ပန်ကြောင်း-စပ်ကောင်းတဘန်။
ပန်ကြောင်း ၅-ရပ်-နာဂတ်ကျိုးမှန်။
အစပ်သုံး-မှတ်အုံ,သာမညံ။ ။

တိတ်ကြောင်းသခ်ၨါမျိုး - ပန်ကျိုးဝိညာဏ်။ (ဟေတုဖလတစပ်)။
ပန်ကျိုးဝေဒန - ပန်ကြောင်းတဏှာ။ (ဖလဟေတုတစပ်)။
ပန်ကြောင်းဂ်ဘဝ - နာဂတဖလံ။ (ဟေတုဖလတစပ်)။
ဇာတိအား - စပ်ငြား,ဝိသေသံ။ ။

သာမညစပ်

အတိတ်အကြောင်း ၅-ပါးနှင့်ပစ္စုပ္ပန်အကျိုး ၅-ပါး (ဟေတုဖလတစပ်)။ ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅-ပါး (ဖလဟေတုတစပ်)။ ပစ္စုပ္ပန် အကြောင်း ၅-ပါးနှင့် အနာဂတ်အကျိုး ၅-ပါး (ဟေတုဖလတစပ်)။

ဝိသေသစပ်

အတိတ်အကြောင်း ၅-ပါးတို့တွင် သခ်ၨါရ နှင့် ပစ္စုပ္ပန်အကျိုး ငါးပါးတို့တွင် ဝိညာဏ် တို့က (ဟေတုဖလတစပ်)။

ပစ္စုပ္ပန်အကျိုး ၅-ပါးတို့တွင် ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း ၅-ပါးတို့တွင်တဏှာတို့က(ဖလဟေတုတစ်)။ပစ္စုပ္ပန်အကြောင်း ၅-ပါးတို့တွင် ကမ္မဘဝ နှင့် အနာဂတ်အကျိုး ၅-ပါးတို့တွင် ဇာတိတို့က (ဟေတုဖလတစ်)။

★

● အလ္ဘာလေးပါးကို ရေတွက်ပြပါ။?

(၃၀၂) အတိတ်ကြောင်းငါး-မှတ်သားတဖြာ၊
ပစ္စုပ္ပန်ကျိုး-ငါးမျိုးတလ္ဘာ။
ပစ္စုပ္ပန်ကြောင်း - မှတ်ရှောင်းတဖြာ၊
နာဂတ်ကျိုး - ၅-မျိုး သူတလ္ဘာ။ ။

★

● ဇာတပစ္စည်း သုံးမျိုးကို ဘော်ပြပါ။ ?

(၃၀၃) သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ ဤ ၃-ပစ္စည်းဖြစ်ပါသည်။

★

● ဆဓာနာမန္တုနာမဿ ပဋ္ဌာနာမရူပီနံ-ဌ ဆဓာ, ပဋ္ဌာ-အရမျှားကို ကောက်ပြပါ။ ?

(၃၀၄) နံ,သမနံ–နှ,ဝိ,သေ,သံ၊
နာမ်သည်, နာမ်အား–ခြောက်ပါးမှတ်ရန်။
ဟေ,စျာ,မဂ္ဂ–ကမ္မ,ပါကံ၊
နာမ်ရုပ်အား–ငါးပါးပစ္စယံ။ ။

★

● ကေဓာပုနရူပဿ ရူပံနာမဿစေကဓာ - ဌ ကေဓာ-အရမျှားကို ဘော်ပြပါ။ ?

(၃၀၅) နာမ်သည် ရူပ်အား - တပါးဆိုတာ၊
ပစ္စာဇာတ - မှတ်ကြစရာ။
ရူပ်သည် နာမ်အား - တပါးဆိုတာ၊
ကောင်းစွာမှီး - ပစ္စည်း, ပုရေဇာ။ ။

★

● ပညတ္တိနာမရူပါနိ နာမဿ ဒုဝိဓာ ဒ္ဒယံ,ဒ္ဒယဿ နဝဓာ-တ္ဌိ၌ ဒုဝိဓာ, နဝဓာ-အရမျှားကို ကောက်ပြပါ။?

(၃၀၆) ပညတ်နာမ်ရူပ်—သရူပ်သုံးဖြာ၊
နာမ်အားပြုမှု—အာ,ဥ နှစ်ဖြာ။
ဓိ,သ,အဉ်,နိ-ဟာ,ဣ, ဝိပ္ပါ၊
အတ္ထာဝိ, ပေါင်းဘိနဝဓာ။ ။

★

● အတိတ်သက်သက် ပစ္စည်း၊ အဘိတ် ပစ္စုပ္ပန်, ဒ္ဒိကာလိက ပစ္စည်း၊ တိကာလိကပစ္စည်း၊ ကာလဝိမုတ်ပစ္စည်း မျှားကို ဘော်ပြပါ။ ?

(၃၀၇) နံ,နံ,သေ,နှ-ဝိ,အတီတော၊
ကံ အတိတ်ထုတ်-ပစ္စုပ်နှစ်ထွေ။
အာ,ဓိ,ဥပ-သုံးဝမှာသေ၊
တေကာလ-ကာလဝိမုဒတ္တာ။ ။

★

● ပစ္စုပ္ပန် သက်သက် ဖြစ်သော ၁၅-ပစ္စည်းကို ရေတွက်ပြပါ။ ?

(၃၀၈) ဟေ,သ,ကံ,နိ-ပု,ပစ်,ဝိ,ဟာ၊
ဣ,ဗျာ,မဂ္ဂ-သမ္ပ,ဝိပ္ပါ။
အတ္ထိ,အဝိ ပေါင်းသိလေပါ။
တဆဲ့ငါး-မှတ်သား ပစ္စုပ်သာ။ ။

● သဘာဝပစ္စည်းများကို ရေတွက်ပြပါ။ ?

(၃၀၉) နံ,နံ,ဥပတ်–သေ,နတ်,ဝိဂ ၂၊
သဘောတူပစ္စည်း–တသီးမှတ်ပါ။
အာရမ္မဏ–သုံးဝ သဘာ၊
သဘောတူ–မှတ်ယူပစ္စယာ။ ။

★

● ဝိသဘာဝပစ္စည်းများကို ရေတွက်ပြပါ။ ?

(၃၁၀) ပုရေ ပစ္ဆ-သမ္ပ ဝိပ္ပါ၊
အတ္ထိ နတ္ထိ-အဝိ ဝိဂ ၂။
ဒ္ဒိန္ဒုံစုံတဲ့-လေးတဲ့ရှစ်ဖြာ၊
သဘောတဲ့-ဟောမြဲ ဝိသဘာ။ ။

★

● ယုဂဋ္ဌပစ္စည်း,အယုဂဋ္ဌပစ္စည်းများကို ရေတွက်ပြပါ။ ?

(၃၁၁) အတ္ထသရိက်–ခေါ်ကြိတ်နံနံ၊ (အတ္ထသရိကွက)။
သဒ္ဒသရိက်ရှု–နိ ဥ နှစ်တန်။ (သဒ္ဒသရိကွက)။
ကာလပဋ္ဌိဖြစ်–ပုပစ်ဇာတံ၊ (ကာလ ပဋ္ဌိပကွ)။
ဝိပါက–ကမ္မ ဟိတ်ဖလံ။ ။ (ဟေတုဖလယုဂ)။
ဝိပ်သံ အတ် နတ် - ဝိဂတ်နှစ်ဖြာ၊
သုံးစုံခြောက်ပါး - မှတ်သားလိုက်ပါ။
အညောညဿ-ပဋ္ဌိပကွာ၊ (အညောညပဋ္ဌိပကွ)။
ကြွင်းတဆယ်·မှတ်ဘွယ်အယုဂဋ္ဌာ။ (အယုဂဋ္ဌ)။

★

● ဇနက, ဥပတ္ထမ္ဘက, ဇနကောပထမ္ဘက ပစ္စည်း များကို ဘော်ပြပါ။ ?

(၃၁၂) ၁–နံ,သမနံ-အနန္တရ၊
နတ်,ဝိ,နာနက်-တချက်ပကတ္တူ။
အာသေဝန-ရှစ်ဝကိုယူ၊
ဇနက-မှတ်ကြပစ္စည်းဟူ။ ။

၂–ပစ္ဆာဇာတ - ဥပထမ္ဘာ၊
ပန္နရသ-သေသ,သဗ္ဗံ။
ဇနကော ထမ္ဘက-နာမသည်ံ၊
ပေါင်းရှိရှ-စတု ဝီသမှန်။ ။

★

● အဗ္ဗတ္တပစ္စည်း,ဗဟိဒ္ဓပစ္စည်းများကို ဘော်ပြပါ။ ?

(၃၁၃) အာ ဓိ သဟ-အညနိသ္ံ၊
ဥ ဟာ အတ္ထ-အဝဂတ။
ကိုးပစ္စယ-နှစ်ဝ သဏ္ဌာန်။
ကြင်းဆယ့်ငါး-ဖြစ်ငြား အဗ္ဗတ္တံ။ ။

★

● ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ-ဘုံ တို့၌ ရသင့်သောပစ္စည်းများကို ရေတွက်ပြပါ။ ?

(၃၁၄) သ အ နိ နှင့်-ကံ ဣ တဖြာ၊
အတ္ထိ အဝိ-ရဘိအသညာ။
ပု ပစ် ဝိပ္ပယုတ်-ကြဉ်ထုတ်လေပါ၊
နှစ်ဆဲ့တစ်-ရလစ်စတုမှာ။ ။

ပဉ္စဝေါကာရဘုံမှာ ၂၄-ပါးလုံး အကုန်ရသည်၊ အသညာဆိုသည်ကား ဧကဝေါကာရဘုံခေါ်သော အသညသတ်ကုံဟူမှတ်။

★

● ရေ, မြေ, တော, တောင်-စသော အဝိညာဏကအနိန္ဒြိယ ဗဒ္ဓရူပ်၌ ရသင့်သောပစ္စည်း၊ သဝိညာဏကဣန္ဒြိယဗဒ္ဓရူပ်၌ ရသင့်သော ပစ္စည်းမျှားကိုဘော်ပြပါ။ ?

(၃၁၅) သဟဇာတ - အညမညံ၊
နိဿယတ္တ - အဝဂတ။
အနိန္ဒြိယ - ဃါးဝ,မှတ်ရန်၊
ဣန္ဒြိယ - သဗ္ဗပစ္စယံ။ ။

★

● အဘယ်ကို"သဟဇာတရူပ်"ခေါ်သနည်း။ ?

(၃၁၆) ပဝတ္တိအခါ၊ စိတ္တဇရူပ်၊ ပဋိသန္ဓေအခါ ကမ္မဇရူပ်ကို "သဟဇာတရူပ်" ခေါ်သည်။

★

● အဘယ့်ကြောင့် ပဝတ္တိအခါ ကမ္မဇရူပ်အား သဟဇာတ ပစ္စည်း မတပ်သနည်း။

(၃၁၇) ကမ္မဇရူပ်တို့သည် ပဋိသန္ဓေအခါ စိတ်နှင့်စပ်၍သာဖြစ်ကုန်၏၊ စိတ်နှင့်ကင်း၍ မဖြစ်၊ ပဝတ္တိအခါ်မှုကား စိတ်နှင့် ကင်းသော်လည်း နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့အား ကမ္မဇရူပ်တို့သည်ဖြစ်ကုန်၏၊ ထို့ကြောင့် ပဋိသန္ဓေကမ္မဇရူပ်အား သဟဇာတပစ္စည်းတပ်သည်၊ ပဝတ္တိကမ္မဇရူပ်အား သဟဇာတပစ္စည်း မတပ်ပါ။

(ပဋ္ဌာန်း အဋ္ဌကထာ)

★

● ပစ္စာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ-၌ ပုရေဇာတဿ-ဟုဆိုရာ၊ ပစ္စာဇာတပစ္စည်းသည် ဥပ္ပါဒကွဏ-၌ ကျေးဇူးပြုသလော၊ ဌိတိကွဏ-၌ ကျေးဇူးပြုသလော။ ?

(၃၁၈) ပုရေ ဇာတသာတိ တေသံ ဥပ္ပါဒေဟေ ပဌမ, တရုံ ဇာတသာ ဇာတိကွဏံ အတိက္ကမိတ္ဝာ ဌိတိပ္ပတ္တသာ-ဟု အဋ္ဌကထာ ဆိုသောကြောင့် ဥပါဒ် ခဏ၌ - ကျေးဇူး မပြု။ ဌိ တိကွဏ၌ ကျေးဇူးပြုသည်။

★

● နာနာကွဏိက, ကမ္မပစ္စည်း၏ အကျိုးပေးရာ ကာလကို ဘော်ပြပါ။ ?

(၃၁၉) နာနာကွဏိက, ကမ္မပစ္စည်းသည် မိမိ ဖြစ်ဆဲကာလ၌ အကျိုးမပေး၊ ချုပ်ပြီးနောက်၌သာ အကျိုးပေးနိုင်သည်။

★

● ရူပ်အာဟာရပစ္စည်းသည် ပစ္စယုပ္ပန်တရားအား အဘယ်သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသနည်း။ ?

(၃၂၀) ဇနက ဥပတ္ထမ္ဘကသတ္တိ ၂-ပါးဖြင့် ကျေးဇူးပြုသည်။

ဗဟိဒ္ဓသဏ္ဌာန်၌ ဥတုဇသြဇာသည် အာဟာရရူပ်အား ဇနက၊ ကြွင်းသော တိဇရူပ်အား ဥပတ္ထမ္ဘက၊ တိဇ သြဇာသည် စတုသမုဋ္ဌာနိကရူပ်အား ဥပတ္ထမ္ဘက၊ တနည်းကား - ကလာပ်တူအား ဇနက၊ကလာပ်ပြားအား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏။

★

● ဣတ္ထိနြေ ပုရိသိနြေတို့သည် ဣနြေဖြစ်လျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သနည်း။ ?

(၃၂၁) ကလလအခါ-အစရှိသည်တို့၌ ဣတ္ထိလိင်-အစရှိသည်တို့သည် မရှိကုန်သည်ဖြစ်၍ ဣန္ဒြိယပစ္စည်း မတပ်ပါ။

★

● ဒွေပဋ္ဌာဝိညာဏ် ၁၀-တို့၌ ဥပေက္ခာ သုခ,ဒုက္ခဝေဒနာတို့သည် အဘယ့်ကြောင့် "စျာနပစ္စည်း" မတပ်သနည်း။ ?

(၃၂၂) အာရုံသို့ကပ်၍ရှုခြင်းသဘောမရှိ၊ အာရုံ၌ ကျခါမတ္တ သဘောမျှသာရှိသောကြောင့် စျာနပစ္စည်း မတည်ပါ။

● ရူပါရုံအစရှိသော အာရုံတရားတို့သည် အာရမ္မဏိက တရားတို့နှင့် ဝိပ္ပယုတ်ဖြစ်လျက် အဘယ့်ကြောင့် ဝိပ္ပယုတ္တ ပစ္စည်း၌ မဟောသနည်း။ ?

(၃၂၃) ရူပါရုံ-စသော အာရုံတို့သည် အာရမ္မဏိက တရားတို့နှင့် ဝိပ္ပယုတ်ကော်, သမ္ပယုတ်လော - ဟု ယုံမှားဘွယ် မရှိသောကြောင့် ဟောတော်မမူ။

● နာမက္ခန္ဓာ ၄-ပါးတို့နှင့် ဝတ္ထုရูပ် ၆-ပါးတို့ကို အဘယ့်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ ဟောသနည်း။ ?

(၃၂၄) နာမက္ခန္ဓာလေးပါးတို့သည် စက္ခု-အစရှိသော ဝတ္ထုတို့၏အတွင်းမှ ထွက်သက္ခဲသို့ဖြစ်ကုန်၏။ ထို့ကြောင့် ဝတ္ထုပုရေဇာတ-၌ သမ္ပယုတ်ဖြစ်သလော၊ ဝိပ္ပယုတ်ဖြစ်သလော-ဟု ယုံမှားဘွယ်ရှိသောကြောင့် ဝတ္ထုပုရေဇာတကို ဟောတော်မူသည်။

ကမ္မဋ္ဌာန်းပိုင်း-အမေးအဖြေ

● သမထ ဝိပဿနာနှံ၊ဘာဝနာန မိတောပရုံ-ပါဠိ၌ သမထနှင့် ဝိပဿနာအထူးကိုဘော်ပြ၍၊ ၎င်းဘာဝနာ ၂-မျိုးကို ကျင့်ရခြင်းအကျိုးကိုလည်း ဘော်ပြပါ။ ?

(၃၂၅) နိဝရဏာနှံ သမနဌေန သမထော-ဟူသောဌီကာ ပါဠိနှင့်အညီ"နိဝရဏတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ ခေါ်သည်။"

အနိစ္စာဒိ ဝိဝိခကာရတော ဒဿနဌေန ဝိပဿနာ-ဟူသော ဌီကာပါဠိနှင့်အညီ "အနိစ္စ-စသော အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်ရှုတတ်သောကြောင့်ဝိပဿနာခေါ်သည်။"

သမထကိုကျင့်ရသဖြင့် သမာပတ်ကိုးပါး ကို ရစေနိုင်သည်။ ဝိပဿနာကိုကျင့်ရသဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုရစေနိုင်သည်။

★

● သမထ၏အာရုံနှင့် ဝိပဿနာ၏ အာရုံကိုဘော်ပြပါ။ ?

(၃၂၆) သမထ၏အာရုံကား- မဟဂ္ဂုတ်နှင့် ပညတ်၊ ဝိပဿနာ၏အာရုံကား- ဇေဘုမ္မကသင်္ခါရ ဖြစ်ပါသည်။

★

● သမထ,ဝိပဿနာ ၂-ပါးတို့တွင် အဘယ်သည် သာသနာတွင်း သာသနာ့ပ ၂-ပါး၌ ဖြစ်ကောင်းသနည်း။ ?

(၃၂၇) သမထသည် သာသနာတွင်း, သာသနာ့ပ ၂-ဌာနဖြစ်ကောင်း၏၊ ဝိပဿနာကား- သာသနာတွင်းမှာသာ ဖြစ်ကောင်းပါသည်။

★

● ဝိပဿနာဘာဝနာကို ရှေးဦးစွာမပြဘဲ အဘယ့်ကြောင့် သမထဘာဝနာကို ရှေးဦးစွာပြသနည်း။ ?

(၃၂၈) သမထသည် ဝိပဿနာ၏ ပဒဋ္ဌာန်ဖြစ်သောကြောင့် ရှေးဦးစွာပြသည်။

★

● အဘယ့်ကြောင့် "ဘာဝနာ" အဘယ့်ကြောင့် "ကမ္မဋ္ဌာန်း" ခေါ်သနည်း။ ?

(၃၂၉) ပွားများအပ်သောကြောင့် "ဘာဝနာ" ခေါ်သည်။ သမထဝိပဿနာ-ဟူသောအမှု၏ တည်ရာ,တည်ကြောင်းဖြစ်သောကြောင့် "ကမ္မဋ္ဌာန်း" ခေါ်သည်။

★

● အဘယ့်ကြောင့် စရိုတ်ခေါ်သည်ကို ဘော်ပြ၍ မိုဃက အစွမ်းအားဖြင့် "စရိုတ်" မည်မျှရှိသည်ကို သင်္ချာမျှ ဘော်ပြပါ။ ?

(၃၃၀) စရတိ အာဘိဏှံပဝတ္တတိတိ စရိတာ-ဟူသော ဝစနတ္ထနှင့် အညီ မပြတ်ဖြစ်တတ်သောကြောင့် စရိုတ် မည်ပါသည်။ မိုဃကအစွမ်းဖြင့် စရိုတ်ပေါင်း ၆၃-ပါးရှိပါသည်။

★

● ဘုရားဟု ပါးစပ်ကရွတ်ခါမျှသည် "ဗုဒ္ဓါနုဿတိ" ခေါ်ရမည်လော။ ?

(၃၃၁) အရဟတာဒိဗုဒ္ဓဂုဏာရမ္မဏာနုဿတိ ဗုဒ္ဓါနုဿတိ - ဆိုခြင်းကြောင့် အရဟံ-အစရှိသော ဘုရားဂုဏ်တော်ကိုအာဘန်တလဲလဲ အာရုံပြုသောသတိသည်သာလျှင် "ဗုဒ္ဓါနုဿတိ" ခေါ်သည်။

★

● ဘုရားဂုဏ်တော်ဆိုရာ၌ လောကီဂုဏ်ကိုပင် အာရုံပြုအပ်ပါသလော၊ လောကုတ္တရာ ဂုဏ်ကိုပင် အာရုံ ပြုအပ် ပါသလော။?

(၃၃၂) တထာဂတသာ လောကိယလောကုတ္တရဂုဏော အနုဿရတိ၊ (အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ကမမ္မဝဂ်-၃၇၆)။

မြတ်စွာဘုရား၏ လောကီ, လောကုတ္တရာဂုဏ်ကိုပင် အောက်မေ့နိုင်ပါသည်။

★

● အဘယ်ကို လောကီဂုဏ်၊အဘယ်ကို လောကုတ္တရာဂုဏ်ဟု ဆိုရပါသနည်း။?

(၃၃၃) သီရိဘုန်းတော်-ဟု ဆိုအပ်သော ရူပကာယတော်၏ တင့်တယ်လှပခြင်းစသည်ကို "လောကီဂုဏ်" ဆိုသည်။

(တထောင်ငါးရာ)ကိလေသာတို့ကို အကြွင်းမဲ့ယဉ်နိုင်ခြင်းဟူသော အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်-ဟု ဆိုအပ်သော နာမကာယ၏ တင့်တယ်ခြင်း စသည်ကို "လောကုတ္တရာဂုဏ်" ခေါ်သည်။

★

● ဗုဒ္ဓါနုဿတိကို ပွားများ ခြင်းသည် ဘယ် နှစ်မျိုး ရှိပါသနည်း။ ?

(၃၃၄) စိတ္တသမ္ပဟံ သနတ္ထ, ဝိပဿနတ္ထ-ဟူ၍ ပွားနည်း ၂-မျိုး ရှိပါသည်။

★

● စိတ္တသမ္ပဟံသနတ္ထနှင့် ဝိပဿနတ္ထအထူးကိုပြောပါ။ ?

(၃၃၅) မိမိ၌ စရိုက်အားလျော်စွာ ယူအပ်သော ကမ္မဋ္ဌာန်းဆာရုံ၌ စိတ်မတည်ကြည်ဘဲ ကေဝဏ်ဘာ မရခဲ့ပါမူ ဘုရားဂုဏ်ကို ဆာရုံပြု၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားရသည်။ ထို့နောင် စိတ်

တည်ကြည်၍လာမှ မိမိမူလကမ္မဋ္ဌာန်းကိုပြန်၍ ပွားရသည်။ ဤသို့ ပွားများရသော ဗုဒ္ဓါနုဿတိသည် "စိတ္တသမ္ဘဝံသနတ္ထ" မည်၏။

ဗုဒ္ဓါနုဿတိဘာဝနာကိုပွား၍ ထိုဗုဒ္ဓါနုဿတိနှင့် ယှဉ်သော ရူပကာယ, နာမကာယတို့ကို ခန္ဓာဖွဲ့, သစ္စာဖွဲ့ပြီး ဝိပဿနာတင်၍ ရှုသဖြင့် အရိယာအဖြစ်သို့ရောက်သည်၊ ထိုသို့ပွားများခြင်းသည် "ဝိပဿနတ္ထ" မည်၏။

(အကျယ်လိုမူ အဂုံတို့ရှိ အဋ္ဌကထာ ကေဓမ္မဝဂ်-၃၇၆) မှာ ယူလေ။

★

● ဥပသမာနုဿတိ-ဟူသောပုဒ်၌ ဥပသမ အပြားကို ဘော်ပြပါ။?

(၃၃၆) ဒုဝိဓော ဝါ ဥပသမော အစ္စန္တုပ သမောစ ခယုပ သမောစ။

(၁) အစ္စန္တုပသမ။
(၂) ခယုပသမ-ဟူ၍ ဥပသမ ၂-ပါးရှိပါသည်။
(ဂင်းအဋ္ဌကထာ ဂင်းဝဂ်-၃၇၈)

★

● အစ္စန္တုပသမနှင့် ခယုပသမ-အရ ကောက်ပြပါ။ ?

(၃၃၇) အစ္စန္တုပသမောနာမ-နိဗ္ဗာနံ။
"ခယုပသမောနာမ-မဂ္ဂေါ"

★

● ဥပသမာနုဿတိ-ဟူသောပုဒ်၌၊ အစ္စန္တုပသမ, ခယုပသမ ၂-ပါးတို့တွင် အဘယ်ကို လိုအပ်ပါသနည်း။ ?

(၃၃၈) ဒုဝိဓမ္မိ ဥပသမံ အနုဿရန္တဿ ဥပ္ပဇ္ဇနာ သတိ ဥပသမာနုဿတိ-ဟု ဆိုသောကြောင့် ၂-ပါးလုံးကို ယူရပါသည်။

★

● အနုသယတိ ဆယ်ပါးတို့တွင် အဘယ်သည် စိတ္တသမ္မဟံ သနတ္ထသာဖြစ်၍၊အဘယ်သည် ၂-ပါးစုံဖြစ်ပါသနည်း။?

(၃၃၉) အာနာပါနသတိ, မရဏသတိ, ကာယဂတာသတိ ၃-ခုသည် စိတ္တသမ္မဟံသနတ္ထသာဖြစ်သည်။ ကြွင်း ၇-ပါးကား-စိတ္တသမ္မဟံသနတ္ထ,ဝိပဿနတ္ထ ၂-ပါးစုံ ဖြစ်သည်။

အနာပါန-ကာယဂတာ၊
မရဏသတိ မုတ်ဘိသုံးဖြာ။
သမ္မဟံသန-ဖြစ်ကြသည်သာ၊
ကြွင်းသတ္တ-ဖြစ်ထ ၂-စုံသာ။ ။

★

● အဘယ့်ကြောင့် ဗြဟ္မဝိဟာရ-ခေါ်သနည်း။ ?

(၃၄၀) သေဌဌေန တာဝ နိဒ္ဒေါသဘာဝေန စေတ္ထဗြဟ္မဝိဟာ ရောတိ ဝေဒိတဗ္ဗာ။ (အဋ္ဌသာလိနီ)

မြတ်သော အနက်ကြောင့်ရင်း၊ အပြစ် မရှိသော သဘောကြောင့်ရင်း ဗြဟ္မဝိဟာရ ခေါ်သည်။

★

● အဘယ့်ကြောင့် "အပ္ပမညာ"ခေါ်ပြန်သနည်း။ ?

(၃၄၁) အပ္ပမာဏော တာ ဂေါစရေယေန တဒပ္ပမညာ။
(အဋ္ဌသာလိနီ)

အဆုံးမရှိသော သတ္တဝါ ပညတ်ကို အာရုံပြုသောကြောင့် "အပ္ပမညာ"ခေါ်ပြန်သည်။

★

● အဘယ့်ကြောင့် "အပ္ပမညာ" ကို ၄-ပါးသာ ဟောသနည်း။ ?

(၃၄၂) ဝိသုဒ္ဓိမဂ္ဂါဒိဝသာ စတသော (အဋ္ဌသာလိနီ)။ ဗျာပါဒသံကိလေသ·စသည်တို့မှ စင်ကြယ်ခြင်း၏အကြောင်းစသော အားဖြင့် ၄-ပါးကိုသာဟောသည်။

★

● အဘယ့်ကြောင့် ဤသို့သောအစဉ်ကိုဟောသနည်း။ ?

(၃၄၃) ဟိတာဒိ အာကာရဝသာ ပနာယံ ကာမော (အဋ္ဌသာလိနီ)။ အစီးအပ္ပားကို ကျင့်ခြင်း စသော အခြင်းအရာ အားဖြင့် မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ-ဟူသောအစဉ်ကို ဟောသည်။

★

● အပ္ပမညာ လေးပါးတို့ ပယ်ဖျောက်အပ်သော တရားများကို အသီးအသီးဘော်ပြပါ။?

(၃၄၄) မေတ္တာက ဗျာပါဒကို....၊ ကရုဏာက ဝိဟိံသကို....၊ မုဒိတာက အရတိကို....၊ ဥပေက္ခာက ပဋိဃနှင့် ရာဂကို....ပယ်ဖျောက်နိုင်သည်။

ဗျာပါဒကား-ပယ်ငြား မေတ္တာ၊
ဝိဟိံသကား-ဖျောက်ငြား ကရုဏာ။
အရတိကား-ပယ်ငြား မုဒိတာ၊
ရာဂများ-ဖျောက်ငြား ဥပေက္ခာ။ ။

★

● ပြဟ္မဝိဟာရတရား ၄-ပါးတို့၏၊ အာသန္နရန်, ဒူရရန်-များကို အသီးအသီးဘော်ပြပါ။ ?

(၃၄၅) မေတ္တာ၏ အနီးရန်သူ"ရာဂ"အဝေးရန်သူ"ဗျာပါဒ" ကရုဏာ၏ အနီးရန်သူ "ဂေဟသိတဒေါမနဿ"၊ အဝေးရန်သူ "ဝိဟိံသ"၊ မုဒိတာ၏ အနီးရန်သူ "ဂေဟသိတသောမနဿ"၊ အဝေးရန်သူ "အရတိ"၊ ဥပေက္ခာ၏အနီးရန်သူ "အညာဏုပေက္ခာ"၊ အဝေးရန်သူ"ပဋိဃ ရာဂ"။

(မေတ္တာ ၈ ါထာ)

၁–မေတ္တာ,ရာဂ-နီးလှရန်သူ၊
ဂုဏ်ကိုရှုခြင်း-တူလျှင်းရှိယူ။
မေတ္တာသဘော-မနှောမကူ၊
ဗျာပါဒ-မုခ,ဝေးရန်သူ။ ။

(ကရုဏာ ၈ ါထာ)

၂–ဝေဟာသိတ-ဒေါမနဿံ၊
ဝိပယ်ရှုခြင်း-တူလျှင်းခဲ့ပြန်။
ကရုဏာကြီး-အနီးရန်မှန်၊
ဝိဟိ ံသ-ဒူရဝေရီရန်။

(မုဒိတာ ၈ ါထာ)

၃–ဝေဟာသိတ-သောမနဿံ၊
သမ္ပတ်ရှုခြင်း-တူလျှင်းခဲ့ပြန်။
မုဒိတာကြီး-အနီးရန်မှန်၊
အ,ရတိ-မှတ်ဘို,ဒူရရန်။ ။

(ဥပေက္ခာ ၈ ါထာ)

၄–အကျိုးအပြစ်-မစိစစ်,မဆင်ခြင်၊
ဤသို့သဘော-တူသောကြောင့်ပင်။
အညာဏုပေက်-နီးပြစ်ရန်ပင်၊
ပဋိဃ-ရာဂ,ဝေးရန်ပင်။ ။

● စရိုက်ဘပါးနှင့်လျော်သော ကမ္မဋ္ဌာန်း၊ စရိုက် ၂-ပါးနှင့်လျော်သော ကမ္မဋ္ဌာန်း၊ စရိုက် ၆-ပါးလုံးနှင့်လျော်သော ကမ္မဋ္ဌာန်းများကို ဘော်ပြပါ။?

(၃၄၆) ရာဂ,ဆဲ့တစ် - ဒေါ၃ရစ်မှတ်ပါ၊
ဗုဒ္ဓိလေးပါး - ခြောက်ပါးသဒ္ဓါ။
စရိုတ်တမျိုး - နှစ်ဆဲ့ကိုးမှတ်ပါ၊
စရိုတ်နှစ် - မှတ်လစ်အာနာပါ။ ။
ပ,အာ,တေ,ဝါ - အာလော,အာကာ၊
အာရုပ္ပလေး - ပေါင်းရေးဆယ်ဖြာ။
စရိုတ်ခြောက်ပါး - လျှော်ငြားသည်သာ၊
သာဓက - ယူကြ,သင်ကိုဟ်မှာ။ ။

★

● ကသိုဏ်းဆယ်ပါးတို့၌ ပုထုလ အာရုံသည် မောဟစရိုတ် ပြောသူအား အဘယ့်ကြောင့်လျှော်သနည်း၊ ခုဒ္ဒကအာရုံသည် ဝိတက်စရိုတ်ပြောသူအား အဘယ့်ကြောင့် လျှော်သနည်း။ ?

(၃၄၇) ကျဉ်းမြောင်းသော် အရပ်၌ စိတ်၏ အတိုင်းထက် အလွန် တွေ့ဝေတတ် သောကြောင့် ပုထုလအာရုံသာ မောဟစရိုတ်နှင့်လျှော်ပါသည်။

ကျယ်ပြန့် ကြီးမား သော အာရုံ၏ ဝိတက် ပြေး သွား ခြင်း အကြောင်း ဖြစ်သောကြောင့် ခုဒ္ဒကအာရုံသာ ဝိတက်စရိုတ်ပြောသူအား သင့်လျှော်သည်။

★

● ကာယဂတာသတိ, အာနာပါနဿတိ ၂ - ပါး တို့မှာ အဘယ့်ကြောင့် အနုသဒ္ဓါမပါသနည်း။ ?

(၃၄၈) ကာယဂတာသတိ-မှာ (၃၂) ကောဋ္ဌာသကို အနုလုံ, ပဋိလုံ အားဖြင့် သရဇ္ဈာယ် ရသောကြောင့် အနုသဒ္ဓါ မပါ, ပါသည်။

အာနာပါနုဿတိ - မှာ အတိတ်, အနာဂတ် ဖြစ်သော ထုက်သက်, ဝင်သက်ကိုအာရုံမပြုပါ။ ပစ္စုပ္ပန်ဖြစ်သော ထုက်သက်, ဝင်သက်ကိုလည်း တကြိမ်သာ အောက်မေ့ရသောကြောင့် မပါ, ပါသည်။

★

● သဗ္ဗဋ္ဌာနိက ကမ္မဋ္ဌာန်း၊ ပါဠိဟာရိယ ကမ္မဋ္ဌာန်းများကို ခွဲခြားပြပါ။ ?

(၃၄၉) မေတ္တာ, မရဏ - နှစ်ဝကိုပင်၊
သဗ္ဗဋ္ဌာနိ - မှတ်ဘို, မည်တုင်။
သုံးဆဲရှစ်ပါး - ကြွင်းငြားကုန်စင်၊
မှတ်လိုက်ဘို - ပါဠိဟာရိပင်။ ။

★

● အစျာနိက, ရူပါဝစရဈာနိက, အရူပါဝစရဈာနိက ကမ္မဋ္ဌာန်းများကို ခွဲခြားဝေဘန်ပြပါ။?

(၃၅၀) ဗုဒ္ဓါစဘို - နုဿတိ ရှစ်ဖြာ၊
ဝဝတ္ထာန - တဝသညာ။
စျာန်ကိုမရ - ဆယ်ဝမှတ်ပါ၊
ထိုကြောင့်ပ "အစျာနိက"သာ။ ။

☞ စျာန်ကို မရ ဆိုထုတ် "အပ္ပနာစျာန်"ကို ဆိုလိုသည်၊ ဥပစာရစျာန်ကိုတော့ ရပါသည်။

ကသိုဏ်း, အသုဘ - ကာယ, အာနာ၊
ပမညာလေး၊ - ဌောက်ရေးစျာနာ။
ရူပါဝစရ - စျာနိကသာ၊
အာရုပ္ပ - လေးဝ, အရူပါ။ ။

အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးကား-အရူပါဝစရဇ္ဈာနိုကကမ္မဋ္ဌာန်း တည်း။

★

● ပဌမဇ္ဈာနိုက, ဒုတိယဇ္ဈာနိုက,တတိယဇ္ဈာနိုက, စတုတ္ထဇ္ဈာနိုက,ပဉ္စမဇ္ဈာနိုက ကမ္မဋ္ဌာန်းများကို ဝေဘန်ပြပါ။ ?

(၃၅၁) ကသိုဏ်း,အသုဘ-ကာယ,အာနုံ၊
မေ,က, တာသုံး-ရထုံး ပဈာန်။
ကသိုဏ်း,အာနာပ-မေ,က,တာ,မှန်၊
ဒု,တ,စ-မှတ်ကြဆဲ့လေးတန်။ ။
ကသိုဏ်း,အာနာပ-ဥပေက္ခမှန်၊
အာရုပ္ပလေးယောက်-ဆဲ့ခြောက်ကေန်။
ပဉ္စမဇ္ဈာန-ယူကြစေရန်၊
ဈာန်ကိုရ-တိ ံသ,ကမ္မဋ္ဌာန်။ ။

(မေ-ဟူသည် မေတ္တာ၊ က-ဟူသည် ကရုဏာ၊ တာ-ဟူသည် မုဒိတာကိုဆိုလိုသည်။)

★

● ကမ္မဋ္ဌာန်းလေးဆယ်ကို ဘုံအားဖြင့် ဝေဘန်ပါ။ ?

(၃၅၂) မြန်မာဂါထာဆောင်ပုဒ်
လူ့ဘုံသဗ္ဗ။ (၄၀)
ဒေဝဘုံဝယ်။
သညာ,အသုဘ-ကာယကိုပယ်။ (၂၈)
အာနာပါန-ရူပ ထပ်ပယ်။ (၂၇)
အရူပ-လေးဝ,သ့ဟာကွယ်။ ။ (၄)

★

● စက်ဆုပ်ဘွယ်ကောင်းသောအသုဘကမ္မဋ္ဌာန်းတို့၌ အပ္ပနာစိတ်သည် အဘယ်၏အစွမ်းဖြင့် တည်ပါသနည်း၊ ဥပမာဖြင့် ထင်ရှားအောင် ဘော်ပြပါ။ ?

(၃၅၃) စက်ဆုပ်ဘွယ် ကောင်းသော အသုဘ ကမ္မဋ္ဌာန်း တို့၌ အပ္ပနာစိတ်သည် "ကြမ်းသော ရေအယာဉ်၌ လှေသည် ထိုးဝါး အစွမ်းဖြင့်တည်သကဲ့သို့" ဝိတက်၏အစွမ်း ဖြင့် တည်ပါသည်။

★

● နိမိတ္တေသုပန "လ" ယထာရဟံ ပရိယာယေန လဗ္ဘန္တေ ဝ-ဟူသောပါဠိ၌ "ယထာရဟံ" နှင့် "ပရိယာယေန" ဟူသော ဝိသေသနပုဒ်တို့ကို အဘယ့်ကြောင့် မ,ရပါသနည်း။ ?

(၃၅၄) ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့သည် "ထိုထိုအာရုံ အားလျော်စွာ ဖြစ်သောကြောင့်" ယထာရဟံ-ဟု ကြိယာဝိသေသန မ,ရပါသည်။ အခ္ခါသော အာရုံ၏ မထင်သောကြောင့် "ပရိယာယေန" ဟု ဝိသေသန မ,ရပါသည်။

★

● ဒုတိယစျာနာဒယော ယထရဟ မပ္ပေန္တိ-၌ "ယထာရဟံ" ပါ၌၏ အဓိပ္ပါယ်ကိုရှင်းလင်းပါ။

(၃၅၅) ဒုတိယစျာန် - အစရှိသော ထိုထို စျာန်၌ ဖြစ် သော ကသိုဏ်း - အစရှိသော အာရုံ အား လျော်စွာ ဖြစ်သည်ဟု ဆိုလို ပါသည်။

★

● အာကိုဉ္စညာယနစျာန်ကို ရှုံ့မှုန်း၍ နေဝသညာ နာသညာ ယတနစျာန်ရအောင် အားထုတ်သောယောဂီပုဂ္ဂိုလ်သည် အာကိုဉ္စညာယဘနစျာန်ကို အဘယ့်ကြောင့် "သန္တမေတံ ပဏီတမေတံ" ဟု စီးပြန်းရပြန်သနည်း။ ?

(၃၅၆) အာရမ္မဏံ ကရောတော့ဝ၊ အညာဘာဝေန တံ ဣဒံ။
ဒိဋ္ဌဒေါသမ္ပိ ရာဇာနံ၊ ဝုတ္တိ ဟောတု ယထာ ဇနော။ ။
(အဋ္ဌသာလိနီ အဋ္ဌကထာ)

နေဝသညာ နာသညာယတန စျာန်သည် တပါးကို အာရုံပြု စရာမရှိခြင်းကြောင့် အာကိဉ္စညာယတနစျာန်ကို အာရုံပြုသည်။

ဥပမာကား- တိုင်းနိုင်ငံကို စိုးအုပ်သော မင်းသည် မတရား စိုးအုပ်သဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော မင်းကို စွန့်ပစ်၍ တိုင်းတပါးကို သွားလိုပါသော်လဲ ထိုမင်း၏ နိုင်ငံ ကျယ်ခြင်းကြောင့်၊ ထိုမင်း၏နိုင်ငံမှ လွတ်မြောက်အောင် မသွားနိုင်သဖြင့် ထိုမင်းနိုင်ငံမှာပင် နေရသကဲ့သို့မှတ်လေ။

★

● အဝိဇ္ဇေယျာဒိကမာဝဇ္ဇေတွာ-ဌ အဘိညာဏ် ၅-ပါးတို့နှင့် လျော်အောင် "အာဒိ" သဒ္ဒါအရကိုဘော်ပြပါ။ ?

(၃၅၇) ၁–ဣဒ္ဓိဝိဓအဘိညာဏ် ၏ ပရိကံ ပြုသော ကာလ၌ အဝိဇ္ဇာန်အပ်သော, ဘန်ဆင်းအပ်သော အရာ, အထောင်သော သူငယ်၏ ရူပါရုံ စသည်။

၂–ဒိဗ္ဗသောတ အဘိညာဏ်၏ ပရိကံ ပြုသော ကာလ၌ ရုံ.ရင်း, နှညံ့သောအပြားရှိသောအသံ။

၃–စေတောပရိယ အဘိညာဏ်၏ ပရိကံပြုသော ကာလ၌ သူတပါး၏ နှလုံးသား၌ ဖြစ်သော, အဆင်းနှင့်ဘက္ခ သရုဂစိတ် စသည်။

၄–ပုဗ္ဗေနိဝါသာနုဿတိ ဘဘိညာဏ်၏ ပရိ ကံပြုသောကာလ ၌ ရှေးဘဝတို့၌ စုဘ်စိ ဘ်စသည် အပြားရှိသော ပုဗ္ဗဇာတိဝုတ္ထခန္ဓာ။

၅–ဒီဗွစက္ခုအဘိညာဏ်၏ ပရိကံပြုသောကာလ၌ အရောင်အလင်း၏ပြန့်နှံ့ရာဌာနခ၌ တည်သော ရူပါရုံ၊ ဣကားအာဒီ-အရ ဖြစ်ပါသည်။

★

● ဝိသုဒ္ဓိ ၇-ပါးကိုရရှိသောအခါ အစဉ်အတိုင်းပုဂ္ဂိုလ်၏ အဆင့်အတန်းမျှားကို ဘော်ပြပါ။?

(၃၅၈) သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ-တို့ကို ပေါက် ရောက်သောသူသည် "ကလျာဏပုထုဇန်"မည်ပါသည်။

· ကင်္ခါဝိတရဏဝိသုဒ္ဓိမှ စ၍ ပဋိပဒါ ညာဏ ဒဿန ဝိသုဒ္ဓိ-၌ ဂေါတြဘူ ပေါ်လာသည် တိုင်အောင် "စူဠသောတာပန်"ခေါ်ပါသည်။

ဉာဏဒဿန ဝိသုဒ္ဓိ - ၌ သောတာပတ္တိမဂ် ပေါ်သည်မှ စ၍ သကဒါဂါမိမဂ်ရှေ့ ဝေါဒါန်တိုင်အောင် "မဟာသောတာပန်" ခေါ်ပါသည်။

★

● အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ သုံးပါး တို့တွင် အဘယ်သည် သာသနာတွင်း သာသနာပ ၂-ပါး၌ဖြစ်ကောင်းပါသနည်း။?

(၃၅၉) အနတ္တလက္ခဏာ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ၊ဗုဒ္ဓုပ္ပါဒေယေဝပညာယတိ။ (သမ္မောဘဋ္ဌကထာ) ဟူသည်နှင့်အညီ-

အနတ္တလက္ခဏာမှာ ဘုရားပွင့်သော သာသနာတွင်း မှာသာ ထင်ရှားပေါ်လာပါသည်၊ သာသနာပမှာ မပေါ်ပါ၊ အနိစ္စနှင့် ဒုက္ခမှာ သာသနာတွင်း, သာသနာပမှာ ရှိပါသည်။

★

● အနိစ္စ, အနိစ္စလက္ခဏာ,အနိစ္စာနုပဿနာ, အနိစ္စာနုပဿီနိ ၄-ပါးအထူးကို ဘော်ပြပါ။ ?

(၃၆၀) "ခန္ဓာပဉ္စက"ကို"အနိစ္စ"ခေါ်သည်။

ခန္ဓာပဉ္စကတို့၏ ဥပါဒ, ဝယ, အညတ္ထတ္တ-ဟု ဆိုအပ်သော ဖြစ်တည်, ချုပ်တတ်သော သဘောကို "အနိစ္စလက္ခဏာ" ခေါ်သည်။

ထို"အနိစ္စလက္ခဏာ"ကို အဘန်တလဲလဲ ရှုတတ်သော ဝိပဿနာဉာဏ်"ကို"အနိစ္စာနုပဿနာ"ခေါ်သည်။

ထို"အနိစ္စာနုပဿနာဉာဏ်"၏ တည်ရာ ပုဂ္ဂိုလ်ကို "အနိစ္စာနုပဿီနိ"ခေါ်သည်။

ဒုက္ခ, ဒုက္ခလက္ခဏာ,ဒုက္ခာနုပဿနာ,ဒုက္ခာနုပဿီနိ၊ အနတ္တ, အနတ္တလက္ခဏာ, အနတ္တာနုပဿနာ,အနတ္တာနုပဿီနိ-တို့မှာလည်း ဤနည်းကိုမှီးလေ။ ဒုက္ခလက္ခဏာနှင့် အနတ္တလက္ခဏာမျှသာ ထူးသည်၊ အကြွင်းအတူတူပင်။

ဒုက္ခလက္ခဏာကား

"မပြတ်နှိပ်စက်တတ်သော အခြင်းအရာ"ကို ဒုက္ခလက္ခဏာ ခေါ်သည်။ ။"မိမိအလိုသို့ မလိုက်,မပါသော အဝသဝတ္တနာကာရ"ကို အနတ္တလက္ခဏာ ခေါ်သည်။

(ဤမျှသာထူး၏)

အကျယ်လိုမူ သမ္မောဟဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့တွင် ယူလေ။

★

● ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၅-ပါးကို အစဉ် အတိုင်း ဟပ်ပြပါ။ ?

(၃၆၁) သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ-တို့၌ကား မည်သည့်ဉာဏ်ဟူ၍ မဆိုရသေး၊ ဒိဋ္ဌိဝိသုဒ္ဓိကား- နာမရူပပရိစ္ဆေဒဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကား- ပစ္စယပရိဂ္ဂဟဉာဏ်, မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိကား- သမ္မသနဉာဏ်၊ ပဋိပဒါ ညာဏဒဿနဝိသုဒ္ဓိကား- ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါး၊ ညာဏ ဒဿနဝိသုဒ္ဓိကား- ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့ဖြစ် ပါသည်။

★

● ဝိမောက္ခနှင့် ဝိမောက္ခမုခတို့ အဓိပ္ပါယ်နှင့် အထူးကိုဘော်ပြပါ။ ?

(၃၆၂) သံယောဇနာဒီဟိ ဝိမုစ္စနဋ္ဌေန ဝိမောက္ခော။

သံယောဇဉ်-စသည်တို့မှ လွတ်မြောက် တတ် သော ကြောင့် "ဝိမောက္ခ"ခေါ်သည်။

ဝိမောက္ခဿ မုခါနိ ဝိမောက္ခမုခါနိ။

သံယောဇဉ်-စသည်တို့မှ လွတ်မြောက်ခြင်း၏ အကြောင်းဖြစ် သောကြောင့် "ဝိမောက္ခမုခ"ခေါ်သည်။ (ဤကားအဓိပ္ပါယ်)။

ဝိမောက္ခကား မဂ်ကို ခေါ်သည်။

ဝိမောက္ခမုခကား- ဝိပဿနာဉာဏ်ကို ခေါ်သည်။

(ဤကား အထူး)

★

● လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာနဝေသန-၌ လက္ခဏ-စသော ၄-ပါး အထူးကို ဘော်ပြပါ။ ?

(၃၆၃) တံ တံ သဘာဝေါ? လက္ခဏံ၊ ကိစ္စ သမ္ဘတ္တိယော ရသော။ ဂယှာကာရော ဖလံ ဝါပိ၊ ပစ္စုပဋ္ဌာန သညိတံ။ ။

အာသန္နကာရဏံ ယံ တံ၊ ပဒဋ္ဌာနန္တိ တံ မတံ။ဓမ္မာနံ ဝ ဝတ္ထာ နာယ၊ အလံတေ ဝိဗုဒ္ဓိနော။ ။

(ပရမတ္ထဒီပနီဋီကာ)

တံ တံ သဘာဝေ ၊ ထိုထိုပရမတ္ထတရားတို့၏ သဘောသည်။ လက္ခဏံ၊ လက္ခဏမည်၏။ ကိစ္စသမ္ပတ္တိယော၊ ပြုခြင်း ကိစ္စ ပြည့်စုံခြင်း သမ္ပတ္တိတို့သည်။ ရသော၊ ရသမည်၏။ ဂယှကာရော၊ ယူအပ်သော အခြင်းအရာသည်ဝင်း။ ဖလံ ဝ ၊ပေ၊ အကျိုးသည်ဝင်း။ ပစ္စုပဋ္ဌာနသည်တံ၊ ပစ္စုပဋ္ဌာန်ဟူ၍မှတ်အပ်၏။ ယံအာသန္နကာရဏံ၊ အကြင်နီးစပ်သော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံအာသန္နကာရဏံ၊ ထိုနီးစပ်သော အကြောင်းကို။ ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ မတံ၊ သိအပ်၏။ ဧတေ၊ ထို လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ဟူသော သဘောတရားတို့ကို။ ဓမ္မာနံ၊ ပရမတ္ထ သဘော တို့ကို။ ဝ ဝတ္ထာနာယ၊ ပိုင်းခြား ဝေဘန်ခြင်းငှါ၊ ဝိဗုဒ္ဓိနော၊ ထူးသော ပညာရှင်အား။ အလံ၊ သင့်လျော်လျောက်ပတ်၏။ ။

● အဒ္ဓါနဝသေန,သန္တတိဝသေန,ခဏဝသေနဝါ-ဌ် အဒ္ဓါန, သန္တတိ,ခဏ ၃-ပါး အထူးကို ရေးပါ။ ?

(၃၆၄) ပဋိသန္ဓေ,စုတိတို့ဖြင့် ပိုင်းခြား အပ်သော ပစ္စုပ္ပန်, တဘဝလုံးကို "အဒ္ဓါ"ခေါ်သည်။ ၂-ခု၊ ၃-ခုသော ဇောဝါရ-ဟူသော နာမသန္တတိ၊နေပူမှလာသောသူ၏ အပူရှိပ်ဖျောက်သည် တိုင်ဟူသော ရူပသန္တတိကို"သန္တတိ"ခေါ်သည်။ ပရမတ္ထတရား-တို့၏ ဥပါဒ်,ဌိ,ဘင် ကို "ခဏ"ခေါ်ပါသည်။

● ၁ တခုတည်းသော မဂ္ဂဝိထိ-၌ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြ ဘူ-ဟူသော ကာမဇောတို့၏ အာရုံကို ဘော်ပြပါ။ ?

(၃၆၅) ပရိကံ, ဥပစာ, အနုလုံတို့ကား - အနိစ္စလက္ခဏာ အစရှိသော တောဘုမ္မက သင်္ခါရအာရုံကို အာရုံပြုသည်။ ဂေါတြဘူကား- နိဗ္ဗာန်ကို အာရုံပြုသည်။

(ဝိထိတခုတည်းဖြစ်သော်လည်း,အာရုံချင်း,မတူကြပါ။)

★

● အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လက္ခဏာ သုံးပါးသည် သတ္တဝါတို့၌ အဘယ်ကြောင့် မထင်နိုင်သနည်း။ ?

(၃၆၆) ဥဒယဗ္ဗယကို နှလုံးမသွင်း,မသိခြင်း၊ သန္တတိ, ဖုံးလွှမ်းခြင်းကြောင့် "အနိစ္စလက္ခဏာ"မထင်။

မပြတ်နှိပ်စက်တတ်သော အာဘိဏှ သမ္ပဋိ ပီဠန, သဘောကို နှလုံးမသွင်း,မသိခြင်း၊ ဣရိယာပထ, ဖုံးလွှမ်းခြင်းကြောင့် "ဒုက္ခ လက္ခဏာ" မထင်။

အထူးထူးသော ဓာတ်သဘောတွေကို ခွဲခြမ်း ဝေဘန်ခြင်း၊ နာနာဓာတုဝိနိဗ္ဘောဂ, သဘောကို နှလုံးမသွင်းခြင်း၊ မသိခြင်း၊ ဃန, ဖုံးလွှမ်းခြင်းကြောင့် "အနတ္တလက္ခဏာ"မထင်။

ဖြင့်ခြင်း,ပျက်ခြင်း-ဉာဏ်တွင်းမမြင်၊
သန္တတိဖုံးထ-အနိစ္စမထင်။
နှိပ်စက်ခြင်း၌-ဉာဏ်ဘွင်းမမြင်၊
ဣရိယဖုံး—လုံးလုံး,ဒုက္ခမထင်။ ●

အထူးထူးသော-ဓာတ်သဘောတွေပင်၊
မခြမ်း,မခွဲ-တုံးခဲတွေမြင်။
ဃန,ဖုံးလို-အတုံးထင်လျှင်၊
အနတ္တ-မှတ်ကြသူမထင်။ ။
(သမ္မောအဌကထာနှင့် ဝိသုဒ္ဓိမဂ်အဌကထာအလို)

ဤတွင်
ဝိသဇ္ဇနာ-ဝရဇိန် - ပထမတွဲ
သင်္ဂဟအမေး-အဖြေ ပြီး၏။

ဣတိ မဟာပဌမကျော် ဘဒ္ဒန္တ ကောဝိဒေန

ရစိတော ဝိသဇ္ဇနာဝဏ္ဏော အဘိဓမ္မာ

မိကာရော သမတ္တော။ ။

☆ ပဏ္ဍိတာ ☆

အနေန ဓမ္မဒါနေန

သံသရန္တော ဘဝါဘဝေ

အရောဂိကော ဗာဟုလော၀

ရ၀ံ ဗုဒ္ဓေါ ဘ၀ါမဟံ။

ဝိသဇ္ဇနာဝဝရဖိန်

(ပထမတွဲ)

သဒ္ဒါ အပေး-အပြေ

သဒ္ဒိ အမေး-အဖြေ

● သုတ်၏ လက္ခဏာ ၆-ပါးကိုဘော်ပြပါ။ ဝါ၊ အဘယ် အင်္ဂါ လက္ခဏာနှင့် ပြည့်စုံမှ "သုတ်" ဟူ၍ ခေါ်ရ သနည်း။ ?

(၁) အပ္ပကွရ,မသန္ဒေဟံ၊ သာရတ္ထံ,လီနသူစကံ။
အကွောဘ,မနဝဇ္ဇ၊ သုတ္တမိစ္စာဟု ပဏ္ဍိတာ။ ။

(၁) အက္ခရာနည်းခြင်း၊ (၂) ယုံမှားကင်းခြင်း၊ (၃) မြတ်သော အနက်ရှိခြင်း၊ (၄)ကွယ်ဝှက်သော အနက်ကို ပြတတ်ခြင်း၊ (၅) စောဒကမလှုပ် ချောက်ခြားနိုင်ခြင်း၊ (၆) အပြစ်မရှိခြင်း-ဤအင်္ဂါ,လက္ခဏာ ၆-ပါးနှင့် ပြည့်စုံမှ "သုတ်"ခေါ်သည်။

★

● သုတ် လေးမျိုး အဓိပ္ပါယ်ကို ဥဒါဟရဏ် ဖြစ် သော သုတ်နှင့် ညွှန်ပြပါ။ ?

(၂) သညာ,အဓိကာ၊ ပရိဘာ၊ တဖြာ ဝိဒေသုတ်။
အမည်ကိုမှည့်၊ လိုက်တုံဘိ၊ ညွှန်၏ စီရင်ထုတ်။

(သညာ,အက္ခရာပါဒယောသုတ်) (အဓိကာရ,ဇီနဝစနယုတ္တံဟိ) (ပရိဘာသာ, အတ္ထော အက္ခရ သညာဘော) (ဝိဓိ သရာ သရေ လောပံ။)

★

● ဝုတ္တိ သုံးမျိုး အဓိပ္ပါယ်နှင့် ပြယုဂ်ထုတ်ပြပါ။ ?

(၃) အနုဝတ္တန၊ ပက္ခိပန၊ သုတ္တ, ဝုတ္တိသုံး။
လိုက်တာ, ထည့်တာ၊ သုတ်တိုင်းလာ၊
မှတ်ပါ - ဓိပ္ပါယ်သုံး။

(၁) သရမ္ဘာ၊ (၂) အသရူပါ၊ (၃) ပရော၊ (၄) သရော၊ (၅) လောပံ၊ (၆) ပပ္ပေါ၊တိ-ဟူသော ဝုတ္တိတို့တွင် (၄) နှင့် (၅) တို့ကား "အနုဝတ္တနဝုတ္တိ" (၁)နှင့်(၆)ကား "ပက္ခိပနဝုတ္တိ" (၂)နှင့်(၃)ကား "သုတ္တဝုတ္တိ" တည်း။

★

● စ-သဒ္ဒါ သုံးမျိုးတို့၏ အဓိပ္ပါယ်ကို ဘော်ပြပါ။ ?

(၄) အနုကဘုန-သမုစ္စယ-သမ္ပိဏ္ဍနသုံး၊
ဆိုပြီးကိုပင်-ဆည်းခဲ့လျှင်-ခေါ်တွင်,နုကဋ္ဌသာ။
မဆိုသေးကို-ဆည်းပြန်လို-ခေါ်ဆို,သမုစ်သာ၊
တသုတ်တည်းမှ - ကာရိယ, နှစ်ပါး - ပေါင်းတုံ့ပြား
မှတ်သား,သမ္ပိဏ္ဍာ။
(ပါဠိတော်, အဋ္ဌကထာ, ဋီကာအလို။)
ဋ္ဌကထာမြတ်-ဋီကာပါဠ-နုကဋ်, မရှိပါ၊
ဂုဏ်ကိုဆည်းမူ-သမုစ်ယူ-ဒြင်ဗ်မူ သမ္ပိဏ္ဍာ။

★

● သုတ္တဝိဘာဂနှင့် ယောဂဝိဘာဂ အထူးဖြေပါ။ ?

(၅) မူလသုတ်နှင့် - သရုပ်တူစ္စာ - ဝေဘန်ရာ - မှတ်ပါ သုတ္တ ဝိဘာဂ။

သရုပ်မတူပြား-နှစ်ဖြာပွား-မှတ်သား ယောဂဝိဘာဂ။
ပြယုဂ်။ တောဒဿ (သုတ္တဝိဘာဂ။)
ယောဂဝိဘာဂေန အညတြာပိ ဂေါ၊ကာဒေသော ဟောတိ။
(ယောဂ ဝိဘာဂ)

★

● ကွစ်,နဝါ,ဝါ,ဝိဘာသာ-သဒ္ဒါ ၄-ခု အထူးကိုရေးပါ။?

(၆) ကွစိ,နဝါ,တရုပ်သာ၊ ဝိဘာဝါ,နှစ်ရုပ်။
ယေဘုယျမှာ၊မျှားလေတာ၊ဆရာ,နျာသထုတ်။
ကွစိ,သဒ္ဒါ-နဝါ,သဒ္ဒါ-ကေရုပ်ကိုပြသည်။
ဝါသဒ္ဒါ-ဝိဘာသာသဒ္ဒါ-ဒ္ဌရုပ်ကိုပြသည်။

★

● ကာရီ,ကာရီယနိမိတ်,ဝိသေသန ၄-ပါးအထူးကိုရေးပါ။?

(၇) ၁–မပြီးသေလျှင်၊ ကာရီပင်၊ ပြီးလျှင်,ကာရီယ။
၂–ပဋ္ဌမိ,သတ်၊ ကြောင့်,နှစ်ရပ်၊ မှတ်ကြ,နိမိတ္တ။
၃–ဂင်းသုံးခု၊ အထူးပြု၊ ခေါ်မှု,ဝိသေသန။

★

● အမှဿ မမံ သဝိဘတ္တိဿသေ - ဟူသော သုတ်ကို ကာရီယ,နိမိတ်,ဝိသေသန ခွဲဝေပြပါ။?

(၈) အမှဿ-ကာရီ၊
သဝိဘတ္တိဿ-ဝိသေသန။
မမံ-ကာရီယ၊
သေ-နိမိတ်။

မှတ်ချက်။ ။သတ္တမီ နိမိတ်မှာ "ကြောင့်" ပေးသည်။ ပဋ္ဌမိ နိမိတ်မှာ "မှ" ပေးသည်။ သတ္တမီနိမိတ်ကား-နောက်နိမိတ်၊ ပဋ္ဌမိ နိတ်မိကား- ရှေ့ နိမိတ်။

★

● နိစ္စ,အနိစ္စ,အသန္တ,ဝိဓိ သုံးပါးအထူးကို ရေးပါ။ ?

(၉) ၁–အမြဲစီရင်,နိစ္စပင်၊ မမြဲလျှင်,အနိစ္စာ။
၂–သုတ်၏အင်္ဂါ၊ ပြည့်ပါလျက်ပင်၊ မစီရင်၊ ခေါ်တွင် အသန္တာ။

အကြင်သုတ်ဖြင့် အမြဲစိရင်ရသည်ကား "နိစ္စဝိဒိ"။ တရုံတခါ စိရင်ရ၍ တရုံတခါ မစိရင်ရသည်ကား "အနိစ္စဝိဒိ"။သုတ်၏အင်္ဂါ ညီညွတ်ပြည့်စုံပါလျက် မစိရင်ရသည်ကား "အသန္တဝိဒိ"တည်း။

★

● သန္ဓိမစပ်သောဌာနများကို ပြယုဂ်နှင့်တကွဘော်ပြပါ။ ?
ပကတိသန္ဓိစိရင်ရသော ဌာနများကို ဘော်ပြပါ။ ?

(အတူတူ)

(၁၀) ၁–ဣတိမနောင်း-အာလုပ်ပေါင်းမှာ၊
၂–သန္ဓိစ္ဆာကင်း၊ ၃–စောင့်ခြင်းတဖြာ။
၄ –ပဒန္တ-ဒီဃရှိရာ။
ပကတိ-ပြုဘိ,ဤလေးဖြာ။ ။
သန္ဓိမြတ်-မစပ်,ရှောင်ရမှာ။ ။

(ပြယုဂ်ကား) ဣတိ မနောင်းသော အာလုပ်ပုဒ်....ကတမာ စာနန္ဒ အနိစ္စသညာ။
သန္ဓိစ္ဆာ ကင်းသောနေရာ၌ ...သတ္ထု အာဒါသိ။
ဆန်းစောင့်သောနေရာ၌....သောဟံ နုန ဣတောာ ဂန္ဓာ။
ပဒန္တ-၌ ဒီဃရှိသောနေရာ၌....ဒေဝါ အာဘဿရာ ယထာ။

★

● သန္ဓိမစပ်ရသောနေရာများကို ညွှန်ပြပါ။ ?

(၁၁) ကာလဝဏ္ဏဗျဝဟိတော၊ သန္ဓိနာမ နု သမ္ဘဝေ။
ကာလခြားရာ၊ ဝဏ္ဏခြားရာ၌ သန္ဓိမစပ်ရ။

★

● အဘယ်အရာကို ကာလခြားသည်,ဝဏ္ဏခြားသည်တို့ ပြယုဂ်နှင့် ထင်ရှားအောင်ဖြေပါ။ ?

(၁၂) ဂါထာတို့၏ ဒုတိယပါဒအဆုံးနှင့် တတိယပါဒအစသည် "ကာလခြားရာ"မည်၏။

(ပြယုဂ်ကား)

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။ ☞

☞ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

နိဂ္ဂဟိတ်တည်းဟူသောဝဏ္ဏခြားခြင်းသည် "ဝဏ္ဏခြားရာ"မည်၏။

သကိ ☞ ဧဝမဟာရာဇ။

★

● သကသညာနှင့် ပရသညာ-ဟူသည် အဘယ်နည်း။ ?

(၁၃) သျှင်ကစ္စည်း မှည့်သော အမည်ကား "သကသညာ" ကျမ်းတပါးမှ လာသောအမည်ကား "ပရသညာ"။

★

● "ပရသမညာ ပယောဂေ" သုတ်သည် ဃောသ,အဃောသ အမည်သာ မှည့်နိုင်သလော၊ အခြား ဘယ်အမည်မျိုးကို မှည့်နိုင်သေးသနည်း။ ?

(၁၄) ဌာန်,ကရိုဏ်း,ပယတ်-နိပါတ်,ဥပသာ။
သံယောဂနှင့်-ပဒ,လောပါ။
သဝဏ္ဏာ,သဝဏ္ဏ-လိင်,လပနာ၊
သိထိလ-အစရှိ,သည်သာ။ ။

ဤသို့ အစရှိသောအမည်မျိုးကိုလည်း မှည့်နိုင်သည်။

★

● "ဝမောဒုဒန္တာနံ"သုတ်ဖြင့် "ဝ"ပြုရာ အဘယ်အကျွန်ုရာတို့၏အစိတ် သြ,ဥ-ဖြစ်မည်နည်း။ ?

(၁၅) က,ခ,တ,ထ၊ဒ,နဿ,ယ၊သ,ဟ,ကိုးခရာ။
အစိတ် သြ,ဥ,၊ ဝ,သာပြု၊ ပေါင်းရှုရုပ်မျှားစ္ဌာ။

★

● "သဗ္ဗောစန္တိ" ဖြင့် "စ"ပြုရာ အဘယ်သဒ္ဒါတို့၏ "တိ" ဖြစ်သည်ကိုဘော်ပြ၍သဗ္ဗသဒ္ဒါထည့်ကျိုးကိုရေးပြီးလျှင်၊ တိ-ကို စ-ပြုခြင်း၊ တျ-ကို စ-ပြုခြင်းဟု ၂-ဝါဒရှိရာ အဘယ်ဝါဒသည် အဘယ်ဆရာ၏ဝါဒဖြစ်သနည်း။ ?

(၁၆) သဗ္ဗောစန္တိ-ဆိုသည့်သုတ်မှာ၊
အတိ ပတိ-ဂတိ သဒ္ဒါ။
တိ,သဒ္ဒါသုံးခု-စ,ပြုလေပါ၊
အခြားတိ-ရှားဘိ,ဤသုတ်မှာ။ ။
ရှေ,နှစ်သုတ်,မှ-အန္တသဒ္ဒါ၊
လိုက်မည်စိုးရှိ-ထည့်မျိုး"သဗ္ဗ"။
ရူပသိဒ္ဓိ-တိ,ကိုပြုရာ၊
ဏ္ဍာသ-တျ,ပြုသည်သာ။ ။

★

● ဣဝဏ္ဏော ယံ နဝါ, အစိအရင်သည် သရူပသရကြောင့်လော။ ? အသရူပသရကြောင့်လော။ ?

(၁၇) "အသရူပသရကြောင့်။"

★

● ဒီဃ,ပြုကျိုးနှစ်မျိုးနှင့် ရဿ,ပြုကျိုး ၅-ပါးဘော်ပြပါ။?

(၁၈) သုခုစ္ဆာရဏ-ဆန်းစောင့်ထ-ဒီဃ,ပြုကျိုးသာ။

ရဿပြုရ-ဌာန,ငါးသွယ်၊
တဒ္ဓိတ်,သမာသ်-နှစ်ရပ်အလယ်။
ဆန်းစောင့်တဝ-အာဂမတသွယ်၊
သံယုဂ်နှောင်း-မှတ်ရှောင်း,ဤငါးသွယ်။ ။

★

● ဟေဉ်-ဌ္ဌ အာဘယ်-ဇ၊ အာဘယ်-ဟကို ယူရမည်နည်း။ ?
(၁၉) ဝေ,နှင့် ဟိ၊နိပါတ် ဒ္ဓိ-မှ၊ ဇ-နှင့် ဟ-ပြုရ"ဉ"ခရာ။

★

● သန္ဓိ ၅၁-သုတ်တွင် ပဋိသေဓဝိဓိသုတ်မျှားကို ဘော်ပြ၍ ရင်းတို့မြစ်အပ်သောသုတ်ကိုလည်းညွှန်ပြပါ။ ?
(၂၀) ၁-တေနဝါ ဣဝဏ္ဏော၊
၂-အတိသဒ္ဓနာ ၂-သုတ်တည်း။

တေနဝါ ဣဝဏ္ဏော မြစ်သော သုတ်တို့ ကား-အဘ္ဘော အဘိ, အဗ္ဗောအဓိ ၂-သုတ်။ အတိသဒ္ဓနာ မြစ်သောသုတ်ကား-သဗ္ဗောစန္ဒိ။

★

● သန္ဓိကျမ်းတွင် ကာရိယ ၂-ချက်ရှိသောသုတ်တို့ကို ဘော်ပြပါ။ ?
(၂၁) ၁-ဝေါဒိဿ ရိ ပုဗ္ဗောစ ရဿော။
၂-လောပဉ္စ တတြာကာရော။
၃-ပါသဒ္ဓနော ရဿော ၃-သုတ်တည်း။

★

● သန္ဓိ ဒွေဘော်နှင့် အာချာတ် ဒွေဘော် အထူးကို ဘော်ပြပါ။ ?
(၂၂) သန္ဓိဒွေဘာ-ဗျည်းချည်းလာ-အာချာ,သရ,ဗျည်း။

★

● သန္ဓိနိဂ္ဂဟိတ်, တဒ္ဓိတ်နိဂ္ဂဟိတ်, အာချာတ်နိဂ္ဂဟိတ် လားပုံ ၃-မျိုးအထူးကိုရေးပါ။ ?

(၂၃) သန္ဓိ နိဂ္ဂဟိတ်၊ နိမိတ် နှောင်းရာ၊ တဒ္ဓိတ်မှာ ကား၊ နှောင်းရာမရှိ၊ အာချာတ်နိမှာ၊ အဗ္ဘာသာ ပုဒ်မှာလာရာ၏။

● အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံ-ပြုရခြင်း အကျိုးကို ဖြေပါ။ ?

(၂၄) ဝဂ္ဂန္တံ ဝါဝက်-တချက်ဟော၊
ဗျဥ္ဇနေစ-သုတ္တသုံးတော့။
အတိဗျာပိတ-ဖြစ်ကြသလော၊
ထိုကြောင့်ပ-မှုချအံပြုပေ ။
ထိုကြောင့်ပ- မြစ်ရ,အံဗျဥ္ဇနေ။ ။

နာမ်ဝိုင်း အမေး-အဖြေ

● လိင်ဥနိပ္ပဇ္ဇတေ·ဌ် လိင်အပြားကိုဘော်ပြ၍ လိုအပ်သော လိင်ကို ညွှန်ပြပါ။ ?

(၂၅) သဒ္ဒ,အတ္ထ-နှစ်ဝလိင်တွင်၊
သဒ္ဒလိင်ဘဲ-ယူမြဲအစဉ်။
နိပ္ဖန္နာနိပ္ဖန္န-နှစ်ဝ,လိင်တွင်၊
အနိပ္ဖာန်-ယူရန်,အမြဲပင်။ ။

★

● သဒ္ဒလိင် အတ္ထလိင် ၂-ပါးအထူးကို ဖြေပါ။ ?

(၂၆) ရုက္ခောတိ၀စနံ လိင်ံ၊ လိင်ံတ္ထော တေနဒိပိတော။
ဧ၀ံ လိင်ေန် လိင်ံတ္ထံ၊ ဥတ္တာ ယောဇေယျ ပဏ္ဍိတော။

"ရုက္ခော"ဟူသော သဒ္ဒါသည် "လိင်"မည်၏။ ထို ရုက္ခသဒ္ဒါ ဖြင့် ပြအပ်သော အနက်သည် "လိင်ံတ္ထ"မည်သည်။

★

● နာမ်ဝိဘတ်နှင့် အာချာတ်ဝိဘတ်အထူးကို ရေးပါ။ ?

(၂၇) ကမ္မာဒိ၀သေန ဧကတ္တာဒိ၀သေန စ လိင်ံတ္ထံ ဝိဘဇ္ဇန္တိ ဝိဘတ္တိယော။ (နာမ်ဝိဘတ်အတွက်။)

ကာလာ ဒိ၀သေန ဓာတ္ဌတ္ထံ ဝိဘဇ္ဇန္တိ ဝိဘတ္တိယော။ (အာချာတ် ဝိဘတ် အတွက်)။

နာမ်ဝိဘတ်ကား- ကံ - အစရှိသည်တို့၏ အစွမ်းဖြင့် ၎င်း၊ ဧကဝုစ်-အစရှိသည်တို့၏ အစွမ်းဖြင့်ဌင်း လိင်၏အနက်ကိုဝေဘန်တတ်သောကြောင့် ဝိဘတ်မည်သည်။ အာချာတ်ဝိဘတ်ကား- ကာလ-အစရှိသည်တို့၏ အစွမ်းဖြင့် ဓာတ်၏ အနက်ကို ဝေဘန်တတ်သောကြောင့် ဝိဘတ်ခေါ်သည်။

★

● ဂ,စ္ပ,လ,ပ,ဃ-ဟူသော အမည် သညာတို့ကို အနုတ္တ,ရဋ္ဌ ၂-မျိုးခွဲဝေ၍ လိုင်အားဖြင့် ဝေဘန်ပါ။ ?

(၂၈) ရဋ္ဌသညာဖြစ်သည်။

ဂဝယ်,လိုင်သုံး၊ ပုံ,နပုံ,စ္ပ,လ၊ ပန္နင့်ဃ၊ မှည့်ရဏ္ဍတ္ထိမှာ။

★

● အဝံမှိစ သုတ်၌ စဂ္ဂဟဏေန သာဒိ ဝသေသေသု ပုဗ္ဗတ္တာ ဝစနေသု-၌၊ ရှေး ၂-သုတ်၌ ဝိဘတ် ဂ-လုံးအရ ဘော်ပြပါ။ ?

(၂၉) ဂါ၀သေသုတ်မှ သဝိဘတ် ၂-လုံး။ ယောသုစသုတ်မှ ယောဝိဘတ် ၂-လုံး။ယောသုစသုတ်၌ စ-သဒ္ဒါဖြင့် နာ,သ္မာ,သ္မိं, သု ၄-လုံး ပေါင်း ဂ-လုံးတည်း။

★

● သန္ဓိဌာပန အ၀ခေါရဏနှင့် နိ၀တ္တာပန အ၀ခေါရဏ ၂-ခု အထူးကိုရေးပါ။ ?

(၃၀) တထစ်ချ စ္ပဲမြစ္ဘာ မှတ်စေခြင်း အနက်ရှိသော သန္ဓိဌာပနအ၀ခေါရဏ၊ မြစ်ခြင်းအနက်ရှိသော နိ၀တ္တာပနအ၀ခေါရဏ။

သန္ဓိဌာပန၊ မြဲစေရ၊ မြစ်ထ,နိ၀တ္တာ။

★

● စဂ္ဂဟဏေန သ္ပၚဒိသေသေသု ပုဗ္ဗတ္တရ၀စနေသု-၌၊သ္ပၚဒိ သေသေသု-အရ ဝိဘတ်များကို ဘော်ပြ၍ ဂေါ၈, ဂု, ဂ၀ယာဒေသာ ဟောန္တိ - ၌ အာဘယ် ဝိ ဘတ် ကြောင့် အာဘယ် အာဒေသ ပြုရမည်ကို ဘော်ပြပါ။ ?

(၃၁) သ္ပၚဒိသေသ၊ ယူလိုက၊ သဗ္ဗဝိဘတ္တိ။
ဝိဘတ်(၇)သွယ်လုံး ယူရပါသည်။

ပဌမာ, ဒုတိယာ, သတ္တမီနှင့် သို့မဟုတ်အဋ္ဌ ဝိဘတ္တာကြောင့် "ဂေါ"ပြုရာ၊ နံနှောင်းလာ "ဂု"ဟိ,သု,နာနံ,၊ ဖ-တန်နှောင်းထ၊ "ဂဝယ"ဆည်းထ စ-သဒ္ဒါ။

သို,ယော,အံယော,သတ္တမ,သို့,ကြောင့် "ဂေါ"ပြု၊ နံဝိဘတ်နှစ်လုံးကြောင့် "ဂု"ပြု။

ဟိ,သု,နာ,နံ-ဝိဘတ် ဖ-လုံးကြောင့် "ဂဝယ"ပြု။

★

● သရလောပေါ မာဒေသပစ္စယာ ဒိမှ် သရလောပေတု ပကတိသုတ်၌ အာဒေသ-အရ၊ ပစ္စယ-အရ၊ အာဒိ-အရ တု-သဒ္ဒါအကျိုး,ပကတိ - သဒ္ဒါ၏ အကျိုးမျှားကို ဘော်ပြပါ။ ?

(၃၂) အာဒေသအရကား-ဝိဘတ္တာဒေသ။
ပစ္စယအရကား-တဒ္ဓိတ်,အာချာတ်,ကိတ်ပစ္စည်း။
အာဒိအရကား-အာချာတ်,ကိတ်တို့ အာဂုမ်။
တုသဒ္ဒါအကျိုးကား-အဝဓာရဏာ။
ပကတိ သဒ္ဒါ အကျိုးကား - တဘန် သဒ္ဒါ ဖြစ်စေခြင်း အကျိုးရှိ၏။

ဝိဘတ္တာဒေသ-ယူရ,အာဒေ။
အာချာတ်,တဒ္ဓိတ်-ကိတ်,ပစ္စယေ။
ကိတ်အာချာတ-အာဂမ,နှစ်ထွေ။
ယူလေဘိ-အာဒိအရပေ။ ။

တု,ပကတိသဒ္ဒါတို့အကျိုးမှာ-ဝုတ္တိ၌ ပါ၊လေပြီ။

★

● အယောရသမေက ဝစနယော သုပိစ-သုတ်၌ "အပိ" သဒ္ဒါ ဖြင့် ပြီးသင့်လျက် အဘယ့်ကြောင့် "နသိသ္မိမနပုံသကာနိ" သုတ်ကိုဆိုသနည်း။ ?

(၃၃) အယောရသသုတ်ကား - သာမညအားဖြင့် ရသ ပြုခြင်းကို မြစ်အပ်သောကြောင့် နသိသ္မိမ-ဟူသော ဤသုတ်ဖြင့် ဣတ္ထိလိင်,ပုလ္လိင် ၂-ပါးတို့၌သာလျှင် အထူးမှတ်၍ မြစ်ခြင်းငှါ ဆိုပြန်သည်။

★

● ပဠာဒီနမတ္တံ-သုတ်၌ စတသန္နံ တိသန္နံ ရုပ်တို့မှာ နောစ ဒ္ဒါဒီတောနံမှိ-သုတ်၌ စ-သဒ္ဒါဖြင့် ပြီးသင့်လျက် အဘယ့်ကြောင့် ဆိုပြန်သနည်း။ ?

(၃၄) မိုဃ်းသည် ရေရှိသော အရပ်ကိုလည်း ထပ်၍ရှာသလို၊ ပစ္စုန္နေ ဂတိကနည်းအားဖြင့် ဆိုပြန်သည်။

★

● သဗ္ဗသ ဝါ အံသေသု-၌ သဗ္ဗသဒ္ဒါ,ဝါသဒ္ဒါတို့၏ အနက်ကို ဘော်ပြပါ။?

(၃၅) သဗ္ဗသဒ္ဒ-အန္တနစ်စေ၊
ဝါသဒ္ဒါမှတ်-ဝိကပ္ပနေ။
တနည်းမှတ်ဘိ-ဝ ဝတ္ထိတော၊
သောတုန - မှတ်ကြ မြမသွေ။ ။

★

● သဗ္ဗသ ဝါအံသေသု-သုတ်၌ ဝါသဒ္ဒါကို အလိုက်မခံဘဲ သိမ့်ဝါ-၌ အဘယ့်ကြောင့် ဝါသဒ္ဒါထပ်၍ ဆိုပြန်သနည်း။ ?

(၃၆) သဒ္ဒါသဗ္ဗ နောက်ကသုတ်ကို မလိုက်လို၍ ဝါကို နောက်ထပ် မိန့်သတည်း။

★

● သွာဟိ သိ့ နံမှာ ဘိမှ ဝါသုဘ်၏ ဝုတ္တိ ၌ "သဗ္ဗတောလိင်တော"ဟုဆိုရာ ဣတ္ထိလိင်မှာ မှီ-ပြုခြင်းသည် အဘယ် အရာမှာပြုသည်ဟု ဥဒါဟရဏ်နှင့်ထုတ်ပြပါ။ ?

(၃၇) ဣတ္ထိလိင်-၌ "ဂါထာ"မှာသာ မှာ,မှီ-ပြုသည်။ စုဏ္ဏိယ မှာ မပြုရပါ။

(ပြယုဂ်ကား)

ယထာဘလာကာ ယောနိမှိ၊ ကုသဝတီမှိ နဂရေ။

★

● နတိမေဟိ ကတာကာရေဟိ-၌ "ကတာကာရ" ဟူသည် အဘယ်သုတ်ဖြင့်စီ ရင်သနည်း။ ?

(၃၈) ၁-သသ္မာသ္မိ သံသာသ္ဒတ္ကံ၊
၂-ဣမဿာဒ္ဒဿာစ။

သုတ်တို့ဖြင့် စီရင်သော ကတာကာရ ဖြစ်သည်။

★

● "သောဝါ"သုတ်ကို အတောနေနသုတ်နောက်မှာတည်၍ ရင်းနောက်မှ "သော"သုတ်ကို တည်သင့်လျက် အဘယ့် ကြောင့် မတည်သနည်း။ ?

(၃၉) "သော"သုတ်ကို "သောဝါ"သုတ်မှ ဝါသဒ္ဒါလိုက် မည်စိုး၍ မတည်ပါ။

★

● ဒိဃောရေဟိ-သုတ်၌ "သ္မာ" ဝိဘတ်သည် အဘယ်မှ လိုက်သနည်း။ ?

(၄၀) သ္မာဟိသ္မိံ နံ မှာဘိမှိ၀ ၀-သုတ်မှ လိုက်သည်။

★

● သဗ္ဗယောနိနမာ-၌ သဗ္ဗသဒ္ဒါ အဘယ် အကျိုးငှါ ဆိုသနည်း။ ?

(၄၁) ယော ၂-လုံး, နိ ၂-လုံးကို ယူစေခြင်းငှါ ဆိုသည်။

★

● အာယ စတုတ္ထေက ၀စနဿတု-၌ "အာယ" အပြုသည် မည်သည့်ဌာနမျှားခ၌ ပြုရသည်ကိုဘော်ပြပါ။ ?

(၄၂) နိ၀ေတ်၏ ကံ၊ ဂတိ အနက်ရှိသော ၀ေတ်တို့၏ ကံ။ ဝိဘတ္တိ၀ိပ္ပလ္လာသ၊ တဒတ္ထသမ္ဘဒါန်၊ တုမတ္ထသမ္ဘဒါန် ဤအရာ ၅-ချက်မှာ "အာယ"အပြု စီရင်ရပါသည်။

နိ၀ေတ်, ဂတိ၀ေတ်-နှစ်ရပ်တို့ကံ၊
နောက်မှာ၀ဲ,ရပ်-ဝိဘတ်ဝိပ္ပလ်။
တဒတ္ထနှင့်-တုမတ္ထသံ၊
ငါးဌာန-အာယ, အပြုမှန်။ ။

★

● "ဒုဂေ, ဒ္ဒယ, ဥဘ, ဥဘယ, ဒုဝိ" ဟူသော ကာရိယမျှားသည် အဘယ်ဝိဘတ်မျှားနှင့်ပြီးသည်ကိုဘော်ပြ၍အဘယ်သည် သ၀ိဘတ္တိက၊ အဘယ်သည် အ၀ိဘတ္တိကဖြစ်သည်ကို လည်းဘော်ပြပါ။ ?

(၄၃) ယော၀ိဘတ်နှင့် "ဒုဂေ" နာ၀ိဘတ်, အံ၀ိဘတ်နှင့် "ဒ္ဒယ"နံ၀ိဘတ်နှောင်းလျှင် "ဥဘ,ဥဘယ,ဒုဝိ"ပြုရသည် "ဒုဂေ"

မှာ ယောဝိဘတ်နှင့် တကွ ပြုရသောကြောင့် "သဝိဘတ္တိက" အကြင်းမှာ "အဝိဘတ္တိက"ဖြစ်သည်။

★

● "တိသော, စတသော, တယော, စတ္တာရော, တိဏိ, စတ္တာရိ" ဟူသော ကာရိယ များကို အဘယ် သုတ်ကို ထောက်၍ အဘယ်လိုင်-ဟူ၍ သိရမည်နည်း။ ?

(၄၄) ဣတ္ထိ ပုမ နပုံသက သဒ္ဒံ-ဟူသော သုတ်ကိုထောက်၍ တိသော,စတသော-ကို ဣတ္ထိလိုင်။တယော,စတ္တာရော-ကို ပုလ္လိုင်။ တိဏိ,စတ္တာရိ-ကို နပုလ္လိုင်-ဟု သိရပါသည်။

★

● ပုဒ်နောင်မှာ စိရင်ရသော ကာရိယများကို ဘော်ပြပါ။?

(၄၅) ဝေါ, နော, တေ, မေ၊ ဣလေးထွေ၊ မှတ်လေ ပုဒ်နောင်မှာ။

★

● မနောဂိုဏ်းသဒ္ဒါ ၁၆-ခုကို ရေတွက်ပါ။ ?

(၄၆) မနော,ဝစော,ဝယော,တေဇော။
တပေါ,စေတော-တမော,ယသော။
ပယော,သိရော-အယော ဆန္ဒော။
သရော ဥရော-အဟော ရဟော။ ။ (သဒ္ဒနီတိ)

★

● မနောသဒ္ဒါ အဘယ်လိုင်ဖြစ်သည်ကိုညွှန်ပြပါ။ ?

(၄၇) မနော သဒ္ဒါကျုံး-ပုံး, နပုံးလိုင်၊
သဒ္ဒနီတိ-မိန့်ဘိနှစ်လိုင်။
ရူပသဒ္ဒိ-မိန့်ဘိပုလ္လိုင်၊
ဗာလာဝတာ-မိန့်ရှာ နပုလ္လိုင်။ ။

★

● ဣတ္ထိလိင် ဇောတက ပစ္စည်းမျှားကို သုတ်ညွှန်း၍ ဘော်ပြပါ။ ?

(၄၈) အာ ဣ ဣ နီ၊ ဣသုံးလီ၊ ဣတ္ထိဇောတက။

(ဣတ္ထိယမတော, နဒါဒိတောဝါဣ, ပတိဘိက္ခု ရာဇိကာ ရဏ္ဍဟိ ဣနီ။)

★

● နဒါဒိဂုဏ်း, အနဒါဒိဂုဏ်းအထူးကို ဘော်ပြပါ။ ?

(၄၉) အဝိညာဏက-အကာရန္တာ၊
အက္ခရာနုစ်လုံး-တူဆုံး"နဒါ"။
သဝိညာဏ-အကာရန္တာ၊
နုစ်လုံးတူ-မှတ်ယူ"အနဒါ"။ } နိဒ္ဒေသ။

အကာရန္တ-ယူကြ"နဒါ"၊
ပုထုနုင်ဂေါ-ဥ သြ ဆုံးရာ။
အနဒါဒိ ယူဘိသေချာ၊
ရူပသိဒ်ဟောမိန့်-အထူးသာ။ } ရူပသိဒ္ဓိ။

★

● ဘောဂေတု သုတ်၌ "တု" သဒ္ဒါဖြင့် စီရင်ရသော, ကာရီ ယမျှားကို ဝိဘတ်အားလျော်စွာ ဝေဘန်ပါ။ ?

(၅၀) ဘောန္တ, ဘန္တေ-ဘောန္တောဘဒ္ဒေ။
သီ, ဝိဘတ်နှင့်-ပြီးရသလေ။
ဘောတာ, နာ, ဟော-ဘောတော, သ, ပေ။
ဘောဂေတု-သုတ်က"တု"သဒ္ဒေ။ ။

★

● တ္ဘာဒယော-ဝိဘတ္တိသညာယော၌ အာဒိအရ ပစ္စည်းမျှားကို ဘော်ပြပါ။ ?

(၅၁) တော ဘြ ထ ဓိ ဝ ဟိ ဟံ၊ ဟိဠ္ဍနံ ဟ ခ ဒါ ဒါ စနံ ဒါနိ ရဟိ ခုနာ မှတ်ပါ၊ ဆဲလေးရပ်၊ ဝိဘတ်မည်သည်။ ဝိဘတ္တိသည် ပစ္စည်းများကို ဘော်ပြပါဆိုလျှင်လည်း ၎င်းတို့ကိုဘော်ပြပါလေ။

★

● အာ,ဤ,ဣနိ,ပစ္စည်းများနှင့် တော-စသောပစ္စည်းများ၏ အထူးကို ဘော်ပြပါ။ ?

(၅၂) အာ, ဤ, ဣနိ ပစ္စည်းတို့ကား-အနက်ကို မဟောတတ်သော ဣတ္ထိလိင်ဧောတက ပစ္စည်းများဖြစ်သည်။ တော, အစရှိသည့် ပစ္စည်းတို့ကား-အနက်ကို ဟောတတ်သော အတ္ထဝါစက ပစ္စည်းများဖြစ်ပါသည်။

★

● တော, အစ ရှိသော ပစ္စည်းတို့ကို အဘယ် သဒ္ဒါနှောင် အဘယ်အနက်ဌသက်သည်ကို ညွှန်ပြပါ။ ?

(၅၃) တော, ပစ္စည်းကား - သုဒ္ဓနာမ်, သဗ္ဗနာမ် ပုဒ်တို့နှောင် ယေဘုယျအားဖြင့်ပဌမီအနက်ဌ၊ အပ္ပဿာအားဖြင့်ပဌမာ, ဒုတိယာ, တတိယာ, သတ္တမီအနက်တို့ဌဖြစ်သည်။

ဘြ - စသော ပစ္စည်းတို့ကား သဗ္ဗနာမ် ပုဒ်နှောင်မှာ သတ္တမီ အနက်ဌ သက်သည်။

★

● ကာလသတ္တမျတ္ထ-ဌာနသတ္တမျတ္ထဌ သက်အပ်သောပစ္စည်းများကို ခွဲခြား၍ ကောက်ပြပါ။ ?

(၅၄) ဘြ ထ နှင့် - ဓိ ဝ ဟိ ဟံ၊
ဟိဠ္ဍနံ ဟ ခ-ဌာနအတ္ထံ။
ဒါ နှင့် ဒါနိ-ရဟိ ဒါ စနံ၊
ခုနာ ငါး-မှတ်သား ကာလ မှန်။ ။

ကာရက အမေး-အဖြေ

● ကာရကကျမ်းအစဉ် "ယောကရောဟိသကတ္တာ" သုတ်ကို မဆိုဘဲ အဘယ့်ကြောင့် "ယသ္မာဒပေတိ" သုတ်ကို ဆိုသနည်း။ ?

(၅၅) ကတ္တု ကာရကသည် မဟာ ဝိသယ မဖြစ်၊ အပါဒါန ကာရကသည် မဟာဝိသယ ဖြစ်၍ အ ရာ ကျယ် သော ကြောင့် ယသ္မာဒပေတိ·စသောသုတ်ကို ရှေးဦးစွာဆိုသည်။

★

● ဓာတုနာမာန မုပသဂ္ဂယောဂ ဒီသ္ဌပိစသုတ်၌ ဓာတုအရ နာမာနံအရ ဥပသဂ္ဂအရ အာဒိအရ ပိသဒ္ဒါ အကျိုး-စသဒ္ဒါအကျိုး ဤ ၆-ချက်အရ ဥဒါဟရဏ် တခုစီ ထုတ်ပြပါ။ ?

(၅၆) ဗုဒ္ဓသ္မာ ပရာဇေန္တိတိ၊
ဘူမိတော နိဂ္ဂဟတော ရသော။
အပသာလယ အာယန္တိ၊
ကောသာ ဝိဠ္ဝတိ ကုဋ္ဌရုံ။
ရဟိတာ မာတုဇာ ပုညံ၊
ယတောဟန္တိ နိဒဿနံ။

★

● ရက္ခနတ္ထာနမိစ္ဆိတံ·သုတ်ဖြင့် အဘယ်အင်္ဂါမျိုးနှင့် ပြည့်စုံမှ "အပါဒါန"မည်နိုင်သနည်း။ ?

(၅၇) ၁–ရက္ခိတဗ္ဗ စောင့်အပ်သော ဝတ္ထု လည်း ဖြစ်စေ၊
၂–ဥစ္ဆိတဗ္ဗ အလိုရှိအပ်သော ဝတ္ထု လည်း ဖြစ်စေ၊
ဤအင်္ဂါ ၂-ပါးနှင့်ပြည့်စုံမှ "အပါဒါန်" မှည့်ရသည်။

★

● ကျိုးနှင့် ဆန်-နွားနှင့် မယောတို့သည် ရက္ခီတဗ္ဗဝတ္ထုချည်း ဖြစ်ပါလျက် အဘယ့်ကြောင့် ဆန်နှင့် မယော တို့သာ အပါဒါန်ဖြစ်သနည်း။ ?

(၅၇) ကျိုးနှင့် ဆန် - နွားနှင့် မယောတို့သည် ရက္ခီတဗ္ဗဝတ္ထု ချည်းဖြစ်ငြားသော်လည်း ဆန်နှင့် မယောတို့သာ ဣစ္ဆိတဗ္ဗဝတ္ထု ဖြစ်သောကြောင့် ၎င်းတို့သာ အပါဒါန်ဖြစ်သည်။ ကျိုးနှင့် နွားတို့မှာ ဣစ္ဆိတဗ္ဗဝတ္ထု မဟုတ်သောကြောင့် အပါဒါန်မဖြစ်ပါ။

★

● ဂါမာအပေန္တိမုနယောဘ၊ ဂါမနှင့် မုနိတို့သည် အပဂမန လက္ခဏာတူလျက် အဘယ့်ကြောင့် "ဂါမ"သာ အပါဒါန်ဖြစ်သနည်း။ ?

(၅၈) ဂါမသည် ရွှေသဘောမှ ရွှေ့လျောခြင်း မရှိသော ကြောင့်အပါဒါန်ဖြစ်သည်။ ထို့ကြောင့် ဘေဒစိန္တာဘ၌-

သမေပျပဂေမေ ဒ္ဒိန္ဒံ၊ ပုဗ္ဗရူပါယဒစ္ဆုတံ၊
ဝုစ္စတေ တဒပါဒါန၊ မေတဉ္ဉဝဓိလက္ခဏံ။
ဟု မိန့်တော်မူ၏။

★

● ဂင်္ဂါယံ ဃောသောတိဋ္ဌတိ·ဟူသော ဝါကျ၌ ဂင်္ဂါယံ-ဟူသော သြကာသကာရကသည် မုချလော, ဥပစာလော၊ အကယ်၍ ဥပစာ ဖြစ်ခဲ့သော် အဘယ် ဥပစာ ဖြစ်မည်နည်း။ ?

(၆၀) ဂင်္ဂါယံကား- ဥပစာကာရကဖြစ်သည်။ အနီးရှိသော ဝတ္ထု၏အမည်ကို အနီးရှိသော ဝတ္ထုဟု တင်စား၍ ခေါ်ဝေါ်ခြင်းကြောင့် "သမီပူပစာ"ဖြစ်ပါသည်။

★

● အာဝရ ၂-ချက်ပါသော ဥဒါဟာရဂ္ဂ်ာတခုကို ထုတ်ပြ၍ သာမညာဝရ,ဝိသေသာဝရ ခွဲပြပါ။ ?

(၆၁) "သာဝတ္ထိယံ ဝိဟာရတိ ဇေတဝနေ"

သာဝတ္ထိယံကား- သာမညာဝရ၊ ဇေတဝနေကား-ဝိသေသာဝရ ဖြစ်သည်။

(နိယံ) အာဝရ နှစ်ပြား၊ ဆင့်၍လာ၊ ရှေ့မှာ သာမည၊ နောက်မှ ဝိသေသ။

★

● သာဝတ္ထိယံ ဝိဟာရတိ ဇေတဝနေ-ဟူသော ဥဒါဟာရဂ္ဂ်ာ အာဝယ်သည် မုချာဝရ အာဝယ်သည် ဥပစာဝရဖြစ်သနည်း။ ?

(၆၂) ဇေတဝနေကား- ဘုရားနေရာ အစစ်ဖြစ်သောကြောင့် မုချာဝရ၊ သာဝတ္ထိယံကား-ဘုရားနေရာ အစစ်မဟုတ် ဇေတဝန်ကျောင်းတော်၏ အနီးဖြစ်သောကြောင့် **သမီပူပစာဝရ** ဖြစ်၏။

★

● နှစ်ခုသောနေရာ၌ ဘုရားရှင်သည် ဘယ်ပြိုင်ဘည်းမနေနိုင်ဘဲ လျက် သာဝတ္ထိယံ ဇေတဝနေ-ဟု အာဝယ်ကြောင့် အာဝရ,နှစ်ချက်ကို ဆိုသနည်း။ ?

(၆၃) ရဟန်းတို့အား လျောက်ပတ်သောနေရာ ကျောင်းကို ပြလိုရှိ ဇေတဝနေ-ဟူသော အာဝရကိုဆိုသည်၊ ဂေါစရဂါမ် ရွာကိုပြလိုရှိ သာဝတ္ထိယံ-ဟူသော အာဝရ ကိုဆိုသည်။

★

● ယေနဝါကရီယတေတံ ကရုဏံ-သုတ်ကို ယေနဝါကရီယ တေ, ယေနဝါပဿတိ, ယေနဝါ သုနာတိ-ဟု ဝုတ္တိ ဆရာ အာဝယ်ကြောင့် ဖွင့်သနည်း။ ?

(၆၄) ယေနဝ၀ါကရီယတေ-ပါဠိဖြင့် ဗာဟီရကရိုဏ်းကိုပြလို၍ ယေနဝ၀ါပဿတို့, ယေနဝ၀ါသုဏာတိ-ဟူသောပါဠိတို့ဖြင့် အဋ္ဌတ္တကရိုဏ်းကိုပြလို၍ ဖွင့်ဘည်။

★

● ယံကရောတိတံကမ္မံ - ဟူ၍ရင်း၊ ယံကရောဘိတက်မ္မံ - ဟူ၍ရင်း ပါဠိ ၂-ထွေရှိရာ အဘယ်ပါဠိသည် အမှန်ဖြစ်မည်နည်း အကြောင်းပြဖြေပါ။ ?

(၆၅) ဝဂ္ဂန္တံ၀ါ၀ဂ္ဂေ - သုတ်၏ အစီရင်သည် ၀ါသဒ္ဒါဖြင့် ပြခြင်းကြောင့် ထိုပါဠိ ၂-ထွေလုံး အမှန်ချည်းပင်ဖြစ်သည်။

★

● ယံကရောတိတံကမ္မံ-ဟူသောသုတ်ကို ယံ၀ါကရောတိ-ဟူ၍သာဖွင့်သင့်လျက် ယံ၀ါပဿတိ, ယံ၀ါသုဏာတိ-ဟု အဘယ်ကြောင့် ဖွင့်သနည်း။ ?

(၆၆) ယံ၀ါကရောဘိ - ပါဠိဖြင့် ကာယသမ္ပတ္တိပုဗ္ဗက ကံကိုပြလို၍ ယံ၀ါပဿတိ, ယံ၀ါသုဏာတိ - ပါဠိတို့ဖြင့် စိတ္တသမ္ပတ္တိပုဗ္ဗကကံကို ပြလို၍ဖွင့်သည်။

★

● အဟိနာဒဗ္ဗောနုရော-ဌ် နရော ဟူသောပုဒ်မှာ ပဌမာသိ ဝိဘတ် ဖြစ်ခြင်းကြောင့် "လူသည်"ဟု ပေးသင့်လျက် အဘယ်ကြောင့် "လူကို"ဟု အနက်ပေးသနည်း။ ?

(၆၇) ဒမဗ္ဗော-ဟူသော ကိတ်ကြိယာသည်၊ ကံဟောကြိယာ ၀ါစကဖြစ်ခြင်းကြောင့်၊ ပဌမာဝိဘတ်နှင့် ဝုတ္တကံ အနက်ကိုပေးရသည်။

★

● ယဿ ၀ါပရိဂ္ဂဟောတံသာမိ-ဌ် သာမိနှင့် သံ,အထူးကို ဥဒါဟရဏ်နှင့်ဘော်ပြပါ။

(၆၈) ပိုင်ရှင်ကို သာမိခေါ်သည်၊ပိုင်သောပစ္စည်းကို သံခေါ်သည်။ ပြယုဂ်ကား– ဘိက္ခုဿ စီဝရံ,တည်း။ ဘိက္ခုဿကား- သာမိ၊ စီဝရံကား- သံဖြစ်ပါသည်။

★

● လိင်္ဂတ္ထေပဌမာ-ဌ် လိင်္ဂတ္ထ-ဟူသည် အဘယ်နည်း။ ?

(၆၉) သကတ်, ဒြဗ္ဗ, လိင်, သङ္ချာ, ပရိမာဏ-ဟူသောအနက် ၅-ပါးကို "လိင်္ဂတ္ထ" ဆိုပါသည်။

★

● သဟာဒိယောဂေစ-ဟူသောသုတ်၌ သဟာဒိယောဂ, သဟယောဂ,သဟတ္ထ-သုံးပါးအထူးကိုဖော်ပြပါ။?

(၇၀) သဒ္ဓိံနာနာ-ဝိနာ,သမံ၊
ယှဉ်လာတုံဘိ-သဟာဒိယောဂံ။
သဟ,ယှဉ်ထ-သဟယောဂံ၊
မယှဉ်ရေး-နှင့်ပေး သဟတ္ထံ။ ။

★

● ဟိတ်,နိမိတ်,ကာရဏ-သုံးပါးအထူးကိုရေးပါ။ ?

(၇၁) အကျိုးကား-ရှေ၊ အကြောင်းကား- နောက်ဖြစ်၍ တတိယာဝိဘတ် သက်သက် သည်ကား "ဟိတ်"မည်၏။

အကြောင်းကား-ရှေ၊ အကျိုးကား-နောက်ဖြစ်၍ ပဉ္စမီဝိဘတ် သက်သက် သည်ကား "ကာရဏ"မည်၏။

အကျိုးအကြောင်းနှင့်တကွ ယေဘုယျအားဖြင့် နိမိတ္တဝန် ပျက်သည်ဖြစ်၍ သတ္တမီဝိဘတ် သက်သက် သည်ကား "နိမိတ်" မည်၏။

★

● သတ္တမျတ္ထေစ-ဟူသောသုတ်၌ လိုအပ်သော သတ္တမျတ္ထကို ဘော်ပြပါ။ ?

(၇၂) ကာလတ္ထကို လိုအပ်သည်။

★

● ယေနဂ်ဝိကာရ-သုတ်၌ အင်, အင်္ဂီ ၂-ပါး အထူးကို ကောက်ပြ၍ တတိယာဝိဘတ်သည် အင်ပုဒ်၌ သက်မည်လော၊ အင်္ဂီပုဒ်၌သက်မည်လော။ ?

(၇၃) အက္ခိနာကာဏော-၌ အက္ခိနာ-ဟူသော ပုဒ်သည်၊ ကိုယ်အင်္ဂါအစိတ်ဖြစ်သောကြောင့် "အင်"မည်၏။

ကာဏော-ဟူသောပုဒ်သည် ကိုယ်အင်္ဂါအပေါင်းဖြစ်သောကြောင့် "အင်္ဂီ"မည်၏။

တတိယာဝိဘတ်သည် အစိတ်ကိုဟောသော "အင်"ပုဒ်နောင် သက်ရသည်။

★

● ဣတ္ထမ္ဘူတနှင့် အင်ဝိကာရ-အထူးကို ဘော်ပြပါ။ ?

(၇၄) ၁-ပုဒ်နှစ်တန်မူ၊ ဣတ္ထမ္ဘူတ၊ တပုဒ်မျှ အင် ဝိကာရာ။
၂-ခြင်ပြားမူ၊ ဣတ္ထမ္ဘူ၊ တူမူ,အင် ဝိကာရ။
၃-ကောင်းဆိုး, လယ်လတ်၊ သုံးရပ် ဘောက်ပြန်၊ ဣတ္ထမ္ဘူတ၊ အဆိုးမျှ အင် ဝိကာရာ။

★

● ဝိဒေသသနေစ-ဟူသောသုတ်၌ တုလျာဓိကရဏ ဝိဒေသနကိုပင် လိုအပ်သလော၊ ဘိန္နာဓိကရဏ ဝိဒေသနကိုပင် လိုအပ်မည်လော။ ?

(၇၅) ☞ ဘိန္နာဓိ ကရဏ ဝိဒေသနကို လိုအပ်သည်။

★

● နမောယောဂါဒိသုပိစ-ဟူသောသုတ်၌ "အဒိ-သဒ္ဒါဖြင့်၊ ပိ-သဒ္ဒါ၊ စ-သဒ္ဒါ"တို့၏အရမျှားကို ဘော်ပြပါ။?

(၇၆) အာဒိသဒ္ဒါဖြင့် သုတ္တိသုဘဂတံ သဒ္ဒါတို့ကို ယူအပ်၏။ စ-သဒ္ဒါဖြင့် စတုတ္ထိသဒ္ဒါတို့ကိုငင်၏၊ အပိသဒ္ဒါဖြင့် စတုတ္ထိသဒ္ဒါကို ပေါင်း၏။

တနည်း။ အပိသဒ္ဒါဖြင့် နမော-စသောသဒ္ဒါတို့နှင့်ယှဉ်ခဲ့လျှင် စတုတ္ထိသာမြဲစေ၏ဟု နိယမာဝဓာရဏတွေ့ အနက်ရှိ၏။

★

● ကမ္မတ္ထေ ဒုတိယာ-၌ ကမ္မေ ဒုတိယာ မဆိုဘဲ အဘယ့်ကြောင့် အတ္ထသဒ္ဒါဖြင့်ဆိုသနည်း။ ?

(၇၇) ကမ္မ,ကမ္မတ္ထ ၂-ပါးလုံး၌ပင် ဒုတိယာဝိဘတ်သက်သည်ဟု ပြခြင်းအကျိုးငှါ ကမ္မတ္ထေဒုတိယာ-ဟုဆိုသည်။

★

● ကာလဒ္ဓါန မစ္စန္တသံယောဂေ-သုတ်၌ ကာလနှင့် အဒ္ဓအထူးကိုရေးပါ။ ?

(၇၈) နာရီ,ရက်, လ,ပက္ခ, မာသ သံဝစ္ဆရကပ် ကမ္ဘာစသော အချိန်,ကာလကို "**ကာလ**"ခေါ်သည်။ တောင်,တာ,ကောသ, ဂါဝုတ, ယူဇနာ · စသော ခရီး အဝေး, အကွာကို "**အဒ္ဓ**" ခေါ်သည်။

★

● ဒြပ်,ဂုဏ်,ကြိယာ-သုံးပါးအထူးကိုရေးပါ။ ?

(၇၉) ခန္ဓာကိုယ်ပဋ္ဌကကြီးကို"ဒြပ်"ခေါ်သည်။ ဒြပ်-၌ တည်သော ကောင်း, မကောင်းသော ဂုဏ်ကို "ဂုဏ်" ခေါ်သည်။ သွားခြင်း,ချက်ခြင်း-စသော ဒြပ်၏ အမှုအရာကို "ကြိယာ"ခေါ်သည်။

★

● ကမ္မပ္ပဝေစနီယယုတ္တေ-သုတ်၌ ကမ္မ-အရ, ပဝေစနီယ-အရ, ယုတ္တ-အရမျှားကို ဘော်ပြပါ။ ?

(၈၀) ကမ္မအရ-ဓာတုတ္ထကြိယာ၊
ကြိယာဟောတတ်-နိပါတ်ဥပသာ။
ပဝေစနီယ-ကောက်ကြလေပါ၊
ယုတ္တံပုဒ်-ပြယုဂ်,ယူလေပါ။ ။

★

● ကာလဘာဝေသုစ - ဟူသော သုတ်၌ ကာလနှင့် ဘာဝ အထူးကိုရေးပါ။ ?

(၈၁) နာရီ,ရက်,လ,ပက္ခ,မာသ,သံဝစ္ဆရ,ကပ်,ကမ္ဘာ-စသော အချိန်ကို "ကာလ"ခေါ်သည်၊ ကြိယာကို "ဘာဝ"ခေါ်သည်။

★

● လက္ခဏာအနက်ကို ဘာဝေနဘာဝလက္ခဏာ-ဟု အဘယ့်ကြောင့်ခေါ်သနည်း။ ?

(၈၂) ကြိယာ တပါးဖြင့် ကြိယာ တပါးကို မှတ်ကြောင်း လက္ခဏာရှိသောကြောင့် ဘာဝေန ဘာဝလက္ခဏာ ခေါ်သည်။

★

● ဥပဓျာဓိကိသရ ဝစနေ-သုတ်၌ ဥပသဒ္ဒါ, အဓိသဒ္ဒါတို့သည် အဘယ် အနက်ကို ဟောသော် အဘယ်အနက်၌ သတ္တမီ ဝိဘတ်သက်သနည်း။?

(၈၃) ဥပသဒ္ဒါသည် လွန်ခြင်းအနက်ကိုဟောသော် ဝိဘတ္တ အပါဒါန်အနက်၌ သတ္တမီ ဝိဘတ် သက်သည်၊ အဓိသဒ္ဒါသည် အစိုးရခြင်း အနက်ကို ဟောသော် ကံ- အနက်၌ သတ္တမီဝိဘတ် သက်၏။

★

● ကာလအနက်၌ အဘယ်ပိဋ္ဌကတ်မှာ အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ်သက်သည်ကို ထင်ရှားစွာ ဘော်ပြပါ။?

(၇၄) ကာလအနက်၌ သုတ္တန်ပိဋ္ဌကတ်မှာ တတိယာ သတ္တမီ နဋ္ဌ-ဟူသောသုတ်ဖြင့် ဒုတိယာဝိဘတ်သက်သည်။

ဝိနည်းပိဋ္ဌကတ်မှာ သတ္တမျတ္ထေစ-ဟူသောသုတ်ဖြင့် တတိယာ ဝိဘတ်သက်သည်။

အဘိဓမ္မာ ပိဋ္ဌကတ်မှာ ကာလဘာဝေသုစ-ဟူသောသုတ်ဖြင့် သတ္တမီ ဝိဘတ်သက်သည်။

★

● သုတ္တန်, ဝိနည်း, အဘိဓမ္မာအားလျော်စွာ၊ ဒုတိယာ, တတိယာ သတ္တမီ ဝိဘတ် သက်သည်ကို ဥဒါဟရဏ် တခုစီနှင့် ထုတ်ပြပါ။ ?

(၇၅) သုတ္တန်ပိဋ္ဌကတ်၌—ကေ သမယံ၊
ဝိနည်းပိဋ္ဌကတ်၌—တေန ခေါ ပန သမယေန။
အဘိဓမ္မာပိဋ္ဌကတ်၌—ယသ္မိं သမယေ။

★

● ပဌမာ-စသောဝိဘတ် ၇-သွယ်တို့၌ သက်သောသုတ်များ ကို အသီးအသီးသင်္ချာမျှ ပြောပြပါ။ ?

(၇၆) ပဌမာ, စတုတ္ထီ၊ ပဉ္စမီမှာ, နှစ်သုတ်သာ၊ တ, မှာ ပေါင်း ရှစ်သုတ်။

ဒုတိယာ, ဆဋ္ဌီ၊ ခြောက်သုတ်စီ၊ သတ္တမီ ပေါင်းဆယ်သုတ်။

★

● တဒတ္ထသမ္ဗန္ဓနှင့်, တုမတ္ထသမ္ဗန္ဓနှင့်-အထူးကိုဘော်ပြပါ။?

(၇၇) တုံအာယဖြင့်၊ ပါဠိမှာတိုက်ရိုက်၊ စီထားလိုက်က၊ တုမတ္ထသာ၊ မစီရာ မှတ်ပါတဒတ္ထ။

တနည်း၊ ကြောင်းကျိုးပြန်ရ၊ တဒတ္ထသာ၊မရပါမူ၊တုမတ်ဟူ၊ မှတ်ယူနည်းတဝ။

★

● ကာရက,အကာရက-အထူးကိုဘော်ပြပါ။ ?

(၇၇) ကြိယာ၏ အကြောင်းဖြစ်၍ စင်စစ်ကြိယာ-ဟူသော အကျိုးရှိသောအနက်သည် "ကာရက" မည်၏။

သမ္ဘန်အာလုပ် အစရှိသော အနက်တို့သည် ကြိယာနှင့် မစပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းမျှ ဖြစ်သောကြောင့် "အကာရက" မည်၏။

★

● ကာရကမဇ္ဈနှင့် ကြိယာမဇ္ဈ-အထူးရေးပါ။ ?

(၇၉) အပါဒါန ကာရကနှင့် ကမ္မကာရက အကြားသည် ကာရကမဇ္ဈ မည်၏။ ပုဗ္ဗကာလ ကိတ်ကြိယာနှင့် အပရ ကာလ, အာချာတ်ကြိယာ အကြားသည် ကြိယာမဇ္ဈ မည်၏။

★

● ဂါမာအပေန္တိ မုနယော - ၌ အနက် ကာရက, ဥပစာ ကာရက,မုချကာရက-မျှားကို ဘော်ပြပါ။?

(၉၀) ဂါမာရွာမှ-ဟု အနက်ပေးခြင်းသည် အနက်အားဖြင့် အပါဒါနကာရက မည်၏။ ရွာခြေဗိသည် ဌာနျ||ပစာရအားဖြင့် အပါဒါနကာရက မည်၏။ ကြိယာအပဂမနသတ္တိသည် မုချအားဖြင့် အပါဒါန ကာရက မည်၏။

★

● ဒေဝဒတ္တသ သုဝဏ္ဏဆတ္တံဝါရယတေ-၌ အနက်သမ္ပဒါန ကာရက၊ ဥပစာသမ္ပဒါန ကာရက၊ မုချသမ္ပဒါန ကာရက မျှားကို ခွဲခြားကောက်ပြပါ။ ?

(၉၁) ဒေဝဒတ္တာသ၊ ဒေဝဒတ်အား-ဟု အနက်ပေးခြင်းသည် အနက်သမ္ပဒါနကာရက၊ ဒေဝဒတ်၏ဒြပ်သည် ဌာနျှုပစာရအား ဖြင့် သမ္ပဒါနကာရက၊ ကြိယာ ပဋိဂ္ဂဟကသတ္တိသည် မုချသမ္ပဒါန ကာရက။

★

● ဇလေသုခိရံတိဋ္ဌတိ - ၌ အနက် သြကာသကာရက, ဥပစာ သြကာသကာရက,မုချသြကာသကာရက-မျှားကို ခွဲခြား၍ ကောက်ပြပါ။?

(၉၂) ဇလေသု - ရေတို၌ဟု အနက် ပေးခြင်းသည် အနက် သြကာသကာရက၊ရေဒြပ်သည် ဌာနျှုပစာရအားဖြင့် သြကာသ ကာရက၊ ကြိယာပတိဋ္ဌာပနသတ္တိသည် မုချသြကာသကာရက။

★

● ဒတ္တေနဝိဟိ လုနာတိ-၌ အနက်အားဖြင့် ကရဏကာရက, ဥပစာကရဏကာရက,မုချကရဏကာရက မျှားကို ခွဲခြား ကောက်ပြပါ။ ?

(၉၃) "ဒတ္တေန"တစ်ခုဖြင့်ဟု အနက်ပေးသည်ကား- အနက် ကရဏကာရက၊ တစ်ခုဒြပ်သည် ဌာနျှုပစာရအားဖြင့် ကရဏ ကာရက၊ ကြိယာသာဓက တမသတ္တိသည် မုချကရဏ ကာရက မည်၏။

★

● ဆတ္တံကရောတိ - ၌ အနက် ကမ္မ, ဥပစာ ကမ္မ, မုချကမ္မ ကာရကမျှားကို ခွဲခြား၍ ကောက်ပြပါ။ ?

(၉၄) "ဆတ္တံ" ထီးကိုဟု အနက်ပေးသည်ကား အနက် ကမ္မ ကာရက၊ ထီးဒြပ်သည် ဌာနျှုပစာရ ကမ္မကာရက၊ ကြိယာပါပု နုနသတ္တိသည် မုချကမ္မကာရက မည်၏။

★

● အဟိနာဒဌောနရော - ၌ အနက်ကတ္တုကာရက, ဥပစာ ကတ္တု ကာရက, မုချ ကတ္တု ကာရက - မျှားကို ကောက်ပြပါ။ ?

(၉၅) "အဟိနာ"မြွေသည်ဟု ပေးသည်ကား အနက်ကတ္တု ကာရက၊ မြွေဖြင့်သည် ဌာနျုပစာရ ကတ္တု ကာရက၊ ကြိုယာ နိပ္ဖါဒနသတ္တိသည် မုချကတ္တုကာရက မည်၏။

(ဖြင့်သည် ဌာနျုပစာရအားဖြင့် ကာရက မည်၏၊ သတ္တိ အသီးအသီးသည် မုချအားဖြင့် ကာရက မည်၏ဟု မှတ်ထားပါ၊ ဤအချက်ကိုသိလျှင် ဘယ်ကာရကကို မေးမေး သိပါသည်။)

သမာသ် အမေး-အဖြေ

● သန္ဓိစပ်ပုံနှင့် သမာသ်စပ်ပုံအထူးကိုရေးပါ။ ?

(၉၆) ၁–အနက်မစပ်,ပုဒ်သာစပ်၊ မှတ်လေသန္ဓိသာ။

၂–အနက်လည်းစပ်၊ ပုဒ်လည်းစပ်၊ သမာသ်, မည်သည်သာ။

၃–ဝိဘတ် မချေ၊ ဝိဘတ် ချေ၊ မှတ်လေ တနည်း, အထူးတည်း။

★

● နာမာနံ သမာသော ယုတ္တတ္ထော-ဌ် နာမာနံ·အရကို ဘော်ပြပါ။ ?

(၉၇) နာမနာမံ-သဗ္ဗနာမံ၊
သမာသ်,တဒ္ဓိတ်-ကိတ်ကတဘန်၊
ဥပသာနိပါတ်-ပေါင်းစပ်လေပြန်၊
ယူလေကြ-သတ္တ,နာမာနံ။ ။

★

● သမာသ်,တဒ္ဓိတ်,အာချာတ်-အထူးကိုဘော်ပြပါ။ ?

(၉၈) ပုဒ်ချင်းချင်းလတ်-သမာသ်ခေါ်ပါ၊
ပုဒ်ပစ္စယ-တဒ္ဓိတသာ။
ဓာတ်နှင့်,ဝိဘတ်-အာချာတ်ခေါ်ပါ၊
ဤသုံးပါး-ထူးခြား,ဤသို့သာ။ ။

★

● ဒေဝဒတ္တောပစတိ-၌ အဘယ်ကြောင့် သမာသ် မစပ်ရသနည်း။ ?

(၉၉) ဒေဝဒတ္တော-ပစတိမှာ၊
နာမနှင့်အာချာတ-ရောစပ်နေတာ။
လုံးစုံနာမ်ပုဒ်-မဟုတ်၍သာ၊
ကောင်းစွာမှတ်-သမာသ်,မတွဲရာ။ ■

★

● ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ-၌ သမာသ် မစပ်ရကြောင်းကို ဘော်ပြပါ။ ?

(၁၀၀) ရွှေပုဒ်,ရညော-ဘဒ္ဒောင့်ရာ၊
ပုတ္တောင့်လတ်-ဒေဝဒတ္တာ။
ယုတ္တတ္ထအစစ်-မဖြစ်၍သာ၊
ဤနှစ်ရပ်-သမာသ်,မတွဲရာ။

★

● တေသံ ဝိဘတ္တိယော လောပါစ-သုတ်၌ တေသံ-သဒ္ဒါ, စ-သဒ္ဒါတို့၏ အကျိုးကို ဘော်ပြပါ။ ?

(၁၀၁) သမာသ်တဒ္ဓိတ်-အာချာတ်ကိတ်မှန်၊
ဝိဘတ်,ပစ္စည်း-ပုဒ်အကွာရုံ။
အာဂုမ်ကြေရိုး-အကျိုးတေသံ၊
"စ"သဒ္ဒ-အဝဓာရဏံ။ ။

★

● သောနပုံသကလိင်္ဂါ-သုတ်၌ "သော"သဒ္ဒါကို ဆိုရခြင်း အကျိုးကိုဖြေပါ။ ?

(၁၀၂) သောနပုံသကလိင်္ဂါ-ဆိုသောသုတ်မှာ၊
"သော"သဒ္ဒါမျိုး-ဆိုကျိုးပြပါ။
အဗျယီဘာဝပုဒ်-နောက်သုတ်ကိုသာ၊
မလိုက်လို-မိန့်ဆို,ကျမ်းဆရာ။ ။

● နပုံးသာ ၎ငှ်သော သမာသ်, ကောတ်သာ ၎ငှ်သော သမာသ်-၂-ပါးစုံ၎ငှ်သောသမာသ်၊ ၂-ပါးစုံမ၎ငှ်သောသမာသ်မျှားကို ဘော်ပြပါ။ ?

(၁၀၃) နပုံးဝ့ရ-အဗျယီသာ၊
ဒုန်နှင့်ဒီဂု-နှစ်ခု၎ရာ။
ကံ,ဗဟုဗ်,ဘပ်-ဤသုံးရပ်မှာ၊
မ၎ရ-မှတ်ကြ,သောတုနာ။ ။

● တထာဒ္ဓနေ့ပါဏိတူရိယ - စသော သုတ်၌ "အင်"သဒ္ဒါ "အတ္ထ"သဒ္ဒါတို့ကို အဘယ်ပုဒ်မျှားနှင့် စပ်ယူသင့်သည်ကို အကြောင်းပြ၍ ဖြေပါ။ ?

(၁၀၄) ပါဏိ, တူရိယ, ယောဂ,သေနာ-ဟူသော ၄-ပုဒ်တို့နှင့် "အင်"သဒ္ဒါကိုစပ်၍ ယူရမည်၊ ခုဒ္ဒဇန္တုက,ဝိဝိဓ-ဝိရုဒ္ဓ, ဝိသဘာဂ-သဒ္ဒါတို့နှင့် "အတ္ထ"သဒ္ဒါကိုစပ်၍ ယူရမည်။

အကြောင်းကား - အင်သဒ္ဒါ, အတ္ထသဒ္ဒါတို့သည် ဒုန်ပုဒ်၏ နောက်၌ရှိသောကြောင့် အသီးအသီးပုဒ်တိုင်းယှဉ်ရပါသည်။

● အညပဒတ္ထေသုဗဟုဗ္ဗီဟိ-၌ အညပဒ-အရမျှားကို ဘော်ပြပါ။ ?

(၁၀၅) ယ,တ,ဧတ,ဣမ-အစရှိသော သဗ္ဗနာမ်ပုဒ်တို့ကို "အညပဒ" ဆိုပါသည်။

❶ နာမာနံ သမ္ဘုစ္ဘယော ဒ္ဒန္ဒော-ဌ် ဒ္ဒန်သမာသ်တဲ့စပ်ရာ၊ စပ်ပုံ ဥပဒေသကိုပြယုဂ်တခုစီနှင့်ဘော်ပြပါ။ ?

(၁၀၆) အမြတ်ရှေထုတ်-အယုတ်နောက်မှာ၊
"သမဏ,ပြဟ္မဏ"-မှတ်ကြတဖြာ။
ဣဝဏ်ရှေထား-နောက်ကား"အ"သာ၊
ပြယုဂ်ရှိ-"ဒါသီ,ဒါသံ"သာ။ ။
ဥဝဏ်ရှေထား-နောက်ဖြား, "အ"သာ၊
စက္ခု,သောတ - မှတ်ကြစရာ။
လုံးရေးနည်းက - ရှေကနေရာ၊
ပြယုဂ်က - ဂါမ,နိဂမာ။ ။
သရ်ျာနဲ့များ-တဲ့ထားခဲ့သော်၊
အနဲ့ရှေထား-အများနောက်ဘော်။
"ဧကာဒသ"-"ဒ္ဒါဒသ"နော်၊
ကောင်းစွာထုတ်-ပြယုဂ်,ထောင်,သောင်းကျော်။ ။
အနှင့်အချင်း-စပ်ခြင်းခဲ့ပြန်၊
သရပါပြား-ရှေထားရမှန်။
အတ္ထဓမ္မ-ဥစ္စနိစ်၊
ဤအတိုင်း-မဆိုင်,လိုက်နာရန်။ ။

● ဣတ္ထိယံဘာသိတ-သုတ်၊ကမ္မခေါရယ သညေစ-သုတ်တို့ဖြင့် ဣတ္ထိလိင်ကိုပုလ္လိင်ကဲ့သို့ရှု၊အာဘယ်ပုဒ်ကိုင့်ရမည်နည်း။?

(၁၀၇) ချာသအလိုထုတ်-နောက်ပုဒ်ငဲ့ရှု၊
ရူပသဒ္ဒ-ဂ္ဂန္ဓရွှေသာ။
ဗျာချာန်မိန့်ထုတ်-နှစ်ပုဒ်လုံးသာ၊
အလယ်က-ဝါဒ,ကောင်းသည်သာ။ ။

★

● သမာသ်၌"ပုဗ္ဗာဝ၀ါတိဒေသ-သုတ်နှင့် ပုဗ္ဗာဝ၀ါတိဒေသ-သမာသ်မျှားကိုရေးပါ။ ?

(၁၀၈) ဣတ္ထိယံတ၀-ကမ္မခေါရယာ၊
ဤနှစ်သုတ်ထဲ-အမြဲမှတ်ပါ။
ဗဟုဗိ,ကံ,တပ်-သမာသ်သုံးဖြာ၊
ပုဗ္ဗာ၀-ငဲ့ရလေသည်သာ။ ။

★

● ကမ္မခေါရယ သညေစ-သုတ်၌ သညာသဒ္ဒါ,စသဒ္ဒါတို့ကို ဆိုရခြင်းအကျိုးကိုဖြေပါ။ ?

(၁၁၉) ကမ္မခေါရယ သမာသ,သာ၊ပုဗ္ဗာ၀ါတိဒေသ၊ပြုရသည် မဟုတ်၊ တပ္ပုရိသ၊ သမာသလည်း၊ ပုဗ္ဗာ၀ကို၊ ပြုစေလို၍၊ မိန့်ဆို သည်သာ၊ သဒ္ဒါတည်း။

တဒ္ဓိတ်, အာချာတ်ပုဒ်၊ နာမ်ပုဒ်တို့ကို၊ ဆည်းစေလို မိန့်ဆို "စ"သဒ္ဒါ။

★

● နနိုပါတ်,ကုနိုပါတ်-ပုဒ်တို့၏ အနက်နှင့် ကာရိယမျှားကို သုတ်ညွှန်းရှုပြပါ။

(၁၁၀) "န"သဒ္ဒါ၏ အနက်ကား - ပဋိသေဓ အနက်တည်း။ ကာရိယကား - အ, နှင့်, အန်။

သုတ်ကား- အတ္တံနသဟတပ္ပုရိသေ,သရေအန်။

"ကု"သဒ္ဒါ၏အနက်ကား- ကုစ္ဆိတတ္ထ, အပ္ပတ္ထ, ဗဟုတ္ထတည်း။ ကာရိယကား ကဒ်နှင့် ကာတည်း။

သုတ်ကား- ကဒ်ကုဿ,ကာပတ္ထေသုစ,ဗဟုဝစနသဒ္ဒါ။

★

● ကွစိ သမာသန္တဂတာန မကာရန္တော-သုတ်၌ အ,ကို အ, ထပ်၍ပြုရခြင်းကို ဘော်ပြ၍၊ ဤသုတ်၌ "ကာရ"သဒ္ဒါ အကျိုးကိုရေးပါ။ ?

(၁၁၁) အ,ကို အ,ထပ်၍ပြုရခြင်းအကျိုးကား-ရာဇာဒိဂုဏ်းကို ပုရိသာဒိဂုဏ်း ဖြစ်စေခြင်း အကျိုးရှိသည်။ "ကာရ"သဒ္ဒါ အကျိုးကား- သမာသ်အဆုံး၌ တည်သောသရကို အာကာရန္တ,ဣကာရန္တ ပြုရခြင်းအကျိုးရှိသည်။

★

● သမာသ်-၌ သက်သော ပစ္စည်းမျှားကို သုတ်ညွှန်းနှင့် ဘော်ပြပါ။ ?

(၁၁၂) နဒီမှာစ-"က"ပစ္စယာ၊
ဓနုမှာစ-သက်ထ"အာ"သာ။
ဗဟုနဒိက-ကဏ္ဍိဝဓနှာ၊
ပစ္စယ-နှစ်ဝ,ကနှင့်, အာ။ ။

★

● နဒီမှာစ-သုတ္တာနေရာ၊
နဒီခေါ်ကြ-ဖြေပြလိုက်ပါ။? (မေး)

(၁၁၃) ဣတ္ထိလိင်-ဤကာရန္တာ၊
ဥိကာရန်-မှတ်ရန် နဒီ သာ။ ။ (ဖြေ)

★

● အဗျယီဘောသမာသ်-၌ နပုံးသာင့်၍၊ အဘယ့်ကြောင့် ကောက်မင့်ရပါသနည်း (သုတ်ကိုး၍ဖြေပါ။) ?

(၁၁၄) အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝ၊- သုတ် ဖြင့် အကာရန္တ အဗျယီ ဘောသမာသ်နောင် ဝိဘတ် ၇-သ္ဒယ် တို့ကို "အံ"ပြုရခြင်းကြောင့် ၎င်း၊ အညသ္မာ လောပေါစ - သုတ်ဖြင့် တပါးသောအဗျယီဘောသမာသ်နောင်ဝိဘတ် ၇-သ္ဒယ်ကျခြင်း ကြောင့်ရင်း နပုံးသာင့်၍ ကောက်မင့်ရပါ။

★

● သမာသ် ၆-ပါးကို လိုင်အားဖြင့် ဝေဘန်ပါ။ ?

(၁၁၅) ၁–အဗျယီနှင့်၊ ဒိဂုသမာသ်၊ နပုလ္လိင်ဟု အမြဲမှတ်။
၂–ကံ, တပ္ပုရိသ၊ ဒ္ဒန္ဒ သမာသ်၊ နောက်ပုဒ် လိုင်ဟု အမြဲမှတ်။
၃–အညပဒတ္ထ၊ သမာသမှာ၊ လိုင်သ၏ကို၊ မြစ္စာ အဟုတ်၊ အညပုဒ်၏၊ လိုင်ဝုစ်ယူလတ်၊ တူမြဲမှတ်။

★

● သမာသ် မစပ်အပ်သော နေရာဌာနများကို ပြယုဂ်နှင့် ဘော်ပြပါ။ ?

(၁၁၆) နိဒ္ဓါရဏ၊ ပူရဏနှင့်၊ ဂုဏဝစနတ်၊ သုဟိတတ်နှင့်၊ သန္ဓိပ္ပတ္ထ၊ အဗျယပါ၊ တဖြာမှတ်ကြ၊ တဗ္ဗယှဉ်ရာ၊ အသမာန၊

တပစ္စယဆုံး၊ တထုံးမှတ်ကြ၊ ကမ္မတ္ထနှင့်၊ ကတ္ဘတ္ထပစ္စည်း၊ ဆုံးပြီး နေရာ၊ ဆဲ့တဖြာသည်၊ မှတ်ပါသမာသ်, ရှောင်ဘို့တည်း။

၁-နာဝရိနံ ရူပဝါ ဟောတိ (နိဒ္ဒါရဏ)
၂-ပုရိသာနံ ပဠုမော ဇနော (ပုရိသတဒ္ဓိတ်)
၃-ကာကသ ကဏ္ဍုပတ္တာနိ (ဂုဏဝစန)
၄-ဖလာနံ သုဟိတော ဣသိ (သုဟိတတ္ထ)
၅-ဘိက္ခာယ သန္ဓိပ္ပတောသော (သန္ဓိပ္ပတ္ထ)
၆-ဗြဟ္မဏသ ကတ္ဘာ (အဗျယ)
၇-ဗြဟ္မဏသ ကတ္တုဗ္ဗတ္ဘံ (တဗ္ဗယောဂ)
၈-ဇိနသ မဟန္တော ယသော (အသမာနာဓိကရဏ)
၉-ဂရုဒ္ဓေန ဟတော နာဂေါ (တပစ္စယဆုံးရာ)
၁၀-ဗြဟ္မဏသ ကတော ယသော (ကမ္မနိ)
၁၁-ဇိနသ ကတော သုတေဇော (ကတ္တရိ)

● ဒေဝဒတ္တော ပစတိ,ပုဒ်မှာ နာမ်နှင့်အာချာတ်ဖြစ်သော ကြောင့် သမာသ်မဖြစ်ဟုဆိုရာ၊တထစ်ချမှတ်ရမည့်စကား လော၊ ယောဘုယျမှတ်ရမည့်စကားလော။ ?

(၁၁၇) အနုညာတညဿာမိဘိန္ဒိယ်-ပါတိမောက္ခံ,မာခလိဂေါ သာလ ဟူသောပုဒ်ဘို့၌၊ ဥဿာမိ, ပါတိ မာခလိ ဟူသော အာ ချာတ်ပုဒ်ဘို့နှင့်သမာသ်ဖြစ်ခဲ့သေးသောကြောင့် တထစ်ချစကား မဟုတ်၊ ယောဘုယျစကားဟု မှတ်ရပါသည်။

● ပုဒ်တပါးခြားလျက် သမာသ်ဖြစ်-မဖြစ် ပြယုဂ်နှင့် တကွ ဘော်ပြပါ။ ?

(၁၁၈) နဝံ ပန ဘိက္ခုနာ စိ၀ရလာဘေန-ဟူသောပုဒ်၌ပန, သဒ္ဒါ-ဘိက္ခုနာသဒ္ဒါခြားနေသော်လည်း နဝံစိ၀ရ ဟု သမာသ် ဖြစ်သည်။

★

● "နကုသလံ-အကုသလံ" ဟု ဝိဂြိုဟ်ပြုရာ၊ ကုသလသဒ္ဒါသည် ကုသိုလ်ကိုပင် ဟောမည်လော၊ အကြောင်း ပြ၍ ဖြေပါ။

(၁၁၉) နသဒ္ဒါနှင့်တွဲသော "ကုသလ" သဒ္ဒါသည် အကုသိုလ်ကို ဟောပါသည်။

အကြောင်းကား....ကုသလသဒ္ဒါသည် အကယ်၍ ကုသိုလ်ကို ဟောသော် တုလျာဓိကရဏမဖြစ်သောကြောင့်တည်း။

★

● အဗျယီဘောသမာသ်သည် နိစ္စသမာသ်-အနိစ္စသမာသ် ၂-ပါးတို့တွင် အဘယ်အရာ ဖြစ်သင့်သည်ကို ပြယုဂ်နှင့် ပြပါ။ ?

(၁၂၀) ဥပသာရ၊ ရှေနေက၊ နိစ္စသမာသ်မှတ်။
နိပါတ်ပဒ၊ ရှေနေက၊ အနိစ္စဟူ၍မှတ်။

ဥပသာရပုဒ် ရှေ့ရှိသော အဗျယီဘောကား "နိစ္စသမာသ်" မည်၏။ ပြယုဂ်ကား ဥပနဂရံ။

နိပါတ်ပုဒ် ရှေးရှိသော အဗျယီဘောကား "အနိစ္စသမာသ်" မည်၏။ ပြယုဂ်ကား အဇ္ဇောပါသာဒံ။

★

- နဗြဟ္မဏော-ပုဒ်၌၊ နသဒ္ဒါ-ဗြဟ္မဏသဒ္ဒါတို့၏ အနက်ကို ထင်ရှားအောင်ဘော်ပြပါ။

(၁၂၁) နဉ,သဒ္ဒါသည် ဗြဟ္မဏသဒ္ဒါ၏ အနက်ကိုမြစ်သော ပဋိသေဓအနက်မဟုတ်၊ ဗြဟ္မဏသဒ္ဒါကိုရှုတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်၏ ပုဏ္ဏားစစ်ဟူ၍ ထင်သော မိစ္ဆာဉာဏ်ကို နစ်စေ၍ ပုဏ္ဏားတုကို ထွန်းပြသည်။ ဗြဟ္မဏသဒ္ဒါသည်ကား-နဉ,သဒ္ဒါ ထွန်းပြအပ်သော ပုဏ္ဏားတုဟူသော အနက်ကို ထပ်၍ဟောသည်။

တဋ္ဌိတ် အမေး-အဖြေ

● အပစ္စအနက်၌ သက်သေပစ္စည်းများကိုဘော်ပြပါ။ ?

(၁၂၂) ကောဿ, ကာယနောစ-ကာနောစ,၊ ကော, ယျော,ဏိ,စ ဏိကော, တထာ, ကဝေါ, ကောရော, စ ကျော, စေတိ, နဝ ဂေါတ္တော ပတိဋ္ဌိတာ။

(ဤကစ္စာယနဘေဒဂါထာအတိုင်း ၉-ပစ္စည်းရှိသည်။)

★

● တရတျာဒိအနက်၊ ရုဂါဒိအနက်၌ သက်သေပစ္စည်း ဇာတတဒ္ဓိတ်, သမူဟတဒ္ဓိတ်မှာ သက်သော ပစ္စည်း ကို ဘော်ပြပါ။

(၁၂၃) ၁–ဏိက၊ ဏိယ၊ တရတ်မှာ၊ ရုဂါ,ဏ,ပစ္စယ။

၂–ဏ္ဍမ, ဏ္ဍယ, ဏ္ဍက, ကိယ၊ ဤလေးဝ၊ ဇာတတဒ္ဓိတ်မှာ။

၃–သမူဟမှာ၊ ကဏ်, ဏ, တာ၊ မှတ်ပါသုံးပစ္စည်း။

★

● ဌာနအနက်, ဥပမာအနက်,နိဿိတအနက်,ဗဟုလ အနက် များ၌သက်သော ပစ္စည်းများကိုဘော်ပြပါ။ ?

(၁၂၄) တံအာသဌာနံအနက်မှန်၊ သက်ရန် "ဤယ" သာ အာယိတတွေ၊ တခုမျှ၊ သက်ရဥပမာ။

တံနိဿိတံ၊ တဿဌာနံ၊ အနက်မှန်၊ သက်ရန်"လ"ပစ္စည်း။

အဿဗဟုလာ၊ အနက်မှာ၊ မှတ်ပါ "အာလု" တည်း။

★

● ဝိသေသအနက်၌ သက်သောပစ္စည်းများကိုဘော်ပြပါ။?

(၁၂၅) တရ, တမ၊ဏ္ဍသိက, နှင့်၊ ဏ္ဍယ, ဏ္ဍဋ္ဌ၊ ဤငါးဖြာ၊မှတ်ပါ ဝိသေသ။

★

● အဿတ္ထိအနက်၌ သက်သေပစ္စည်းမျှားကိုဘော်ပြပါ။?

(၁၂၆) ဝိ, သော, သိ, ဣ,က, ဤ, ရော, ဏော, ဝန္တိ, မန္တိ, အဿတ္ထိယံ၊ ဤ ၉-ပစ္စည်းဖြစ်ပါသည်။

★

● ပကတိအနက်၊ ပူရဏအနက်၊ သင်္ချာအနက်၊ ဝိဘာဂ အနက်မျှား၌ သက်သေပစ္စည်းမျှားကို ဘော်ပြပါ။?

(၁၂၇) (၁) ပကတိမှာ၊ တခုသာ၊ မှတ်ပါ မယသာ။

(၂) မ နှင့် ဏ, ဌ၊ တိယ, နှင့် ဤ၊ ဤ၊ငါးလီ၊ သက်ပြီ ပူရဏာ။

(၃) သင်္ချာတဒ္ဒိတ်မှာ၊တခုသာ၊သက်ပါ'က'ပစ္စည်း။

(၄) ဝိဘာဂမှာ၊နှစ်ခုသာ၊မှတ်ပါ ဓာ, သောတည်း။

★

● ဘာဝတဒ္ဒိတ် - ၌ သက်နိုင်သော ပစ္စည်း မျှားကို ဘော်ပြပါ။?

(၁၂၈) ဏ္ဍ, ဏ္ဍ, တာ၊ တဗြာ ဏ္ဍန၊ ကဏ် နှင့် ဏ၊ ခြောက်ဝ ဟောနက်မှာ။

ဏ်, ဏ်, ဏိက၊ ဏိလ, ဏိယ၊ ဤ၊ငါးတန်၊မှတ်ရန်ဟောနက်မှတ်။

★

● အဗျယတဒ္ဒိတ်-၌ သက်နိုင်သော ပစ္စည်းမျှားကို ဘော်ပြပါ။ ?

(၁၂၉) ထတ္ထာ, ထံ, ထာ၊ ဤသုံးဖြာ၊ သက်ပါအဗျယ။

★

● ဏ-စသော ပစ္စည်းတို့၌၊ အနုဗန်သည် "ဒေတသံ ဏော လောပံ" သုတ်ဖြင့် ချေပစ်ရပါလျက် အဘယ်အကျိုးငှါ ဆိုသနည်း။ ?

(၁၃၀) သဗ္ဗတ္ထကာဝုနုဗေဒေ ဝုဒ္ဓတ္ထော အာဂတိဂဏော ယံ-ဟူသည်နှင့်အညီ ဏအနုဗန်သည် ဝုဒ္ဓိ ၅-မျိုးပြုရခြင်း အကျိုးရှိသည်။

★

● အနုဗန်-ဟုခေါ်ရခြင်းအကြောင်း၊ ၎င်းအနုဗန်၏အပြား, အနုဗန်၏အကျိုးများကိုဘော်ပြပါ။ ?

(၁၃၁) ၁—အစဉ်မပြတ်-ဖွဲ့အပ်၍သာ၊
အနုဗန်ဟု-ခေါ်ပြုစရာ။
၁ နှင့် က ကြီး-ဏကြီးတဖြာ၊
နဝယ်,ရ-မှတ်ကြ,နုဗန္ဓာ။ ။

၂—အနုဗန္ဓ-ထားရသည်မှာ၊
ဝုဒ္ဓိ၁ါးမျိုး-ပြုကျိုးရှိတာ။
"ကွက်ရှင်း"သုံးချက်-မေးမြှက်ခဲ့ရာ၊
"အင်ဆာ"ထုတ်-အဟုတ်လွယ်သည်သာ။

(Question. ကွက်ရှင်း-အမေး။ Answer. အင်ဆာ-အဖြေ။)

★

● အဘယ့်ကြောင့် ဝုဒ္ဓိ-ခေါ်သည်ကို ဘော်ပြ၍ ဗုဒ္ဓိ အပြားကို ရေးပါ။ ?

(၁၃၂) ပင်ကိုသဘော-ရှေ့လျှောဘောက်ပြန်၊
ပိုမိုရှည်လျား-တိုးပွားအသံ။
ထိုကြောင့်ခေါ်ဘို-ဝုဒ္ဓိသည်၊
ဒီဃ၁ါး-မှတ်သား,သင်္ချာမှန်။

★

● ကေသိသ်,ဝိစ္ဆာ,အာမေဋိတ်-သုံးပါးအထူးကို ရေးပါ။ ?

(၁၃၃) သဒ္ဒါနှစ်ခု, သုံးခု-စသည်တို့တွင် အချို့ကိုချ၍ တခုကြွင်းပြီးသောအစိုရင်သည် "ကေသိသ်"မည်၏။

ဒြပ် ဂုဏ် ကြိယာ-တို့နှင့် ယှဉ်သည်ဖြစ်၍ များသောအနက်တို့ကို ပြန့်နှံ့စိမ့်သောဌာ သဒ္ဒါ ၃-ခု ဒွေဘော်ပြု၍ ရှတ်မှုကိုသာ "ဝိစ္ဆာ"ဟူ၍ခေါ်သည်။

ကြောက်ခြင်း၊ အမျက်ထွက်ခြင်း-စသောအကြောင်းကြောင့် ဘခုသောသဒ္ဒါ၊ တခုသော အနက်ကို ၂-ကြိမ်ထပ်၍ ဆိုခြင်းသည် "အာမေဋိတ်"မည်၏။

★

● ဝိစ္ဆာသုံးမျိုးကို ပြယုဂ်နှင့်ဘော်ပြပါ။ ?

(၁၃၄) ဒဗ္ဗဝိစ္ဆာ၊ ဂုဏဝိစ္ဆာ၊ ကြိယာဝိစ္ဆာ-ဟူ၍ ၃-မျိုး ရှိပါသည်။

"ပြယုဂ်ကား"

၁—ဂါမေ ဂါမေ ဇလံ အတ္ထိ (ဒဗ္ဗဝိစ္ဆာပြယုဂ်)
၂—ဂါမော ဂါမော ရမဏီယော (ဂုဏဝိစ္ဆာပြယုဂ်)
၃—ဂါမော ဂါမော ဂမျတေ (ကြိယာ ဝိစ္ဆာပြယုဂ်)

★

● အာမေဋိတ်အပြားကိုဘော်ပြပါ။ ?

(၁၃၅) ဘယေ,ကောခေ,ပသံသာယံ၊
တုရိတေ,ကောတုဟလ,စ္ဆရေ။
ဟာသေ,သောကေ,ပသာဒေစ၊
ကရေ,အာမေဋိတံ ဗုဓေါ။ ။

၁-ကြောက်ခြင်း၊ ၂-အမျက်ထွက်ခြင်း၊ ၃-ချီးမွမ်းခြင်း၊ ၄-အဆောတလျင်,ရှောင်ဝေခင်ပြုခြင်း၊ ၅-အုတ်အုတ်ကျက်ကျက်

ဖြစ်ခြင်း၊ ၆-အုံ့ဘွယ်သူရဲဖြစ်ခြင်း၊ ၇-ရှင်ပျုခြင်း၊ ၈-စိုးရိမ်ခြင်း၊ ၉-ကြည်ညိုခြင်း၊ ဤ ၉-ပါးသော ဌာနဒ္ဒ အာမေဋိတ်ဖြစ်သည်။

"အစဉ်အတိုင်းပြယုဂ်"

၁–ဘယော....သပေါ်သပေါ်။
၂–ကောခေ....ဝိဇ္ဇဝိဇ္ဇ။
၃–ပသံသာယံ....သာဓုသာဓု။
၄–တုရိတေ....ဂ ဆ ဂ ဆ။
၅–ကောတူဟလေ....အာဂ ဆ အာဂ ဆ။
၆–အစ္ဆရေ ...အဟောဗုဒ္ဓေါ အဟောဗုဒ္ဓေါ။
၇–ဟာသေ....အတိက္ကမ ဂဟပတိ အတိက္ကမ ဂဟပတိ။
၈–သောကေ....ကဟံ ပုတ္တက ကဟံ ပုတ္တက။
၉–ပသာဒေ....အတိက္ကန္တံ ဘော ဂေါတမ
အတိက္ကန္တံ ဘော ဂေါတမ။

★

● ဘာဝအနက်-၌ သက်သောပစ္စည်းများကို လိုင်အားဖြင့် ဝေဘန်ပ။?

(၁၃၆) ပါဠိဂါထာ။

"ဣ,တ္တ,တ္တနံ, နိစ္စံဟောတိ၊ နပုံသကေ" "တာ၀ပစ္စယော"
ဣတ္ထလိင်,မတရန်တို့၊ ဒုဝခန်တို့ ပ၀ုစ္စတ။
မြန်မာဂါထာ။

ဣ,တ္တ,တ္တန-သုံးဝပစ္စယာ၊
နပုံလိင်ဘဲ-အမြဲမှတ်ပါ။
တာ၀ပစ္စည်းသိ-ဣတ္ထိလိင်သာ၊
ကြွင်းပစ္စယ-မှတ်ကြ,ဒ္ဓိလိင်သာ။ ▯

★

● တဒ္ဓိတ်ပစ္စည်းတို့သည် အဘယ် နည်းမျိုးဖြင့် သက်သည်ကို ဥပမာဖြင့် ထင်ရှားစွာဘော်ပြ၍၊ ၎င်းပစ္စည်းသည် အဘယ်ကို ပဓာန၊ အဘယ်ကို အပဓာန-အားဖြင့် ဟောသနည်း။

(၁၃၇) ပုံစံတခု။ ဝါသိဋ္ဌော-ဌ် သမာနကတ္တား - ဟူ သည် ဝါသိဋ္ဌ-ဟူသော သမ္မန်ကို ဟော၏။ အပစ္စယ-ဟူသော ကရိုဏ်းကိုလည်းဟော၏ဟု သိစေခြင်းငှါ ကာကောလောကန နည်းမျိုးဖြင့် တဒ္ဓိတ်ပစ္စည်း - ဆိုင်းထမ်းနည်း ဆိုသော ဥပမာအတိုင်း ဆိုင်းထမ်းသကဲ့သို့ အလယ်ဌ သက်သည်။

ထိုတွင် သမ္မန်ကို အပဓာန၊ ကရိုဏ်းကို ပဓာန ဟောသည်။

★

● အဿတ္ထိ,တဒ္ဓိတ်နှင့် ဗဟုဗ္ဗီဟိသမာသ်အထူးကို ရေးပါ။?

(၁၃၈) အဿတ္ထိတဒ္ဓိတ်မှာ-ဝိဂြိုဟ်ဝါကျ အခိုက်ဌ တပုဒ်သာ ရှိ၏။ ဗဟုဗ္ဗီဟိသမာသ် ကား - ဝိဂြိုဟ် ဝါကျ အခိုက်ဌ ၂-ပုဒ်၊ ၃-ပုဒ်ရှိ၏။ အဿတ္ထိတ ဌိတ် ကား-ယေဘုယျနည်းအားဖြင့် ၂-ပုဒ်၊ ၃-ပုဒ်ခဲ့၍ ဖွင့်လိုလျှင် ဖွင့်ကောင်းသောကြောင့် သံဝဏ္ဏောတဗ္ဗ ဝိဂြိုဟ်တည်း။ ဗဟုဗ္ဗီဟိသမာသ် ကား - သံဝဏ္ဏနာ ဝိဂြိုဟ်တည်း။

★

● ဝေတ္ထဖလနှင့် အညတ္ထာပေါဟန-အထူးကိုဖြေပါ။?

(၁၃၉) စောဒကဆရာတို့ အားကြိုးစွာ လှုပ်ချောက်ချားမည့် နေရာမှာ - ဝေသဒ္ဒါကို ထားရသည်။ စောဒကဆရာတို့ မလှုပ်ချောက်ချားမည့် နေရာမှာ - မိမိပုဏ်ရင်းအတိုင်းပင် ထားရသည်။

အာချာတ် အမေး-အဖြေ

● အဘယ်အင်္ဂါလက္ခဏာတို့နှင့်ပြည့်စုံသောပုဒ်ကို အာချာတ်ပုဒ်ဟု ခေါ်ဆိုရပါသနည်း။ ?

(၁၄၀) ယံတိကာလံ-တိပုရိသံ၊ ကြိယာဝါစီ-တိကာရကံ။
အတိလိင်္ဂံ-ဒ္ဒိဝစနံ၊ တဒါချာတန္တိ ဝုစ္စတိ။

အကြင်ပုဒ်သည် ကာလသုံးပါးရှိ၏။ ပုရိသ်သုံးပါးရှိ၏။ ကြိယာကိုဟောတတ်၏။ ဝါစကသုံးပါးရှိ၏။ လိင် ၃-ပါးမရှိ။ ဝုစ် ၂-ပါးရှိ၏။ ထိုပုဒ်ကို "အာချာတ်" ပုဒ်ဟူ၍ခေါ်ဆိုရပါသည်။

★

● ဂစ္ဆာမိ-ဟူသောပုဒ်ကို အဘယ်အင်္ဂါ လက္ခဏာ တို့နှင့် ပြည့်စုံခြင်းကြောင့် "အာချာတ်" ပုဒ်ဟု ခေါ်ဆိုရပါသနည်း။ ?

(၁၄၁) ဂစ္ဆာမိ-ဟူသော ပုဒ်မှာ- ပစ္စုပ္ပန်ကာလ, ဥတ္တမပုရိသ် ဂမနကြိယာဝါစီ, 'ကတ္တုဝါစက, အလိင်, ဧကဝုစ် ဤအင်္ဂါ လက္ခဏာ ၆-ပါးနှင့် ပြည့်စုံသောကြောင့် "အာချာတ်" ပုဒ်ဟု ခေါ်သည်။

★

● အာချာပုဒ်မှာ - သကတ်,ပဓာနဒြပ်,အပဓာနဒြပ်,သင်္ချာ, ကာရက ၅-ပါး ကောက်ပြပါ။ ?

(၁၄၂) ပုရိသောဂစ္ဆတိ-ဌ ခပ်သိမ်းသော သူတို့၏ သွားခြင်းကြိယာသည် "သကတ္တ"မည်၏။ ယောကျ်ား၏ သွားခြင်းကြိယာသည်"ပဓာနဒြပ်"မည်၏။ ယောကျ်ားဒြပ်သည် "အပ္ပဓာနဒြပ်" မည်၏။ ဧကဝုစ်၏ အဖြစ်သည် "သင်္ချာ"မည်၏။ ကတ္တုဝါစကသည် "ကာရက"မည်၏။

(ကံဟောကြိုလာ, ဘောဟောကြိုယာ-တို့မှာလည်း ဤနည်း မှီးလေ။)

★

● အာချာတ် ဝိဘတ် (ဂ) သွယ်ကို ကာလ သုံးပါးဖြင့် ဝေဘန်ပါ။ ?

(၁၄၃) ဝတ္တမာနာ, ပစ္စုပ္ပန္နေ၊ ဘဝိဿန္တိ အနာဂတေ။
ပဋ္ဌမိ သတ္တမိ တီသု၊ သေသာ ဟောန္တိ အတီတကေ။
(အတ္ထဇောတကကျမ်း အနက်လွယ်ပြီ။)

★

● အ,သာလာသောဝိဘတ်၊ဣ,သာလာသောဝိဘတ် ၂-ပါး စုံလာသောဝိဘတ်၊ ၂-ပါးစုံ မလာသော ဝိဘတ်များကို ဘော်ပြပါ။ ?

(၁၄၄) မြန်မာဂါထာ။

အ,လာဟိယျ၊ ပ,ဘ,ဣလာ။
ကာလာ,အဇ္ဇတ်၊ နှစ်ရပ်ပင်လာ။
ဝတ်,ပဋ္ဌ,သတ်၊ ဝိဘတ်သုံးဖြာ။
နှစ်စုံလုံး၊ လာထုံးမရှိပါ။ ။

★

● ပရောက္ခာ ဝိဘတ်သည် အဘယ်အရာများ၌ စီရင်ရပါသနည်း။

(၁၄၅) ကတဿာ သာဓနေ ကတ္တု၊ အစ္ဆန္ဒစ္ဆာဒနေပိစ၊
ဒိဋ္ဌာဒီနမဘာဝေစ၊ တီသု ညေယ္ယာ ပရောက္ခတာ။
(ကစ္စာယနသာရ။)

၁–ဖျင်းသောကတ္တားသည် ပြုအပ်ပြီးသောအမှုကို မအောက်မေ့ခြင်း၌ ၎င်း။ ၂–စင်စစ် ဖုံးလွှမ်း အပ် သော အနုက် ၌ ၎င်း။ ၃–မြင်ခြင်း,ကြားခြင်းစသည်တို့၏ မရှိခြင်း၌ ၎င်း။ ဤ (၃)ပါး သော အရာတို့၌ ပရောက္ခာဝိဘတ်သက်သည်။

★

● အဇ္ဇနှင့် ဟိယျအထူးကို ဘော်ပြပါ။ ?

(၁၄၆) အတီတရတ္တိယာ ယာမော၊ ပစ္ဆိမောဖု မမုဿဝါ။
ဘာဝိနိယာဒိပ္ပဟာရော။ တဒဖုံ ဝဇ္ဇတေယျဟော။ ။

လွန်လေပြီးသောည၏ ပစ္ဆိမယာမ် နံနက်(၄)ချက်တီးက စ၍ ညတချက်တီးတိုင်အောင်သော ကာလသည်"အဇ္ဇ"မည်၏။

လွန်လေပြီးသောည၏ ကျန်(၃)ပဟိုရ်နှင့်တကွ လွန်ခဲ့သော တနေ့လုံးသည်"ဟိယျ"မည်၏။ (ကစ္စာယနသာရ)

★

● နာမ်ပုဒ်နောင် အာချာတ်ဝိဘတ် သက်သင့်-မသက်သင့်၊ အာချာတ်ပုဒ်နောင် နာမ်ဝိဘတ် သက်သင့်-မသက်သင့် သည်ကို ပြယုဂ်နှင့် ဘော်ပြပါ။ ?

(၁၄၇) နာမ်ပုဒ်နောင် အာချာတ်ဝိဘတ် သက်သင့်ပါသည်။ ပြယုဂ်ကား"ပဗ္ဗတာဃတ"စသည်တည်း။

ဤ၌ ပဗ္ဗတပုဒ်နောင် အာယပစ္စည်းကျေပြီးသော် တိ-စသော အာချာတ်ဝိဘတ် သက်ရပါသည်။ အာချာတ်ပုဒ်နောင် နာမ်ဝိဘတ်သက်သင့်ပါသည်။ ပြယုဂ်ကား **ပါတိ ံ မောက္ခေတိ** စသည်တည်း။ ဤ၌ ပါခဝတ်တိဝိဘတ်နောင် မောက္ခေတိ ကြိယာသည် သကမ္မက ကြိယာဖြစ်၍ ဒုတိယာ အံဝိဘတ်သက်ရပါသည်။

★

● အာချာတ်ပုဒ်သည်ကတ္တားကံဖြစ်သင့်-မဖြစ်သင့်ကို ပြယုဂ်နှင့် ဘော်ပြပါ။ ?

(၁၄၈) အာချာတ်ပုဒ်ကား၊ ရုံခြောင်း၊ ကတ္တားကံဖြစ်မြဲ။

"စာစပ်နိယံ"

ပြယုဂ်ကား–မိုဂ်ခေါ်ဝတိပယောမိ၊ နတ္ထညော ကောစိ ဝိဇ္ဇတိ။ မိုဂ်၊ သမင်ကို။ ခေါ်ဝတိ၊ ပြေးသည်ကို။ ပယောမိ၊ ငါမြင်၏။ အညော၊ တပါးသော။ ကောစိ၊ တစုံဘခုသည်။ ဝိဇ္ဇတိ၊ ရှိသည်။ နတ္ထိ၊ မရှိ။

★

● ကာရိုက်အနက်၌ ပစ္စည်းသက်ရန် ဥပဒေသများကို ညွှန်ပြပါ။ ?

(၁၄၉) ဥဝဏ်နောင်မှ-ဏယနှင့် ဏော။
အကာရန္တ-ဏာပယ-ဏာပေ။
ကြွင်းသည့်ခေါတ်နောက်-သက်ရောက် လေးထွေ။
ဝါ,တနည်း-ပစ္စည်းနောက်နှစ်ထွေ။

★

● ဝိကရဏဟု ခေါ်ရခြင်းအကြောင်းကိုဘော်ပြ၍ ဝိကရဏ ပစ္စည်း (၁၆)ပစ္စည်းကို ရေးဖွဲ့ပြပါ။ ?

(၁၅၀) ဂိုဏ်:,ခေါတ်ဘို့ကို အထူးပြုကြောင်း ဖြစ်သောကြောင့် "ဝိကရဏပစ္စည်" ခေါ်သည်။

အ,ဣ,ဤ,ဧ,ဩ,ယ,ဿ,ဏာ။
ဉာ,နာ,ပ,ဏာ,ဩ,ယိရာ။
ဏော,ဏယာ,တိ သောဌသော ဝ။
ဝိကရဏာဘိ ပစ္စယာ။ ။

★

● အာဏတ္တိနှင့် ကာရိုက်အထူးကို ဖြေပါ။ ?

(၁၅၁) အာဏတ္တိကား-နိဗ္ဗာပါရ၊ ဗျာပါရ လုလ္လမရှိသော တိုက်တွန်းခြင်း။ ကာရိုက်ကား-သဗ္ဗာပါရ၊ ဗျာပါရလုလ္လနှင့်တကွ တိုက်တွန်းခြင်း။

အာဏတ္တိမှာ၊ နိဗ္ဗာပါ၊ သဗ္ဗာကာရိုက်ထူး။

★

● ဓာတုနိဒ္ဒေသဟု ခေါ်ရခြင်းအကြောင်းကို ဘော်ပြ၍ ဓာတုနိဒ္ဒေသပစ္စည်းများကို ရေတွက်ပြပါ။ ?

(၁၅၂) ဓာတုတ္ထေနိဒ္ဒေသာ-ဓာတုနိဒ္ဒေသာ ဓာတ်၏အနက်၌ ညွှန်ပြတတ်သောကြောင့် ဓာတုနိဒ္ဒေသခေါ်သည်။

ခ,ဆ,သနှင့် အာယ,ဣယာ။
ဏာပေ,ဏေ,ဏယ၊ ဏယ,ဏာပယာ။
အာရ,အာလ၊ အလ,သုံးဖြာ။
ဆဲသုံးခု-ဓာတုနိဒ္ဒေသာ။ ။

★

● ဝိဘတ် မသက်ခင်-သက်ရသော ပစ္စည်းများကို ဘော်ပြပါ။ ?

(၁၅၃) အထက်ပါ(၁၃)ပစ္စည်းကိုပင်ဖြေ။

★

● ဓာတုနိဒ္ဒေသ အကွာရာများကို ပြယုဂ်ဖြစ်သော သုတ်နှင့် ညွှန်ပြပါ။ ?

(၁၅၄) ဓာတုနိဒ္ဒေသ-သုံးဝရှိလေ။
ဣ,တိ,ဏ,ဟု-မှတ်ရှုပါလေ။
ဂမိဿန္တော-ဟောတိဿရေ။
နုပတိ-ဂိဏမှတ်ကြလေ။ ။

ဂမိယဿန္တောစ္ဆောဝါ သဗ္ဗာသုသုတ်၌ ဣ,အက္ခရာ။
ဟောတိ်ယရေ ဟောဟေ ဘဝိယန္တိမ်ိသုတ်၌ တိ,အက္ခရာ။
အနုပတိဂိဏ္ဍပုဗ္ဗကတ္တား ဟူသော ကာရက သုတ်ထဲ၌ ဏ, အက္ခရာ။

ဤအက္ခရာ ၃-လုံးသည် ဓာတ်၏အဖြစ်ကို ညွှန်ပြတတ်သော ကြောင့် "ဓာတုနိဒ္ဒေသအက္ခရာ" ခေါ်သည်။

★

● အဗ္ဘာသ၊ဝိပရိတ၊ပုဗ္ဗရူပတို့၏ အဓိပ္ပါယ်ကို ဘော်ပြပါ။?

(၁၅၅) အပိုအလွန်ကို ဆိုတတ်သောကြောင့် "အဗ္ဘာသ" ခေါ်သည်။ ဆန့်ကျင်သော ဖြစ်ခြင်း - ပြန်ခြင်းသည် "ဝိပရိတ" ခေါ်သည်။ ရှေ့ဓာတုန်အက္ခရာ၏ အသွင်သဏ္ဌာန်တူပြုခြင်းကို "ပုဗ္ဗရူပ" ခေါ်သည်။

★

● အာယနာမတော ကတ္တုပမာနာဒါစရေ- ဟူသော သုတ်၌ ဥပမာန-ဥပမေယျ-ဥပမာ-ဥပမာဇောတက ၄-ချက်ကို ကောက်ပြ၍ အဘယ်၌ အာယပစ္စည်းသက်သည်ကိုလည်း ဘော်ပြပါ။ ?

(၁၅၆) တလာကံ သမုဒ္ဒမိဝ အတ္တာန မာစရတိ သမုဒ္ဒါယတ်-ဟူသော ယုတ်၌သမုဒ္ဒရာသည်နှိုင်းယှဉ်တတ်သောကြောင့် "ဥပမာန" မည်၏။ တဘက်ဆည်းကန်သည် နှိုင်းယှဉ် အပ်သောကြောင့် "ဥပမေယျ" မည်၏။ သမုဒ္ဒရာနှင့် တဘက်ဆည်းကန်ဘို့၏ အချင်းချင်း တခုနှင့်တခု တူသည်၏ အဖြစ်သည် "ဥပမာ" မည်၏။ ဤဝ သဒ္ဒါသည် ဥပမာ အနက်ကို ထွန်းပြသောကြောင့် "ဥပမာဇော တက" မည်၏။ အာယပစ္စည်းသည် ဥပမာနှ ပုဒ်နောင်သက်၏။

★

● ဓာတုပစ္စယ၊ ဓာတုရူပပစ္စယ၊ကာရိတပစ္စယမျှားကို စုံလင်စွာ ဘော်ပြပါ။ ?

(၁၅၇) ၁–ခ,ဆ,သဟု၊ ဤသုံးခု၊ ဓာတုပစ္စယ။
၂–အာယ,ဤယ၊ဏယ,အာရ၊ အာလ,ငါးခု၊ ပစ္စည်းစုဓာတုရူပသာ။
၃–ဏာပေ,ဏာပယ၊ ဏေ,ဏယ၊ အလ,ကာရိတာ။ ။

★

● သုတ်ကြီး လေးသုတ်ကို ဘော်ပြပါ။ ?

(၁၅၈) မဟာသုတ္တာ-တေသုဝုဒ္ဓိ၊ ကွစိဓာတုစ ပစ္စယာ။
ပစ္စယာဒနိဋ္ဌာ, ယဒနုံ၊ စတ္တာရိပိ နိပါတနာ။ ။
၁–တေသုဝုဒ္ဓိလောပါဂမ ဝိကာရ ဝိပရိတာဒေသာစ။
၂–ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရိတာ။
၃–ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဒ္ဓန္တိ။
၄–ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိ။

★

● သုတ်ကြီးမျှားဌ် နိပါတန လက္ခဏာ ဟူသည် အဘယ်နည်း။ ?

(၁၅၉) ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော။
ဒွေစာပရေ ဝဏ္ဏဝိကာရ နာသာ။
ဓာတုယ အတ္ထာတိသယေန ယောဂေါ။
တဒုစ္စဘော ပဠုဝိဓံ နိရုတ္တိ။ ။
(သဒ္ဒတ္ထဇာလိနိပါဋ္ဌ)

၁-ဝဏ္ဏာဂမ- ဝဏ္ဏလာသောနည်း။
၂-ဝဏ္ဏဝိပရိယာယ-ဝဏ္ဏကိုပြောင်းပြန်,ပြန်သောနည်း။
၃-ဝဏ္ဏဝိကာရ-ဝဏ္ဏကို တမျိုးပြောင်းလဲသောနည်း။
၄-ဝဏ္ဏနာသ-ဝဏ္ဏကိုချေသောနည်း။
၅-အတ္ထာတိသယ,အနက်ပို,အနက်လွန်နှင့်ယှဉ်သောနည်း။
အစဉ်အတိုင်း ပြယုဂ်။

၁-နက္ခတ္တရာဇာရိ၀၊ ၂-ဟိ သတိတိသိ၊ဟာ၊ ၃-အတြ၊ဇော၊ ၄-မေခလာ၊ ၅ - သတ္ထဟာရကံ ၀ ါဆပရိ၊ယေသေယျ။

● နာမ်ဂိုဏ်း,အာချာတ်ဂိုဏ်း,ဆန်းဂိုဏ်း, သုခမှာ,ရှေကျင်, ဒ္ဓါရ,ဌက်တွင်းဂိုဏ်း,ဝိနယပရိယာယ-ဂိုဏ်းတို့၏၊အထူးကို ဘော်ပြပါ။ ?

(၁၆၀) ပုရိသ - အစရှိ၊သော သဘောတူ၊သော နာမ်ပုဒ် တို့၏ အပေါင်းသည် "နာမ်ဂိုဏ်း"မည်၏။

အ-အစ ရှိသော ပစ္စည်းတို့ သက်အပ်သော ဘူ-အစရှိ၊သော သဒ္ဒါတို့၏ အပေါင်းသည် "အာချာတ်ဂိုဏ်း"မည်၏။

ဂရု,လဟု,အကွရာတို့၏ အ၊ပေါင်းဖြစ်သော မ,နှ-စသောဂိုဏ်း သည် "ဆန်းဂိုဏ်း"မည်၏။

ဝ ါ၊ဒသ၊ဘာဘူ၊သော ရဟန်းတို့၏ အပေါင်းသည် သုခမှာ, ရှေကျင်, ဒ္ဓါရ, ဌက်တွင်းဂိုဏ်း မည်၏။

၄-ပါး၊ ၅-ပါးမပြည့်၍ သံဃာ မဖြစ်လောက်သော ၂-ပါး၊ ၃-ပါး၊သော ရဟန်း အပေါင်းသည် "ဝိနယပရိယာယဂိုဏ်း" မည်၏။

● အတ္ထိသဒ္ဒါ ၃-မျိုးအထူးကိုဘော်ပြပါ။ ?

(၁၆၁) ကြိယာဖြစ်၍ ဧကဝုစ် ကတ္တားဖြစ်လျှင် "အာချာတ် အတ္ထိ"ကြိယာဖြစ်၍၊ ဧကဝုစ်,ဗဟုဝုစ် ၂-ပါးစုံဟောလျှင်"နိုပါတ် အတ္ထိ" နာမ်ဝိဘတ်နှင့် ယှဉ်၍ ကြိယာတပါး ဒြဗ်တပါးကိုင်ဆောင် "နာမ်အတ္ထိ"ဟုမှတ်ရပါသည်။

ကိတ် အမေး-အဖြေ

● ကာရကနှင့် သာဓနအထူးကိုဘော်ပြပါ။

(၁၆၂) ဝါကျခိုက်မှာ၊ ကာရကာ၊ ပြီးခါ သာဓန။

ဝါကျင့်သွား၊ ကံကတ္တား၊ ခေါ်ငြား ကာရက။
ပစ္စည်းငဲ့ထား၊ ကံကတ္တား၊ ခေါ်ငြား သာဓန။
ဓာတ်ကိုပြီးစေ၊ သတ္တိထွေ၊ မှတ်လေ ကာရက။
ပုဒ်ကိုပြီးစေ၊ သတ္တိထွေ၊ မှတ်လေ သာဓန။

ကာရကနက်၊ စဉ်အဆက်၊ ရှေ့ပျက်သဘော ရှိသတည်း။
သာဓနနက်၊ အဆက်ဆက်၊ မပျက်အစဉ်လိုက်သတည်း။
ဝိဘတ်ဝါစက၊ ဟောသမျှ ကာရက-ဟူ၍မှတ်။
ပစ္စည်းဝါစက၊ ဟောသမျှ၊ သာဓန-ဟူ၍မှတ်။

★

● တဒ္ဓိတ်ဘော, အာချာတ်ဘော, ကိတ်ဘော-သုံးပါးအထူး ကို ဘော်ပြပါ။ ?

(၁၆၃) တဒ္ဓိတ်ဘော ကား - သဒ္ဒပဝတ္တ နိမိတ်အနက် ၅-ပါး၌ ဖြစ်၏။

အာချာတ်ဘော ကား - အသ၎ျာ, အလိုင်, အကာရက, အကြိယန္တရုပေကွ။

ကိတ်ဘော ကား - သ၎ျာ,သလိုင်, သကာရက, သကြိယန္တရုပေကွ။

★

● ခေတ်သုံးပါး အထူးကို ဘော်ပြပါ။ ?

(၁၆၄) သမ္မန်ဇာတိ၊ အဓိ,ပါဒါန်၊ ကရိုဏ်း,သမ်မှာ၊အာဏာ ခေတ်မူတ်၊ ဘော,ကံ,ကတ်၊ သုံးရပ်ဝိသယာ။

သမ္မန်ကား- အရာကျဉ်းသောကြောင့် ဇာတိခေတ် မည်၏။

အဓိကရဏ, အပါဒါန်, ကရဏ,သမ္ပဒါန် ၎င်း ၄-ပါးကား— အရာမကျဉ်း မကျယ် ဖြစ်သောကြောင့် အာဏာခေတ် မည်၏။

ဘော,ကံ,ကတ္တား ၃-ပါးကား - အရာ ကျယ်သောကြောင့် ဝိသယခေတ် မည်၏။

★

● ရှင်ဋ္ဌ-သုံးပါး-အထူးကို ဥဒါဟရဏ်နှင့်ဘော်ပြပါ။ ?

(၁၆၅) အတင်,အထင်၊ အတ္ထင်သုံးရပ်၊ ရှင်ဋ္ဌမှတ်။

ဆယ်ပါးဥပစာ၊ တင် စားရာ၊ ဥပစာရှင်ဋ္ဌမှတ်။

ဝိဂြိုဟ်ပြုရာ၊ သာမညာ၊ ပြီးခါဝိသေသ အထင်ပြ။

ဝိဂြိုဟ်ပြုရာ၊ ဝိသေသာ၊ ပြီးခါသာမည အတ္ထင်ပြ။

ဥပစာဆယ်ပါးဖြင့် တင်စားခြင်းသည် အတင် ရှင်ဋ္ဌ မည်၏။ ဝိဂြိုဟ်ပြုသောအခါ သာမညဖြစ်၍ နိပ္ဖန္နပြီးသောအခါ ဝိသေသ ဖြစ်လျှင် အထင် ရှင်ဋ္ဌ မည်၏။ ပြယုဂ်ကား-(ဂ ဆ္ဆတိတိဂေါ)ဤ၌ ဝိဂြိုဟ်ပြုခိုက်မှာ သွားတတ်သော သတ္တဝါအားလုံးရ၍ ပြီးသော အခါ နွားသတ္တဝါဝိသေသကိုရခြင်းကြောင့် အထင် ရှင်ဋ္ဌမည်၏။ ဝိဂြိုဟ်ပြုသောအခါ ဝိသေသဖြစ်၍ ပြီးသောအခါ သာမည ဖြစ်လျှင် အတ္ထင်ရှင်ဋ္ဌ မည်၏၊ ပြယုဂ်ကား(ရူပါဒီသု,သဒ္ဒန္တိတိ,သတ္ထာ) ဤ၌ ဝိဂြိုဟ်ပြုခိုက်မှာ အာရုံငါးပါးကို တပ် တတ်သော ပုထုဇန် သေက္ခကိုသာရအပ်သော်လည်း ပြီးသောအခါ ဘုရား, ရဟန္တာ ကိုလည်း သတ္တ-ဟုဆိုရခြင်းကြောင့် သာမည ဖြစ်၍ အတ္ထင် ရှင်ဋ္ဌ မည်၏။

★

● နာမ်ပစ္စည်း၊ တဒ္ဓိတ်ပစ္စည်း၊ အာချာတ်ပစ္စည်း၊ ကိတ်ပစ္စည်းများ၏ အထူးကိုဘော်ပြပါ။ ?

(၁၆၆) နာမ်ပစ္စည်းကား-လိင်၏အနက်ကို ထွန်းပြတတ်သောကြောင့် "ဇောတက"ပစ္စည်းမည်၏။

တဒ္ဓိတ်ပစ္စည်းနှင့် ကိတ်ပစ္စည်းတို့ကား - အနက်ကို ဟောတတ်သောကြောင့် "ဝါစက"ပစ္စည်းမည်၏။

အာချာတ် ပစ္စည်းကား - ရုပ်ပြီးရုံမျှသာ သက်သောကြောင့် "ရူပသိဒ္ဓိမတ္တ"ပစ္စည်းမည်၏။

● ဝိသယ,ဝိသယီ ၂-ပါးအထူးကို ဘော်ပြပါ။ ?

(၁၆၇) ဝိဘတ်,ပစ္စယ - အာဂမသုံးဖြာ၊
လာရာဌာန - ဝိသယ သာ။
ဝိဘတ်,ပစ္စယ - အာဂမကိုသာ၊
ဝိသယီ - သည်ခေါ်ကြရာ။ ။

● သဒ္ဒတ္ထနှင့် တဇ္ဇောအထူးကို ဥဒါဟရဏ် တခုစီနှင့် ဘော်ပြပါ။ ?

(၁၆၈) ပုဒ်နက်မဟော-တဇ္ဇောခေါ်ပါ၊
ပစ္စည်းနက်မရ-သဒ္ဒတ္ထမှတ်ပါ။
သမ္မာကမ္မန္တ-ဒေဝတာပါ၊
အန္တ တာ-နက်မှာမရှိပါ။

သမ္မာကမ္မန္တ - ပုဒ်၌ အန္တ - သဒ္ဒါ အနက် မရှိသောကြောင့် တဇ္ဇော ခေါ်၏။ ။ဒေဝတာ-ဟူသောပုဒ်၌ တာ-ပစ္စည်းအနက် မရှိသောကြောင့် သဒ္ဒတ္ထ,'ခေါ်သည်။

● ကိတပစ္စည်း,ကိစ္စပစ္စည်းနှင့် ကိတကိစ္စပစ္စည်းများကိုစုံလင်စွာဘော်ပြပါ။ ?

(၁၆၉) ၁-ရှု,ကုက,ကိ-ဣ,တိ,အန္တာ၊
တာဝိ,တဝန္တု-မှတ်ရှုတဖြာ။
တဝေ,တုံ,တုန-တ္ဌာနနှင့်တ္ဌာ၊
တေရသ-ကိတ,ပစ္စယာ။ ။

၂=တဗ္ဗာနိယ-ဣ ရိုစ္စာ၊
ရိရိယ ခ-ခြောက်ဝ ကိစ္စာ။
ကိုနှင့်,ဏ,အ-ဣ,ရမ္မာ၊
အာဝိ,တု-ရာတု,တ,တဖြာ။ ။

၀
၃ -ဣန္ဒ,ရတ္ထု-ရတု အန္နာ၊
ကာရ ပေါင်းခြား-ဆဲငါးမှတ်ပါ။
ကိတကိစ္စ-နာမသညာ၊
ပစ္စည်းမျိုး-ကျမ်းရိုးစဉ်အလာ။ ။

★

● ကိတ,ကိစ္စ,ကိတကိစ္စပစ္စည်းသုံးမျိုးအထူးကိုဘော်ပြပါ။?

(၁၇၀) ကတ္တားအနက်ကိုဟောလျှင်"ကိတ"ဘော,ကံ, အနက်ကိုဟောလျှင် "ကိစ္စ" ဘော,ကံ,ကတ္တား ၃-ပါးလုံးကိုဟောလျှင် "ကိတကိစ္စ"ခေါ်သည်။

★

● ခေတ်ပစ္စည်း,လိင်,ဝိဘတ်,အထူးကိုရေးပါ။ ?

(၁၇၁) ခေတုသဒ္ဒေါ်ကြိယာဝါစီ၊ပစ္စယောသာခနဝါစကော၊
အတ္ထာသ ညာပကံလိင်ံ၊ဝိဘတ္တိအတ္ထဧောတကာ။

ဓာတ်သည် ကြိုယာ သက်သက်ကို ဟောတတ်၏။ ပစ္စည်းသည် သာဓနသတ္တိကိုဟောတတ်၏။ သဒ္ဒလိင်သည် ဒြဗ္ဗ-စသော အနက်ကိုဟောတတ်၏။ ဝိဘတ် သည် ကဲ့ကတ္တား-စသောအနက်ကိုဟောတတ်သည်။

● ဝါစက ၁၀-ပါးနှင့် ဝစ္စ ၇-ပါးကိုဘော်ပြပါ။ ?

(၁၇၂) ၁-ဒုတိယာစလတ်-ဝိဘတ်ခြောက်သွယ်၊
အနက်ဟောထ-ဝါစကအင်ယ်။
သမာသ် တဒ္ဓိတ် · အာချာတ်ကိတ် ကွယ်၊
ဝါစကကြီး-တသီးမှတ်ဘို့ကွယ်။ ။

၂-သည်,ကို,ဖြင့်,အား-မှကားတသွယ်၊
၌,၏,ခြင်း,ဟု-မှတ်ရှုရှစ်သွယ်။
ဝစ္စရှစ်ပါး-မှတ်သားပါကွယ်၊
ဝါစက-ဝစ္စ,ဘာဏ်ဖြင့်ချယ်။

(နောက်စာမျက်နှာတွင် ဇယားကိုဘတ်ရှုပါ။)

ထက်

ဝစ္စ-ဝါစကဇယားပုံ။

အမျိုးအစား	ဝါစက \ ဝစ္စ	ကမ္မ	ဃရဏ	ဣတ္ထိ	ဣတ္ထိ	ဣတ္ထိ	အဓိကရဏ	သမ္ပဒါန	ဘဝ	ဂေါ
ဝါစကယ်	ဒုတိယာဝိဘတ်	၁	....	....	....	....	....	....	....	၁
	တတိယာဝိဘတ်	....	၁	၁	....	....	....	....	....	၂
	စတုတ္ထီဝိဘတ်	....	....	....	၁	....	....	....	....	၁
	ပဉ္စမီဝိဘတ်	....	....	....	....	၁	....	....	....	၁
	ဆဋ္ဌီဝိဘတ်	....	....	....	....	....	....	၁	....	၁
	သတ္တမီဝိဘတ်	....	....	....	....	....	၁	....	....	၁
ဝါစကကြီး	သမာသ်	၁	၁	၁	၁	၁	၁	၁	....	၇
	တद္ধိတ်	၁	၁	၁	၁	....	၁	၁	၁	၇
	အာချာတ်	၁	....	၁	....	....	....	....	၁	၃
	ကိတ်	၁	၁	၁	၁	၁	၁	....	၁	၇

အောက်

● မည်သည့်ဝါစကသည် မည်သည့်ဝစ္စကိုဟောနိုင်ကြောင်း ကို ဘော်ပြပါ။ ?

(၁၇၃) ၁–ဝါစကယ်က-လွယ်လှပါတယ်၊
သမာသ်မှာက-ဘာဝကိုပယ်။
တद္ধိတ်မှာက-ပါဒါနကိုပယ်၊
ကတ်,ကံ,ဘော-တယော,အာချာတ်ဝယ်။

၂–ကိတ်မှာဟောထ ကြဉ်ရသမ္မန်၊
သာဓန(၇)ပါး-ဟောပြားသင့်။
ဝါစကနှင့်-ဝစ္စနှစ်တန်၊
ဟောတတ်နှင့်-ဟောအပ်,ဓိပ္ပါယ်ပြန်။

★

● သကတ်,ဒြဗ်,လိင်,သင်္ချာ,ကာရက,အထူးကိုဘော်ပြပါ။?

(၁၇၄) သုဘီ, ဇာတိ, ဂုဏ်, ဒြဗ်, သမ္ဗန်, ကြိယာ, ကြိယာကာရကသမ္မန်၊ ဤ(၇)ပါးကို "သကတ်"ခေါ်သည်။

ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်အစိတ်ဘို့သည် အတူးပြုအပ်သော ခန္ဓာပဋ္ဌကကို "ဒြဗ်"ခေါ်သည်။

ဧကတ္ထိလိင်,ပုလ္လိင်,နပုလ္လိင်တို့ကို "လိင်" ခေါ်သည်။
ဧကဝုစ်သင်္ချာ, ဗဟုဝုစ်သင်္ချာကို "သင်္ချာ"ခေါ်သည်။
ကာရက(၆)ပါးကို "ကာရက" ခေါ်သည်။

★

● ပကတိနှင့် ပစ္စယအထူးကို အရကောက်ပြပါ။ ?

(၁၇၅) ပုရိသံ-ဌ ပုရိသသဒ္ဒါသည် ပကတိ။ အံဝိဘတ်သည် ပစ္စည်း။ ဗုဒ္ဓေါ-ဌ ဗုဒ္ဓဓာတ်သည် ပကတိ။ တ-ပစ္စည်းသည် ပစ္စည်းမည်၏။

ပုဒ်,ဓာတ်,ပကတိ၊ ဝိဘတ်,ပစ္စယ၊ ဟူသမျှ မှတ်ကြပစ္စယာ။

ပုဒ်,ဓာတ်တို့ကို ပကတိ,ခေါ်ဘည်။ဝိဘတ်ပစ္စည်းတို့ကို ပစ္စယ ခေါ်သည်။

★

● ပကတိနှင့် ပစ္စယတို့သည် အဘယ် အနက်မျှားကို ဟောနိုင်သနည်း။ ?

(၁၇၆) ပကတိ-သည် သကက်, ဒြဗ္ဗ, လိင်ကို ဟောနိုင်သည်။ ပစ္စယ-သည် သင်္ချာ,ကာရကတို့ကို ဟောနိုင်သည်။

★

● ပါရဂူ-ပရိကွာ-စသည်တို့ကို ရုပ်တွက်သောအခါ သဒ္ဒါ၊ ပဒ-ဟူ၍ရင်း၊ ပုဗ္ဗဟူ၍ရင်း, ခေါ်ဆိုရာ၊ သဒ္ဒါ၊ ပဒနှင့် ပုဗ္ဗအထူးကို ဘော်ပြပါ။ ?

(၁၇၇) နာမ်ပုဒ်,အာချာတ်ပုဒ် ရှေးရှိလျှင်"သဒ္ဒါ၊ ပဒ"ခေါ်သည်။ ဥပသာရပုဒ်,နိပါတ်ပုဒ် ရှေးရှိလျှင်"ပုဗ္ဗ"ခေါ်သည်။

★

● ဝိဂြိုဟ်မပြုကောင်းသော ပုဒ်များကို ဘော်ပြပါ။ ?

(၁၇၈) ပါဠိဂါထာ။

ရဉ္ဇီ,ချာတံ,နိပါတ,ဥ၊ ပသဂ္ဂါ,လပုနံ တထာ။
သဗ္ဗနာမ,ဋ္ဌမေတေသု၊ နကတော ဝဂ္ဂဟောဆသု။
မြန်မာဂါထာ။

ရဉ္ဇီ,အာချာတ်-နိပါတ်,ဥပသာ၊
သဗ္ဗနာမ်,အာလုပ်-ခြောက်ပုဒ်မှတ်ပါ။
ဝိဂြိုဟ်,ဝါကျ-ဝိဂ္ဂဟတဖြာ၊
ဝစနတ်-ရှောင်လတ်မပြုရာ။ ။

★

● တဿီလ စသော အနက် သုံးပါးခွဲ သက်သောပစ္စည်း၏ သာဓနကို ဘော်ပြပါ။ ?

(၁၇၉) တဒ္ဓိသာနက်-ပစ္စည်းသက်လျှင်၊
သာဓနခုနစ်ပါး-လွတ်သွားသည်ပင်။
သို့သော်ငြားလည်း-သွင်းထားလိုလျှင်၊
ကတ္တုထဲ-အမြဲသူတို့ဝင်။ ။

★

● ဘာဝကမ္မေသု ကိစ္စ,တ္တ,ကၠ,ဏ္ဍာ - သုတ်၌ ကိစ္စအနက်,တ္တ အနက်,ကၠအနက်များကို ဘော်ပြပါ။ ?

(၁၈၀) ပေသာတိသက္က-ပတ္တကာလံ၊
ကိစ္စအနက်-တသက်မှတ်ရန်။
ကြောက်ခြင်းအစ-တ္တ အတ္ထံ၊
ဤသာဒီ-ကၠ -၏ အနက်မှန်။

★

● ပေသ,အတိသက္က,ပတ္တကာလ (၃) ပါး အထူးကို ဘော်ပြပါ။ ?

(၁၈၁) ၁-ထိုထိုအမှု ပြုလိုသူအား၊ တိုက်တွန်းခြင်း၊မှတ်သား "ပေသ"သာ။

၂-ဤအမှုကို ငါပြုရမလား၊ မေးလာခြင်းဘို့၊ တိုက်တွန်း၏ "အတိသက္က"သာ။

၃-ရှေးရှေးကာလ၊ သမယက၊ နိစ္စပင်ပြု၊ ထိုအမှုကို၊ ယခုမေးခြင်း၊ ထိုသူများကို၊ အချိန်ကိုကြား၊ တိုက်တွန်းခြင်း၊ မှတ်သား "ပတ္တ"သာ။

★

● နိပ္ဖန္နပါဋိပဒိက-အနိပ္ဖန္နပါဋိပဒိက-ပုဒ်များ၏ အဓိပ္ပါယ်ကို ပြယုဂ်များနှင့် ဘော်ပြပါ။?

(၁၈၂) ဓာတ်ပစ္စည်းနှင့်-အပြီးစီရင်၊
နိပ္ဖန္နပါဋိ-ခေါ်ဘိမည်သည်။
မစီရင်နည်း-ပုဒ်ပြီးကိုပင်၊
အနိပ္ဖန်-မှတ်ရန်အထူးပင်။ ။

ကာရကောနှင့်-ပါစကောနိုပ္ပန်၊
ဃဋ္ဋ-ပဋ္ဋ-နှစ်ဝမှတ်ရန်။
အနိုပ္ပန္န-ပဒယူရန်၊
သျှင်ကစ္စည်း-နှစ်နည်းမိန့်ဆိုပြန်။ ။

★

● ပုဗ္ဗကာလေက ကတ္တုကာနံ တုန တ္ဌာန တ္ဌာဝါ-သုတ်၌ မတူသော ကတ္တားရှိရာ၌၊ တုန - စသော ပစ္စည်း မဖြစ်ကောင်းသလော၊ အကယ်၍ ဖြစ်ကောင်းလျှင် ပြယုဂ်နှင့် ထုတ်၍ ရှင်းလင်းပါ။ ?

(၁၀၃) ကေကတ္တုကမဖြစ်၊ ကတ္တားကဲ့ပြားရာ၌လည်း တုနတ္ဌာန တ္ဌာ ပစ္စည်းတို့ ဖြစ်ကောင်းပါသည်။ ဤကျိသို့ ကတ္တားကဲ့သော် ၎င်းတို့သည် ဟိတ်အနက်ကို ဟောပါသည်။

ထို့ကြောင့် (နိယာမ်)ဆရာတို့သည်....

☞ ကတ္တားကဲ့ဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္မန် ထား၍၊ သက်ငြားဟိတ်မှာ၊ သက်တို့ရာသည်၊ တ္ဌာဒိ ပစ္စည်း သဘောတည်း-ဟု ဆိုသတည်း။

ပြယုဂ်ကား

ဇဝနမ္မိ အနုပ္ပဇ္ဇိတ္ဌာ ဒဋ္ဌတ္ဌကတ္တုံ ဝေါဌဗ္ဗနမေဝ ပဝတ္တတိ။

အနုပ္ပဇ္ဇိတ္ဌာ၌ တ္ဌာ-ပစ္စည်း၏ ကတ္တားကား ဇဝနမ္မိ-တည်း။ ပဝတ္တတိ၏ ကတ္တားကား ဝေါဌဗ္ဗနမေဝ-တည်း။ ဤကျိသို့ ကတ္တားကဲ့ပြားပါသည်။ ထို့ကြောင့် တ္ဌာ-ပစ္စည်း၏ ကတ္တားကို ဇဝနမ္မိ "ဇဝနဿအပိ"ဟု သမ္မန်ပြုင်ထား၍၊ တ္ဌာ-ပစ္စည်းကို "အနုပ္ပဇ္ဇိတ္ဌာ အနုပ္ပဇ္ဇနတော"ဟု ဟိတ်အနက်ပေးရပါသည်။

★

● တုန့်,တွန့်,တွ-ပစ္စည်းတို့၏ သက်ရှုအနက်မျှားကို ဥဒါ ဟရဏ်နှင့်တဲ့ကွ ဘော်ပြပါ။?

(၁၈၄) ပုဗ္ဗာပရ သမာနနှင့် လက္ခဏဟေတု ငါးခုအတွ သက်အပ်စ့ တုန့်,တွန့်,တွ။

ပုဗ္ဗကာလ— သုတ္တာန ဓမ္မံ မောဒန္တိ။
အပရကာလ— ပိ့ဒဟိတ္တာန နိက္ခမိ။
သမာနကာလ— တမံ ဟန္ဒ္ဓာန ဥဒေတိ။
လက္ခဏတ္ထ— သုတ္တာန ဇာနိသမတံ။
ဟေတ္တတ္ထ— သုတ္တာ ဇေဒဟောသိတိ။
နိဒဿနံ ယထာဂ္ဂမံ။ ။

★

● သာသတီဘိ-သတ္ထာစ-သောကိတ်ပုဒ်မျိုးတို့၌ သာသခေတ်အရ အဘယ်ကို ကောက်၍၊ ရတ္ထုပစ္စည်းအရ အဘယ်ကို ကောက်မည်နည်း။?

(၁၈၅) ပရမတ္ထ ခေတ်အရ ပစ္စည်းအရ ပညတ္ထ ကောက်ရမြဲသေချာ။

သာသခေတ်-အရ ဆုံးမလိုသော ပုဂ္ဂိုလ်၏ မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်ပရမတ္ထတရားစုရ၏။ ရတ္ထုပစ္စည်း-အရကား ဆုံးမတတ်သော ဆရာဟူသော ပညတ္ထကိုရ၏။

★

● အဘိဓေယျတ္ထ-အဘိဓာနတ္ထ(၂)ပါးအထူးကို ရေးပါ။?

(၁၈၆) ဝိဂ္ဂိဟ်ကို မင့်မူ၍ ပုဒ်ပြီးသော ကာလ၌ ရအပ်သော အနက်သည် "အဘိဓေယျတ္ထ"မည်၏။(ဂေါ-နှား)

ဗျူပ္ပတ္တိနိမိတ်ကိုင့်၍ ဝိဂ္ဂိဟ်သို့ အစဉ်လိုက်သော အနက်သည် "အဘိဓာနတ္ထ"မည်၏။ (ဂေါ-သွားတတ်သောနှား)

★

● အနိယပစ္စည်းသည် ကတ္တား အနက်၌ ဖြစ်သင့်-မဖြစ်သင့်သည်ကို ဘော်ပြပါ။ ?

(၁၈၇) ဣဓစေဝ သမ္မရာယေစ တပန္တိ တပနိယာ။ တပနိယာတိတ္ထေ အနိယပစ္စယော ကတ္တုဝါစကော။

ဟူ၍ မူလဋီကာဆရာ ဆိုခြင်းကြောင့် ကတ္တားအနက်-၌ ဖြစ်သင့်ပါသည်။

★

● ဗုဒ္ဓတိတိ-ဗုဒ္ဓေါ ဟူသော ဝစနတ္ထ၌ ဝစန-ဝစနတ္ထ-ဝစနဟေတု - ဝစန ဟေတု ဧော တ က, ဝစနိယ - ဝစနိယတ္ထ (၆)ချက် ကောက်ပြပါ။

(၁၈၈) (နိယာမ်) ဝစနနိပ္ဖန်၊ ဝစနတ္ထံမှာ ဝါကျသာတည်း။ သတ္တိဟေတု၊ ဣတိရှုရ၊ ဧောတကသိ၊ဝစနိယဒြပ်၊ဝစနိယတ်ဝယ်၊ ပရိယာယ် ကြွင်းဝယ်ပုဒ်တို့သာ။

ဗုဒ္ဓေါ-ဟူသော နိပ္ဖန္နပုဒ်ကား-ဝစန။ ဗုဒ္ဓတိ-ဟူသော ဝါကျကား-ဝစနတ္ထ။ ခပ်သိမ်းသော တရားတို့ကို သိတတ်သော သတ္တိကား - ဝစနဟေတု။ ဣတိသဒ္ဒါကား - ဝစနဟေတု ဧောတက။ ဘုရားသျှင် ဒြပ်တော်ကား-ဝစနိယ။ ဒသဗလ,သတ္ထာ,သဗ္ဗညူ,ဒ္ဒိပဒုတ္တမ,မုနိန္ဒ,ဘဂဝါ,နာထ-စသော ဘုရားဟော ပရိယာယ်ပုဒ်တို့ကား-ဝစနိယတ္ထ ဖြစ်ပါသည်။

★

● အန္ဓတ္ထ-ဗာဟျတ္ထ ၂-ပါးအထူးကို ဘော်ပြပါ။?

(၁၈၉) ပုဒ်ခေတ်-အန္ဓတ်၊ ပစ္စည်းဝိဘတ်-ပါဟျတ်-မှတ်။

ပုဒ်နှင့် ဓာတ်ကို အန္ဓတ္ထခေါ်သည်။ ပစ္စည်းနှင့် ဝိဘတ်ကို ဗာဟျတ္ထ-ခေါ်သည်။

★

● ပါဠိတခုကို တွေ့လျှင် အနက်ယောဇနာရန် နည်းဥပဒေ သကို ညွှန်ပြပါ။ ?

(၁၉၀) ပဌမံ ကရေ ပဒစ္ဆေဒံ၊
သမာသာဒိ တတော ကရေ။
သမာသာဒေါ ကတေ ပစ္ဆာ၊
အတ္ထံ နိယျာထ ပဏ္ဍိတော။ ။

ရှေးဦးစွာ သန္ဓိပုဒ်စပ်နေလျှင် ·ပုဒ်ဖြတ်ရမည်။ ထို့နောက်မှ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ် ပုဒ်တို့တွင် အဘယ်ပုဒ်ဖြစ်မည် နည်းဟု ကြံရမည်။ ထို့နောင်မှ အနက်ပေးရပါသည်။

★

● သဒ္ဒါအရှုဒ္ဓ အနေကတ္ထဖြစ်သော ပုဒ်စုကို ဘော်ပြပါ။?

(၁၉၁) ဥပသဂ္ဂ နိပါတာဝစ၊
ပစ္စယာ ခေါတဝေါ စိမေ။
နေကေနေကတ္ထဝိသယာ၊
ဣတိနေရုတ္တိကာ ဗျဝုံ။ ။
(ပေါရာဏကထာ)

ဥပသာ, နိပါတ်, ပစ္စည်း, ခေါတ်၊ လေးရပ်အနက်မျှား။

★

● ခေါတုပစ္စယဝိဘတ္တိ ဝဇ္ဇီဘမတ္တဝံ လိင်-ဟူသော ကလာပ် သုတ်နှင့်အညီ၊ ခေါတ်ပစ္စည်း ဝိဘတ်ကြဉ်အပ်သောအနက် ရှိသောပုဒ်သည် "လိင်"မည်၏ ဆိုရာ၌ ထင်ရှားအောင် အဓိပ္ပါယ်ရေးပါ။ ?

(၁၉၂) ပုရိသ-ဟူသောပုဒ်သည် ယောကျ်ားခြင်းကိုသာ ဟော သည်ဖြစ်၍၊ ပြည့်ခြင်းဟူသော "ပုရ"ခေါတ်အနက်ကို မဟော သောကြောင့် ခေါတ်ကြဉ်သော ပုဒ်မည်၏။ တပ်, အပ်, ရာကြောင့်- ဟူသော "ဣသ"ပစ္စည်း၏အနက်ကို မဟောသောကြောင့် ပစ္စည်း

ကြဉ်သောပုဒ် မည်၏။ သည်,ကို,ဖြင့်,အား,မှ,၌-စသော "ဝိဘတ်" ၏အနက်ကိုလည်း မဟောသေးသောကြောင့် ဝိဘတ် ကြဉ်သော ပုဒ်မည်၏။ ဤသို့ဝေါတ်ပစ္စည်း ဝိဘတ်တို့သည် ကြဉ်အပ်သော ပုဒ်သည် လိုင်မည်၏။

★

● တဒ္ဓိတသမာသကိကတာ-ဟူသော သုတ်ဖြင့် နာမ်ခဲ့ရခြင်း အကြောင်းကို ဘော်ပြပါ။ ?

(၁၉၃) ဝေါတ်ပစ္စည်း ဝိဘတ်တို့သည် ကြဉ်အပ်သော ပုဒ်ဖြစ်သောကြောင့် "နာမ်ခဲ့"ရပါသည်။

(အထက်ပုဒ်ဆွာက, စကားနှင့်စပ်၍ အကျယ်ဖြေပါလေ။)

★

● တဝေ တုန-စသော ပစ္စည်းတို့ကို အဘယ့်ကြောင့် ကြဉ်ရသနည်း။ ?

(၁၉၄) တဝေ,တုန-စသောပစ္စယန္တပုဒ်တို့သည်ကား-အာချာတ်ဂိုဏ်းကဲ့သို့ အလင်ကြိယာဖြစ်သောကြောင့် ကြဉ်ရလေသည်။

တနည်းကား—ဤပစ္စည်းတို့သည် စင်စစ်နိပါတ်ပုဒ်မျိုး ဖြစ်၍ နာမ် မည်ပြီး ဖြစ်သောကြောင့် အထူးခဲ့ရန် မလိုသောကြောင့် ကြဉ်ရလေသည်။

★

● ဧတသဒ္ဒါ, တသဒ္ဒါ-စသည်တို့၏ အစဲ့ ဝိသယအပြားကို ဥဒါဟရဏ်နှင့် တကွ ဘော်ပြပါ။ ?

(၁၉၅) ၁—တဝါကျ, နှစ်ဝါကျ၊ ခြားပြီးမှာ၊ ဒြပ်စဲ့ခေါ်မြဲ "ပဏ္ဏန္တ"။

၂—တဝါကျ, နှစ်ဝါကျ၊ ခြားပြီးမှာ၊ ကြိယာစဲ့ ခေါ်မြဲ"နုဘူတ"။

၃–တဝါကျ, နှစ်ဝါကျ, မခြားထဘဲ၊ ဒြဗ္ဗ,ကြိယာ
ထိုနှစ်ဖြာကို၊ယထာရဟာ၊ စဲ့ယူကမ္ဘတ်ကြ "ပသိဒ္ဓါ"။

(၁) သမ္မာသမ္ဗုဒ္ဓမတုလံ(လ)အဘိဓမ္မ ☞ တ္ထသင်္ဂဟံ။ ။
☞ "တတ္ထ" ဝုတ္တာဘိဓမ္မတ္ထာ (လ) နိဗ္ဗာနမိတ်သဗ္ဗထာ။ ။
တတ္ထ၊ ထိုအဘိဓမ္မာ (၇)ကျမ်ိုး၌ (ဤသို့စဲ့လေ)
ဤကား - ပဋ္ဌာန်းတိုဝိသယ ပြယုဂ်။

ယထာပိ ကုမ္ဘော သမ္ပုဏ္ဏော ယသ္ဃကသ္ဃစိ အခေါ ကတော
ဝမတော ☞ မုဒကံ နိဓေသဲ၊ နှ ☞ တတ္ထ ပရိရက္ခတိ
"တတ္ထ တတော ဝမနတော" ထိုသို့ အနှိုင်းမှ။
(အနုဘူတဝိသယပြယုဂ်)

နမော ☞ တဿ ဘဂဝတော အရဟတော
"သမ္မာသမ္ဗုဒ္ဓဿ" ☞
"တဿ · သမ္မာသမ္ဗုဒ္ဓဿ" ထို မြတ်စွာ ဘုရားအား
(ပသိဒ္ဓဝိသယ ပြယုဂ်)

★

● တဿိလ, တဒ္ဓမ္မ, တဿာဝုကာရီ-သုံးပါး အထူးကို ဘော်ပြပါ။ ?

(၁၉၆) ၁–ပကတိသော သဘော အလေ့ကို (တဿိလ) ခေါ်သည်။
၂ -သူတော်ကောင်းတို့၏ အကျင့် ဖြစ်သော သဘောကို (တဒ္ဓမ္မ) ခေါ်သည်။
၃–ထိုသူတော်ကောင်းတို့၏အကျင့်-စသည်၌ ရှိသော်ငြားလည်းရှိသည်၏အဖြစ်ကို (တဿာဝုကာရီ) ခေါ်သည်။

● ပဝတ္တိနှင့် ပဝတ္တိနိမိတ်အထူးကိုဘော်ပြပါ။ ?

(၁၉၇) နိပ္ဖန္နသဒ္ဒါသည် "ပဝတ္တိ" မည်၏။ ပဝတ္တိသဒ္ဒါဟောအပ်သော သကတ္ထဘောသည် "ပဝတ္တိနိမိတ်" မည်၏။

★

● သတ္တိ, ဗျတ္တိ အထူးကို ရေးပါ။ ?

(၁၉၈) ဖြစ်ပေါ်လာသော ကြိယာသည် "ဗျတ္တိ" ရုပ်မည်၏။ ထိုကြိယာကို ဖြစ်စေတတ်သော သတ္တိသည် "သတ္တိ" ရုပ်မည်၏။

★

● ဗျုပ္ပတ္တိနိမိတ်နှင့် ပဝတ္တိနိမိတ် အထူးကိုရေးပါ။ ?

(၁၉၉) အစိတ်ဖြစ်သော သဒ္ဒါ၏ ဖြစ်ကြောင်းသည် "ဗျုပ္ပတ္တိနိမိတ်" မည်၏။ အပေါင်းသဒ္ဒါ၏ ဖြစ်ကြောင်းသည် "ပဝတ္တိနိမိတ်" မည်၏။

ဤတွင်
ဝိသဒ္ဓနာဝရဇိန်ကျမ်း-ပထမတွဲ
သဒ္ဒါအမေးအဖြေ ပြီး၏။

(ဝိသဒ္ဓနာ-ဝရဇိန်ကျမ်း)

ပထမ အကြိမ် ပုံနှိပ်၍

ပြီး ပါ ပြီ။

ဤစာရေးရ-ဒါနကုသိုလ်၊
ရောဂါကင်းရှိ-သန်ရှင်းရှေကိုယ်။
မထွေးမရစ်-လေးသစ္စာကို၊
သိစေသား-ဘုရားဖြစ်ရလို။ ■

တောင်းပန်ချက်

●

ဤ"ဝိသဇ္ဇနာဝဝရဇိန်"ကျမ်းကို ပဌမရည်ရွယ်ချက်မှာ သင်္ဂဟ, သဒ္ဒါ,ဝိနည်း - မေးခွန်း သုံးဘာသာကို တအုပ်ထည်း ရိုက်ရန် စီမံထားသော်လည်း၊ သင်္ဂဟ,သဒ္ဒါတို့နှင့်ပင် နံပါတ်(၂၀၀)ကျော်သွားသဖြင့် ဤပဌမတွဲမှာ ဝိနည်းကိုမထည့်သွင်းနိုင်ပါကြောင်း။

မဟာအကျော်-
အ သျှင် ကော ဝိဒ ။

★

ရှင်လန်း - ဝမ်းမြောက်ဘွယ်

အဘိမ္မာ ဂန္ဓဝင်တွင် သမိုင်းဝင်ဖြစ်ခဲ့သော ကျမ်းတစောင်၏ အမည်ကို ဖေါ်ပြခဲ့ပါ-ဟု ပုစ္ဆာလုပ်၍ အမေးထုတ်ခဲ့လျှင် ညောင်တုန်းမြို့ နိုင်ငြောခေါရုံဆရာတော်မဟာအကျော်ဦးကောဝိဒ ရေးသားပြုစုတော်မူခဲ့သော

အဘိဓမ္မာနေရောင်ကျမ်း

ပထမတွဲ-ဒုတိယတွဲ

ကိုပင် ထုတ်ဝေ ဖြေဆိုရပါလိမ့်မည်။

ဤကျမ်းကြီးတွင် ဗုဒ္ဓအဘိဓမ္မာ၏ သဘော, အနက်, အဓိပ္ပါယ် မျှားကို-

- မည်မျှ သဘောပေါက်လွယ်အောင်
- မည်မျှ ရှင်းလင်းအောင်
- မည်မျှ ပြည့်စုံအောင်
- မည်မျှ အရသာရှိအောင်

ရေးသားပြုစုထားသည်ကိုမူ၊ယခင်အကြိမ်ထုတ်ခဲ့ စဉ်က ကြည့်ရှု မြည်းစမ်း အရသာခံဘူးသူတိုင်းပင် သိရှိပြီးဖြစ်ကြပါသည်။

သို့သော်....ထိုသူတို့၏ သတင်း စကား အရ ဤကျမ်းစာ၏ အရသာကိုခံစားလိုကြသော နောင်လာ, နောက်သား သောတုဇန သုတဂဝေသီ အမျှားတို့မှာ တဝဲလည်လည် ရှာဖွေ စုံစမ်းနေကြ သော်လဲ "အချိန်ကုန်-လူပန်း" စာအုပ်နဲ့ အလှမ်းဝေးနေခဲ့ကြရာ၊ ထိုသောတုဇနတို့၏ အာသာ ဆန္ဒကို ဖြည့်စွမ်း သော အားဖြင့် "အဘိဓမ္မာနေမင်းကြီး" မကြာမီထွန်းလင်း ထွက်ပေါ်လာတော့ မည်ဖြစ်ကြောင်း ဝမ်းမြောက်ဘွယ် သတင်းကောင်း ပါးအပ် ပါသည်။

★